


28.10.2016

Alien မှ pdf အဖြစ် စကန်ဖတ်သည်


ဓနုမြှား






...ဓဝသူ
...မောင်အုန်း
...ည်ဘွားစာပေ၊ (၀၃၀၈၈)
...၊ ကျုံးကြီးလမ်း၊ ရန်ကုန်။





ပုံနှိပ်သူ
ဦးထွန်းအောင်လင်း
ဒေးလီဂေဇက်ပုံနှိပ်တိုက်
(၀၁၉၄)
၁၈၁၊ ကျုံးကြီးလမ်း၊ ရန်ကုန်



...ကြိုတင် ခွင့်ပြုချက်
...မှတ် (၁၀၇၅)

...နှာဖုံးခွင့်ပြုချက်
...မှတ် (၂၄၉)





| ပထမအကြိမ် စောင်ရေ (၁၇၀၀) | ၁၉၈၄-ခု ဩဂုတ်လ | ၂၀/- |
| --- | --- | --- |





...က်နှာဖုံးပန်းချီ
ငြိမ်းအောင်

မျက်နှာဖုံးရိုက်
...းလီဂေဇက်ပုံနှိပ်တိုက်



ရေစို-စုတ်ပြဲ-ပျက်စီး-ပျောက်ဆုံးလျှင်
စာအုပ် တန်ဘိုး နှင့်တကွ ငှါးခ ရက်
အတွက်ပါ ပေးလျော် ရမည်။

# လွင်စာပေ

အမှတ် ၁၃၈၊ ၆-လမ်း

[illegible]

စာစု (၁)

အဆင့်မြင့် နံပါတ် ၁ ဓားသမားအစစ်ပဲ

---

ဟုန်းလျှိုရေအိုင်ကြီး။

ဟုန်းလျှို ရေအိုင်ကြီး၏ ပတ်ပတ်လည်တွင် လျှိုဝင်များ ပေါက်ရောက်လျက်ရှိ၏။

လျှိုဝင်ကြီးများ၏ နွယ်မျှင်များသည် ရေအိုင်မျက်နှာပြင် ပေါ်သို့ တွဲလွဲကျနေသည်။

လျှိုဝင်ကြီး၏ နွယ်မျှင်တန်းများသည်၊ ရေအိုင် မျက်နှာပြင် ပေါ်တွင် လှုပ်ရှား လူးလွန့်လျက် ရှပ်တိုက်ပြေးလွှားနေသဖောင်_

ဟုန်းလျှိုရေအိုင်သည် 'ရေချင်မြို့' လုလေး၏ နှစ်မိုင်ခန့် ဝေး၏။

ဝန်းကျင်တခွင်တွင် တောင်တန်းများ ဝန်းရံလျက် ရှိပြီး၊ တခုတောင်နှင့်တခုတောင်ကြားတွင် မတ်စောက်သော ချောက်ကမ်းပါးကြီးများ ရှိနေသည်။

ဟုန်းလျှိုရေအိုင်၏ တဘက်ကမ်းပေါ်သို့ လှမ်းကြည့်လိုက်လျှင် အိမ်ခြေသုံးဆယ်ခန့်ရှိသော ကျေးရွာကလေး တရွာကို လှမ်းမြင်နိုင်သည်။

ထင်းကျေးရွာရှိ အိမ်များမှာ တောအတာ ဆန်ဆန် ဆောက်လုပ်ထား၏။ အိမ်အမိုးများကို မြက်ခြောက်ဖြင့် ယက်ထားသော အမိုးအကာများဖြင့် မိုးထားသည်။

အဝေးအချာ ကြည့်လိုက်မည်ဆိုလျှင်....

ထိုအိမ်ခြေ သုံးဆယ်ခန့်အနက်မှ၊ မြင့်မားကျယ်ပြန့်စွာ ဆောက်လုပ်ထားသော အိမ်ကြီးတလုံးကို ထူးခြားစွာ တွေ့မြင်ရပေမည်။

အိမ်ကြီး၏ ခြံဝင်းထဲတွင် လျှိုပင်များ အစီအရီ ပေါက်နေသည်။

လျှိုပင်ကြီးများ၏ အကိုင်းအခက်များသည်၊ မြင့်မားစွာ ဆောက်လုပ်ထားသော မြက်ခြောက် မိုးအိမ်ကြီးအား ဦးညွတ်၍ အရိုအသေပြုနေသည့်အလား၊ မြေပြင်ပေါ်သို့ ငိုက်ကျလျက် ရှိ၏။

ခြံဝင်းကြီးမှာသည်း ကျယ်ဝန်းလှသဖြင့် တခြားအိမ်များ နှင့် တသီးတခြား တည်ရှိနေသကဲ့သို့ ဖြစ်နေပေသည်။



ထို့ကြောင့်....

ထိုအိမ်မှာ ယခင်က ဆိုလျှင် အမြဲတိတ်ဆိတ်လျက်ရှိ၏။

သို့သော်...

ယခုနေ့တွင်ကား၊ အခြားနေ့များနှင့်မတူ တမူထူးခြား၍ နေသည်။

အိမ်ကြီးရှေ့ အိုင်စပ်တွင် ပေါက်နေသော လျှိုပင်ကြီး၏ ပင်စည်တွင် မြင်းဆယ်ကောင်ခန့် ချည်နှောင်ထားသည်ကို တွေ့ရသည်။

ထိုမြင်းများ၏ ခွာသံ ဆောင့်သံ၊ ဟီသံ၊ နှာမှုတ်သံတို့က တိတ်ဆိတ်လျက် ရှိသော ဟုန်းလျှိုရေအိုင်ကြီး၏ဝန်းကျင်ကို လွှမ်းမိုးလျက် ရှိနေ၏။

ခြံဝန်းကျယ်ကြီးအတွင်းရှိ အိမ်ကြီး၏ ဧည့်ခန်းဆောင်တွင်၊ ထင်းရှူးဆီမီးတိုင်များ ထွန်းညှိထားသဖြင့် လင်းထိန်လျက် ရှိ၏။

ဤမျှ တိတ်ဆိတ်လှသော ထိုအိမ်ကြီးထဲတွင် မည်သူတွေက မည်သည့်ကိစ္စများရှိ၍ ရောက်နေကြသနည်း။

* * *

(၂)

ညော့်ခန်းဆောင်ကြီး။

ညော့်ခန်းဆောင်ကြီး၏ အလယ်တွင် စားပွဲကြီးတလုံးရှိ၏။ ထိုစားပွဲကြီး၌ လူဆယ်ယောက်ခန့် ဝိုင်း၍ ထိုင်နေကြသည်။

စားပွဲဝိုင်းကြီးပေါ်တွင် စားကောင်းသောက်ဖွယ် ဟင်းလျာများနှင့် အရက်အိုးများ ရှိနေသည်။

ခဏအကြာ၌ လူအားလုံး၏ မျက်လုံးများသည် စားသောက် နေခြင်းကို ရပ်တန့်လိုက်ပြီး၊ စားပွဲထိပ်တွင် ထိုင်နေသော လူတယောက်ထံသို့ ကျရောက်သွားသည်။

နေရာယူထားပုံ အနေအထားကို ကြည့်ရခြင်းအားဖြင့် ထိုလူသည် ယခုညော့်ခံပွဲကို ကျင်းပသော အိမ်ရှင်ဖြစ်မည်ဟု ခန့်မှန်း၍ ရနိုင်သည်။

ကျန်လူများမှာ၊ ဖိတ်ခေါ်၍ ညော့်ခံခြင်းခံရသော အထူးဧည့်သည်များအသွင် ရှိနေ၏။

ဧည့်သည်များထဲတွင်၊ လူရွယ်၊ လူလတ်၊ လူကြီးအရွယ် စုံပါသည်။ တရုတ်ဘုန်းတော်ကြီး နှစ်ပါးကိုလည်း တွေ့ရသည်။

အိမ်ရှင်ဟု ခန့်မှန်းရသော သူ၏အသက်မှာ ငါးဆယ် ခန့် ရှိပြီဖြစ်၏။



မျက်ခုံးမွေး ထူပိန်း၍ရှည်လျားပြီး၊ မျက်ဝန်းအစုံက မြူးကျယ်လှသည်။

နှုတ်ခမ်းမွေးနှင့် ပါးသိုင်းမွေးများက ခပ်ပါးပါးရှိနေ၏၊ ပါးစပ်မှာမူ အနည်းငယ် ပြဲသော်လည်း၊ သွားစနစ်ရာနှင့်ထူ ကြည့်ကောင်းပါသည်။

သို့သော်.... နှ်

သူ့မျက်နှာအား အကြည့်ရဆိုးစေသော မျက်ဆီးထားသော ကြီးမားသည့် မှဲ့နက်ကြီး တလုံးပင် ဖြစ်သည်။

ထိုမှဲ့နက်ကြီးပေါ်တွင် အမွေးမည်းမည်းများက ပေါက်နေ ပြန်သည်။

ဤအချက်တခုမှလွဲလျှင် အိမ်ရှင်ကြီး၏ မျက်နှာသွင်ပြင်မှာ ခန့်ညား၍ ကြည့်ကောင်းသည်ဟု ဆိုရပေမည်။

အိမ်ရှင်လူကြီးက စားပွဲစွန်းကို လက်နှစ်ဘက်ဖြင့် ဆုပ်ကိုင်၍ မျက်လုံးအစုံက ထိုင်နေသော ဧည့်သည်များထံ စေ့စိုက်၍ ကြည့်လိုက်သည်။

ပြီးမှ ဖြည်းညေးသော လေသံဖြင့်....

"စောစောက ရှောင်လင်ဆရာတော်ကြီး ကူမ်လျှင့် မေးလိုက်တဲ့ မေးခွန်းတွေဟာ အမှန်ပဲ မေးသင့်တဲ့ မေးခွန်းတွေ ဖြစ်တယ်၊ ဒီမေးခွန်းတွေအနက်က၊ ကျွန်တော်ဟာ လီဆိုက်ဟို အမှန်ပဲ ဟုတ်မဟုတ်၊ ဟုတ်ယင် ဘယ်လို အထောက်အထား ပြမလဲ၊ ပြီးတော့ အာကီစ္စကြောင့် အခုလို သိုင်းလောကမှာ နာမည်ကြီး၊ သိုင်းဆရာကြီး၊ ဆယ်ယောက်ကို ဖိတ်ကြားပြီး၊ ဆိတ်ငြိမ်လှတဲ့၊ ယူနန်းလျှိုရေအိုင်ရှေ့က အိမ်ဧယာမှာ ညော့်စ

...ာလဲ၊ ဆိုတဲ့အချက်တွေကိုတော့ ကြွရောက်လာကြတဲ့မိတ်ဆွေ ငြိသည်တော်ကြီးတွေလဲ သိချင်ကြလိမ့်မယ်လို့ ထင်ပါတယ်"

ဤသို့ ဝဖြိုးသောစန္ဒာကိုယ်ပိုင်ရှင်ရှောင်လင်ဆရာတော် 'ကွမ်လျန်' က တ ဟဲ ဟဲ ရယ်မောလျက်......

"လီထိုက်ဟိုအနေနဲ့ ကျုပ်ကိုသင်္ကာမကင်းတဲ့စိတ်နဲ့မေးယ်လို့တော့မထင်စေချင်ဘူး၊ ကျုပ်ခုလိုမေးရတာဟာအကြောင်းရှိပါတယ်"

ထိုအခါ လီထိုက်ဟိုက...

"ဟုတ်ကဲ့၊ အဲဒီအကြောင်းကိုသိပါရစေ"

ရှောင်လင်ဆရာတော် 'ကွမ်လျန်' က လီထိုက်ဟိုအား တ ချက် ည့်လိုက်ပြီး....

"တခါက ဖုန်လင်တောအုပ်ထဲမှာ သိုင်းလောကက နာမည်ကြီးသိုင်းသမားတွေစုပြီး ဓားသိုင်းယှဉ်ပြိုင်ပွဲကြီးလုပ်ခဲ့ဖူးတယ်၊ အဲဒီတုန်းက လီထိုက်ဟိုလဲပါဝင်ယှဉ်ပြိုင်ခဲ့ဖူးတယ် မဟုတ်လား"

လီထိုက်ဟိုက ခေါင်းလည်းမညိတ်ခေါင်းလည်းမခါပဲနှင့် ပြောလိုက်သည်။

"အင်း... ဆက်ပြောပါအုံးဆရာတော်"

ရှောင်လင်ဆရာတော်ကဆက်၍ပြောလိုက်သည်။

"လီထိုက်ဟိုဟာ ပါဝင်ယှဉ်ပြိုင်တဲ့နာမည်ကျော်သိုင်းသမားတွေအားလုံးကိုအနိုင်ယူသွားခဲ့တယ်၊ အဲဒီပွဲမှာတွင်ပဲ လီထိုက်ဟိုဟာ သိုင်းလောကရဲ့နံပါတ်တစ်အဆင့်အမြင့်ဆုံးသိုင်း



ကြီးလှတဲ့အကြောင်းကိစ္စတခုကိုတိုင်ပင်ပြောဆိုချင်လို့ပါ"

တခေါင်းလုံးဖြူဖွေးနေသောအဘိုးအိုက လက်ထဲတွင် အရက်ခွက်ကိုကိုင်ထားယင်းပြောလိုက်သည်။

သူ၏ဦးခေါင်းရှိဆံပင်များမှာ ဖြူဖွေးနေပြီး အနီရောင်ဝတ်စုံကိုဝတ်ဆင်ထားသည်။

ထိုအဘိုးအို 'ကျည့်ဝေ' မှာ စိတ်ဓာတ်မှန်မြတ်မှန်ကန်သော သိုင်းသမားတဦးဖြစ်သဖြင့် သိုင်းလောကသားအားလုံးကသူ့အား လေးစားကြရသည်။

"ခင်ဗျားမှာအရေးတကြီးကိစ္စရှိလို့ ကျုပ်တို့ဆီဖိတ်ခေါ်ရတယ်ဆိုတာကိုတော့ ကျုပ်ကအာမှမပြောလိုပါဘူး၊ ဒါပေမယ့် ခင်ဗျားဟာ လီထိုက်ဟို အစစ် ဟုတ်မဟုတ်ဆိုတာကိုတော့ကျုပ်ကစမ်းသပ်ရလိမ့်မယ်"

လီထိုက်ဟိုစကားဆုံးသည်နှင့် ယခုတကြိမ်ဝင်ရောက်ပြောဆိုလာသူမှာ လီထိုက်ဟိုနှင့်အနီးဆုံးတွင်ကပ်၍ထိုင်နေသော သက်တန့်ရောင်ဓားသမား 'ကျည့်ဝေ' ပင်ဖြစ်သည်။

လီထိုက်ဟိုက သိုင်းဆရာကြီး 'ကျည့်ဝေ' အား လျှင်မြန်စွာအရိုအသေပေးလိုက်ပြီး......

"ဟုတ်ကဲ့ဆရာကြီး ကြိုက်သလိုစမ်းသပ်နိုင်ပါတယ်"

ယင်းသို့ဆိုလျှင်....

သိုင်းဆရာကျည့်ဝေသည် လီထိုက်ဟိုအစစ် ဟုတ်မဟုတ် မည်ကဲ့သို့စမ်းသပ်မည်နည်း။

* * *

## (၃)

သိုင်းဆရာကြီး 'ကျည့်ဝေ' က သဘောကျစွာ ရယ်မောလိုက်သည်။

ပြီးနောက်—

"ဒီလိုရှိပေါ့ ကျုပ် ဇုန်လင်တောအုပ်က ထိုင်းပညာ ယှဉ်ပြိုင်ပွဲကို ဦးစီးကျင်းပခဲ့တဲ့သူဆိုတော့ ခင်ဗျားရဲ့ သိုင်းပညာ အရည်အချင်းကို ပိုပြီးသိနေတယ်၊ အဲဒီတုန်းက ခင်ဗျားဟာ ယှဉ်ပြိုင်ဘက်တွေကို သိုင်းကွက် သုံးကွက်ထက် ပိုပြီး မတိုက်ခိုက်ရပဲ အနိုင်ယူခဲ့တယ်၊ ပြီးတော့ ယှဉ်ပြိုင်ဘက်တွေကို တယောက်မှ အနာတရဖြစ်အောင် မတိုက်ခိုက်ပဲ သဘောထားကြီးကြီးနဲ့ ယှဉ်ပြိုင်သွားခဲ့တယ်၊ ဒီအချက်တွေကြောင့် အခု ခင်ဗျားကို အားလုံးက လေးစားသွားကြတယ်၊ ဒါကြောင့် အခု ခင်ဗျားရဲ့ ဖိတ်ခေါ်ချက်ကို အားလုံးက လက်ခံပြီး ရောက်ရောက်ခဲ့ကြတာပေါ့၊ ဒါပေမယ့် ခင်ဗျားဟာ လီသိုက်ဟို အစစ်လား အတုလားဆိုတာ ဘယ်သူမှ ခွဲခြားနိုင်ကြဘူး၊ ဒီတော့ ခွဲခြားလို့ရအောင် ကဲ....ရော့"

လှုပ်ရှားမှုက လျင်မြန်လွန်းလှသည်။

"ကျည့်ဝေ" က ထိုင်၍ စကားပြောနေရာမှ ရုတ်တရက် ဆရပ်လိုက်ပြီး လက်ထဲမှ ခွက်တစက် ကျော်ကျော် ရှိနေသော



အရက်ဖြင့် လီထိုက်ဟို၏ မျက်နှာတည့်တည့်သို့ ဖြတ်ကနဲ ပက်လိုက်သည်။

စားပွဲဝိုင်းကြီးမှာ ကျယ်ပြန့်လှသော်လည်း သူတို့ နှစ်ဦးမှာ အလွန်နီးကပ်နေသည်။

ပြီးနောက်....

အရက်ဖြင့် ပက်လိုက်သော သူမှာလည်း သာမန် သိုင်းသမား တယောက်မဟုတ်၊

နာမည်ကျော် သက်တန့်ရောင် ဓားသမားကြီး 'ကျည့်ဝေ' ဖြစ်နေသောကြောင့် ပက်ထည့်လိုက်သော အရက်များသည် ရေဝန်းတခုသဖွယ် စုစည်းလျက် 'လီသိုက်ဟို' ၏ မျက်နှာ တည့်တည့်သို့ အရှိန်ပြင်းစွာ တိုးဝင်သွားသည်၊

တိုးဝင်သွားသော အရှိန်မှာ မြားထံတချောင်းနှယ် ပြင်းထန် လွန်းလှသည်။

ရုတ်တရက်ဖြစ်၍ လီသိုက်ဟို ရှောင်တိမ်းရန် အချိန်မရလိုက်ပေ။

ထို့ကြောင့်....

သူသည် လက်ထဲမှ အရက်ခွက်ကို ချက်ချင်း လျင်မြန်စွာ မြှောက်ယမ်းလိုက်သည်။

၎င်းတွင်....

သက်တန့်ရောင် ဓားသမား ကျည့်ဝေ ပက်လွှတ်လိုက်သော အရက်မြားတန်းသည် လီထိုက်ဟို၏ အရက်ခွက်ထဲသို့ ကျရောက်သွားသည်၊

အားလုံးက အံ့အားသင့်သွားမိကြ၏။

အရက်များသည် အပြင်သို့ တစက်မျှ မဖိတ်စင်ပဲ အားလုံး လီသိုက်ဟို၏ အရက်ခွက်ထဲသို့ ဝင်သွား၏။

လီထိုက်ဟို၏ အရက်ခွက်ထဲ၌ ရှိသော အရက်အနည်းငယ်နှင့် ပေါင်း၍ 'ကျည့်ဝေ' ဝစ်လွှင့်လိုက်သော အရက်များက ခွက်အပြည့်မျှ ဖြစ်သွားသည်။

လီသိုက်ဟိုက အရက်ပြည့်သွားသော ခွက်ကို ကိုင်မြှောက်လိုက်ပြီး....

"ကျေးဇူးပါပဲ ခင်ဗျာ"

ပြောပြောဆိုဆို လီသိုက်ဟိုက ပြည့်လျှံနေသော အရက်ကို တချက်တည်း မော့သောက် ပစ်လိုက်တော့သည်။

ဤသို့ သက်တန့်ရောင် ဓားသမားကြီး ကျည့်ဝေက အရက်နှင့် ဝက်လိုက်သည်မှ လီထိုက်ဟို အရက် မော့သောက်လိုက်သည် အထိ ဖြစ်ပျက် လှုပ်ရှားမှုအားလုံးသည် မျက်စိတမှိတ် လျှပ်တပြက် အချိန်အတွင်း ဖြစ်ပျက်ခဲ့ခြင်း ဖြစ်၏။

သက်တန့်ရောင် ဓားသမားကြီး ကျည့်ဝေသည် သက်ပြင်းကို လေးတွဲ့စွာ ချလိုက်ပြီး ပြန်၍ ထိုင်လိုက်သည်။

ပြီးနောက်—

လီထိုက်ဟိုအား ကြည့်လိုက်ယင်း....

"အင်း...ကျုပ်သာ အခုလို ရုတ်တရက် မလုပ်လိုက်ယင် ခင်ဗျားရဲ့ ပညာကို ကျုပ်တို့မြင်ရမှာ မဟုတ်ဘူး။ ခင်ဗျားရဲ့ မျက်စိလျင်မှု၊ သွက်လက်မှုနဲ့ အတွင်းအားပြည့်ဝမှုတွေက ခင်ဗျားကို ထိပ်တန်းအဆင့်မြင့် သိုင်းသမားတဦး ဖြစ်ကြောင်း ဖော်ပြလိုက်ပါပြီ၊ ခင်ဗျားဟာ လီထိုက်ဟို အစစ် မဟုတ်ဘူးလို့ တခေါက်ခေါက်က ပြောယင်တော့ ကျုပ်အနေနဲ့ လီထိုက်ဟို ဖြစ်ကြောင်း ရဲရဲကြီး ထောက်ခံပေးရဲပါတယ်၊ ကဲ....ခုချိန်ကစပြီး ခင်ဗျားရဲ့ အရေးထကြီး ကိစ္စကို ပြောပြနိုင်ပါပြီ"



ကျည့်ဝေ စကားဆုံးသည်နှင့် လီထိုက်ဟိုက မတ်တတ်ရပ်လိုက်သည်။

ထို့နောက်—

လီသိုက်ဟိုက သိုင်းသမားများအားလုံးကို လက်ဖမိုးယှက်၍ ဦးညွတ် အရိုအသေ ပေးလိုက်ပြီး....

"ဒီနေ့....ကျွန်တော်ရဲ့ ဖိတ်ကြားမှုကြောင့် တပင်တပန်း ကြွရောက်လာကြတဲ့ သိုင်းလောကမှ သိုင်းဆရာကြီးအားလုံးကို အထူးပဲ ကျေးဇူးတင်ပါတယ်"

ပြောခပြောဆိုဆို လီထိုက်ဟိုက စားပွဲမှထကာ နံရံဆီသို့ လျှောက်သွားသည်။

နံရံပေါ်တွင် ဓားတအောက်ကို ခပ်စောင်းစောင်း ချိတ်ထားသည်။

လီထိုက်ဟိုက နံရံပေါ်တွင် ချိတ်ထားသော ဓားကို ဖြုတ်ယူလိုက်ပြီး၊ စားပွဲဝိုင်း ရှိရာသို့ ပြန်လျှောက်လာသည်။

စားပွဲဝိုင်းသို့ ပြန်ရောက်လျှင်၊ သူ၏ညာလက်က ဓားရိုးကို ဆုပ်ကိုင်လိုက်ပြီး ဖြည်းဖြည်းချင်း ဆွဲထုတ်လိုက်၏။

ဓားသွားက ဓားအိမ်အတွင်းမှ တဖြည်းဖြည်းထွက်ပေါ်လာသည်။

တဖက်တပျက် ထွက်နေသော ဓားသွားမှ ပေါ်ထွက်

သာသော ဓားရောင်သည် မျက်စိ ကျိန်းစပ်သွားစေလောက်အောင်ပင် လင်းလက်နေသည်။

သိုင်းသမားများ အားလုံး ထိုင်ရာမှ ရုတ်တရက် မတ်တတ်ထရပ် လိုက်မိကြ၏။

အားလုံး၏ မျက်နှာတွင် အံ့သြမှု၊ အရိပ်အရောင်များ ယှက်သန်းသွားကြလေသည်။

"ဟာ...."

"ဟင်...

"အို...သံဆေဝါးပါလား၊"

သိုင်းသမားများ အနက်မှ အံ့သြသွားသူမှာ တရုတ်တုန်းတော်ကြီး 'ဟန်းလိန်' ပင် ဖြစ်၏။

"အင်း....ဒီသံဆေဝါး ပေါ်လာယင် သိုင်းလောကမှာ အန္တရာယ် တစုံတရ ကျရောက်တော့မှာ သေချာတယ်"

သိုင်းသမားများ အားလုံး၏ မျက်လုံးများက တရုတ်တုန်းတော်ကြီး 'ဟန်းလိန်' ထံ ကျရောက်လာသည်။

တရုတ်တုန်းတော်ကြီး 'ဟန်းလိန်' ၏ စကားကြောင့် သိုင်းသမားများ အားလုံး၏ မျက်နှာသည် အံ့သြနေရာမှ စိုးရိမ်ထိတ်လန့်သော အမူအရာသို့ ကူးပြောင်းသွားကြ၏။

ခန်းမထဲရှိ လူအားလုံးကို အံ့သြ ထိတ်လန့် စေသော ထိုသံဆေဝါးကား မည်သို့သော ဝါးမျိုး ဖြစ်ပါသနည်း။

* * *



(၄)

"သံဆေဝါးဆိုတာ ဘယ်လိုဝါးမျိုး ဖြစ်ပါသလဲ ဆရာတော် ဟန်းလိန်ခင်ဗျား"

သိချင်စိတ်ကို မအောင့်နိုင်ပဲ မေးလိုက်သူမှာ သဲကန္တာရ စွန်ငှက် မိုက်ယုံပင် ဖြစ်သည်။

တရုတ် တုန်းတော်ကြီး၊ ဟန်းလိန်၏ မျက်နှာပေါ်တွင် စိုးရိမ်ထိတ်လန့်မှု မပြေသေးပဲ ပြောလိုက်ပြန်သည်၊

"အင်း......ကျုပ်သိ ဒီဝါးရဲ့ ရာဇဝင်နဲ့ အစွမ်းထက်မှုကိုသာ သိတယ်၊ ဘယ်လို ပေါ်ပေါက်လာတယ်ဆိုတာကိုတော့ မသိဘူး"

မိုက်ယုံကပင် ဆက်၍——

"အဲဒီရာဇဝင်ကိုပဲပြောပြပါဆရာတော်ဟန်းလိန်ခင်ဗျား"

တရုတ်တုန်းတော်ကြီး ဟန်းလိန်က တည်ငြိမ် ရင့်ကျက်သော အမူအရာဖြင့်....

"ကျုပ်ကြားဖူးတာကတော့ 'ဝမ်ချောင်' ဆိုတဲ့ လူဟာ သူပုန်လုပ်တုန်းက မမျှော်လင့်ပဲ ဒီဝါးကို ရခဲ့တယ်၊ 'ဝမ်ချောင်' ဟာ ဒီဝါးနဲ့ တိုက်ပွဲပေါင်းများစွာကို အနိုင်ရခဲ့တယ်၊ ဒါကြောင့် သူဟာ ဒီဝါးကြောင့်သာ အောင်မြင်မှုတွေ ရခဲ့တယ်လို့ ထင်နေခဲ့တယ်၊ ဒါပေမယ့် တနေ့မှာ ဝမ်

ချောင်ဟာ မချော်သင့်ပဲ ကျဆုံးသွားခဲ့ရတယ်၊ အဲဒီအချိန်မှာ ဒီဓားဟာလဲ ပျောက်ကွယ်သွားခဲ့တယ်”

တချိန်လုံး ငြိမ်သက်စွာနားထောင်နေသော အေးစိမ့် ဓားသမား ကိုချင်းက ဝင်မေးလိုက်သည်။

“ဒါနဲ့ပဲ ဒီဓားကို သံသေဓားလို့ ခေါ်ရောလား”

တရုတ် ဘုန်းတော်ကြီး ဟန်းလိန်က ခေါင်းကို ခါယမ်းလိုက်ပြီး....

“နေအုံးလေ၊ ကျုပ်စကား မဆုံးသေးဝါဘူး၊ ဝမ်ချောင်လက်က ပျောက်ဆုံးသွားပြီးနောက်၊ ‘ကျန်ရှဲချုံး’ သူပုန်ထတဲ့အချိန်မှာ ဒီဓားဟာ ပြန်ပေါ်လာတယ်၊ ‘ကျန်ရှဲချုံး’ လက်ထဲမှာ ဒီဓား ပြန်ရောက်နေတာ တွေ့ရတယ်၊ ကျန်ရှဲချုံးဟာ ဒီဓားနဲ့ပဲ တိုက်ပွဲပေါင်းများစွာကို အောင်နိုင်ခဲ့တာမို့ ဒီဓားကို သံသေဓားလို့ အမည်ပေးထားတာပဲ”

သဲကန္တာရ သိန်းစွန်ငှက်က ဝင်၍ မေးမြန်းလိုက်၏။

“အခု ဒီဓားကို ဆရာတော် ဟန်းလိန်အနေနဲ့ သံသေဓား ဖြစ်ကြောင်း ဘယ်လိုလုပ်ပြောနိုင်ပါသလဲ”

တရုတ်ဘုန်းတော်ကြီး ဟန်းလိန်က ပြန်ဖြေလိုက်သည်။

“သံသေဓားရဲ့ ဓားရွက်နှစ်ဘက်ပေါ်မှာ ကြယ်ခုနစ်ပွင့်ရှိနေတယ်၊ အဲဒီ ကြယ်ခုနစ်ပွင့်ဟာ ခုနစ်စင်ကြယ် ကောင်းကင်မှာ တည်ရှိနေတဲ့ ပုံစံအတိုင်း ဓားရွက်ပေါ်မှာ တည်ရှိနေတယ်၊ ဒီဓားဟာ အိမ်က ကျွတ်ထွက်လာတာနဲ့ ဓားရဲ့အေးစိမ့်တဲ့ အငွေ့အသက်ကို အနီးမှာရှိတဲ့ လူတိုင်း ခံစားကြရတယ်၊ အဲဒီအချက်ဟာ ဒီဓားရဲ့ အထူးခြားဆုံးအချက်ပဲ၊



ကျုပ်အနေနဲ့က ဒီဓားရဲ့ အရည်အသွေးကို မြင်ပြီး မှန်းဆပြောတာပါ၊ ဟုတ်မဟုတ်ကိုတော့ ပိုင်ရှင်ဖြစ်တဲ့ လီထိုက်ဟိုကိုပဲ မေးကြည့်ကြပေါ့”

မည်သူမှ မမေးမီမှာပင် လီထိုက်ဟိုက....

“ဒီဓားဟာ သံသေဓားအစစ် ဖြစ်ပါတယ်”

ဝန်ခံ ပြောဆိုလိုက်ပြီးသည်နှင့် လီထိုက်ဟိုက ဓားအိမ်မှအပြီး ဆွဲထုတ်လိုက်သည်။

ဓားရောင်အသည် မျက်လုံးအိမ်အတွင်းသို့ဝင် ထိုးဖောက်၍လင်းလက် သွားသည့်အလှအား လူအားလုံး၏ စိတ်ထဲတွင်ခံစားမိကြ၏။

ထို့အပြင် အေးစိမ့်သော အငွေ့အသက် များကိုလည်း ရုတ်ခြည်း ခံစားလိုက်ကြရသည်။

ရှောင်ထင်ဆရာတော် ‘ကွမ်လျှန်’ ကလည်း တအံ့တဩဖြစ်လျက်....

“လီထိုက်ဟို....ခင်ဗျားအနေနဲ့ ဒီဓားကို ထုတ်ပြတာဟာဘယ်လို ရည်ရွယ်ချက်များ ရှိနေလို့လဲ”

ထိုအခါ လီထိုက်ဟိုက တည့်တည့်ကြည့်စွာဖြင့်....

“ဒီဓားကို ထုတ်ပြရတဲ့ ရည်ရွယ်ချက် ကျွန်တော့်မှာရှိနေပါတယ်၊ ဒီဓားကို ကျွန်တော့်ရဲ့ ဆရာက ကျွန်တော့ကို အမွေပေးခဲ့တာပါ၊ ဆရာကြီးက ပြောပြခဲ့တာ ကတော့ဒီဓားဟာ ရေကိုခုတ်လို့ပြတ်ပြီး ကျောက်ကိုတောင် ပိုင်းဖြတ်နိုင်တယ်၊ သံကိုတော့ ပေါင်မုန့်လှီးသလိုလှီးနိုင်တဲ့ဓားကောင်းရတနာ တခုပဲတဲ့၊ ဒါပေမယ့် ဒီဓားဟာ အစဉ်အဆက်

တစ်လျှောက်လုံး အဆက်ပေါင်း မြောက်များစွာကို သေစေသာခဲ့သာမို့၊ ဒီဓားမှာ မကောင်းတဲ့ အငွေ့အသက်တွေ စိမ့်ဝင်နေတယ်လို့ ပြောတယ်”

ကျည့်စေက မယုံကြည်နိုင်သလို ခပ်ယဲ့ယဲ့ပြုံးကာ....

“ဘယ်လိုကြောင့်လဲ”

လီဆိုက်ဟိုက မဲ့ပြုံးပြုံးယင်း—

“ဘယ်လိုကြောင့်လဲဆိုတော့၊ ဒီဓားရဲ့ရာဇဝင်တစ်လျှောက်လုံး လူအသက်ပေါင်းများစွာကို သတ်စေခဲ့လို့ပဲ၊ ဒါကြောင့် ကျွန်တော့်ဆရာကြီးက ကျွန်တော့်ကို ဒီဓားနဲ့ ကောင်းတဲ့နေရာတွေမှာ အသုံးချဖို့ မှာခဲ့တယ်၊ ဒီဓားကိုဇွန်ကန်တဲ့ဘက်မှာ အသုံးချနိုင်မှသာ ဒီဓားမှာကပ်ညိနေတဲ့ မကောင်းတဲ့အငွေ့အသက်တွေဟာပျက်ပြယ်သွားနိုင်မယ်တဲ့”

နားထောင်နေသူများမှာ ပိုမိုစိတ်ဝင်စားလာကြသဖြင့် အယောက်ကိုတယောက်စကားမပြောနိုင်ကြပဲ တိတ်ဆိတ်စွာ ရှိနေကြသည်၊

လီဆိုက်ဟိုကဆက်လက်၍ပြောလိုက်ပြန်သည်။

“လွန်ခဲ့တဲ့ငါးနှစ်လောက်က ဖုန်လင်တောအုပ်မှာကျင်းပတဲ့ဓားစွမ်းရည်ပြိုင်ပွဲမှာ ကျွန်တော်ဟာဒီဓားနဲ့ပဲ အဆင့်မြင့်ဆုံးနံပါတ်တစ်ဓားသမားဘွဲ့ကိုဆွတ်ခူးခဲ့တယ်၊ ဒီနောက်မှာကျွန်တော်ဟာ ကျွန်တော့်ဆရာသမားရဲ့ မိန့်မှာချက်အတိုင်း ဒေသအနှံ့လှည့်လည်ပြီး ဒုစရိုက်သမားတွေကို တိုက်ခိုက်ချေမှုန်းခဲ့ပါတယ်”

မျက်နှာတစ်ထောင့်ကျူးကိုက လီထိုက်ဟိုစကားမဆုံးမီမှာ ဝင် ဖြတ်၍မေးလိုက်သည်၊



“ခင်ဗျားပြောတာမှန်ပါတယ်၊ လွန်ခဲ့တဲ့ငါးနှစ်အတွင်းမှာ ခင်ဗျားဟာဒေသအနှံ့လှည့်ပြီး ပြည်သူနဲ့သိုင်းလောကကို အန္တရာယ်ပေးမယ့်သိုင်းသမားဆိုးတွေ၊ ဒုစရိုက်သမားတွေကိုသုတ်သင်ရှင်းလင်းပေးခဲ့တယ်ဆိုတာ ကျုပ်တို့ကြားသိပြီးဖြစ်ပါတယ်၊ အဲ....ဒါပေမယ့် ခင်ဗျားဟာတစ်နေရာရောက်ယင်ရုပ်တမျိုးနဲ့၊ ရုပ်အမျိုးမျိုးဖျက်ပြီးလှုပ်ရှားခဲ့တာဟာဘာကြောင့်လဲဆိုတာသိပါရစေ၊ ကျုပ် ဒီလိုမေးတာရိုင်းတယ်လို့တော့မထင်ပါနဲ့ဗျာ”

လီဘိုက်ဟိုကခေါင်းညိတ်လိုက်သည်၊

“ကျွန်တော်အခုလိုလုပ်နေတာဟာ ကျွန်တော်မှာကြီးမားတဲ့ရည်ရွယ်ချက်တစ်ခုရှိပါတယ်၊ဒီရည်ရွယ်ချက်ပြီးမြောက်တဲ့တနေ့မှာတော့ ကျွန်တော့်ရဲ့ရုပ်သွင်အစစ်အမှန်ကိုခင်ဗျားတို့အောင်စွင့်မြင်မှာပါ၊ အဲ အခုလိုကျွန်တော်လုပ်နေတာကို ခင်ဗျားတို့အနေနဲ့ ထူးခြားအံ့သြနေကြမယ်ဆိုတာကျွန်တော်သိပါတယ်၊ အခုလဲ ဧည့်သည်တော်သိုင်းသမားကြီးတွေကို ကျွန်တော်ရုပ်ဖျက်ပြီးတွေ့ဆုံမိခဲ့ပါတယ်၊ ဒါကိုအပြစ်မမြင်ပဲခွင့်လွှတ်ကြပါလို့တောင်းပန်ပါတယ်ခင်ဗျာ”

သူသည် ပြောပြောဆိုဆို ဝယ်ဘက်လက်ကဓားအိမ်ကို စားပွဲပေါ်သို့ထင်လိုက်ပြီး ညာဘက်လက်ကဓားကိုကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ကာဆက်ပြောလိုက်ပြန်သည်။

“ဒီနေ့ သိုင်းလောကထိပ်တန်း သိုင်းသမားဧည့်သည်တော်ကြီးတွေကို ဖိတ်ခေါ်တွေ့ဆုံရတဲ့အဓိကအကြောင်းက

ဧည့်သည်တော်ကြီးများရဲ့ရှေ့မှောက်မှာ ကျွန်တော်ဟာသိုင်းလောကနံပါတ်တစ် ဓားသမားလီထိုက်ဟိုဆိုတဲ့နာမည်ကို စွန့်လွှတ်လိုက်ပါတယ်၊ မနက်ဖန်ကစပြီး သံချေသမားနဲ့သိုင်းသမား၊ လီထိုက်ဟိုဆိုတဲ့နာမည်ကို သိုင်းလောကမှာကွယ်ပျောက်သွားစေချင်ပါတယ်၊ ဒါကြောင့် ဒီနေ့ပြုလုပ်တဲ့လက်ချောင်းဖြတ်ဓားချိုးပွဲကို ကြွရောက်ကြတဲ့ ထိပ်တန်းသိုင်းဆရာကြီးတွေက အသိအမှတ်ပြုပေးကြစေလိုပါတယ်”

လီထိုက်ဟို၏စကားကြောင့် ကြွရောက်လာကြသောသိုင်းဆရာကြီးဆယ်ဦးမှာ ပါးစပ်အဟောင်းသားဖြင့် အံ့အားသင့်ကုန်ကြ၏။

ထိုက်ကျည့်ဂိုဏ်း၏ မြင့်မြတ်လက်ဝါးဓားသမား 'ဖုန်းရီ' က ဓားပွဲခုံအားလက်ဝါးဖြင့်ရိုက်ထုရက် 'ဗုန်း' ဟုမြည်အောင်ရိုက်လိုက်ပြီးအော်ပြောလိုက်သည်။

“ဒီလိုလုပ်လို့ဘယ်ဖြစ်မလဲ”

လီထိုက်ဟို၏မျက်လုံးအစုံသည် မြင့်မြတ်လက်ဝါး 'ဖုန်းရီ' ထံစူးစိုက်ကြည့်လိုက်ပြီးလေးစားစွာပြောလိုက်သည်။

“ဘာကြောင့် မဖြစ်နိုင်တာလဲဆိုတာကို ရှင်းပြပါလားခင်ဗျာ”

လီထိုက်ဟို၏အမေးကို ဖုန်းရီကပြန်မဖြေခင်မှာပင် ဝမ်းစမ်တောင်မှ ဓားစိမ့်ဓားသမား ကိုချင်းကဝင်၍ပြောလိုက်သည်။

“အစ်ကိုကြီး၊ ကျွန်တော်တို့ဟာ အစ်ကိုကြီးရဲ့ဖိတ်ကြားမှုကြောင့် အနယ်နယ်အရပ်ရပ်ကနေ ပင်ပင်ပန်းပန်းရောက်



အောင်လာခဲ့ကြရတယ်၊ ကျွန်တော်တို့လာခဲ့ကြတာဟာ အစ်ကိုကြီးရဲ့ 'လက်ချောင်းဖြတ်ဓားချိုး' ပွဲကိုကြည့်ဖို့ဖြစ်နေပြီ၊ အဲဒီတော့ အစ်ကိုကြီးလီကိုတွေ့ဆုံချင်ကြလို့တကူးတကလာခဲ့ကြတဲ့ ကျွန်တော်တို့အတွေကိုစိတ်မကောင်းဖြစ်အောင်တော့ မလုပ်စေချင်ပါဘူးဗျာ”

ဝမ်းစမ်တောင်မှ ဓားစိမ့်ဓားသမား ကိုချင်းမှာ ယခုရောက်ရှိနေသောသိုင်းသမားဆယ်ဦးတွင် အသက်အငယ်ဆုံးဖြစ်သည်။

ဓားစိမ့်ဓားသမားကိုချင်းသည် လီထိုက်ဟိုအား ဤဟုန်းလိုကျေးရွာတွင်နေထိုင်မှန်းမသိခဲ့ချေ။

သူနေထိုင်သော ဝမ်းစမ်တောင်ခြေသည်၊ 'ဟုန်းလို' ကျေးရွာနှင့်ဆိုလျှင် ကျောချင်းကပ်မျှနီးကပ်လှသည်။

ဤမျှနီးကပ်သော်လည်း သူအနေနှင့်လုံးဝသိရှိခဲ့ခြင်းမရှိပေ။

လီထိုက်ဟိုကသက်ပြင်းကိုအသာချလိုက်ပြီး....

“ဟုတ်ကဲ့၊ အဲဒီအချက်ကိုလဲ ကျွန်တော်ရှင်းပြပါ့မယ်၊ ကျွန်တော့အနေနဲ့ကလဲ အခုလိုတကူးတကကြွရောက်လာကြတဲ့ ဧည့်သည်တော်ကြီးတွေစိတ်မချမ်းသာအောင် မလုပ်ချင်ပါဘူး၊ ဒါပေမယ့် မလုပ်ယင်မဖြစ်တော့တဲ့အခြေအနေရောက်နေလို့ပါ၊ အခုလုပ်ရမယ့် 'လက်ချောင်းဖြတ်ဓားချိုး' ပွဲကို သိုင်းလောကရဲ့ကြီးမားတဲ့ဘေးအန္တရာယ်ကြီးတခုကို ကာကွယ်တဲ့အနေနဲ့လုပ်မှာဖြစ်ပါတယ်”

သဲကန္တာရ သိန်းစွန်းငှက် မိုက်ယုံသည် လီထိုက်ဟိုအား

ပြုံးကျယ်သော မျက်လုံးအစုံဖြင့် ကြည့်လိုက်ပြီး၊ သဘော မပေါက်သလို ပြန်မေးလိုက်၏။

"ဘယ်လို၊ ခင်ဗျားပြောတာ မရှင်းဘူး"

ထိုအချိန်တွင် မျက်နှာတထောင် သိုင်းသမား ကျူးကိုက ထိုင်နေရာမှ လျှောက်လာကာ....

လီထိုက်ဟို၏ လက်ထဘက်အား လှမ်းဆွဲ၍ ပြောလိုက်သည်။

"လီထိုက်ဟို......ခင်ဗျားဟာ ကျုပ်တို့ ဆယ်ယောက်ကို ဖိတ်ခေါ်ပြီး နောက်ပြောင်ကျီစယ်တာတော့ မဟုတ်ပါဘူးနော်"

လီထိုက်ဟိုက လက်ကိုရမ်းရင်း ကျူးကို ကို ပြန်ကြည့်လိုက်ပြီး....

"မဟုတ်ပါဘူး"

ကျူးကိုက လီထိုက်ဟို၏ မျက်နှာအား တချက် အကဲခတ်လိုက်ကာ....

"ဒီလိုဆိုယင် ခင်ဗျားမှာ လျှို့ဝှက်တဲ့ စိုးရိမ်ပူပန်မှုကြီး တခုရှိနေမှာ သေချာတယ်၊ အဲဒီတော့ ကျုပ်ကို ယုံကြည်အားကိုးတယ်ဆိုယင် ခင်ဗျားရဲ့ စိုးရိမ်မှုကို ပြောပြပါလား"

ရှောင်လင်ဆရာတော် 'ကွမ်လျန်'ကလည်း ဝင်၍ ပြောပြန်သည်။

"သိုင်းလောကကြီး ထခုလုံးရဲ့ အရေးအခင်း အတွက် ခင်ဗျားရဲ့ လက်ကိုဖြတ်၊ ဓားကို ချိုးပစ်ရုံနဲ့ ကိစ္စကပြီးသွားမှာလား၊ ကျုပ်အထင်တော့ ဒီနည်းဟာ ကောင်းမွန်မှန်ကန်



တဲ့ နည်း မဖြစ်နိုင်ဘူး"

တရုတ်ဘုန်းတော်ကြီး 'ဟန်းလိန်' ကလည်း....

"ခင်ဗျားရဲ့ လက်ချောင်းကို ဖြတ်၊ ဓားချိုးလုပ်လိုက်ရုံနဲ့ သိုင်းလောကရဲ့ ဘေးအန္တရာယ်ကြီး တခု ပျောက်ပျက်သွားနိုင်တယ် ဆိုယင်တော့ ကျုပ်တို့က ဒီသတင်းကို ဘယ်ဆောင်ပြီး သိုင်းလောကသားတွေကို ဖြန့်လိုက်ပါ့မယ်၊ ဒါပေမယ့် ဘေးအန္တရာယ် မပျောက်ဘူးဆိုယင်တော့ ခင်ဗျားရဲ့လက်ဟာ ဖြတ်ပြီး ဓားကျိုးသွားတာပဲ အဖတ်တင်သွားလိမ့်မယ်"

သဲကန္တာရ သိမ်းစွန်ငှက်ကလည်း ခက်ထန်တင်းမာသော လေသံဖြင့်....

"ဒီမယ် လီထိုက်ဟို၊ ခင်ဗျားအခုလုပ်နေတာ၊ အမြီးမှန်း ခေါင်းမှန်း မသိတဲ့သဘော ဆက်ရောက်နေတယ်၊ ခင်ဗျားဟာ တချိန်က နာမည်ကျော်ပြီး စိတ်ထားမွန်မြတ်တဲ့ သိုင်းအမားကြီး လီထိုက်ဟိုသာမဟုတ်ခဲ့ယင် အခုချိန်မှာ ကျုပ်က ခင်ဗျားကို ဆုံးမပြီး နေလောက်ပြီ၊ ခင်ဗျားကို ကျုပ်ရှင်းရှင်းပဲ ပြောလိုက်မယ်၊ ကျုပ်ဟာ အခုလို ဝေ့လည်ကြောင်ပတ် လုပ်နေတဲ့ကိစ္စမျိုးကို အချိန်ကုန်၊ မျက်စိရှုပ်ခံပြီး ကြည့်မနေနိုင်ဘူး၊ တဲ......ကျန်တဲ့ ဧည့်သည်တော်ကြီးတွေကိုတော့ အားနာပါရဲ့ဗျာ၊ ကျုပ်ပြန်တော့မယ်"

ထိုအခါ လီထိုက်ဟိုက လျင်မြန်စွာဖြင့် မိုက်ယိုအား တား တားလိုက်ပြီး။

"အကိုကြီး မိုက်ယို မပြန်ပါနဲ့အုံး၊ ခဏလေး သည်းခံပြီး စောင့်ဖို့ ကျွန်တော်တောင်းပန်ပါတယ်"

ပြီးနောက်....

ညှိသည်အားလုံးဘက်သို့ လှည့်လိုက်ပြီး အရိုအသေ လေးစား တောင်းပန်လိုက်ပြန်သည်။

"ကျွန်တော်....အားလုံးကို အညီးခံပြီး နားထောင်ကြဖို့ တောင်းပန်ပါတယ် ခင်ဗျာ၊ ခုအချိန်ကစပြီး ကျွန်တော် တွေ့ကြုံခဲ့ရသမျှကို တင်ပြပြီး အကြံဉာဏ် တောင်းခံပါတော့မယ်"

ထို့နောက်....

လီထိုက်ဟိုက သူ၏ တပည့်များအား စားပွဲဝိုင်းကြီး၏ တဘက်တွင် လက်ဖက်ရည်ကြမ်းအိုးများ တည်းခင်းစေလိုက်သည်၊

## (၅)

လက်ဖက်ရည်ကြမ်းဝိုင်း___

ညှိအသည်တော် သိုင်းသမားဆယ်ဦးတို့ လက်ဖက်ရည် ကြမ်းဝိုင်းသို့ ပြောင်းရွှေ့ပြီးကြလေပြီ။

ညှိအသည်အားလုံးက လီသိုက်ဟိုထံမှ ထွက်ပေါ်လာမည့် စကားကို မျှော်လင့် စောင့်စားနေကြသည်။

လီထိုက်ဟိုက အည်ငြိမ် ဖြည်းလေးစွာဖြင့်ပြောလိုက်၏၊



ဟာလဲတယောက်ပဲကျန်တယ်၊ မုန်းအင်းကျွားရဲ ငါးကောင်ထဲက သုံးယောက်ပဲကျန်တော့တယ်"

ထိုအခါ ....

ချုံကျွားကိုထ်းချုပ်ကမျက်လုံးပြူးသွားပြီး ပြန်မေးလိုက်သည်။

"ဟင်___ဒါဖြင့် ညီခလေး 'လီ' က သူတို့ကိုအတ်ခဲ့မိတယ်လို့ပြောချင်တာလား"

လီထိုက်ဟိုကတချက်ပြုံးလိုက်ပြီး....

"ဒါကိုတော့ ကျွန်တော် ပြောစရာလိုမယ်မထင်ပါဘူး၊ အခုရှိနေကြတဲ့ သိုင်းသမားညှိသည်တော်ကြီးတွေလဲသိကြပါလိမ့်မယ်၊ ကျွန်တော်ဟာ ဒေသအနှံ့လှည့်လည်ပြီး သိုင်းပညာအားကိုးနဲ့ ပြည်သူတွေအပေါ် အနိုင်ကျင့်ဆိုးသွမ်းနေတဲ့ဒုစရိုက်သိုင်းသမားတွေကို ပညာပေးဆုံးမခဲ့ပါတယ်၊ ဒီလိုဆုံးမတဲ့နေရာမှာ တချို့လဲအဆင်မသင့်ယင် လက်ကျိုးစေခဲ့ပါတယ်၊ တချို့ကျတော့လဲ မှတ်လောက်သားလောက် ရုံ့ဝဲနာကျင်စေခဲ့ပါတယ်"

သက်တန့်ရောင်ဓားသမား 'ကျည်ဓဝ' က ဦးခေါင်းကို တဆတ်ဆတ်ညိတ်လျက် နားထောင်နေယင်းမှ ကြားဖြတ်ပြောလိုက်သည်၊

"ဟာ....သိပ်ဟုတ်တာပေါ့၊ ခင်ဗျားဟာ ဒီလိုမှန်မှန်ကန်ကန်လုပ်ထတ်လို့လဲ ကျုပ်တို့အားလုံးကခင်ဗျားကိုလေးစားနေကြတာပေါ့"

လီထိုက်ဟိုကဆက်ပြင်းကိုအသာချလိုက်သည်၊

ပြီးစုံစားတွဲ့သော အထံဖြင့်....

"ဒါပေမယ့် ကျွန်တော်သူတို့ကိုသတ်ခဲ့မိတယ်၊ သူတို့ ဆိုတာ ကတော့၊ ယိုးလင်ဂေဟာက သိုင်းသမားတယောက်၊ ထိုက်ဟူ ရေအိုင်နဂါးသိုင်းသမားနှစ်ယောက်နဲ့၊ မုန်းအင်းကျားရဲ့ဝါးတောင်ထဲက နှစ်ယောက်ကို သတ်ခဲ့မိတယ်"

သက်ထန်းချောင် မေးသမားကြီးမှာ ဟာကနဲဖြစ်သွားသည်၊

ရှောင်လင်ဆရာတော် 'ကွမ်လျှန်' က သုံးသပ်လိုက်သည်၊

ရှောင်လင်ဆရာတော် 'ကွမ်လျှန်' က....

"သူ့အပါးအသက်ကိုသတ်တာဟာ မကောင်းတာတော့ မှန်ပါတယ်၊ ဒါပေမယ့် လူဆိုးတွေကိုကိုယ်ခံကိုယ်ယင်းနဲ့သတ်ဖြတ်မိတာကတော့ မှားတယ်လို့မဆိုနိုင်ပါဘူး၊ အခုခင်ဗျား သတ်မိခဲ့တဲ့လူတွေဟာ ဆိုးသွမ်းရက်စက်တဲ့နေရာမှာကမ်းကုန်နေတဲ့လူတွေဆိုတော့ ခင်ဗျားမှာအပြစ်မရှိနိုင်ပါဘူး"

ချုံကျားဂိုဏ်းချုပ် ဟူရန်ရှင်းအလည်း ခေါင်းကိုခါယမ်းလိုက်ပြီး—

"ယိုးလင်၊ ထိုက်ဟူ၊ မုန်းအင်းသိုင်းသမားတွေဟာ ဆိုးသွမ်းတဲ့ဒုစရိုက်သမားတွေပါ၊ ညီလေးလီက သူတို့နဲ့တွေ့ဆုံခဲ့တာကိုး"

ထိုစဉ်....

စိတ်ဆတ်သူ သဲကန္တာရ သိမ်းစွန်ငှက်မိုက်ယုံက ကျယ်လောင်သောအသံဖြင့်....



"ဘယ်လိုလဲဗျ၊ ခင်ဗျားပြောမယ့်သိုင်းလောကအတွက် ဘေးအန္တရာယ်ဆိုတာ ဒါပဲလား"

ထိုအခါ....

လီသိုက်ဟိုအသက်ပြင်းချလိုက်ယင်း စိတ်ချမ်းသာသောအမူအရာဖြင့် သိုင်းသမားအားလုံးကို ဝေးကြည့်နေလိုက်သည်။

သူယခုစတင်ပြောပြတော့မည့်အကြောင်းအရာသည် အမှန်တကယ်ပင်ကြောက်မက်ဖွယ်ရာကောင်းပြီး၊ သိုင်းလောကသားပေါင်းမြောက်မြားစွာ၏ အသက်ဘေးအန္တရာယ်နှင့် ဆက်သက်ဆက်သွယ်နေသည်မဟုတ်ပါလား၊

"အင်း.... ကျွန်တော်ပြောပြချင်တဲ့ သိုင်းလောကအတွက် ကျရောက်တော့မယ့်ဘေးအန္တရာယ်ဆိုတာကဒီလိုပါ...."

* * *

## စာစု (၂)

### လျှိုနှင့် ယီဇေဂဟာတိုက်ပွဲ

---

(၁)

အသက်ရှင်လျက်ရှိသောစလူသားတိုင်းတွင် မျှော်လင့်ချက်ဆိုသည်ကရှိစမြဲပင်။

မိမိ၏ရည်ရွယ်ချက်အောင်မြင်ရေးအတွက် လှုပ်ရှားရုန်းကန်ကြရသည်။

တခါတရံ တိုက်ပွဲများဖြင့်ရင်ဆိုင်ဖြေရှင်းရတတ်၏။

အချို့ စိတ်ဓာတ်ပျော့ညံ့သူများမှာ ဘေးအန္တရာယ်နှင့်



ကြုံတွေ့ပါက နောက်ဆုတ်၍အရှုံးပေးတတ်ကြသည်။

စိတ်ဓာတ်ပြင်းထန်သူများက တွေ့ကြုံလာသောအခက်အခဲများကို လွယ်လွယ်နှင့်အရှုံးမပေးတတ်ကြ။

မည်သို့သောအခက်အခဲဘေးအန္တရာယ်ကြုံတွေ့ပါစေ၊ အသက်ကိုမငဲ့တော့၍ ရည်ရွယ်ချက်ပန်းတိုင်ကို ရအောင်ယူတတ်ကြသည်။

လီထိုက်ဟိုသည် သူ့ဆရာထံတွင် သိုင်းပညာကို အနှစ်နှစ်ဆယ်တိတိ သင်ကြားခဲ့ရ၏။

ထင်းနောက်....

သူ့ဆရာက ဤသံခဲသေဓားကို သူ့အားပေးအပ်ခဲ့သည်။

ထို့ပြင်....

သူသည် ဆရာ၏ရှေ့မှောက်တွင်ပင် ကတိသစ္စာ ပြုခဲ့ရသည်။

သူတတ်မြောက်သားသည့်သိုင်းပညာနှင့် သံသေဓားကို အသုံးပြု၍ သိုင်းလောကသားများ၏အကျိုး၊ ပြည်သူလူထု၏ အကျိုးကိုဦးထိပ်ပန်၍ဆောင်ရွက်ရန် ကတိသစ္စာပြုခဲ့ရ၏။

ကတိသစ္စာပြုခဲ့သည့်အတိုင်း လုပ်ဆောင်ရန် လီထိုက်ဟို ဆုံးဖြတ်လိုက်သည်။

သို့ဆိုလျှင်....

လီထိုက်ဟိုရောက်ရှိရာ အရပ်ဒေသအားလုံးသည် အေးချမ်းသာယာမှုကိုရရှိကြတော့မည်မဟုတ်ပါလော။

* * *

(၂)

အမှန်တော့ သိုင်းပညာဆင်ကြားခြင်း၏ရည်ရွယ်ချက်မှာ ကိုယ်လက်ကြံ့ခိုင်စေရန်နှင့် သိုင်းပညာဆင့် ပွားစေအောင် ဆောင်ရွက်ပြီး၊ တိုင်းပြည်နှင့်လူမျိုး တာရှည်ရေးအတွက် စုပေါင်းကာကွယ်နိုင်စေရန်ပင် ဖြစ်ဆင့် ထည် မဟုတ် ပေါ လော။

ထခုမူ ထိုသို့မဟုတ်....။

သိုင်းပညာအစားကိုးဖြင့် တဦးနှင့်တဦး၊ တဖွဲ့နှင့်တဖွဲ့၊ ဆ ဂိုဏ်းနှင့်ဂိုဏ်း ရန်ငြိုးဖွဲ့ပြီးတိုက်ခိုက်ဘတ်ဖြတ်နေကြ၏။

ဤသည်တို့က သိုင်းပညာအပေါ် မှားယွင်းသောခံယူ ချက်များပင်မဟုတ်ပါလော။

လီသိုက်ဟိုက် ယင်းကဲ့သို့သိုင်းပညာအပေါ် မှားယွင်း သောခံယူချက်ရှိနေသူတို့ကို လမ်းမှန်ပေါ်ရောက်အောင်ကြိုး စားဖြေရှင်းမည်။

အနုနည်းနှင့်မရလျှင်အကြမ်းနည်းကိုသုံးရမည်၊

လီသိုက်ဟိုက ယင်းကဲ့သို့ဆုံးဖြတ်ချက်ကို ပြတ်သားစွာချ လိုက်သည်။

* * *



(၃)

သံခဲသမားလီဆိုက်ဟို ...

သိုင်းပညာယှဉ်ပြိုင်ပွဲက ဆူ၏စိတ်ကြိုက်ပွဲဖြစ်နေသည်။

သိုင်းအစကျော်အမော်သုံးဆယ်ကျော် ယှဉ်ပြိုင်ပြီးသွားကြ သည်အထိ လီဆိုက်ဟိုက ဆက်တိုက်အောင်ပွဲခံလျက်ရှိနေ သည်။

ဖုန်းလင်တောအုပ်တွင် ခါးရေးယှဉ်ပြိုင်ပွဲနှင့် သိုင်းလော က၏ အဆင့်အမြင့်ဆုံး နံပါတ်တစ်ခါးသမားရွေးချယ်ပွဲ ကျင်းပနေခြင်းပင်ဖြစ်၏။

လီထိုက်ဟိုအပြိုင်ဖက်တယောက်စီကို သိုင်းကွက်သုံးကွက် မပြည့်မီမှာပင် အနိုင်ယူလိုက်ခြင်းဖြစ်သည်။

ပရိသတ်အားလုံးက သူ့အား မယုံကြည်နိုင်လောက် အောင်ပင်အံ့သြနေမိကြသည်။

အဆင့်မြင့်ခါးသိုင်းသမားများတယောက်ပြီးတယောက် ရှုံးနိမ့်လျက်ထွက်သွားကြရသော်လည်း လီထိုက်ဟိုကအပြုံး ပျော်ရှိနေသည်။

နောက်ဆုံးခါးသိုင်းသမားအားလုံး၏သရဖူ၊ အဆင့်အ မြင့်ဆုံးထိပ်တန်း နံပါတ်တစ်သိုင်းသမားဘွဲ့ကိုရရှိခဲ့သည်၊

ဤသို့ နံပါတ်တစ်သိုင်းသမားဘွဲ့ရရှိသည်မှာ မထူးဆန်းပါ။

အမှန်တကယ်ထူးဆန်းသည်ကား သူ့လက်ထဲမှ သံခဲသ မားပင်ဖြစ်နေသည်၊

* * *

(၄)

လျှိုသမ်းမြို့၊

ဖုန်းလစ်ခေတ်အုပ်ခြားရေးယှဉ်ပြိုင်ပွဲတွင် နံပါတ်တစ်ဆုသမားဘွဲ့ကိုဆွတ်ခူးခဲ့ပြီးနောက်၊ လီထိုက်ဟိုအထောက်လျှိုယမ်းမြို့သို့ရောက်ရှိလာသည်။

လီထိုက်ဟိုသည် မြို့တွင်းသို့ဝင်လိုက်သောအခါ၊ မြို့တွင်းလမ်းမပေါ်၌လူအများ ယောက်ယက်ခတ်သွားလာလှုပ်ရှားနေသည်ကိုတွေ့လိုက်ရသည်။

သူတို့၏မျက်နှာများတွင် စိုးရိမ်ထိတ်လန့်နေသောအရိပ်အရောင်များတွေ့ကြရသည်။

လီထိုက်ဟိုသည် စားသောက်ဆိုင်တဆိုင်ထဲသို့ဝင်လိုက်သည်။

သူသည် ပြတင်းပေါက်အနီးရှိထောင့်ကျကျစားပွဲတလုံးတွင်ဝင်ထိုင်လိုက်သည်။

စားသောက်ဖွယ်ထချို့ကိုမှာကြားလိုက်ပြီးနောက် သူသည် ပြတင်းပေါက်မှတဆင့် အပြင်ဘက်သို့ငေးမောကြည့်ရှုနေသည်။

ထိုစဉ်...

လမ်းမပေါ်ရှိလူအများ ထိတ်အုတ်ကျက်ကျက် ဖြစ်သွား၊



သည်ကိုတွေ့လိုက်ရပြီး၊ လမ်းဘေးသို့အမြန်ပြေးဆင်း၍ ရပ်နေကြသည်ကိုတွေ့လိုက်ရ၏။

ဤမြင်ကွင်းကိုကြည့်ပြီး လီထိုက်ဟိုအနယ်အားကြီး၊ ထိုသည်းမယုတ်မြို့စားကြီးတဦးဦး၊ ဤသမ်းဖွဲ ဖြတ်သန်းသွားသောစည်ဟူ၍ထင်မှတ်မိလိုက်သည်၊

လီထိုက်ဟိုသည် ထိုသို့တွေး၍ ငေးကြည့်နေစဉ်မှာပင်၊ လမ်းမ၏ အရှေ့ဘက်ဆီမှ သွက်လက်သော ခြေလှမ်းများဖြင့် လျှောက်လာနေသော လူအုပ်ကြီးကို တွေ့လိုက်ရ၏။

ထိုလူအုပ်သည်၊ ခေါင်းတွင် အဝါရောင် ဦးပေါင်းများ ခေါင်းထားကြပြီး၊ ခါးတွင် အပြာရောင် ပိတ်စများဖြင့် ချည်နှောင် ထားကြသည်။

သူတို့၏ လက်ထဲတွင် ဓား၊ လှံ၊ မှိန်း၊ သုံးခွချွန်မှိန်း စသည့် လက်နက်မျိုးစုံတို့ကိုလည်း ကိုင်ဆောင်ထားကြသည်ကို တွေ့လိုက်ရသည်။

ထိုလူများသည်၊ ငါးယောက်တတွဲတန်း၍ လျှောက်နေကြသည်။

သူရင့်တစ်ကဲ့သို့ ညီညာစွာ တန်း၍ လျှောက်နေကြသည်မျိုးတော့ မဟုတ်ပေ၊

သို့သော်___

သူတို့သည်၊ စကားပြောဆိုခြင်း၊ ပတ်ဝန်းကျင်သို့ ဟိုဟိုဒီဒီ လှည့်ပတ်ကြည့်ရှုခြင်းတို့ကို လုံးဝမပြုလုပ်ကြ၊ စည်းကမ်းတကျ ရှေ့နှာထား တည်ငြိမ်စွာဖြင့် လျှောက်နေကြခြင်း ဖြစ်သည်၊

ထိုလူအုပ်ကြီးမှာ လူပေါင်း လေးငါးရာခန့် ရှိသည်။

ထိုလူတန်းကြီး လွန်သွားသောအခါ၊ ဗုံစည်ကြီးတလုံးကို ထမ်း၍ လျှောက်လာသော လူလေးယောက်ကို တွေ့လိုက်ရပြန်သည်။

ဗုံစည်ကြီးတင်ထားသော စစ်ပေါ်တွင်ဗုံစည်ကြီးနှင့်အတူ ဦးပေါင်းအနီရောင် ဘောင်းဘီ အနီရောင်နှင့် ကိုယ်အထက်ပိုင်း ဗလာကျင်းနေသော လူဝကြီးတယောက်ကို တွေ့ရသည်။

ထိုလူဝကြီးမှာ ကျယ်ပြန့်သောရင်အုပ်၊ ကြီးမားတုတ်ခိုင်သော လက်မောင်းကြီးများ ရှိသည်။

ဝမ်းဗိုက်ကြီးမှာလည်း ကြီးမားပြီး စူထွက်နေသည်။

ထိုလူဝကြီးမှာ ဗုံစည်ကြီးကို တီးသော အနီရောင် လက်ကိုင် ဒုတ်ကြီးကိုကိုင်ပြီး မတ်တတ်ရပ်လျက် လိုက်ပါလာသည်။

မုတ်ဆိတ်မွေးနှင့် နှုတ်ခမ်းမွေးများက ထူထပ်စွာ ပေါက်ရောက်နေသဖြင့်၊ ထိုလူဝကြီး၏ရုပ်မှာ အလိုလိုနေယင်း စက်သန်နေသကဲ့သို့ ရှိနေ၏။

ဗုံစည်ကြီး တင်ထားသောစင်၏ နောက်တွင်လည်း၊ လူလေးဦးက ကြေးလင်ဗန်းစင်ကြီးကို ထမ်း၍ လိုက်ပါလာကြောင်း တွေ့လိုက်ရပြန်သည်။

ကြေးလင်ဗန်း စင်ကြီးပေါ်တွင်လည်း၊ အသားတူ လူထွားကြီး တယောက် လိုက်ပါလာသည်။

လက်ထဲတွင်လည်းကြေးလင်ဗန်းထုသောလက်ကိုင်တုကြီး



နှင့် တုတ်တံကြီးအချောင်းကို ကိုင်ထားသည်။

ဗုံစည်ကြီးစင်နှင့် ကြေးလင်ဗန်းစင် လွန်သွားသောအခါ ဦးပေါင်းနီများပေါင်းထားသော လူတစုကို တွေ့လိုက်ရပြန်သည်။

သူတို့၏ကိုယ်ပေါ်တွင် အနက်ရောင် ကိုယ်ကျပ်အင်္ကျီများ ဝတ်ဆင်ထားကြသည်။

ခါးတွင် အဖြူရောင် ပိတ်စများကို စည်းနှောင်ထားသည်။

ထိုလူစုမှာ နှစ်ယောက်တတွဲစီ အတွဲပေါင်း နှစ်ဆယ့်ငါးတွဲ၊ စုစုပေါင်း ငါးဆယ်ယောက်တိတိ ဖြစ်သည်။

ထိုလူများ၏ လက်ထဲတွင် ဓားကိုယ်စီ ကိုင်ထားကြ၏။

ထိုလူများသည် ခြေသံပြင်းပြင်းနင်း၍ လျှောက်နေကြသည်။ သူတို့အားလုံးသည် အသက်ငယ်ပြီး၊ ကြံ့ခိုင်ကျစ်လစ်သည့်ကိုယ်လုံးကိုယ်ပေါက်များ ရှိကြသည်။

သူတို့၏ အသွင်ကို သေချာစွာ ကြည့်မည်ဆိုလျှင်၊ သိုင်းပညာကို စနစ်တကျ သင်ယူ တတ်မြောက် ထားကြသူများ ဖြစ်ကြကြောင်း ခန့်မှန်း၍ ရနိုင်သည်။

ထိုလူငယ်အုပ်စု၏ နောက်တွင် မြင်းနှစ်စီးကို စီးလာနေသော လူနှစ်ယောက်ကို တွေ့ရသည်။

လက်ဝဲဘက် မြင်းတစီးပေါ်တွင် ဦးခေါင်းနှင့် မုတ်ဆိတ်မွေးများ ဖြူဖွေးနေသော အဘိုးအိုတယောက်က စီးနင်းလိုက်ပါ လာသည်။

လက်ယာဘက် မြင်းပေါ်တွင်တော့ ငယ်ရွယ်ပြီး၊ နုပျို

လှပသော မိန်းမပျိုကလေးတယောက် စီးနင်းလိုက်ပါလာသည်။

အသိုအိုသည်၊ အစိမ်းရောင် ဝတ်စုံရှည်ကို ဝတ်ဆင်ထားသည်။

သူ၏မျက်နှာ အမူအရာသည် လွန်စွာပင် တည်ငြိမ်လှသည်။

မိန်းမပျိုကလေးကလည်း အစိမ်းရောင် ကိုယ်ကျပ်အင်္ကျီကို ဝတ်ထားပြီး၊ အစိမ်းရောင် ပဝါစကို ဦးခေါင်းတွင် စည်းနှောင်ထားသည်။

အဖြူရောင် အနားများ ပါရှိသော အဝတ်နက် ခေါင်းပေါင်းဖြင့် သူမ၏ ခေါင်းအထက်ပိုင်းတွင် ထင်းတင်းရင်းရင်း စည်းနှောင် ထားသည်။

ကျောပေါ်တွင်လည်း ဓားတစ်ချောင်းကို လွယ်ပိုးထား၏။

သူမစီးနင်းသည့် မြင်းကြီးမှာ ထွားကြိုင်း၊ သန်မာသော မြင်းနက်ကြီးတကောင် ဖြစ်သည်။

သူမ၏ နက်မှောင် တောက်ပြောင်နေသော ဆံပင်သား နှင့် မြင်းနက်ကြီး၏ ခန္ဓာကိုယ်မှ နက်ပြောင်နေသော အမွေးရောင်များက လိုက်ဖက်တင့်တယ်နေ၏။

မြင်းကြီးမှာ အုံဖြစရာ ကောင်းလောက်အောင်ပင် တကိုယ်လုံး နက်မှောင်နေသည်။

ညိုသော အမွေးအမျှင်ဆို၍ တပင်မျှမပါချေ။

မိန်းမပျို၏ မျက်နှာသည် ပြည့်ပြည့်ဖြိုးဖြိုးဖြင့် ချစ်စရာကောင်းလှသည်။



မျက်လုံးအစုံကလည်း ဝိုင်းစက် ကြည်လင်လွန်းလှသည်။

သူမ၏နှုတ်ခမ်းတွင် အပြုံးရိပ် လှပ်လှပ်ကလေး ထင်လျက်ရှိသည်၊

သူမသည် သူမ၏ မျက်လုံးရွဲကြီး၊ အစုံဖြင့် လမ်းဘေး တဘက်တချက်စီရှိ လူများကို ဝေ့၍ ကြည့်လိုက်သည်။

သူမ၏ အကြည့်ဒဏ် တချက်ကို ခံလိုက်ရသူအဖို့ ရင်ထဲအထိ အားစိမ့်၍ ဝင်သွားလောက်ပေ၏။

လီဆိုက်ဟိုသည်၊ ထိုထူးခြားလှသော လူတန်းကြီးအား ဆိုင်ရှေ့မှ ကျော်လွန်သွားသည်အထိ စိုက်ကြည့်နေမိသည်။

လူတန်းကြီး၊ ကျော်လွန် သွားသောအခါ၊ စားပွဲထိုးကလေး တဦးအား လှမ်းခေါ်လိုက်ပြီး၊ သူသိလိုသော အကြောင်းကို မေးလိုက်မိတော့သည်။

"ဒီမယ် ငါ့ညီ—အကိုသိချင်တာလေး မေးပါရစေ—ခုနက ဖြတ်သွားတဲ့ လူတန်းကြီးဟာ၊ ဘယ်အဖွဲ့အစည်းက လူတွေများလဲ၊ မင်းမှုထမ်းတွေတော့ ဟုတ်မယ်မထင်ဘူး၊"

စားပွဲထိုးလေးက အနည်းငယ်ပြုံးလိုက်ပြီး....

"အကိုက တခြားဒေသက လာတာနဲ့တူတယ်၊ ဒါကြောင့် ကျွန်တော်တို့ လျူယမ်းမြို့က ကြီးကျယ်တဲ့ပြဿနာကြီးကို မသိတာ ဖြစ်လိမ့်မယ်၊ အခုအကိုတွေ့ရတာဟာ ကျွန်တော်တို့မြို့ရဲ့ ကြီးကျယ်တဲ့ ပြဿနာကြီးကို ဖြေရှင်းဖို့ သွားနေကြတဲ့ လူအုပ်ကြီးပဲ၊ ကြီးကျယ်တဲ့ ပြဿနာဆိုတာက 'ကျန်း' ဂေဟာနဲ့ 'လီ' ဂေဟာ မြပိုင်ရှင်ကြီး ရဲ့ ချောင်းရေလုပွဲကြီးပဲ"

လီထိုက်ဟိုမှာ မျက်ခုံးမွေးကို ရှုံ့လိုက်မိယင်း...

"အာ....တယ်လို... ချောင်းရေလုပွဲ ဟုတ်လား"

စားပွဲထိုးလေးက ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်ချောင်းရေလုပွဲပါ၊ ကျွန်တော်တို့လျူယာမ်းမြို့ အရှေ့မြောက်ဘက်မှာ တောင်တန်းတွေရှိတယ်၊ အဲဒီတောင်တန်းတွေကို ဖြတ်ပြီး စီးနေတဲ့ ချောင်းနှစ်သွယ်ရှိတယ်၊ ချောင်းတသွယ်က တောင်ဘက်ကိုစီးပြီး၊ ချောင်းတသွယ်က မြောက်ဘက်ကိုစီးတယ်၊ ဒီချောင်းနှစ်သွယ်ဟာ ကျွန်တော်တို့ လျူယာမ်းမြို့အနီးမှာပူးပေါင်းသွားပြီး ချောင်းကြီးတချောင်း အဖြစ် စီးဆင်းတယ်၊ အဲဒီချောင်းကို လျူဝေချောင်းလို့ ခေါ်တယ်"

လီထိုက်ဟိုက....

"အင်း... ဆက်ပြောပါအုံး၊ အဲဒီ လျူဝေချောင်း ရေကို 'ကျွန်း' ဂေဟာနဲ့ 'လီ' ဂေဟာ မြေပိုင်ရှင်ကြီးတို့က ဘာ့ကြောင့် လုကြသလဲဆိုတာ"

စားပွဲထိုးလေးက သက်ပြင်းကို အသာချလိုက်သည်။

"ဖြစ်ရတဲ့ အကြောင်းရင်းကတော့ ရှင်းရှင်းလေးပါပဲ အစ်ကို၊ အဲ...ဖြစ်လာတဲ့ ပြဿနာကသာ ကြီးကျယ်ပြီး၊ လူ အသက်ပေါင်း များစွာကို သေကြေပျက်စီးစေခဲ့တယ်၊ ဒီလိုပါ 'ကျွန်း'နဲ့ 'လီ' ဂေဟာပိုင်ရှင်နှစ်ယောက်စလုံးဟာ လျူယာမ်းမြို့ မှာ ထိပ်တန်းမြေပိုင်ရှင်ကြီး နှစ်ယောက်ဖြစ်ကြတယ်၊ 'ကျွန်း' ဂေဟာက လျူဝေချောင်းရဲ့အထက်ဘက်မှာရှိပြီး 'လီ' ဂေဟာ ကတော့ ချောင်းရဲ့အောက်ဘက်မှာ ရှိတယ်၊ သူတို့နှစ်ယောက် ရဲ့ လယ်တွေဟာ ချောင်းရိုးတလျှောက် မျက်စိတဆုံး မမြင်



နိုင်တဲ့ထိအောင် ကျယ်ပြန့်လှတယ်၊ လယ်ယာမြေ အတွက် ရေဟာအသက်ပဲမဟုတ်လား၊ အဲဒီတော့..."

ဤတွင် လီထိုက်ဟိုက အတော်ပေါက်သွားပြီး....

"ဪ....သိပြီ....သိပြီ၊ လယ်ယာ စိုက်ပျိုးရေး အတွက် ချောင်းရေလုကြတယ် ဆိုပါတော့"

စားပွဲထိုးက ဦးခေါင်းကို ညိတ်ပြလိုက်ကာ...

"သိပ်ဟုတ်တာပေါ့ အစ်ကို၊ နှစ်တိုင်းလယ်ယာ စိုက်ပျိုး ရေးအတွက် ရေဟာ အထူးလိုအပ်နေတယ်၊ လယ်ယာ စိုက် ပျိုးချိန် ရောက်ယင်ပဲ 'ကျွန်း' ဂေဟာက၊ သူတို့မှာရှိတဲ့ လူ အင်အားကို သုံးပြီး ချောင်းအထက်ကနေ ရေတံခါးတွေကို ဆောက်တယ်၊ ပြီးတော့ ချောင်းရေကို အလုံပိတ်ပြီး၊ သုံးစွဲ ကြတယ်၊ အဲဒီတော့ ချောင်းရဲ့ အောက်ပိုင်းမှာ ရှိတဲ့ 'လီ' ဂေဟာက လယ်ယာမြေအတွက် ရေမရနိုင်တော့ဘူး၊ အဲဒီ အခါမှာ 'လီ' ဂေဟာက လူတွေဟာ လူအင်အားသုံးပြီး 'ကျွန်း' ဂေဟာက ပိတ်ဆို့ထားတဲ့ရေတံခါးတွေကို လာဖျက် ဆီးတယ်၊ ဒီမှာတင်ပဲ သွေးချောင်းစီးတဲ့ တိုက်ခိုက်ပွဲ ပေါ် ပေါက်လာခဲ့တာပေါ့"

လီထိုက်ဟိုက မေးလိုက်သည်။

"ခင်ဗျားတို့ရဲ့ မြို့စားကြီးက ဒီကိစ္စကို ဖြေရှင်းမပေးဘူး လား"

စားပွဲထိုးက သက်ပြင်းတချက်ကို အသာချလိုက်ယင်း....

"ကျွန်းနဲ့ 'လီ' ဂေဟာ မြေပိုင်ရှင်ကြီး နှစ်ယောက်စလုံး မှာ အပည့်ကျေးကျွန်၊ မနုဿ ပစ္စည်းနဲ့ ဩဇာအာဏာ

ရှိကြတယ်၊ ဒီပြဿနာကို ဖြစ်စကတော့ ကျွန်တော်တို့ရဲ့ မြို့စားကြီးက ဖြန်ဖြေပေးပါသေးတယ်၊ ဒါပေမယ့် မရဘူး၊ ‘ကျန်း’ နဲ့ ‘လီ’ မြေပိုင်ရှင်ကြီး နှစ်ယောက်စလုံးက မြို့စားကြီးရဲ့ စကားကို နားမထောင်ကြဘူး၊ နှစ်တိုင်းလိုလိုပဲ ဖြစ်နေကြတယ်၊ ဒီလိုနဲ့ တိုက်ပွဲကြီး သုံးလေးကြိမ် ဖြစ်ခဲ့ပြီးတဲ့နောက်၊ နှစ်ဘက်လူတွေ အသေအပျောက် များလာကြတယ်၊ အဲဒီအခါမှာ တဘက်စီက ဩဇာရှိတဲ့ ခေါင်းဆောင် အချင်းချင်း တွေ့ဆုံ ဆွေးနွေးကြတယ်၊ နှစ်စဉ် လယ်ယာ စိုက်ပျိုးတဲ့ အချိန်ရောက်ယင်၊ ဂေဟာ တဘက်နှင့် တဘက် နှစ်ဦးသဘောတူ တိုက်ခိုက်တဲ့ တိုက်ပွဲဆင်နွှဲကြတယ်၊ နိုင်တဲ့ဘက်က အဲဒီ တနှစ်လုံး ချောင်းရေကို သုံးစွဲပိုင်ခွင့် ရရှိသွားတယ်”

လီဆိုက်ဟိုက ဖြတ်၍မေးလိုက်သည်။

“ဒီလို လူအင်အားအများကြီးနဲ့တိုက်ခိုက်ကြတော့ နှစ်ဘက်စလုံးလူတွေအများကြီးသေကြေပျက်စီးကြမှာပေါ့”

စားပွဲထိုးကဦးခေါင်းကိုညိတ်ပြလိုက်ပြီး—

“သေကြတာပေါ့ဗျာ၊ တနှစ်က ဆိုယင် ‘ကျန်း’ ဂေဟာဘက်ကလူအင်အားများတယ်၊ ဒါကြောင့် ‘လီ’ ဂေဟာဘက်ကလူတွေတိုက်ပွဲမှာ ရှုံးပြီး လူအသေအပျောက်ရာကျော်ရှိခဲ့တယ်၊ မနှစ်ကကျတော့ ‘လီ’ ဂေဟာဘက်ကသိုင်းအကျော်အမော်တချို့ကိုဖိတ်ခေါ်ပြီးတိုက်ခိုက်တယ်၊ အဲဒီအခါကျမြန်တော့ ‘ကျန်း’ ဂေဟာကလူတွေရှုံးသွားခဲ့တယ်၊ ခုန စောက ဆိုင်ရှေ့ကဖြတ်သွားတဲ့လူအုပ်ကြီးကို အစ်ကိုတွေ့လိုက်မှာပေါ့၊ အဲဒါ ‘လီ’ ဂေဟာရဲ့ လူအုပ်ကြီးပဲ၊ ဒီနှစ်



တိုက်ပွဲအတွက် ‘လီ’ ဂေဟာကသိုင်းသမားတွေထပ်ခေါ်ထားတယ်ဆိုပဲ၊ ခုနစောစောက လူအုပ်တွေနောက်ပါသွားတဲ့ မိန်းမပျိုလေးဟာ ထိပ်တန်းသိုင်းသမားတယောက်ပဲပေါ့”

“ဪ ...”

လီဆိုက်ဟိုကအံ့အားသင့်သွားသည်။

စားပွဲထိုးလေးက ဆက်၍...

“အင်း......ဒီနှစ်တိုက်ပွဲက ပွဲကြီးပွဲကောင်းဖြစ်မှာမို့ လူကြည့်ကောင်းလိမ့်မယ်လို့ပြောကြတယ်၊ ဒီနှစ်မှာ ‘ကျန်း ဂေဟာကလဲ ထိပ်တန်းသိုင်းသမားတွေခေါ်ထားတယ်တဲ့၊ ဘယ်ဘက်ကနိုင်လို့ဘယ်ဘက်ကရှုံးမယ်ဆိုတာ တယ်သူမှမပြောနိုင်သေးပေမယ့်၊ လူအသက်ပေါင်းများစွာသေကြေပျက်စီးလိမ့်မယ်ဆိုတာကတော့သေချာသလောက်ပဲ”

ထိုအခါ လီဆိုက်ဟိုမှာ ကြားရသောသတင်းကြောင့် စိတ်မချမ်းမသာဖြစ်သွားသည်။

ပြည်သူအချင်းချင်း ရန်ဖြစ်ပွားနေသည်ကြားသို့ သိုင်းလောကသားများပါဝင်လာခြင်းမှာမသင့်လျော်ဟုထင်မိ၏။

“အင်း... ဒီပြဿနာဟာမသေးလှဘူး၊ ဒီအတိုင်းပစ်ထားလို့မဖြစ်ဘူး၊ ငါဝင်ဖြေရှင်းပေးအုံးမှပဲ”

လီဆိုက်ဟိုကထိုသို့တွေးလိုက်ပြီး စားသောက်ဖွယ်ရာများအတွက် ကျသင့်ငွေကိုစားပွဲထိုးအားရှင်းပေးကာ၊ ဓားကိုဆွဲလျက် ဆိုင်ထဲမှထွက်လာခဲ့လေတော့သည်။

ထို့နောက် ဆိုင်ရှေ့မှဖြတ်သန်းသွားသောလူအုပ်နောက်သို့ လီဆိုက်ဟို လိုက်သွားခဲ့လေသည်။

ဤသို့ တဘက်နှင့်တဘက်လူအင်အားမြောက်မြားစွာဖြင့် တိုက်ခိုက်ကြမည့် ချောင်းရေလုပွဲကြီးကို လီထိုက်ဟို အမှန်တကယ်ပင်ဖြေရှင်းနိုင်ပါမည်လော။

(၅)

လီထိုက်ဟို၏စိတ်များကား လေးလံနေသည်။

ယခုအကြိမ်သည် သူ့ဘဝတွင်စထိမဆုံးအကြိမ်အဖြစ်ပြဿနာဖြေရှင်းပေးခြင်းဖြစ်သည်။

ဖြေရှင်းရမည့်ပြဿနာမှာလည်း မသေး ငယ်လှပေ။ အကြောင်းမှာ ကြီးကျယ်သော တိုက်ပွဲကြီးတပွဲကို ဖြေရှင်းရန်ဖြစ်သောကြောင့်ပင်။

ဤမျှကြီးကျယ်စွာဖြစ်ပွားနေခဲ့ပြီးသော ပြဿနာကြီးတရပ်ကို သူတယောက်တည်းနှင့် တကယ်ပဲဖြေရှင်းနိုင်ပါမည်လားဟု စဉ်းစားယင်း၊ လီထိုက်ဟိုမှာ စောစောက်လူအုပ်နောက်သို့လိုက်သွားခဲ့လေသည်။

လီထိုက်ဟို တလမ်းလုံးစဉ်းစားယင်းဖြင့် လူတန်းကြီးနောက်လိုက်လာခဲ့ရာ တဖြည်းဖြည်းနှင့် မြို့ပြင်သို့ရောက်ရှိလေခဲ့လေသည်။

မြို့ပြင်သို့ရောက်သောအခါ—

* * *



စာစု (၃)

အစဉ်အလာပျောက်ကွယ်ခဲ့ရသောနေ့

(၁)

ရှေတွင်ကျယ်ပြန့်လှသောလယ်ကွင်းပြင်ကြီးကို တချော်တခေါ်မြင်လိုက်ရ၏။

'လီ' ဂေဟာလူအုပ်ကြီးသည် ကွင်းပြင်ကြီး၏အစပ်ဝယ်ရပ်ထန့်၍ခနသည်။

ဝုံစည်တီးသံက ""ဒိန်း—ဒိန်း—ဒိန်း"" နှင့်သုံးချက်တိတိထွက်ပေါ်လာသည်။

ဗုံစည်တီးသံဆုံးသည်နှင့်တပြိုင်နက် လူအုပ်ကြီးမှာ ဘုရင့် တပ် တတပ်အလား စနစ်တကျတန်းစီ၍ နေရာယူလိုက်ကြသည်။

ပြီးနောက် ငြိမ်သက်သွားကြသည်။

လူအုပ်ကြီးမှာ လူပေါင်းလေးငါးရာထက်မနည်းရှိနေ၏။

သူတို့၏လက်ထဲတွင်ကိုင်ဆောင်ထားကြသော ဓား၊ လှံ လက်နက်များက နေရောင်အောက်ဝယ် လင်းလက်လျက်ရှိသည်။

"ဗိန်း—"

"ဗိန်း—"

"ဗိန်း—"

နောက်ထပ်ဗုံစည်တီးသံ သုံးချက်ဆင့်၍ ထပ်မံပေါ်ထွက်လာပြန်သည်။

ဗုံစည်တီးသံနှင့် မခြားမနားပင် ဓားလွတ်ကိုင် လူငါးဆယ်က လူအုပ်ကြီး၏အရှေ့သို့ တိုးထွက်လာပြီး၊ စနစ်တကျ တန်းစီ၍နေရာယူ ရပ်တန့်လိုက်ကြသည်။

ထိုအချိန်တွင် မြင်းစီးသမားနှစ်ဦးဖြစ်သော အဘိုးအိုနှင့် မိန်းမပျိုတို့ မြင်းကိုဖြည်းဖြည်းချင်းစီး၍လူအုပ်ကြီး၏ရှေ့ဆုံးသို့ထွက်လာခဲ့သည်။

ထို့နောက် မြင်းကို ရပ်တန့်လိုက်ပြီး၊ ကွင်းပြင်ကြီး၏ တဘက်သို့ လှမ်းမျှော်ကြည့်နေသည်။

ကွင်းပြင်ကြီး၏ တဘက်တွင်ကား—

"ကျွန်း" ဝေဟာ၍ လူအုပ်ကြီး၊ အနေရာယူသွားကြပြီး



ဖြစ်နေသည်။

ခေတ္တအကြာတွင်—

"ဗိန်း...."

"ဗိန်း...."

နှစ်ဘက်စလုံးမှ ဗုံစည်တီးသံတချက်စီ ထွက်ပေါ်လာသည်။

တချိန်တည်းမှာပင် နှစ်ဘက်စလုံးမှ လူအုပ်ကြီးများသည် မျက်နှာချင်းဆိုင် ရှေ့သို့ ခြေလှမ်းမှန်မှန်ဖြင့် ချီတက်လာကြသည်။

လူအုပ်ကြီးနှစ်စုမှာ တဘက်နှင့်တဘက် ပို၍နီးသထက်နီးရန် တရွေ့ရွေ့ဖြင့် ချီတက်လာနေကြသည်။

ဗုံစည်ကိုလည်း အဆက်မပြတ် တီးလျက်ရှိသည်။

မကြာမီ ...

နှစ်ဘက်စလုံးချီတက်မှုကို ရပ်တန့်လိုက်၏။

လူအုပ်ကြီးနှစ်စု၏ အကွာအဝေးမှာ မြားတစင်ခန့်သို့ ရောက်ရှိနေကြပြီဖြစ်သည်။

ဤလူအုပ်ကြီးနှစ်စုတွင် မည်သည့်ဘက်ကနိုင်၍၊ မည်သည့်ဘက်က ရှုံးမည်ကို မည်သူ သိနိုင်ပါမည်နည်း။

ဤသို့မဟုတ်လျှင်မူ....

* * *

(၂)

လီဆိုက်ဟိုသည် လူအုပ်ကြီးနှစ်စု၏ လှုပ်ရှားမှုကို မမှိတ်မသုန် ကြည့်နေသည်။

"ကျန်း" ဂေဟာ လူအုပ်ကြီး၏ ရှေ့တွင် မြင်းစီးသမား လေးဦးရှိနေသည်ကို လီဆိုက်ဟို လှမ်းမြင်လိုက်ရသည်။

တယောက်ကအဘိုးအိုဖြစ်ပြီး၊ ထိုအဘိုးအို၏ ဝဲယာနှစ်ဖက်တွင် အမျိုးသားကြီးသုံးယောက် ဝိုင်းရံထားလျက် ရှိသည်။

သို့သော်....

သူတို့၏ လက်ထဲတွင် မည်သည့်လက်နက်မှ ကိုင်ဆောင်ထားခြင်းမရှိပေ။

သူတို့ စီးလျက်ရှိနေကြသော မြင်းများသည် နှာများ ဆက်လျက် လှုပ်လှုပ်ရှရှ ရှိနေကြသည်။

နှစ်ဘက်သော လူအုပ်ကြီးသည်၊ တဘက်နှင့်တဘက် လူအင်အားကို လှမ်းကြည့်၍ မှန်းဆနေသည့်အလား၊ ငြိမ်သက်လျက် ရှိ၏။

ဝန်းကျင် တခွင်လုံးတွင်၊ မြင်းများ၏ ခွာယက်သံ၊ နှာမှုတ်သံများသာ ကြားနေရသည်။

အတန်ကြာမျှ တဘက်နှင့်တဘက် ငြိမ်သက်စွာရပ်လျက် အကဲခတ် နေကြပြီးနောက်၊ 'ကျန်း' ဂေဟာဘက်မှ အဘိုးအိုက စတင်၍၊ 'လီ' ဂေဟာဘက်သို့ အော်ပြောလိုက်သည်။



"'ကျန်း' နဲ့ 'လီ' ဂေဟာတို့ရဲ့ ပြဿနာထဲမှာ မဆိုင်တဲ့လူတွေ မပါဝင်ကြပါနဲ့၊ မနှစ်က ခင်ဗျားတို့ဟာ ယုတ်မာ ပက်စက်တဲ့ အကြံနဲ့ ကျုပ်တို့ကို တိုက်ခိုက်အနိုင်ယူခဲ့တယ်၊ ဒီနှစ်တော့ ကျုပ်တို့ခံခဲ့ရသမျှ သွေးကြွေးကို ခင်ဗျားတို့ ပေးဆပ်ကြရလိမ့်မယ်"

"လီ" ဂေဟာဘက်မှ အဘိုးအိုကလည်း၊ တဟဲဟဲ ရယ်မောလိုက်ပြီး....

"တကယ်တော့ ဒီပြဿနာကို ခင်ဗျားတို့က စခဲ့တာပဲ၊ ခင်ဗျားတို့ဟာ သဘာဝရေစီးချောင်းကို ပိတ်ဆို့ပြီး၊ ကိုယ့်ကျိုး အတွက် အသုံးပြုခဲ့တယ်၊ လူသားတွေ အားလုံးအတွက် သဘာဝက ပေးထားတဲ့ အခွင့်အရေးကို ခင်ဗျားတို့က မတရား အပိုင်စီးချင်ကြတယ်၊ တကယ်လို့သာ ခင်ဗျားတို့မှာ အသိဉာဏ်နဲ့ ဆင်ခြင်တုံတရား ရှိခဲ့ယင်၊ ခုလို ပြဿနာမျိုး ပေါ်ပေါက်စရာ လုံးဝမရှိဘူး"

ဤတွင် 'ကျန်း' ဂေဟာဘက်မှ အဘိုးအိုက၊ ဒေါသသံဖြင့် အော်ပြောလိုက်သည်။

"ဒီ ဝမ်းစမ်းတောင်တန်းဒေသတဝိုက်ဟာ ကျုပ်တို့'ကျန်း' ဂေဟာ သခင်ကြီးရဲ့ ဘိုးစဉ်ဘောင်ဆက် ပိုင်ဆိုင်တဲ့ နယ်မြေတွေပဲ၊ လျှူဝေချောင်းဟာ ဝေစန်တောင်ပေါ်က မြစ်ဖျားခံပြီး စီးဆင်းတဲ့ ချောင်းဖြစ်တယ်၊ အဲဒီတော့ ဒီလျှူဝေချောင်းဟာ ကျုပ်တို့ 'ကျန်း' ဂေဟာရဲ့ ဘိုးစဉ်ဘောင်ဆက် သုံးလာခဲ့တဲ့ အတွက်၊ ကျုပ်တို့ သခင်ကြီးပိုင် ချောင်းပဲပေါ့၊ ဒါကြောင့် ဒီချောင်းရေဟာ ကျုပ်တို့ရဲ့ အသက်သွေးကြော

ကျုပ်တို့ရဲ့ချောင်း၊ ခင်ဗျားတို့နဲ့ ဘာမှမဆိုင်ဘူး၊ အဲ... တကယ်လို့ ခင်ဗျားတို့က သုံးစွဲချင်တယ်ဆိုယင်၊ ကျုပ်တို့ပိုင်တဲ့အတွက် ကျုပ်တို့ရဲ့ သခင်ကြီးဆီမှာ လက်ဆောင်ပဏ္ဏာ ဆက်သပြီး တောင်းခံရမယ်၊ အခုတော့ ခင်ဗျားတို့က ဒီလိုမတောင်းခံပဲ အကြမ်းဖက်ခဲ့တယ်၊ ကျုပ်တို့ဆောက်ထားတဲ့ ရေတံခါးတွေကို ဖျက်ဆီးခဲ့တယ်၊ ကျုပ်တို့ ဂေဟာက လူတွေကို သတ်သွားနိုင်သေးတယ်၊ ဒါဟာ ခင်ဗျားတို့ရဲ့ အပြစ်မဟုတ်ဘူးလား"

ထိုအခါ 'လီ' ဂေဟာမှ အတိုးအိုက စိတ်မရှည်တော့ပဲ....

"အို—ပြောနေယင် အချိန်ကုန်တယ်၊ အဲဒီတော့ ထုံးစံအတိုင်း၊ စီတိုက်ဝွဲမှာ နိုင်တဲ့သူ ချောင်းရေကို သုံးကြစတမ်း ပေါ့ ဟုတ်လား"

"လီ" ဂေဟာမှ အတိုးအိုသည်၊ မြင်းပေါ်မှနေ၍ ကိုယ်ကို နောက်သို့ လှည့်လိုက်၏။

ပြီးလျှင် သူ၏လူအုပ်ကြီးအား ရှေ့သို့ ချီတက် တိုက်ခိုက်ရာတွင် အဆင်သင့် ဖြစ်စေရန် လက်ကိုမြှောက်၍ အချက်ပြလိုက်သည်။

ထို့နောက်

သူ့လက်ကို ဝှေ့ယမ်း၍ အချက်ပြလိုက်သည်နှင့် ချောင်းရေ လုပွဲကြီးသည်၊ စတင်တော့မည် ဖြစ်သည်။

သို့ဆိုလျှင်——

* * *



(၃)

ထိုစဉ်....

လီတိုက်တို့သည် ကွင်းလယ်သို့ ရုတ်တရက် ထဟုန်တိုး ပြေးထွက်လာခဲ့သည်။

"ဟေ့.....ရပ်လိုက်"

လီတိုက်ဟိုထံမှ ထွက်ပေါ်လာသော အသံမဟုတ်ပါ။

ထိုအော်ငေါက် တားဆီးလိုက်သည့် အသံမှာ လီတိုက်ဟို၏နောက်မှ ပေါ်ထွက်လာခြင်း ဖြစ်သည်။

လီတိုက်ဟို၏ခြေလှမ်းများ တုန့်ကနဲရပ်သွားပြီး၊ နောက်သို့ လှည့်ကြည့်လိုက်မိသည်။

သူ့နောက် ခလှမ်းမကမ်းတွင် လူနှစ်ယောက် ရပ်နေသည်ကို တွေ့လိုက်ရ၏။

သူတို့၏ တကိုယ်လုံး အနက်ရောင်ဝတ်စုံကို ဝတ်ဆင်ထားကြသည်၊

သူတို့နှစ်ယောက်စလုံး၏ မျက်နှာထားက တင်းမာ ခက်ထန် နေသည်။

သူတို့၏ လက်များကို မမြင်ရပေ။

အကြောင်းမှာ သူတို့သည်၊ သူတို့၏ လက်များကို နောက်သို့ ပစ်ထားသောကြောင့် ဖြစ်သည်။

သွေးဆုတ်သလို ဖြူရော်နေသော သူတို့၏ မျက်နှာများကို သာမြင်ရသည်။

ဝတ်စုံနက်နှင့် ထိုလူနှစ်ယောက်မှာ၊ ကိုယ်နေဟန် အမူအရာနှင့် အဆင်အပြင်တို့ပါ တူညီလှသည်။

ရုတ်တရက် ကြည့်လျှင် လူတယောက်ထဲက နှစ်ကိုယ်ခွဲ၍ ရပ်နေသလားဟုပင် ထင်မှတ်ရသည်။

ထိုလူနှစ်ယောက်အနက်မှ တယောက်က ခပ်ငေါက်ငေါက်လေသံဖြင့် လီဆိုက်ဟိုအား လှမ်းမေးလိုက်ခြင်းဖြစ်သည်။

"ဒီမယ်... မိတ်ဆွေ၊ ခင်ဗျားက ဘယ်လိုသွားပြီး ဘာလုပ်မလို့လဲ"

လီဆိုက်ဟိုက တည်ငြိမ်အေးဆေးသောလေသံဖြင့် ပြန်ပြောလိုက်သည်။

"ကျုပ်... ဒီချောင်းရေလုဘိုက်ပွဲကိုရပ်ခိုင်းမလို့ပဲ"

ဤတွင် တယောက်ကသရော်ပြုံးပြုံးလိုက်ပြီး မေးလိုက်သည်။

"မင်းက ဒီချောင်းရေလုပွဲကိုတားဆီးနိုင်လို့လား"

လီဆိုက်ဟိုကမဲ့ပြုံးပြုံးလိုက်ပြီး—

"ဝွဲပြီးယင်အဖြေသိပါလိမ့်မယ်"

ပြောပြောဆိုဆိုလီဆိုက်ဟိုက ကိုယ်ကိုပြန်လှည့်လိုက်ပြီး ကွင်းပြင်ဆီသို့ပြေးထွက်လိုက်သည်။

သို့သော်....

ရုတ်တရက်အံ့ဩစရာကောင်းလောက်အောင်ပင် ဝတ်စုံနက်နှင့်လူနှစ်ဦးက လီဆိုက်ဟို၏ရှေ့သို့ခုန်ပျံလျက်ရောက်ရှိလာသည်။

ပြီးနောက်....



လီဆိုက်ဟို၏ရှေ့မှကာဆီး၍ရပ်လိုက်ကြသည်။

တယောက်က လီဆိုက်ဟိုအား စိမ်းစိမ်းကြည့်လိုက်ယင်း....

"ဒီမယ် မိတ်ဆွေ၊ ခင်ဗျား အခုတားဖို့သွားသည်ဖြစ်စေ၊ ဒါမှမဟုတ် တဘက်ဘက်ကိုကူညီဖို့ပဲသွားသည်ဖြစ်စေ၊ မသွားဖို့ကျုပ်သတိပေးတားမြစ်လိုက်တယ်၊ ခင်ဗျားဟာ 'လီ' ဂေဟာဘက်ကကူညီတိုက်ခိုက်ဖို့သွားတာဆိုယင်တော့ မသိုတော့ဘူး၊ အာမြစ်လို့လဲဆိုတော့၊ ကျုပ်တို့ရှိနေသို့ပဲ၊ တကယ်လို့ 'ကျန်း' ဂေဟာဘက်ကကူညီတိုက်ခိုက်ဖို့ သွားမယ်ဆိုယင်တော့၊ ခင်ဗျားရဲ့အရပ်အမောင်းအတိုင်းအတာကျုပ်တို့ကိုပြောပြီးမှသွားပါ၊ ဒါမှခင်ဗျားအတွက် သီးသန့်မြေကျင်းတူးထားခိုင်းလို့ရနိုင်မယ်"

ကျန်တယောက်ကလည်းဝင်ပြောလိုက်ပြန်သည်။

"သူ့ကိုစကားရှည်ရှည်ဝေးဝေးပြောမနေနဲ့၊ ပြောလို့မရယင်ရှင်းပစ်လိုက်ရုံပေါ့"

ထိုစဉ်....

"ဒိန်း... ဒိန်း... ဒိန်း...."

ဗုံစည်တီးသံက အဆက်မပြတ်ထွက်ပေါ်လာသည်။

ဗုံစည် တီးသံများနှင့် အတူ အော်ဟစ်သံများမှာလည်း ကြောက်မမန်းလိလိပေါ်ထွက်လာသည်။

လီဆိုက်ဟို ကွင်းပြင်သို့တချက်လှမ်းကြည့်လိုက်သည်။

နှစ်ဘက်လူအုပ်ကြီးများမှလူများသည် ဓား၊ လှံ လက်နက်များကိုဝင့်လျက် တိုက်ခိုက်ရန်မျက်နှာချင်းဆိုင်ပြေးလွှား

လျှက်ရှိနေသည်ကိုတွေ့လိုက်ရ၏။

ထိုသို့တွေ့လိုက်ရသည်နှင့်တပြိုင်နက် လီထိုက်ဟိုမှာဝတ်စုံနက်နှင့်လူနှစ်ဦးအား ကွေ့ရှောင်၍ လေကုံခွင်းသည့်မြားတစင်းနှယ် ကွင်းပြင်၏အလယ်သို့ပြေးလွှားသွားလေသည်။

လီထိုက်ဟိုခြေလှမ်းနှစ်ဆယ်နီးသို့အရောက်၊ သူ့ရှေ့တွင် မည်းမည်းအရိပ်နှစ်ခုကျရောက်လာပြန်ပြီး သူ၏ပြေးလမ်းကို တားဆီး၍ထားပြန်သည်။

ထိုအရိပ်နှစ်ခုကား စောစောကဝတ်စုံနှင့် နှစ်ဦးပင်ဖြစ်သည်။

"ယော့လူ——ပြောမရယင်….ကဲ"

ဝတ်စုံနက် လူနှစ်ဦးတို့၏ဖြူဖွေးသောလက်များက ရုတ်ခြည်းပေါ်ထွက်လာသည်။

ထိုလက်ဝါးများက လီထိုက်ဟိုထံသို့ လျှင်မြန်သောအရှိန်ဖြင့် တဟုန်ထိုးကျရောက်လာသည်။

လီထိုက်ဟိုက ကျရောက်လာသော လက်ဝါးရိုက်ချက်များကို နောက်သို့ခုန်၍ရှောင်လိုက်သည်။

ပြီးနောက် အော်ပြောလိုက်သည်။

"ခင်ဗျားတို့ရဲ့တိုက်ခိုက်မှုကို အေးအေးဆေးဆေးရပ်လိုက်ပါ"

ဝတ်စုံနက်နှင့်လူနှစ်ဦးက လီထိုက်ဟို၏စကားကို ဂရုမစိုက်ပါ။

သူတို့သည်၊ လီထိုက်ဟိုအား ဆက်လက်တိုက်ခိုက်လိုက်ပြန်သည်။



လီထိုက်ဟို၏ခြေထောက်များကဲ ရေခဲပြင်ပေါ်ရှောစီးသည့်နှယ် လျှင်မြန်စွာရွေ့လျားယင်း ထိုလူနှစ်ယောက်၏တိုက်ကွက်များကိုရှောင်တိမ်းနေရသည်။

လီထိုက်ဟိုရှောင်တိမ်းနေပုံမှာ အံ့ဩစရာကောင်း လောက်အောင်ပင်လျှင်မြန်လွန်းလှသည်။

လီထိုက်ဟို၏အင်္ကျီစကိုပင်မထိသောကြောင့် ဝတ်စုံနက်နှင့်လူနှစ်ဦးမှာဒေါသူလာတော့သည်။

ထိုအခါ….

သူတို့သည်ပြိုင်တူလိုလိုပင် ခုန်သွင်း၍အော်ဟစ်လိုက်ကြပြီး၊ ခါးကြားမှလက်နက်များ ကိုယ်စီဆွဲထုတ်ကာ ဝှေ့ယမ်းလိုက်ကြသည်။

သူတို့၏ လက်နက်များမှာ အရှည်တလံခန့်ရှိပြီး သံမဏိရောင်တလက်လက်တောက်ပနေသည်။

သံမဏိချောင်း၏ ထိပ်တွင် စွန်ကုတ်လက်သည်း သေးချောင်း ပုံသဏ္ဍာန်ရှိပြီး ချွန်မြလျက်ရှိ၏။

ဝတ်စုံနက်နှင့် လူနှစ်ဦးစလုံးက ထိုသံမဏိ စွန်ကုတ်တံဖြင့် လီထိုက်ဟိုအား ပြိုင်တူဆွဲကုတ်၍ တိုက်ခိုက်ကြပြန်သည်။

သူတို့၏ သံမဏိစွန်ကုတ်တံ နှစ်ချောင်းကြားဝယ်၊ လီထိုက်ဟို အနေဖြင့် လွတ်အောင် မနည်း ရှောင်တိမ်းနေရသည်။

လီထိုက်ဟို၏ ရှောင်တိမ်းမှုသည် မည်မျှပင် သွက်လက်လျှင်မြန်စေကာမူ၊ တချိန်တွင် ဝတ်စုံနက်တဦး၏ ကုတ်ဆွဲလိုက်သော ကုတ်ချက်က လီထိုက်ဟိုအား ထိသွားလေတော့သည်။

"ဗြဲ…"

လီထိုက်ဟိုး၏၊ ရင်ဘတ်ရှိ အင်္ကျီစက စုတ်ပြဲ၍ သံဓက်စွန်ကုတ် လက်သည်းတွင် ကပ်၍ ပါသွားတော့သည်။

လီဆိုက်ဟိုက ကိုယ်ကိုနောက်သို့ တဝက်လှိမ့်လိုက်၍သာ သွေအသား ပဲ့၍ ပါမသွားခြင်းပင် ဖြစ်သည်။

ချက်ချင်းပင် လီထိုက်တိုက ကိုယ်ကိုတဇတ်လှည့်၍ ရှောင်ထွက်လိုက်ပြီး၊ ထိုက်ပွဲကြီးကို အောင်ဟစ်အားဆီး ရန်ကြိုးစားလိုက်သည်။

သို့သော်....

သူနှုတ်မှ အသံမထွက်မီမှာပင်၊ ဝတ်စုံနက် လူနှစ်ဦးက ဆက်၍ အဆက်မပြတ် တိုက်ခိုက်လာပြန်သည်။

ထိုအချိန်တွင် 'လီ' နှင့် 'ကျွန်း' ဂေဟာ နှစ်ဘက် စလုံးမှ လူအုပ်များသည် တဘက်နှင့်တဘက် ရင်ဆိုင်ထိုးခုတ် တိုက်ခိုက်နေကြပြီ ဖြစ်၏။

အော်ဟစ်သံများ၊ သံသံချင်း ထိခိုက်သံများ၊ ညည်းညူသံများနှင့်ကျည်းစွာအော်ဟစ်သံများ၊ တစက်တိုင်အောင်ဆူညံ၍ နေလေပြီ။

သို့ဆိုလျှင်....

ဤလူသတ်ပွဲကြီးကို လီထိုက်ဟိုတယောက် အချိန်မီ တားဆီး နိုင်ပါအုံးမည်လော။

* * *



(၄)

လီထိုက်ဟို၏ အနေဖြင့် စိုးရိမ်စိတ် တဖြည်းဖြည်း ကြီးထာပြီ ဖြစ်၏။

သူစိုးရိမ်နေမိသည်မှာ၊ သူအား ဝတ်စုံနက်နှင့်လူနှစ်ဦးက ဝိုင်းဝန်း တိုက်ခိုက်ခံနေရသောကြောင့်မဟုတ်ပေ။

အခုန်မှာ ချောင်းရေလုတိုက်ပွဲကြီးကို အချိန်မီ မတားဆီးနိုင်မည်ကိုသာ စိုးရိမ်နေမိခြင်း ဖြစ်သည်။

ထိုအချိန်တွင် ဝတ်စုံနက်နှင့် လူနှစ်ဦး၏ သံမဏိစွန်ကုတ် တိုက်ကွက်များက တဖြည်းဖြည်းနှင့် သူ့အသက် သေဆုံးနိုင်သည် အထိ ပြင်းထန်လာသည်။

လီထိုက်ဟို၊ ယခုထက်ပို၍ သည်းခံရန် မဖြစ်နိုင်တော့ပါ။

ထို့ကြောင့်____

လီထိုက်ဟိုသည်၊ သူ့ဓားကို ဓားအိမ်မှ လျင်မြန်စွာ ဆွဲထုတ်လိုက်၏။

သံဓသာဓားက အပြင်သို့ ရောက်ရှိလာပြီ ဖြစ်သည်။

လင်းသင်းလက်ထက် အရောင်များ ရုတ်တရက် ဖြာထွက်သွားတော့သည်။

ထိုအခါ၊ ဝတ်စုံနက်နှင့် လူနှစ်ဦး၏ ခြေလှမ်းများက ရုတ်ခြည်းပင် နောက်သို့ ခုန်ဆုတ်သွားတော့သည်။

လီထိုက်ဟိုက ဓားကို တချက်ဝှေ့ယမ်းလိုက်ပြန်သည်။

တချိန်တည်းမှာပင် လီထိုက်ဟိုက လူအုပ်ရှိရာသို့ သုံးချက်

ဆင့်၍ ဆက်တိုက်ခုန်လွှားလိုက်သည်။

သူ၏ခန္ဓာကိုယ်သည် လေထဲတွင် သိမ်းစွန့်ငှက် တကောင်ဖမ်း ခုန်ဝဲသွားပြီး၊ ခြေလှမ်းနှစ်ဆယ်ခန့် အကွာအဝေးသို့ ကျရောက်သွားတော့သည်။

တိုက်ခိုက်နေစဉ်သော လူအုပ်ကြီးနှင့်အလွန်စင် နီးကပ် သွားချေပြီ။

"အားလုံး ရပ်လိုက်ကြ"

လီထိုက်ဟိုက အော်ဟစ်၍ ပြောလိုက်သည်။

သူ့အသံက မိုးထစ်ချုန်းသည့် အသံအလား မြည်ဟီးသွားသည်။

သူ၏ အော်ဟစ်လိုက်သံကြောင့်၊ ဆူညံစွာ ထိုးခုတ် တိုက်ခိုက်နေသည့် ချောင်းရေလုပွဲကြီးသည်၊ရုတ်ခြည်း မီးကိုရေနှင့် ဖျန်းလိုက်သည့်အလား ငြိမ်သက်သွားတော့သည်။

သူ၏ အတွင်းအားသုံးကာ အော်ဟစ်လိုက်သံက တိုက်ခိုက် နေကြသည့် လူများ၏ နားထဲသို့ စူး၍ ဝင်ရောက်သွားသောကြောင့် ဖြစ်၏။

ကွင်း၏အလယ်တွင်တိုက်ခိုက်နေကြသူ လူအားလုံး၏မျက်လုံးများက လီထိုက်ဟိုထံ ကျရောက်လာကြသည်။

လူရွယ်တယောက် ဓားအလက်ကို ကိုင်လျက် ရပ်နေသည်ကို သူတို့အားလုံး တွေ့လိုက်ကြရ၏။

ထိုလူရွယ်၏ ဥပဓိရုပ်က တည်ကြည်ခန့်ညားနေသည်။

လီထိုက်ဟိုက တိုက်ခိုက်နေကြသူများကို စကားပြောရန် ထန်ပြင်လိုက်သည်။



ထိုစဉ်—

"ဟား....ဟား....ဟား"

ရယ်မောသံကြီးတခုက ပေါ်ထွက်လာသည်။

တိုက်ပွဲ ရပ်တန့်လိုက်သည်မို့ ကွင်းပြင်တခုလုံး တိတ်ဆိတ်ငြိမ်သက် နေသည်။

ထို့ကြောင့်—

ထိုရယ်မောသံကြီးက ကွင်းပြင်တခုလုံး လွှမ်းမိုးသွားတော့သည်။

လီထိုက်ဟိုက ထိုရယ်သံရှင်၏ အတွင်းအားကို ချက်ချင်း ဝင် ခန့်မှန်းမိလိုက်သည်။

တကယ်တော့ ယခုချောင်းရေလုပွဲကြီးမှာ အဆင့်မြင့်သိုင်းသမားများ ပါဝင်နေကြသည်မဟုတ်ပါလော။

(၅)

လီထိုက်ဟိုက သူ့ဓားကို ဓားအိမ်အတွင်းသို့ ပြန်လည်ထိုးသွင်းလိုက်သည်။

ပြီးနောက်—

လူအုပ်ကြီးအား လက်စမိုးယှက်အရိုအသေပေးလိုက်ပြီး

ကျယ်လောင်သောအသံဖြင့်စတင်ပြောဆိုလိုက်သည်။

ခုချိန်ကစပြီး 'ကျွန်း' နဲ့ 'လီ' နှစ်ဂေဟာစလုံးကျွန်မတော် ပြောမယ့်စကားကိုသေသေချာချာနားထောင်ပြီး စဉ်းစားကြပါလို့ပန်ကြားပါတယ်''

လီထိုက်ဟိုစကားကိုခေတ္တရပ်လိုက်ပြီး၊ လူအုပ်ကြီး၏အခြေအနေကိုတချက်အကဲခတ်ကြည့်လိုက်သည်။

လူအုပ်ကြီးမှာတိတ်ဆိတ်ငြိမ်သက်လျက်၊ သူ့ထံသို့အာရုံစိုက်လျက်ရှိသည်။

လီထိုက်ဟိုကဆက်၍ပြောလိုက်ပြန်သည်။

''ခင်ဗျားတို့အားလုံး သေသေချာချာစဉ်းစားကြည့်ကြစမ်းပါ၊ အခု ခင်ဗျားတို့ချောင်းရေလုနေကြတာဟာ လယ်ယာစိုက်ပျိုးဖို့အတွက်ပဲမဟုတ်လား၊ အဲဒီလယ်ယာစိုက်ပျိုးတယ်ဆိုတာလဲ လူသားတွေရဲ့အသက်ရှင်ရပ်တည်နိုင်ရေးအတွက်ပဲဖြစ်တယ်၊ အဲဒီတော့ခင်ဗျားတို့မှာ လူသားတွေအသက်ရှင်ရပ်တည်နိုင်ရန်စေလိုတဲ့စေတနာဆန္ဒသာရှိခဲ့ယင် အခုလို တအက်နှင့်တအက်သတ်ဖြတ်တိုက်ခိုက်နေကြတာဟာ စဉ်းစားဆင်ခြင်ဉာဏ်မဲ့ရာမကျဘူးလော။ ရှုံးသူအက်ကရှုံးသလို၊ နိုင်သူအက်ကလဲရှုံးရတာပဲ၊ ရှေးဆိုရိုးစကားရှိသားပဲ၊ တိုက်ပွဲတပွဲမှာ ရန်သူအက်ကလူ အယောက်တထောင်ချေမှုန်းနိုင်ဖို့အတွက် မိမိအက်ကလူ အယောက်ရှစ်ရာလောက်အဆုံးရှုံးခံရတယ်တဲ့၊ ဒီတော့ နိုင်တဲ့သူဘက်ကလဲရှုံးမှုရှိနေတာပဲ၊ ရှုံးတဲ့သူဘက်ကပြောစရာမလိုတော့ဘူး''

လီထိုက်ဟိုက စကားကိုခေတ္တရပ်လိုက်ပြန်သည်။



လီထိုက်ဟိုစကားများက ကြားရသူအပေါင်း၏ရင်ကိုဆို့နင့်စေတော့သည်။

ဒဏ်ရာရရှိပြီး ညည်းညူလျက်လဲနေသောသူများထံမှရှိုက်သံများ ရှေးဦးစွာပေါ်ထွက်လာသည်။

ဒဏ်ရာရသူများ၏ ငို-ကြွေးသံကို ကြားကြရသူ များမှာလည်းရင်မှာဆို့နင့်သွားကြပြီး သတ်လိုဖြတ်လို တိုက်ခိုက်လိုသည့်စိတ်ရိုင်းများ ရုတ်ခြည်းလျော့နည်းသွားတော့သည်။

အချို့မှာ သက်ပြင်းများကိုအထပ်ထပ်ချကာ၊ ငိုင်တွေသွားကြသည်။

အချို့မှာ လက်ထဲတွင် ကိုင်ဆောင်ထားသောလက်နက်များကို မြေပြင်ပေါ်သို့လွှင့်ပစ်လိုက်ကြသည်၊

တခဏအတွင်း လူပေါင်းများစွာသောကြေ ဒဏ်ရာရစေတော့မည့်ဤကွင်းပြင်ကြီးသည် ယခုအခါ သံဝေဂရသွားဖြင့် ငြိမ်းချမ်းသာယာသွားပြီဖြစ်ပါတော့သည်။

ဤသည်ကား လီထိုက်ဟို၏ထက်မြက်သော နှလုံးရည်အစွမ်းကြောင့်မဟုတ်ပါလော။

* * *

(၆)

"လီ" ဂေဟာမှ အဘိုးအိုသည် သက်ပြင်းကိုဆွဲ၍ချရလိုက်သည်၊

ထို့နောက်....

"မင်းက ကျုပ်တို့ ချောင်းရေလုပွဲ ဖြစ်တဲ့ အခြေအနေ အားလုံးကို မသိသေးပါဘူး"

ထိုအခါ လီဆိုက်ဟိုက အေးစက်စွာ ရယ်မောလိုက်၏။

သူရယ်လိုက်သည့်သဘောက သူသည် သိပါသည်ဆိုသည့် သဘောပင် ဖြစ်သည်။

ထိုစဉ်—

"ကျန်း" ဂေဟာသစ်မှ အဘိုးအိုကလည်း လှမ်းပြော လိုက် ပြန်သည်။

"ဒီလိုသာ နှစ်စဉ် တိုက်ခိုက်ပြီး ပြဿနာ ဖြေရှင်းနေတဲ့ နည်းဟာ ကြာယင် မဖြစ်တော့ဘူးဆိုတာ၊ ကျုပ်တို့လဲ စဉ်းစားမိပါတယ်၊ ဒါပေမယ့်"

လီဆိုက်ဟိုက ကြားဖြတ်၍ ဝင်ပြောလိုက်သည်။

"ဦးတို့အတွေ့ကသာ ကျိုးကြောင်းဆောင်ရား ဆင်ခြင် နိုင်ကြမယ်၊ သဘောထားကြီးကြီး ထားနိုင်ကြမယ်ဆိုယင် ပြဿနာဟာ ဒီလောက်အထိ ကြီးမားလာနိုင်စရာ အကြောင်း လုံးဝ မရှိပါဘူး၊ တကယ်တော့ 'ဝမ်းစမ်' တောင်ပေါ်က စီးဆင်းတဲ့ ချောင်းရေဟာ ဦးတို့ လယ်ယာမြေအားလုံး သုံးမကုန်နိုင် အောင်ပဲ စီးဆင်းနေပါတယ်"

လီတိုက်ဟိုသည် လူများအားလုံးသို့ လှည့်ပတ်ကြည့်ရှု အကဲခတ်လိုက်ပြီးမှ ဆက်ပြောလိုက်သည်။

"တကယ်တော့ 'ကျန်း' ဂေဟာနဲ့ 'လီ' ဂေဟာ နှစ်ဂေဟာ ရဲ့ တိုက်ပွဲဟာ ကျွန်တော်နဲ့ မဆိုင်ပါဘူး၊ ဒါပေမယ့် လူသား



တဦးယောက် အနေနဲ့ လူအသက်ပေါင်းများစွာကို အဓိပ္ပာယ်မဲ့ ဆုံးရှုံးသွားတာကိုတော့ကျွန်တော်မလိုလားပါဘူး၊ ဒါကြောင့် ဦးတို့အနေနဲ့ နှစ်ဘက်စလုံး ကြေအေးကြပါလို့ ကျွန်တော် တောင်းပန်ပါတယ်၊ 'ဝမ်စမ်း' တောင်ပေါ်က ဆင်းတဲ့ရေဟာ ဒီနယ်ဒီဒေသမှာရှိတဲ့လူအားလုံး သုံးစွဲနိုင်ခွင့် ရှိတာမို့၊ ဦးတို့ နှစ်ဂေဟာက လူတွေအ ဘက်သာမကပဲ၊ လူသားတိုင်းအကျိုး ရှိရှိ ခံစားနိုင်ကြဖို့ အေးအေးဆေးဆေး ညှိနှိုင်းဆောင်ရွက်ကြ ပါလို့ ပြောချင်ပါတယ်"

လီထိုက်ဟို၏ စကားများမှာ သဘာဝကျလှ၏၊ ကြားရသူ အားလုံး အဓိပ္ပါယ် နားလည်သွားကြသည်။

သို့သော်လည်း၊ သူတို့၏ ခေါင်းဆောင်များက မည်သည့် အမိန့်မျှ မပေးသဖြင့် သူတို့သည် ကိုယ့်သဘောနှင့်ကိုယ် တိုက် ပွဲအတွင်းမှ ပြန်လည်ထွက်ခွာသွား၍ မဖြစ်ကြချေ။

တကယ်တော့ သူတို့သည်လည်း ဤတိုက်ပွဲ ဆင်နွှဲရခြင်း အတွက် သူတို့အဖို့ အကျိုးထူး မရှိနိုင်ကြောင်း၊ တိုက်ပွဲမစမီ ကပင် သိထားကြပြီး ဖြစ်၏။

"ကျန်း" ဂေဟာဘက်မှ ဦးဆောင်၍ လာသူ အဘိုးအို၏ အမည်မှာ...

"ကျန်းရှိရဲ" ဖြစ်သည်။

သူသည် 'ကျန်း' အမျိုးအနွယ်ဖြစ်ပြီး 'ကျန်း' မျိုးနွယ်စု များ၏ ခေါင်းဆောင်လဲ ဖြစ်သည်။

သူက လီထိုက်ဟိုအား အကဲခတ် ကြည့်လိုက်မိသည်နှင့် အဆင့်မြင့် သိုင်းသမား တဦးမှန်း သိလိုက်ပြီး ဖြစ်သည်။

လီထိုက်ဟိုး၏ စကားများကို ကြားလိုက်ရသောအခါတွင် သည်း၊ သူ၏စိတ်၌ တွေဝေသွားသည်။

သူတို့သည် ဤတိုက်ပွဲကို နှစ်စဉ်ကျင်းပနေခြင်းဖြင့် မွှေးယွင်းသော လုပ်ရပ်အဖြစ် သဘောပေါက်လာသည်။

ကျန်လူအားလုံး၏ စိတ်ထဲတွင်လည်း ထိုသို့ပင်။

အကယ်တော့ သူတို့သည် တားကြောင့် အသိခေါက်ခက် အစင်နက် ဖြစ်နေရပါသနည်း။

ဤ အအာဝချောင်းရေသည် ရေစီးကြောင်း မပြောင်းလဲ ဘရွေ့ မကုန်နိုင်ကြောင်း သိထားကြမေသည်။

* * *

(၃)

"ကျန်းရှိရဲ" မြင်းခေါ်မှ ခုန်ဆင်းလိုက်၏။

မြင်းဇက်ကြိုးကိုမြင်းအနီးတွင် ရပ်နေသော လူတယောက် အား ပေးအပ်လိုက်ပြီး ရှေ့သို့ လေးငါးလှမ်း လျှောက်ထွက် လာသည်။

"ကျန်းရှိရဲ" က လီဘိုက်ဟိုအား လက်စမိုးယှက်၍ အရိုအသေ ပေးလိုက်၏။

ပြီးနောက်....

"လီ" ဂေဟာဘက်မှ အဘိုးအိုဘက်သို့ လှည့်လိုက်ပြီ၊ ယင်းအဘိုးအိုအားလည်း အရိုအသေ ပေးလိုက်ပြန်သည်။



ပြီးမှ...

"အကိုကြီး 'လီစင်မု' ဟောဒီညီလေး 'လီ' ပြောထားတော့ ဟာ သိပ်မှန်နေတယ်"

ကျန်းရှိရဲက လီစင်မုအား လှမ်းပြောလိုက်သည်။

ထိုအချိန်တွင် လီဘိုက်ဟိုက ပြုံးနေသည်။

ဤချောင်းရေလုံတိုက်ပွဲကြီးသည် သူ့စကားကြောင့် နိဂုံးချုပ်လုပြီလော၊

လူသားတို့၏ ဗင်ကိုယ်စိတ်ဓာတ်သည် အေးချမ်းမှုကိုသာ လိုလားကြသည် မဟုတ်ပါလော၊

စည်သည့် လူအားက မိမိ၏ အသက်ကို အစိပ္ပာယ်မဲ့ အချည်းနှီး အဆုံးရှုံး ခံချင်ကြပါမည်နည်း။

ထိုသို့ လီဘိုက်ဟို စဉ်းစားနေမိစဉ်၊ ကျန်းရှိရဲသည် လီထိုက် ဟိုထံ လျှောက်လာနေသည်။

ဤသည်ကို ကြည့်နေသော လီထိုက်ဟို၏ ပြုံးနေသော မျက်နှာသည် ရုတ်တရက် တည်သွား၏။

ခေါကို ခွင်းသည့် မြားတစင်းပမာ လီထိုက်ဟိုမှာ ရှေ့သို့ ပြေးထွက်လာပြီး သူထံသို့ ခပ်သွက်သွက် လျှောက်လာနေ သော ကျန်းရှိရဲအား လက်နှစ်ဘက်ဖြင့် တွန်းပစ်လိုက်သည်။

ရုတ်တရက်မို့ 'ကျန်းရှိရဲ' မှာ မရှောင်တိမ်း နိုင်တော့ဘဲ၊ နောက်သို့ လေးငါးလှမ်းခန့် ယိုင်လျက် ဆုတ်သွားရသည်။

ထိုသို့ ဆုတ်သွားစဉ် လီထိုက်ဟို၏ လက်တဘက်က တစုံ တခုကို ဖမ်းယူလိုက်သကဲ့သို့ ရှိသွား၊ ပြီးနောက် လက်ကိုမြှောက် ၍ ကြည့်လိုက်သည်။

လက်နက်ပုန်း တခုဖြစ်ကြောင်း တွေ့လိုက်ရ၏။

မည်းနက် တောက်ပြောင်နေသော သံမဏိစကြာလက်နက်ပုန်းကလေး တခုက သူ၏ လက်ညှိုးနှင့် လက်ခလယ် ကြားတွင် ညှပ်လျက် ရှိသည်ကို တွေ့ရသည်။

လီထိုက်ဟိုသည် ထိုသံမဏိစကြာလက်နက်ပုန်းအား လက်ညှိုးနှင့် လက်ခလယ်ကြားတွင် ညှပ်၍ ကိုယ်ကို လှည့်လိုက်ပြီး ကျန်းဂေဟာဘက်မှ လူများထံ လှမ်းကြည့်လိုက်သည်။

ထိုအခါ 'ကျန်း'ဂေဟာလူအုပ်ကြီးရှေ့တွင် မြင်းစီးသမားသုံးဦးကို တွေ့လိုက်ရ၏။

ထိုလူသုံးဦးသည် လီထိုက်ဟိုအား ဒေါသထွက်နေသော မျက်လုံးများဖြင့် လှမ်းကြည့်နေသည်။

လီထိုက်ဟိုက ဦးခေါင်းကို ခါယမ်းလိုက်ပြီး ပြောလိုက်သည်။

"ကျန်း"နဲ့ "လီ"နှစ်ဂေဟာရဲ့တိုက်ခိုက်ပွဲကို ကျွန်တော်တစ်ရောက် ဖျန်ဖြေတဲ့လူပါ၊ ခုဆိုယင် ခေါင်းဆောင်ကြီး 'ကျန်း' အနေနဲ့ ဒီတိုက်ခိုက်ပွဲကိုပြေငြိမ်းလိုတဲ့ဆန္ဒရှိနေပါပြီ၊ ဒါပေမယ့် ခင်ဗျားတို့က မကျေနပ်သလိုရှိကြသေးတယ်၊ အဲဒီတော့ ခင်ဗျားတို့ဆန္ဒက ဘာယ်လိုရှိနေသလဲ ပြောကြစမ်းပါအုံး"

လီထိုက်ဟို၏အမေးကို ထိုလူသုံးယောက်က မဖြေကြပါ၊ သို့သော်...

တယောက်ကိုတယောက် မျက်ရိပ်ဖြင့်အချက်ပြလိုက်ပြီး မြင်းများကိုဒုန်းစိုင်း၍ လီထိုက်ဟိုရှိရာသို့ဦးတည်၍ အပြင်း



ဝင်လာကြလေတော့သည်။

သူတို့လက်ထဲတွင် မည်သည့်အချိန်ကဆွဲထုတ်လိုက်မှန်း မသိသောဓားသုံးလက်စာရောက်ရှိနေ၏၊

ထိုဓားသုံးလက်မှာ ငှက်ခေါင်းပုံသဏ္ဌာန်ရှိပြီး အနည်းငယ်ကွေးကောက်နေသည်။

လီထိုက်ဟိုက ထိုဓားများကိုမြင်လိုက်ရသည်နှင့် အမျိုးကောင်းသံဖြင့် ပြုလုပ်ထားသော ဓားမှန်း သိလိုက်ပြီးဖြစ်သည်။

ထိုဓားများမှာ လူစွမ်းကောင်းများကိုင်ဆောင်သော ငှက်ကြီးတောင်ဓားများပင်ဖြစ်သည်။

ထိုလူသုံးဦးက ဖိုခနောင့်သဏ္ဌာန်အနေအထားမျိုး[ဖြ] လီထိုက်ဟိုထံ မြင်းကိုဒုန်းစိုင်း၍ဝင်လာနေကြခြင်းဖြစ်သ[ည်]

သို့ဖြစ်၍ ထိုလူသုံးဦးက လီထိုက်ဟိုအား အမှန်တက[ယ်] ဝင်အန္တရာယ်ပေးရန်အတွက်တိုက်ခိုက်ခြင်းဖြစ်မည်လော

လီထိုက်ဟိုသည် မည်ကဲ့သို့ ပြန်လည်ခုခံကာကွယ်[တို] ခိုက်မည်နည်း။

* * *

(၈)

လီထိုက်ဟိုသည် နေရာမှမရွေ့ လျှားပဲရပ်မြဲရပ်နေသည်။ သူ့အားတိုက်ခိုက်ရန် မြင်းသုံးစီးနှင့်လူသုံးယောက်က ဖုံ

များတခထောင်းထောင်းထလျက် သူဆီသို့တန်းတန်းမတ်မတ် ပြေးဝင်လာနေသည်ကိုတွေ့လိုက်ရသည်။

လီဆိုက်ဟိုအနီးသို့ရောက်သည်နှင့်တပြိုင်နက်တည်း ထိုလူသုံးယောက်၏လက်ထဲမှဓားသုံးစင်းသည် တပြိုင်တည်းဝင်းလက်သွားကြသည်။

သို့သော်..

လီဆိုက်ဟိုက ခေါင်းကိုငုံ့၍ ကိုယ်ကိုကပျာကယာဝပ်ချလိုက်၏။

ဤတွင် လီဆိုက်ဟိုမှာ ပျံလွင့်ထနေသော ဖုံလုံးကြီးများအကြားတွင် ပျောက်ခြင်းမလှပျောက်ကွယ်သွားတော့သည်။ မြင်းများမှာ ဇက်ကြိုးများကိုဆွဲထားခြင်းခံရသဖြင့် ကိုယ်ပျည့်မတ်ကာရပ်နေသောကြောင့် ဖုံလုံးများပြို၍ထလာသည်။

ထို့ကြောင့်...

ခိုင်းမိထားသောသူတို့သုံးဦး၏အလယ်ဗဟိုတွင် လီဆိုက်အား ရှာ၍မတွေ့ရတော့ချေ။

မြင်းစီးသမားသုံးဦးသည် လီဆိုက်ဟိုအား လှည့်ပတ်မွှေနှောက်ရှာဖွေကြသည်။

ထိုအခါ...

လီထိုက်ဟိုမှာ သူတို့နှင့်မလှမ်းမကမ်းတွင်ရပ်လျက်ရှိနေသည်ကိုအံ့အားသင့်စွာတွေ့လိုက်ကြရသည်။

ထို့နောက်...

မြင်းစီးသမားတဦးက လက်ထဲမှငှက်ကြီးဆောင်ဓားကို



ဝှေ့ယမ်း၍ လီထိုက်ဟိုထံဒုန်းစိုင်း၍ပြေးဝင်လာပြန်သည်။

ထိုစဉ်...

"ညီလေး... ရပ်လိုက်၊ သူကိုမယှဉ်နဲ့တော့"

နောက်တဖက်မှမြင်းစီးသမားတဦးကဝင်၍ဟန့်တားလိုက်ခြင်းဖြစ်သည်။

ဤတွင် ဓားကိုဝှေ့ယမ်း၍ တိုက်ခိုက်ရန်ပြေးဝင်လာသောမြင်းစီးသမားသည် မြင်းကိုတုံ့ကနဲရပ်လိုက်ရသည်

ပြီးနောက်...

ဓားကိုသိမ်းကာ နောက်ကြောင်းပြန်လှည့်သွားတော့ခုသည်။ လျက်...

လှမ်း၍ အော်ဟစ်ဟန့်တားလိုက်သူက ဦးခေါင်းကိုခယမ်းလိုက်ပြီးပြောလိုက်သည်။

"ညီလေး... တို့ဟာ သူ့ထက်ပညာအများကြီးအဆင့်နိမ့်သေးတယ်၊ သူဟာတို့အပေါ်မှာငဲ့ညှာတုံ့ယင်စောစောကတည်းက တို့သုံးယောက်စလုံး မြေပြင်ပေါ်မှာလဲကျနေလောက်ပြီ"

ပြောပြောဆိုဆိုထိုလူကဦးခေါင်းကိုအချက်ခါယမ်းလိုက်သည်။

ပြီးနောက်...

လီထိုက်ဟိုကိုစိမ်းစိမ်းကြည့်ကာပြောလိုက်သည်။

"ခင်ဗျားရဲ့နာမည်ကိုမကြားခဲ့ဘူးပေမယ့်၊ ခင်ဗျားရဲ့ပညာအရည်အချင်းကိုကျွန်တော်ခန့်မှန်းမိပါတယ်၊ ကျေးဇူးပြုပြီး ခင်ဗျားအကြောင်းနောက်ထပ်သိပါရစေ၊ ကျုပ်တို့

သခင်ကြီးကိုပြန်အစီရင်ခံတဲ့အခါ ပိုပြီးပြည့်စုံမှုရှိအောင်လို့ပါ''

သူ၏အမေးကို လီထိုက်ဟိုကပြုံး၍ပြောလိုက်သည်။

''ကျုပ်ဟာ သာမန်သိုင်းသမားလီထိုက်ဟိုပါ ကျုပ်ရဲ့ ရာဇဝင်ဟာ သိုင်းလောကကအနားယူလိုက်ပြီမို့ ကျုပ်ဟာလဲ ဂိုဏ်းရဲ့အဖွဲ့ဝင်မှမဟုတ်တော့ပါဘူး၊ ကျုပ်တဲ့နောက် ဒေသအနှံ့လှည့်လည်နေတဲ့ တကိုယ်တော်သိုင်းသမား ပါ၊ ဒါပေမယ့် ကျုပ်ဟာမတရားမှုကိုတွေ့ယင် မယ်၊ လူအားအနိုင်ကျင့်အထင်အမြင်လွဲမှားပြီး အ ယ်မဲ့တဲ့ရန်ဝဲ့ကိုတွေ့ယင် အတတ်နိုင်ဆုံးဖြေရှင်းပေးမယ်၊ ကျုပ်ရဲ့ဖြေရှင်းချက်ကြောင့် တလောကလုံးအမငြိမ်းချမ်းယင် တောင်မှ တစိတ်တပိုင်းငြိမ်းချမ်းမယ်ဆိုယင် ကျုပ်ကျေနပ် ပါပြီ၊ ဒါဟာကျုပ်ရဲ့ခံယူချက်ပဲ''

''ဩြော် ....''

ထိုလူကအံ့အားသင့်ဟန်ဖြင့်ခေါင်းညိတ်လိုက်ယင်း....

''ခင်ဗျားရဲ့စေတနာနဲ့ဆန္ဒဟာ လေးစားလောက်ပါပေတယ်''

ပြောပြောဆိုဆိုထိုလူသည် လီထိုက်ဟိုအား အထန်ကြာ စိုက်ကြည့်နေပြန်သည်။

ပြီးမှ....

''ဒီနေ့တော့ ကျုပ်တို့ညီအစ်ကိုသုံးယောက်က ခင်ဗျားကိုယှဉ်နိုင်လိမ့်မယ်မထင်ဘူး၊ ဒါပေမယ့် တနေ့တော့ပြန်ဆုံကြသေးတာပေါ့၊ ကဲ....ကျုပ်တို့ကိုခွင့်ပြုပါအုံး''



ထိုလူသည် လီထိုက်ဟိုအား မြင်းပေါ်မှနေ၍ လက်ဖမိုး ယှက်ကာ အရိုအသေ ပေးလိုက်၏။

ထို့နောက်....

မြင်းကို နောက်သို့ လှည့်၍ ပြန်လာည်ထွက်ခွာရန် ဟန်ပြင် လိုက်ကြ၏။

လီထိုက်ဟိုက ရုတ်တရက် အော်ပြောလိုက်သည်။

''မိတ်ဆွေတို့ စောင့်နေကြပါအုံး''

ထိုလူက ဦးခေါင်းကို နောက်သို့လှည့်လိုက်ပြီး ပြုံးလျက်....

''အယ်လိုအကြောင်းများ ရှိနေသေးလို့လဲ၊ ကျုပ်တို့ ခုလို ထွက်ခွာသွားတာကို ခင်ဗျားက မကျေနပ်လို့လား''

လီထိုက်ဟိုက ရယ်မောလိုက်ပြီး....

''ဟဲဟဲ....ခင်ဗျားတို့နဲ့ ကျုပ်ဟာ အယင်ကရော အခုပါ အာဃာတ်ငြိုးမှ မရှိခဲ့လို့ မကျေနပ်စရာ လုံးဝမရှိပါဘူး၊ နောက် တွေ့တဲ့အခါ ပြောဆိုဆက်ဆံနိုင်အောင် ခင်ဗျားတို့ရဲ့ နာမည် လေးတွေကို သိချင်လို့ပါ''

ထိုလူက အံတန့်ငယ်စဥ်းစားနေပြီးမှ ဦးခေါင်းကို ခါယမ်း လိုက်သည်။

''ကျုပ်တို့ ပြောလို့မဖြစ်ဘူး၊ ခင်ဗျား သိချင်ယင်တော့ ယောဟို အဘိုးအို 'ကျန်းရှိရဲ' ကို မေးကြည့်ပေါ့၊ အဲ....ဒါ ပေမယ့် သူတို့ပြောတဲ့ နာမည်တွေကလဲ ကျုပ်တို့ရဲ့ နာမည် အစစ်အမှန်တွေ ဟုတ်ချင်မှဟုတ်လိမ့်မယ် ဟဲ....ဟဲ''

လီထိုက်ဟိုက သူ့လက်ထဲမှ သံမဏိစကြာ လက်နက်ပုန်း အစလေးအား မြှောက်ပြထိုက်ပြီး....

"ဒီလက်နက်ပုန်းလေး ကျုပ်မှာ ရှိနေတယ် ဆိုတာကို ကိုခင်ဗျားတို့ သတိရယင်တော့ တနေ့ခင်ဗျားတို့ဟာ ဘယ်သူတွေလဲဆိုတာ ကျုပ်သိလိမ့်မယ်လို့ မှတ်ယူသွားပါ၊ ကဲ.... ခင်ဗျားတို့ သွားလိုရာ သွားနိုင်ပါပြီ"

မြင်းပေါ်က လူတွေက ရယ်မောလိုက်သည်။

"ဟဲ ဟဲ...စုံစမ်းလိုက်အုံးပေါ့ဗျာ ဟုတ်လား၊ ကဲ— ကျုပ်တို့သွားမယ်၊ နောက်တော့ တွေ့ကြသေးတာပေါ့"

ပြောပြော်ဆိုဆို မြင်းစီးသမားသုံးဦးသည် မြင်းများ၏ ထစ်ပါးကို ဖနှောင့်နှင့်တို့ကာ အပြင်းဒုန်းစိုင်း၍ ထွက်ခွာသွားတော့သည်၊

ထိုအခါ ဖုံများ တလိမ့်လိမ့် လွင့်တက်ခါ ကျန်ရစ်ခဲ့လေသည်။

* * *

(၉)

လီဆိုက်ဟိုက် 'လီ' ဂေဟာက လူအုပ်စုဘက်သို့ လှည့်ကြည့်လိုက်သည်။

ဤအခွင် မျက်လုံးရွဲကြီးဖြင့် သူ့အား လှမ်းကြည့်နေသော မိန်းမပျိုကလေးတယောက် အကြည့်နှင့် ဆုံမိသွားသည်၊



မိန်းမပျိုက လီဆိုက်ဟိုအား ဦးခေါင်းတချက် ညိတ်ပြလိုက်သည်။

ထိုနောက်...

ပြုံးယောင်ပြုလျက်....

သူမ၏ ဘေးမှ အဘိုးအိုအား ပြော-လိုက်သည်။

"ကဲ... ဦးတို့ရှိပြသာနာဟာ ဟောဟိုက အစ်ကိုရဲ့ ဖြေရှင်းပေးမှုကြောင့် ပြေငြိမ်းတဲ့ အခြေအနေလောက်မှာ ရောက်နေပါပြီ၊ ဦးတို့နှစ်ဂေဟာက လူတွေအချင်းချင်း အေးအေးဆေးဆေး ဖြေရှင်းဖို့သာ ကျန်တော့တယ်၊ ကျွန်မလဲ ပြန်တော့မှာမို့ ကျွန်မကို ခွင့်ပြုပါအုံး"

အဘိုးအို 'လီစင်မု'က လျှင်မြန်စွာဖြင့် မြင်းပေါ်မှခုန်ဆင်းလိုက်သည်း

ထို့နောက်....

မိန်းမပျို၏ မြင်းဇါးချစ်ကြိုးကို လှမ်းဆွဲလိုက်ပြီး ဦးခေါင်းကို ခေါ့၍....

"မိန်းကလေး... မင်းဟာ ကျုပ်တို့ 'လီ' ဂေဟာအတွက် အာမှ မဆောင်ရွက်လိုက်ရပေမယ့် ကျုပ်တို့ ခင်းကို အသွားပဲ ကျေးဇူးတင်ပါတယ်"

မိန်းမပျိုက ဆက်ကိုကာပြလိုက်ပြီး ပြုံးရယ်လျက်....

"ဒီအတွက် အထူးပြောနေဖို့ မလိုပါဘူးရှင်"

လီစင်မုက ထပ်မံ ပြောလိုက်ပြန်သည်။

"မိန်းကလေးရဲ့ နာမည်ကို တဆိတ်လောက် ပြောပြခဲ့ပါလား"

မိန်းမပျိုလေးက ခေါင်းကို ငါယမ်းလိုက်၏။

"ကျွန်မကို အခုလိုတွေ့ရတာဟာ ရေကန်ကြည်နေတုန်း အခိုက် ရေကန်အောက်က ကျောက်တုံးကို တွေ့ရတယ်လို့သာ အဘောထားလိုက်ပါ၊ ကဲ——ကျွန်မကို ခွင့်ပြုပါအုံးရှင်"

ပြောပြောဆိုဆို မိန်းမပျိုသည် မြင်းဇက်ကြိုးကို လှုပ်ယမ်း လိုက်ပြီး တရှိန်ထိုး ထွက်ခွာသွားလေတော့သည်။

မိန်းမပျိုမှာ နောက်သို့ လုံးဝလှည့်မကြည့်တော့ပေ၊ သူမ၏အရိပ်သည်လည်း တဖြည်းဖြည်းဝေး၍ဝေး၍သွားပြီး နေစက်ဆုံးတွင် ပျောက်ကွယ်သွားတော့သည်၊

လီထိုက်ဟိုမှာ လွန်စွာ အံ့သြနေမိသည်။

သူ့အစနှင့် မို၍အံ့သြမိသည်မှာ သူအား တားဆီးတိုက် ခိုက်ခဲ့သော ဝတ်စုံနက်နှင့် လူနှစ်ဦးလည်း ကွင်းပြင်တွင် လုံးဝရှာမတွေ့တော့ချေ။

သူစဉ်းစားနေစဉ်....

ဝမ်းသာပျော်ရွှင်စွာဖြင့် မြူးတူးအော်ဟစ်သံများက ရုတ် တရက် ဆူညံစွာ ထွက်ပေါ်လာသည်။

ထို့ကြောင့် သူက လှည့်ကြည့်လိုက်သည်။

ထိုအခါ စောစောက တိုက်ခိုက်ရန် ဟန်ပြင်နေကြသော လူအုပ်စုကြီးမှာ လက်ထဲမှ လက်နက်များကို ပစ်ချလိုက်ကြ ပြီး ပျော်ရွှင်စွာ ခုန်ပေါက်နေကြသည်ကို တွေ့လိုက်ရသည်၊

သူတို့ ပျော်မည်ဆိုပါကလည်း ပျော်သင့်ပေသည်၊

ယခုနေ့အသည်ကားဖ....



လူအဆက်ဆက်ခေါင်းများစွာ သေကြေပျက်စီးခြင်းမှ ကင်း လွတ်ပြီး၊ အစဉ်အလာတရစ်ကြီးပမာ ဖြစ်ခဲ့သော ချောင်းခရ လုပ္ပဲကြီး ပျောက်ကွယ်ခဲ့ရသော နေ့ပင်မဟုတ်ပါလော၊

* * *

## စာစု (၄)

### ပတ်ရုံဗိမ်းနှင့်မိန်းကလေး

(၁)

နှစ်တကျ်ဂေဟာမှ လူများသည် ရန်သူများအဖြစ်မှ မိတ်ဆွေများအဖြစ်သို့ ပြောင်းလဲသွားခဲ့သည်။

ဒဏ်ရာရထားသူများကို သူ့လူ ကိုယ့်လူ မရွေးပဲ ပြုစုကြသည်။

သေဆုံးသည့်လူများကိုလည်း သယ်မ၍ ထမ်းယူသွားကြသည်။

ကွင်းပြင်ကြီး တခုလုံးသည်၊ တိုက်ခိုက် အော်ဟစ်သံ စာ၊ ပျော်ရွှင်ကြည်နူးသံများက လွှမ်းမိုးနေသည်။

"လီ" ဂေဟာမှ ဦးစီးခေါင်းဆောင် 'လီစင်မု' နှင့် "ကျန်း" ဂေဟာမှ ဦးစီးခေါင်းဆောင် 'ကျန်းရှိရဲ" တို့နှစ်ဦး မှာအဦးနှင့် တဦး လက်ဆွဲနှုတ်ဆက်နေကြသည်။

သူတို့နှစ်ဦး အတန်ကြာ နှုတ်ဆက်နေကြပြီးနောက်၊ လီထိုက်ဟိုအား ရုတ်တရက် သတိရလိုက်သဖြင့် လီထိုက်ဟိုအား မျက်လုံးဝေ့ကာ ရှာဖွေလိုက်သည်။

သို့သော်...

လီထိုက်ဟိုအား ရှာ၍ မတွေ့ကြတော့ပေ။

လီထိုက်ဟိုသည်ကား လူအုပ်ကြီးအတွင်း၌ ပျောက်ခြင်း ပျောက်ကွယ်သွားလေပြီ။

လီထိုက်ဟို ထွက်ခွာသွားသည်ကို မည်သူမျှမမြင်မိလိုက်ကြပေ။

သို့ဆိုလျှင်....

လီထိုက်ဟိုသည် မည်သည့်အချိန်က ထွက်ခွာသွားလေသနည်း။

* * *

(၂)

လီထိုက်ဟို ကွင်းပြင်အဆယ်၌ စိတ်ထက်ပေါ့ပါးစွာ ထွက်ခွာလာခဲ့သည်။



သူသည် လမ်းလျှောက်လာယင်း၌ သူ့စိတ်ထဲတွင်သံသေဓာ ဖြစ်မိသည့် အကြောင်းကိစ္စတရပ်ကို စဉ်းစားနေမိသည်။

'ကျန်း' နှင့်'လီ' ဂေဟာနှစ်ဂေဟာ၏ ချောင်းရေလုပွဲသည် တအက်နှင့် တအက် တိုက်ခိုက် သတ်ဖြတ်သည်အထိ ပြင်းထန်ခဲ့သည်။

ဤသို့ ပြင်းပြင်းထန်တန် ဖြစ်ပွားသည့်အဆင့်သို့ ရောက်ရသည်မှာလည်း၊ သိုင်းလောကသားများ၏ ဝင်ရောက်စွက်ဖက်မှုကြောင့် ဖြစ်မည်ဟုထင်မိသည်။

စောစောက ငှက်ကြီးတောင်ဓားကိုင်သုံးဦးနှင့် ဝတ်စုံစိမ်းမိန်းမပျို၊ အညိုအမြစ် ဝတ်စုံနက်နှင့် လူနှစ်ဦး၊—

ယင်းတို့သည် အဆင့်မြင့်သိုင်းသမားများ ဖြစ်မည်မှာ မလွဲပါချေ။

ထိုအဆင့်မြင့် သိုင်းသမားများကို 'ကျန်း' နှင့်'လီ' နှစ်ဂေဟာ စလုံးကမည်သို့ ဖိတ်ခေါ်၍ တိုက်ခိုက်ခိုင်းလေသနည်း။

သိုင်းလောက၌ အဆင့်မြင့်သိုင်းသမားသည်၊ သူတို့နှင့် မဝတ်အက်သည့် ပြဿနာရပ်တခုအတွင်းသို့ အလွယ်တကူ ဝင်ရောက်ပတ်သက်ချင်ပါမည်လော။

ထိုသိုင်းလောက၏ အဆင့်မြင့် သိုင်းသမားများကို ငွေကြေးဖြင့် မက်လုံးပေးပြီး ခေါ်ယူခိုင်းခြင်းလည်း ဖြစ်စေနိုင်ပါမည်လော။

ဤကဲ့သို့လည်း မဖြစ်နိုင်ပါ။

သို့ဆိုလျှင်ဤကိစ္စသည် အမှန်တကယ်ပင် ထူးခြားမှု ရှိနေ ပြီမဟုတ်ပါလော။

* * *

(၃)

လီဆိုက်ဟိုက စဉ်းစားတွေးတောယင်း ဤချောင်းရေလု ပွဲ၏ ဇစ်မြစ်ကို သိချင်လာသည်။

ဇစ်မြစ်ကိုသိမှသာလျှင်လည်း ချောင်းရေလုပွဲကြီးကို အပြီး အပိုင် ပြေငြိမ်းစေမည်မဟုတ်ပါလား။

လီဆိုက်ဟိုက ထပ်မံ စဉ်းစားလိုက်မိပြန်သည်မှာ သိုင်း လောကသားများ၏ စိတ်ရောက် စွက်ဖက်မှုကြောင့် နောက် ထပ်တဖန် ချောင်းရေလုပွဲကြီး ပေါ်ပေါက်လာနိုင်သည်။

သို့ဆိုလျှင် တိုက်ပွဲ၏ ပြင်းထန်မှုသည် ယခုထက်ပိုဆိုး လာနိုင်ပေသည်။

ယင်းသို့ စဉ်းစားတွေးတောယင်း လျှောက်လာခဲ့ရာ လျှို့ယမ်းမြို့ကလေး၏တည်းခိုဆိုင်တဆိုင်ရှေ့သို့ရောက်လာ၏။

လီဆိုက်ဟိုသည် တည်းခိုဆိုင်တဆိုင်ထဲသို့ ဝင်လိုက်သည်။

ထို့နောက်...



ထိုညအဖို့တည်းခိုရန် အိပ်ခန်းတခန်းကို ငှားလိုက်သည်။

ထို့ကြောင့်....

အပေါ်ထပ်အခန်းသို့တက်ကာ အနားယူလိုက်သည်။

သူ့အတွက် ပေးထားသောအခန်းမှာ အပေါ်ထပ်တွင် ဖြစ်သည်။

ညစာ ထမင်းစားချိန် ရောက်သောအခါကျမှသာ အောက် ထပ်သို့ ဆင်းလာခဲ့သည်။

ထို့နောက်....

ညစာကို လျင်မြန်စွာ စားသောက်လိုက်သည်။

ညစာ စားပြီးသည်နှင့် အပေါ်ထပ်ရှိ အိပ်ခန်းသို့ ပြန်တက် လာခဲ့သည်။

အခန်းထဲတွင် ရေနွေးကြမ်းကိုသောက်ယင်း စားပွဲပေါ် တွင် ထွန်းညှိထားသော မီးအိမ်ကို ငေးကြည့်ကာ အတွေး နယ်ချဲ့နေမိသည်။

“ကျန်း” နှင့် “လီ” ဂေဟာနှစ်ဂေဟာ၏ ချောင်းရေလု ပွဲတွင် အကယ်၍ သိုင်းလောကသားအချို့ ဝါဝင်ပတ်သက်မှု ရှိနေသည်ဆိုပါက ထိုပြဿနာသည် ဤမျှနှင့် အေးဆေးသွား နိုင်မည်မထင်ပေ။

သိုင်းလောကသားများသည် အဘယ်ကြောင့် အပြစ်မဲ့ သော လူများကို သေကြေပျက်စီးအောင် ဖန်တီးနေကြပါသ နည်း။

အကယ်၍သိုင်းလောကသားအချင်းချင်းပြဿနာရှိခဲ့လျှင် လည်း ဖြေရှင်းနိုင်၍ ရနိုင်သော နည်းလမ်းများစွာ ရှိနေပေ

သည်။

ယခုမူ၊ အဘယ့်ကြောင့် အဖြစ်မရှိသည့် 'ကျန်း' နှင့် 'လီ' ဂေဟာမှ အဖြစ်မရှိသည့် လူများကို တန်ဆာခံ ပြုလုပ်ရပါ သနည်း။

ဤအချက်ကိုပင် လီထိုက်ဟိုက နားမလည်နိုင်အောင် ဖြစ်နေသည်။

စားပွဲပေါ်မှ လက်ဖက်ရည်ကြမ်းတအိုးမှင် ကုန်သွားပေ ပြီ။

သို့သော်....

လီထိုက်ဟိုတယောက်က စဉ်းစားကောင်းနေဆဲပင်....

* * *

(၄)

လီသိုက်ဟို နောက်ဆုံးတွေ့မိသည်က၊ ၂၀တ်စုံစိမ်း မိန်း မပျိုကလေး အကြောင်း ဖြစ်၏။

"လီ"ဂေဟာရှိ အဘိုးအို 'လီစင်မု' ဝင် သူမ၏အစည်ကို မသိပုံထောက်လျှင် ယင်းမိန်းကလေးသည် သူမသာ ယော အလျောက် 'ကျန်း' နဲ့ 'လီ' နှစ်ဂေဟာ၏ တိုက်ခိုက်ပွဲကို သာ



ခဲ့ဟန်တူသည်။

"ဝုန်း...."

ရုတ်တရက် ခေါင်းထဲသို့ ဝင်လာသော အတွေးကြောင့် လီထိုက်ဟိုက စားပွဲကိုလက်နှင့် ထုထိုက်မိခြင်း ဖြစ်သည်။

"ဟုတ်ပြီ....လီစင်မုကို သွားမေးယင်တော့ အကျိုး အကြောင်း နည်းနည်း ပါးပါးတော့ သိရမှာပဲ"

ဟု ထိုသို့ နှုတ်မှရေရွတ်လိုက်ပြီး စဉ်းစားနေပြန်သည်။

ထိုစဉ်....

"ခစ်" ကနဲ တိုးတိုးညင်းညင်း ရယ်မောလိုက်သည့်အသံ ကို လီထိုက်ဟို ကြားလိုက်ရ၏။

ဆိုင်းသမားများသည် အခန်းလူတို့ထက် ဖျက်စေ့လျင် နားပါးကြသည်။

လီထိုက်ဟိုမှာ အဆင့်မြင့်ဆိုင်းသမားတဦးဖြစ်၍ ခြေလှမ်း ထုံးသည်ဝန်းကျင်အတွင်း၌ ထူးခြားသော လှုပ်ရှားသံများကို ကြားနိုင်စွမ်းရှိသည်။

ယခုလည်း တိုးတိုးရယ်လိုက်သော ရယ်မောသံကို အူ ကောင်းစွာ ကြားလိုက်ရ၏။

လီထိုက်ဟိုက ချက်ချင်း သူ၏သံသေမားကို ဆွဲထုတ်လိုက် ပြီး ပြတင်းပေါက်ရှိရာသို့ လျှောက်လာခဲ့သည်။

ထို့နောက် ပြတင်းပေါက်ကို ဖွင့်လိုက်ပြီး ခုန်လွှားကာ ထွက်လိုက်၏။

သူသည် ပြတင်းပေါက်၏ အပြင်အရှေ့သက် အိမ်ခေါင်မိုး ပေါ်ထွက် ရပ်လိုက်မိသည်နှင့် ဝန်းကျင်သို့ လှည့်ပတ် ကြည့်ရှု

လိုက်သည်။

လူရိပ်လူရောင်ဟူ၍ လုံးဝမတွေ့ရချေ။

လီဘိုက်ထိုက မတ်တတ်ရပ်လျက် စဉ်းစားလိုက်မိသည်။

"အင်း …စောစောက ကြားလိုက်ရတဲ့ ရယ်သံဟာ တိုးညင်းပြီ ကြည်လင်လှတယ်၊ ဒီရယ်သံဟာ မိန်းကလေးတယောက်ရဲ့ ရယ်သံပဲဖြစ်ရမယ်၊ ဒါဆိုယင်၊ ဝတ်စုံစိမ်းနဲ့ မိန်းကလေးများ ဖြစ်နေမလား၊ ဟာ….သူဆိုယင် ပိုကောင်းတာပေါ့၊ ဟတ်း ငါကသူ့ကို တွေ့ချင်နေတာနဲ့ အခေတ်ပဲ"

ထိုသို့ လီထိုက်ဟိုက စဉ်းစားနေစဉ်….

ခပ်လှမ်းလှမ်း၌ လူရိပ်တခု လှစ်ကနဲ လှုပ်ရှားသွားသည်ကို တွေ့လိုက်ရသည်။

လီထိုက်ဟိုက စဉ်းစားမနေတော့ပါ။

"ရေပြင်ရှမ်ပျံ" ကိုယ်ဖော့ပညာဖြင့် လှစ်ကနဲ တွေ့လိုက်ရသော လူရိပ်နောက်သို့ပင် တဟုန်ထိုး ပြေးလိုက်သွားလေသည်။

ရှေ့က လူရိပ်သည် အိမ်ခေါင်မိုးကို တလုံးပြီးတလုံး ခုန်ကူးလျက် လျင်မြန်စွာ ပြေးလွှားနေသည်။

ထို့အတူ လီထိုက်ဟိုကလည်း လုံးဝအလွှတ်မပေးချေ။ ထိုလူရိပ်နောက်မှ ထက်ကြပ်မကွာ လျင်မြန်စွာ ပြေးလိုက်သည်။

မကြာမီ ပြေးနေသောလူရိပ်နှင့် ခြေလှမ်း ငါးဆယ်ခန့်အကွာသို့ ရောက်ရှိလာ၏။

ဤသို့ ပြေးသူကပြေး၍၊ လိုက်သူကလိုက်နေခဲ့ရာ မကြာမီ



မြို့ပြင်သို့ ရောက်ရှိသွား၏။

နောက်ဆုံး ရှေ့မှလူရိပ်သည်အသည် အိမ်ခေါင်မိုးပေါ်မှ ခုန်ဆင်းကာ မြို့ပြင်ဘက်သို့ ဆင်းသွားတော့သည်။

လူရိပ်၏ ပြေးလွှားနေသည့်အဟုန်မှာ လေကိုခွင်း၍ လွှတ်လိုက်သော မြားတစင်းပမာ လွန်စွာလျင်မြန်လှသည်။

လီထိုက်ဟို၏ ကိုယ်ဖော့ပညာသည်လည်း ရှေ့မှ ပြေးနေသော လူရိပ်ထက် မသာသည့်တိုင် စနိမ့်ကျနိုင်ခဝ။

ထို့ကြောင့်….

ယင်းသို့ တဖြည်းဖြည်းလိုက်ယင်းဖြင့် လူရိပ်နှင့်လီထိုက်ဟိုသည် ခြေလှမ်းသုံးဆယ်ခန့်သာ ကွာဝေးတော့သည်။

ထိုအခါ ရှေ့မှပြေးနေသော လူရိပ်၏ သဏ္ဌာန်ကို ပို၍ သဲသဲကွဲကွဲမြင်လာရသည်။

သူထင်ထားခဲ့သည့်အတိုင်း ဖြစ်နေသည်။

အကြောင်းမှာ ရှေ့မှလူရိပ်သည် မိန်းကလေးတယောက်၏ အရိပ်သဏ္ဌာန်ကို မြင်လိုက်ရသောကြောင့် ဖြစ်သည်။

ယခုအခါ လီထိုက်ဟိုက ပို၍အားစိုက်ပြီး ပြေးလိုက်သွားပြန်သည်။

ထိုစဉ်…

ရှေ့မှ မိန်းကလေးအရိပ်သည် လမ်းဘေးရှိ သစ်ပင်တပင်နောက်သို့ ရုတ်တရက် ဝင်ရောက် ပျောက်ကွယ်သွားတော့သည်။

* * *

(၅)

လီထိုက်ဟိုက သစ်ဝင်ကြီးဆီသို့ သတိအနေအထားဖြင့် ရှုးစိုက်ကြည့်ကာ လျှောက်သွားသည်။

ထင်းဆွဲလျှောက်လာရာ သစ်ဝင်နှင့် မလှမ်းမကမ်းနေရာသို့ ရောက်သောအခါ၊ လီထိုက်ဟိုက လှမ်းအော်၍ မေးလိုက်သည်။

"ခင်ဗျားဘာကြောင့် ပုန်းနေရတာလဲ"

ထိုအခါ မိန်းမပျိုတစ်ယောက်သည် သစ်ဝင်နောက်ကွယ်မှ ထွက်လာသည်ကို တွေ့လိုက်ရသည်။

လီထိုက်ဟို၏ ထင်မြင်မှုသည် အမှန်တကယ်ပင် ဖြစ်နေကြောင်း တွေ့လိုက်ရသည်။

ချောင်းရေ တိုက်ခိုက်ပွဲတွင် တွေ့ခဲ့ရသော ဝတ်စုံစိမ်းနှင့် မိန်းကလေးက ပြုံးလျက် ရပ်နေသည်။

အတန်ကြာမှ သူမက လီထိုက်ဟိုအား လှမ်းပြောလိုက်သည်။

"မေးခွန်းထုတ်ရမှာက ကျွန်မရှင့်၊ အခုလို ညကြီးမိုးချုပ် အချိန်မှာ၊ ကျွန်မလို မိန်းမသားနောက်ကို ရှင်က ဘာရည်ရွယ်ချက်နဲ့ သဲသဲမဲမဲလိုက်နေရတာလဲ"

ဝတ်စုံစိမ်းနှင့် မိန်းမပျို၏ အမေးကြောင့် လီထိုက်ဟို



မျက်နှာပူသွားမိသည်၊ ရှက်သွေးဖြန်းကာနဲဖြစ်ကာ မျက်နှာ တပြင်လုံး နီရဲသွားတော့သည်။

လီထိုက်ဟိုက သူ့အနေနှင့် သူ့အပေါ် အထင်မှားစေရန် ရှင်းပြလိုက်သည်။

"မှန်တာကို ပြောရယင်တော့၊ ကျွန်တော့မှာ စဉ်းစား အဖြေရှာလို့မရတဲ့ အကြောင်းတစ်ခုရှိနေပါတယ်၊ ဒါကြောင့် မိန်းကလေးနဲ့ တွေ့ချင်နေတဲ့ဆန္ဒ ကျွန်တော့မှာ ရှိနေတယ်၊ အခန်းထဲမှာ အဲဒီအကြောင်းကို စဉ်းစားနေတုန်း မိန်းကလေးရဲ့ ရယ်သံကို ကြားလိုက်ရလို့ ထွက်လာခဲ့မိတာပါ၊ ဒီလောက်ထိ သဲကြီးမဲကြီး လိုက်လာခဲ့ရတာ ကတော့ ကျွန်တော် သိချင်တာလေးတွေ မိန်းကလေးကို မေးချင်လို့ပါ"

"ဪ ဒီလိုလား"

မိန်းမပျိုကလေးက အံ့အားသင့်ဟန်ဖြင့် နှုတ်မှ ရေရွတ်လိုက်သည်။

သူမ၏ တောက်ပရွှန်းလဲ့သော မျက်လုံးအစုံဖြင့်သာ သူ့အား စိုက်ကြည့်နေသည်ကို လီထိုက်ဟိုက လရောင်ဖြင့် တွေ့လိုက်ရ၏။

လီထိုက်ဟိုက သူမအား မေးလိုက်သည်။

"ကျွန်တော်မေးတာကို ခင်ဗျားဖြေနိုင်မလား"

မိန်းမပျိုကလေးက ရယ်မောလိုက်ပြီး ...

"ရှင်မေးတာ ကျွန်မမဖြေခင်၊ ကျွန်မမေးတာကို ရှင် အရင်ပြောပါ၊ ဒီနေ့တိုက်ပွဲမှာ ရှင့်ကိုယ်ရှင် လီထိုက်ဟိုလို့ ပြောခဲ့တယ်၊ ဒါဟာ အမှန်ပဲလား"

လီဆိုက်ဟိုက ရယ်မောလိုက်ပြီး ပြန်ဖြေလိုက်သည်။

"ကျွန်တော် ထူတာပေါ်နာမည်ကို အလွဲသုံးစား မလုပ်တတ်ပါဘူး"

မိန်းမပျိုလေးက....

"ဒီလိုဆို ရှင့်ကိုဆက်ပြီးမေးရအုံးမယ်၊ ရှင့်လိုနံပါတ်တစ် ထိပ်တန်းစားသမားတယောက်က ဘာကြောင့်ရုပ်ဖျက်ထားရတာလဲ၊ ရှင့်ရဲ့ရုပ်သွင် အစစ်အမှန်ကို ဘာကြောင့် လူတွေမြင်မှာ စိုးနေရတာလဲ"

လီဆိုက်ဟိုက ချက်ချင်း ပြန်မဖြေသေးပဲ၊ အတန်ကြာအောင် စဉ်းစားလိုက်ပြီးမှ ပြောလိုက်သည်။

"အင်း... ခင်ဗျားရဲ့မျက်လုံးက စူးရှထက်မြက်လှပေတယ်၊ မိန်းကလေးဟာ ရုပ်ပြောင်းရုပ်လွှဲ ပညာကိုလဲ ကျွမ်းကျွမ်းကျင်ကျင် တတ်ထားပုံရတယ်လို့ ကျွန်တော်ထင်ထားတယ်၊ ဘာကြောင့်လဲဆိုတော့ တော်ရုံလူတယောက်ဟာ ကျွန်တော် ရုပ်ဖျက်ထားတာကို ဘယ်လိုမှ မသိနိုင်လို့ပဲ၊ ကဲ....ခင်ဗျား မေးတာကိုကျွန်တော်ဖြေပြီးပြီ၊ အဲဒီတော့ ကျွန်တော် ခင်ဗျားကို ပထမဆုံး မေးချင်တာက ခင်ဗျားနာမည် ဘယ်လိုခေါ်သလဲ"

မိန်းမပျိုလေးက ဦးခေါင်းကို ခါယမ်းလိုက်ပြီးမှ ပြောလိုက်သည်။

"အို...ကျွန်မ ဘယ်သူဘယ်ဝါဆိုတာ ရှင့်ကိုအယင် ပြောမပြနိုင်ဘူး၊ ရှင်က ကျွန်မကို ဘယ်သူဘယ်ဝါ ဖြစ်တယ် ဘာကြောင့် ရုပ်ဖျက်ထားရတယ်၊ ရှင်လျှို့ယမ်းမြို့ကို ဘာ



လုပ်ဖို့သာတယ်၊ ပြီးတော့ ရှင့်ကို ဘယ်သူက စေခိုင်းလိုက်တယ် ဆိုတာတွေကို အယင်ပြောပြပါ"

မိန်းမပျိုလေးက သူမ၏စကားဆုံးသည်နှင့် ဦးခေါင်းကို တဆတ်ဆတ်ညိတ်လိုက်သင်း....

"အင်း...ရှင်က ကျွန်မမေးခွန်းတွေကို ဖြေချင်မှာမဟုတ်ပါဘူး၊ ကျွန်မကလဲ ရှင့်ကို အတင်း မပြောခိုင်းပါဘူးရှင့်၊ ဒါပေမယ့် ရှင်လျှို့ယမ်းမြို့ကို လာပြီး 'ကျန်း'နှင့် 'လီ' နှစ်ယောက်ရဲ့ ပြဿနာထဲကို ဝင်စွက်မိတဲ့အတွက် ရှင့်အကြောင်းကို လူအချို့က စုံစမ်းကြမှာတော့ သေချာတယ်"

ထိုအခါ လီဆိုက်ဟိုက ရယ်ကြဲကြဲအမူအရာဖြင့်....

"ကျွန်တော့အကြောင်းကို ခင်ဗျားတကယ်ပဲသိချင်တယ်ဆိုယင်၊ ကျွန်တော်ခပြောပြဖို့ ဝန်မလေးပါဘူး၊ ကျွန်တော် ဟာ လီဆိုက်ဟိုဆိုတာ အမှန်ပဲ၊ ရုပ်ဖျက်ထားရတဲ့အကြောင်းရင်းကတော့ ကျွန်တော်ဆရာရဲ့မှာကြားချက်အရ လုပ်ဆောင်ရတာပါ၊ ကျွန်တော့ဆရာက ဒီလိုရုပ်ပြောင်းရုပ်လွှဲ လုပ်ပြီး တတ်မြောက်ထားတဲ့ သိုင်းပညာနဲ့ နယ်အနှံ့ ပြည်သူတွေရဲ့ အန္တရာယ်ဝေါင်းစုံကို နှိမ်နင်းခိုင်းပါတယ်၊ အထူးသဖြင့် သိုင်းလောကသား အချင်းချင်း ရန်ငြိုးဖွဲ့ တိုက်ခိုက်သတ်ဖြတ်နေတာတွေကို တတ်နိုင်သလောက် ဖြေရှင်းပေးပြီး လောကကြီးရဲ့ အေးချမ်းမှုကို ဆောင်ရွက်စေပါတယ်"

မိန်းမပျိုလေးက မျှင်မျှင်လေး ရယ်လိုက်ပြီး....

"ဟင်း....ဟင်း...အဲဒါဟာ ရုပ်ဖျက်ပြီး လျှို့လျှို့ဝှက်ဝှက် နေတာနဲ့ ဘာဆိုင်လို့လဲ"

လီထိုက်ဟိုက လေးနက်တည်ကြည်စွာဖြင့်——

"ဒီလိုကျွန်တော်သွားလာနေတာဟာ၊ လျှို့လျှို့ဝှက်ဝှက် နေတယ်လို့မဆိုနိုင်ပါဘူး၊ ကျွန်တော့်ဆရာဟာ ကျော်ကြားမှုကို မလိုလားတဲ့အတွက် ထင်ထင်ပေါ်ပေါ် မနေခဲ့ပါဘူး၊ ကျွန်တော်ဟာလဲ ကျွန်တော့်ဆရာလိုပါပဲ၊ နံပါတ်တစ် ဓားသမားရယ်လို့ လူတွေအမြင်မှာထင်ရှားမကျော်ကြားချင်ဘူး၊ ဒီလောက်ဆိုယင် ကျွန်တော်အကြောင်း ရုပ်ဖျက်ပြီး သွားလာ လှုပ်ရှားနေရတယ်ဆိုတာ ခင်ဗျားသဘောပေါက်လောက်ပါပြီ"

မိန်းမပျိုလေးကလည်း ပြုံးနေသော သူမ၏မျက်နှာကို တည်ကြည်သောအသွင်သို့ ပြောင်းလိုက်ကာ——

"ဒီလိုဆိုယင်၊ ရှင်အခု ဒီ လျူယမ်းမြို့ကိုရောက်လာတာဟာ၊ ခရီးသွားယင်း ကြုံကြိုက်လို့ ဝင်လာခဲ့တာပဲပေါ့၊ ဟုတ်လား"

လီထိုက်ဟိုက ခေါင်းကို အသာအယာညိတ်လိုက်ပြီး....

"ဟုတ်ပါတယ်....ဒါနဲ့၊ ခင်ဗျားကရော ဒီ လျူယမ်းမြို့ကို ရောက်လာတာဟာ 'လီ' ဝေဟာ အက်က ကူညီတိုက်ခိုက်ပေးဖို့ အကြောင်းတခုခုကြောင့်လား၊ ကျွန်တော်ကတော့ ခင်ဗျားမှာ တခြားအကြောင်းကိစ္စ တခုရှိနေအုံးမယ်လို့ ထင်တယ်၊ အကြောင်းလဲဆိုတော့ သိုင်းလောကသားတွေဟာ ထူးခြားတဲ့ အကြောင်းအရင်းတခု မရှိပဲနဲ့ ပြည်သူအချင်းချင်း ဖြစ်ပွားကြတဲ့ ပြဿနာတွေထဲမှာ ပါဝင်စွက်ဖက်လေ့ မရှိကြဘူး"



ထိုအခါ မိန်းမပျိုလေးက အနည်းငယ် ပြုံးရယ်လိုက်ပြီးမှ ပြန်ပြောလိုက်သည်၊

"ရှင့်အတွေးအခေါ် မဆိုးပါဘူး၊ ရှင်က အဲဒီထူးခြားတဲ့ အကြောင်းကို သိချင်နေတယ်မဟုတ်လား"

ထိုစဉ်——

လီထိုက်ဟို၏နံဘေးအမှောင်ရိပ်မှ တိုးညင်းစေးတွဲ့သော ယောက်ျားပျိုတယောက်၏ အသံတသံက ရုတ်တရက်ပေါ် ထွက်လာသည်၊

"အစ်မ...လေး"

"တိတ်စမ်း... ဘာမှ ဝင်မပြောနဲ့"

လီထိုက်ဟိုက တချက်ပြုံးလိုက်သည်၊

ပြီးမှ....

"ဩော်..ဩော်... နေ့လယ်ခင်းက တိုက်ပွဲမှာ ကျွန်တော့်ကို တားကြတဲ့ မိတ်ဆွေနှစ်ယောက်ထင်ပါရဲ့၊ ခင်ဗျားတို့နှစ်ယောက်ကို ကျွန်တော်အထူးပဲ အတိုးချင်ပါတယ်၊ နောက်နောင် အခုလို တိတ်တဆိတ် ကျွန်တော့်အနားကို လာကပ်ဖို့ မကြိုးစားကြပါနဲ့"

မှောင်ရိပ်ထဲမှလူက လီထိုက်ဟိုပြောသည်ကို ဂရုစိုက်ပဲ၊ မိန်းမပျိုကိုသာ လှမ်းပြောလိုက်ပြန်သည်၊

"အစ်မလေး....ဒီလူဟာ အဆင့်မြင့်သိုင်းသမားတယောက်ပဲ၊ ဘယ်ကလာတဲ့လူမှန်း တိတိကျကျမသိရသေးပဲနဲ့၊ သူ့ကို ယုံကြည်ဖို့မသင့်သေးဘူး"

မိန်းမပျိုက အေးစက်စွာ ရယ်မောလိုက်ပြီး....

“မင်းတို့နှစ်ယောက်ဟာ အရှက်ကိုမရှိဘူး၊ နှစ်ယောက်ပေါင်းပြီးတော့ သူ့ကိုမတားနိုင်ပဲနဲ့၊ ဝေးဝေးကို သွားကြစမ်း”

ပြောပြောဆိုဆို လီဆိုက်ဟိုဘက်သို့ ပြန်လှည့်လိုက်ပြီး၊ ပြုံးရယ်လျက်ပြောလိုက်သည်။

“ရှင်ဟာတကယ်ပဲ ကျွန်မ ဒီ လျှိုသမ်းမြို့ကို လာရတဲ့ အကြောင်းရင်းကို သိချင်နေသလား”

လီဆိုက်ဟိုက ခေါင်းညိတ်ပြလိုက်ပြန်သည်။

ပြီးမှ....

“ကျွန်တော်စောစောက ပြောပြခဲ့တဲ့အတိုင်း၊ ကျွန်တော်ဟာ ငြိမ်းချမ်းမှုကို လိုလားသူတယောက်ပါ၊ အခုကိစ္စဟာ တကယ်လို့ သိုင်းလောကသားအားလုံးအတွက် ခိုက်ရန်ဖြစ်ပွားစေမယ့် အကြောင်းဆိုယင်တော့၊ သိချင်ပါတယ်”

မိန်းမပျိုက လီဆိုက်ဟို၏စကားကြောင့် ခေတ္တစဉ်းစားနေပြီးမှ အေးစက်သောအမူအရာဖြင့် ပြောလိုက်သည်။

‘ကျွန်း’ နဲ့ ‘လီ’ နှစ်ဂေဟာရဲ့ အရေးအခင်းကို ကျွန်မတော့ ဝဲ လှုံ့ဆော်ပြီး အားပေးအားမြှောက်လုပ်နေတယ်လို့ ရှင်ကထင်နေသလား”

လီဆိုက်ဟိုက ခေါင်းကိုတချက်ခါယမ်းလိုက်ပြီး....

“အင်း....ခင်ဗျားရဲ့ အမေးက သိပ်ကို လေးနက်နေပါတယ်၊ ကျွန်တော်က ဒီလိုထင်မြင်လို့ မေးတာ မဟုတ်ပါဘူး၊ ‘ကျွန်း’ နဲ့ ‘လီ’ နှစ်ဂေဟာရဲ့ အရေးအခင်း[illegible]င်၊ သိုင်းလောကသားတွေဟာ အဲဒါကြောင့် ဒီလောက် လှုပ်လှုပ်ရှား



ရှားဖြစ်ပြီး၊ သူ့ဘက် ကိုယ့်ဘက် ပါဝင်တိုက်ခိုက်လိုကြတာကိုပဲ သိချင်တာပါ”

မိန်းမပျိုက အတန်ကြာအောင် စဉ်းစားနေသည်။

ပြီးမှ လီဆိုက်ဟိုအား ပြောလိုက်သည်။

“ကောင်းပြီ၊ ရှင့်ကို ကျွန်မ ပြောပြမယ်၊ ဒါပေမယ့်၊ ကျွန်မပြောမပြခင်မှာ၊ ရှင် ကျွန်မကို ကတိနှစ်ခုပေးရလိမ့်မယ်”

ထိုအခါ လီဆိုက်ဟိုက....

“ပြောပါ၊ ကျွန်တော်ဘာကတိပေးရမလဲ၊ သူတပါးရဲ့အကျိုးစီးပွားကို မထိခိုက်စေမယ့်ကိစ္စမျိုးဆိုယင် ကျွန်တော် ပေးဖို့အသင့်ပါပဲ”

မိန်းမပျိုလေးကပြုံးလိုက်ပြီး......

“သိပ်ကြီးကျယ်တဲ့ကိစ္စမဟုတ်ပါဘူး၊ ရှင်ပေးရမယ့်ပထမကတိက ရှင့်မျက်နှာအစစ်အမှန်ကို ဖော်ပြပါမယ်ဆိုတာပဲ၊ နောက်တခုက ကျွန်မရဲ့ဖိတ်ခေါ်မှုကိုလက်ခံပြီး ကျွန်မနေထိုင်ရာ ‘ယိုးလင်’ ဂေဟာကိုဧည့်သည်အဖြစ် သုံးရက်တိတိ လိုက်နေပါမယ်ဆိုတဲ့ကတိပဲ”

လီဆိုက်ဟိုက အတန်ငယ်တွေဝေစဉ်းစားလိုက်ပြီးမှ ပြန်ဖြေလိုက်သည်။

“ခင်ဗျားရဲ့ဖိတ်ခေါ်မှုကို ကျွန်တော်ဝမ်းသာစွာနဲ့လက်ခံပါတယ်၊ ခင်ဗျားရဲ့ဂေဟာကိုရောက်တာနဲ့ ကျွန်တော့်ရဲ့ရုပ်သွင်အမှန်ကိုဖော်ပြပေးပါမယ်ဆိုယင်ကော ခင်ဗျားအနေနဲ့ ကျေနပ်နိုင်မလား”

မိန်းမပျိုလေးက ပြုံးရွှင်စွာရယ်လျက် ဦးခေါင်းကိုညိတ်လိုက်သည်။

ထို့နောက်....

နောက်ဘက်သို့လှည့်၍ လက်ယပ်ခေါ်ဟန်ပြုလိုက်၏။

တခဏအတွင်း၌ပင်....

ချောင်ရိပ်တွင်း၌ဝတ်စုံနက်နှင့်လူနှစ်ယောက်သည်၊ မြင်းနှစ်ကောင်ကိုဆွဲ၍ထွက်လာသည်ကိုတွေ့လိုက်ရသည်။

လီထိုက်ဟိုဘကယ်ပစ် မိန်းမပျိုလေးနှင့်အတူ 'ယိုးလင်' ဝေယာသို့လိုက်သွားတော့မည်လော၊

သူသည် သူ၏ရုပ်သွင်အစစ်အမှန်ကို အမှန်ထကယ်ဖော်ထုတ်ပြသတော့မည်လော၊

ဤသည်တို့ကား လီထိုက်ဟိုတယောက်မှလွဲ၍ မည်သူမျှ သိနိုင်ကြမည်မဟုတ်ပေ။

* * *

(၆)

မိန်းမပျိုလေးက မြင်းတကောင်ပေါ်သို့ ဦးစွာခုန်လွှားတက်လိုက်သည်။

မြင်းပေါ်သို့ရောက်၍ထိုင်လိုက်ပြီးသည်နှင့် ကျန်မြင်းတကောင်အားလက်ညှိုးထိုး၍ပြောလိုက်သည်။



"မြင်းပေါ်တက်ကြပါရှင်"

လီထိုက်ဟို ရုတ်တရက်အံ့အားသင့်သွားသည်။

သို့သော်....

သူက ချက်ချင်းအဘောပေါက်သွားပြီး မိန်းမပျိုညွှန်ပြသည့်မြင်းပေါ်သို့လွှားကနဲခုန်တက်လိုက်၏။

မိန်းမပျို၏မြင်းသည် တချက် 'ဟီ' သံပြုကာ ရှေ့မှလျင်မြန်စွာပြေးသွားလေသည်။

လီထိုက်ဟိုကမြင်းစီးလျက် နောက်မှထက်ကြပ်မကွာပြေးလိုက်သွားသည်။

မကြာမီ.......

မြင်းနှစ်စီးသည် ရင်ဘောင်တန်းလျက်လမ်းမကြီးအတိုင်းခုန်စိုင်း၍ မောင်းနှင်လျက်ရှိသည်။

မြင်းနှစ်ကောင်၏ပြေးနှုန်းအလျင်မြန်လှသည်။

ထို့ပြင်....

ယင်းမြင်းနှစ်ကောင်သည် ပြန်ရာလမ်းကိုလည်းမှတ်မိသိရှိထားပုံရသည်။

ညအခါ မှုန်ဝါးဝါးလရောင်ဖြင့် မပီဝိုးတဝါးရှိနေသော်လည်း၊ မြင်းနှစ်ကောင်သည်ရေတိမ်ချောင်းကိုတွေ့လျှင် သူတို့စာသာအရှိန်သပ်၍ဖြတ်ကျော်သွားကြသည်။

ကြမ်းတမ်းသော တောလမ်းကို တွေ့ရသောအခါတွင်လည်း၊ ခွာထိုမခေါက်စေပဲ ထိန်း၍ပြေးလွှားသွားတတ်ကြသည်။

ဤသည်ကားမစ် လီထိုက်ဟိုအတွက်ထူးဆန်းနေသည်။

ရေးမည်မျှဝေါက်ရောက်ခဲ့ပြီကိုပင်မသိတော့ပေ။
မိုးသောက်ရောင်ခြည်ဝင်ပေါ်ပေါက်လာခဲ့ချေပြီ။
မကြာမီ....
ထင်းရှူးတောအုပ်ကြီး၊ တစ်ခုရှေ့သို့ သူတို့နှစ်ယောက်ရောက်လာခဲ့ကြသည်။
မိန်းပေါ့ သည် ရှေ့မှနေ၍ဦးဆောင်ကာ ထင်းရှူးတောအုပ်အတွင်းသို့ မြင်းကိုအသော့နှင်၍ဝင်သွားသည်။
လီထိုက်ဟို၏မြင်းမှာ ထင်းရှူးတောအုပ်အတွင်းသို့ရောက်ရှိလာသည်နှင့်ပြေးနှုန်းကျလာသည်။
ထို့မှ ခြေလှမ်းကိုစိတ်စိတ်ကလေးပြေးနှင်သွားပြီးနောက် ရုတ်တရက်ရပ်တန့်သွားသည်။
ထို့ကြောင့်...
လီထိုက်ဟိုက မြင်းဇက်ကြိုးကိုဆွဲ၍ မြင်းကိုနှင်ကြည့်သည်။
သို့သော်....
မြင်းကရပ်မြဲရပ်နေသေးသည်။
မြင်း၏ခန္ဓာကိုယ်ပေါ်မှချွေးများ ရွှဲရွှဲစိုအောင်ထွက်နေသည်ကို လီထိုက်ဟိုသတိပြုမိလိုက်သည်
ထို့ကြောင့်....
လီထိုက်ဟိုသည် မြင်းပေါ်မှခုန်ဆင်းလိုက်သည်။
ဤတွင် လီထိုက်ဟိုမှာရုတ်တရက် ထိတ်လန့်တကြား နောက်သို့ခုန်ဆုတ်လိုက်မိသည်။
လီထိုက်ဟိုမြင်းပေါ်မှခုန်ဆင်းလိုက်ပြီး၊ မြေပြင်ပေါ်သို့



ရောက်သည်နှင့်တပြိုင်နက်၊ မြင်းမှာရုတ်တရက်အဆုန်ဝေါ်၍ ရှေ့တူရူသို့ထွက်ပြေးလေတော့သည်။
လီထိုက်ဟိုမှာ အံ့အားသင့်စွာငေးကြည့်နေမိစဉ်မှာပင်၊ မြင်းမှာထင်းရှူးတောလမ်းအတိုင်းပြေးဝင်ပျောက်ကွယ်သွားလေတော့သည်။
လီထိုက်ဟိုက ထင်းရှူးတောစပ်တွင်တယောက်တည်းရပ်လျက်၊ ခေတ္တစဉ်းစားလိုက်ပြီးမှ တောလမ်းကလေးအတိုင်း ရှေ့သို့ဆက်၍လျှောက်လာခဲ့သည်။
လီထိုက်ဟို ခြေလှမ်းငါး၊ ဆယ်ခန့်လှမ်းမိသေးအခါ၊ ရှေ့မလှမ်းမကမ်းရှိ တင်းရှူးပင်တပင်၏ဝင်စည်တွင် မည်းနက်ပြောင်ဝင်းလျက်ရှိသော သစ်သားမြားတပြားထွဲချိတ်ထားသည်ကိုတွေ့လိုက်ရ၏။
သစ်သားပြားပေါ်တွင် စုတ်ချက်အတိုင်း၊ ထွင်းထားသောစာလုံးလေးလုံးကို လီထိုက်ဟိုသည် အသံထွက်အောင်ဖတ်လိုက်သည်။
"ယိုးလစ်ဂေဟာ"

* * *

## စာစု (၅)

မြွေပွေးပိုးထိသူ

---

### (၁)

ယိုးထင်စေဟာဆီသို့ ဝင်ရာထင်းရှူးတောလမ်းမကြီးကား တိတ်ဆိတ်ငြိမ်သက်လျက်ရှိ၏။

အရုဏ်ဦး၏နုခြည်သွေးက ထင်းရှူးပင်မြင့်ထက်မှ ယှက်ဖြာကျလျက်ရှိသည်။

ထင်းရှူးတောလမ်းကလေးမှာ ကျောက်စရစ် ခဲကလေးများဖြင့် ပြည့်သိပ်စွာခင်းထားသည်။



လမ်းကလေးက ဖြောင့်တန်း၊ နေခြင်းမရှိပဲ ကွေ့ကွေ့ကောက်ကောက်ရှိနေပေသည်။

လီဘိုက်ဟိုက ထင်းရှူးတော လမ်းကလေးအတိုင်း ခြေလှမ်းမှန်မှန်ဖြင့် လျှောက်ဝင်လာသည်။

ထိုလမ်းကလေးမှာ အတော်အတန် ရှည်လျားလျက်ရှိသည်။ ဗယ်ချိုး ညာကွေ့ဖြင့် အတော်အတန်ကြာအောင် လျှောက်လာခဲ့ပြီးနောက်၊ တဲအားသေးတခုကို တွေ့လိုက်ရသည်။

တဲတားလေးမှာ သေချာကျနစွာ ဆောက်လုပ်ထားသော တဲတားတခုမဟုတ်ပေ။ ခုတ်လှဲထားသော ထင်းရှူးပင်စည် နှစ်ခုအား အကိုင်းအလက်များ သင်၍ ပူးကပ်ခင်းထားခြင်းသာဖြစ်သည်။

ထင်းရှူးသစ်လုံးတဲတားအောက်တွင် နက်ရှိုင်း၊ လှေသော မြောင်းတခုကို တွေ့လိုက်ရသည်။

လီဘိုက်ဟိုက တဲတားထိပ်တွင်ရပ်လျက် မြောင်းအတွင်းသို့ငုံ့ကြည့်လိုက်သည်။ မြောင်း၏ အကျယ်မှာ ဆယ်တောင်ခန့်ရှိသည်။ မြောင်းအတွင်းတွင် ညစ်ပုပ်ပုပ် ရွှံ့ညွန်များနှင့် ရေစပ်စပ်ကိုသာ တွေ့ရသည်။

လီဘိုက်ဟို မျက်မှောင်ကုပ်လိုက်ပြီး၊ မြောင်းအတွင်းသို့ သေချာစွာ စူးစူးစိုက်စိုက်ကြည့်လိုက်မိသည်။

ထိုအခါ မြောင်းအတွင်းရှိ ရွှံ့ညွန်များပေါ်တွင် ထိုးထိုးထောင်ထောင်ထွက်နေသော အရာများကို တွေ့ရသည်။

ထိုအရာများမှာ မည်းနက်နေပြီး အသွားများချွန်ထက်နေ

အဇယောင်ရှိသည်။

လီထိုက်ဟိုချက်ချင်းပင် ရိပ်မိလိုက်လေသည်။ မည်းနက်ချွန်ထက်သောအသွားများကို အစပေါ်သို့ ထောင်ထားသောအရာမှာ ဓားများပင်ဖြစ်သည်။

ဆင်ရှူးပင်စည်တံးတား၏ တဘက်တွင် ခြံတံခါးကြီးတခုကို လီထိုက်ဟိုလှမ်းမြင်နေရ၏။

တံခါးမကြီးသည်။ သစ်သားဖြင့် ပြုလုပ်ထားပြီး၊ တံခါးပေါ်တွင် ထက်မလုံးခန့် သံမှိုများရိုက်ထားသည်။

တံခါးကြီးမှာ စေ့ထားရုံသာ စေ့ထားသည်။ တံခါးမကြီး၏ရှေ့တွင်လူရိပ်လူရောင်ဟူ၍ လုံးဝမမြင်။ လူသံမကြားဝဲ ထူးခြားစွာပင် တိတ်ဆိတ်လျက်ရှိသည်။

လီထိုက်ဟိုတံတားထိပ်တွင် ရပ်လျက် စဉ်းစားနေမိသည်။

တကယ်တော့သူ့ကိုခေါ်လာခဲ့သော မိန်းမပျိုလေးသည် တာဝန်မကျေပါ။

သို့သည်ကို အယောက်အည်းထားခဲ့ကာ ပျောက်ချက်သားကောင်းနေသည်မှာ တာဝန် မကျေခြင်းပင် မဟုတ်ပါလော။

ဤမိန်းမပျိုလေးက သူ့ကို နောက်ပြောင် ကျီစယ်နေသည်တော့ မဖြစ်နိုင်ပါပေ။

စဉ်စစ်....

လီထိုက်ဟိုတယောက် မိန်းမပျိုလေးနှင့် လိုက်ပါလာခဲ့ခြင်းသည် 'ကျန်း'နှင့် 'လီ'နှစ်ဂေဟာ ပြဿနာတွင် သိုင်းလောကသားများပါဝင်ပတ်သက်နေရသည့် အကြောင်းရင်း



ကိုသိလိုသောအကြောင့်သာဖြစ်သည်။

ယခု သူသည် ယိုးလင်ဂေဟာရှေ့သို့ပင် ရောက်ရှိလာခဲ့ပေပြီ။

ယိုးလင်ဂေဟာကား မည်ကဲ့သို့သော ပုဂ္ဂိုလ်များနေထိုင်ရာဌာနပေနည်း။

ယိုးလင်ဂေဟာမှလူများသည် လျူယမ်းမြို့မှ 'ကျန်း'နှင့် 'လီ နှစ်ယောက်၏ အရေးအခင်းတွင် မည်ကဲ့သို့ပါဝင် ပတ်သက်နေပါသနည်း။

လီထိုက်ဟိုက ဦးခေါင်းကို မော့လိုက်ပြီး ဝင်းတံခါးမဆီသို့လှမ်းကြည့်လိုက်၏။ ထို့နောက်အသံကိုမြှင့်၍ အော်ခေါ်လိုက်သည်။

* *

(၂)

"ဗျို့....အိမ်ရှင်တို့——အိမ်ရှင်တို့"

ခြံဝတွင်ရပ်လျက် လီထိုက်ဟိုက အော်ခေါ်လိုက်သည်။

ဤယိုးလင်ဂေဟာမှ တဦးတည်းသောသိသူမှာ သူ့အားဖိတ်ခေါ်လာသူမိန်းမပျိုကလေးသာဖြစ်သည်။

ယခု ထိုမိန်းမပျိုလေးမှာ သူ့ကိုထင်းရှူးတောအဝင်အဝတွင် ပစ်ထားခဲ့ပြီး ပျောက်ချက်သား ကောင်းနေသည်။

ထိုမိန်းမပျို၏အမည်ကို လီထိုက်ဟိုမသိလိုက်ပါ။ သို့သော် သူ့ရှေ့တွင် ဝတ်စုံနက်နှင့် လူနှစ်ဦးက ထိုမိန်းမပျိုလေးအား 'အစ်မလေး' ဟု ခေါ်လိုက်သည် ကိုတော့ သူကြားလိုက်မိသည်။

ထို 'အစ်မလေး' ဟူသော အခေါ်အဝေါ်သည်၊ ဤယိုးသင်ဂေဟာတွင် မည်သည့်အဆင့်တွင် ရှိပါသနည်း။ အိမ်ရှင်သခင်နှင့်ရော မည်သို့ ဆက်သက်တော်စပ်သူ ဖြစ်ပါသနည်း။

လီထိုက်ဟိုတွေးတောနေမိစဉ်၊ ရုတ်တရက် တံခါးမကြီးသည် တဖြည်းဖြည်းပွင့်လာပြီးနောက်၊ ဝတ်စုံနက်နှင့် လူတဦးထွက်လာသည်။

ထိုဝတ်စုံနက်နှင့်လူက လီထိုက်ဟိုအား အေးစက်သော အမူအရာဖြင့်ကြည့်ကာ ပြောလိုက်သည်။

"ခင်ဗျားက လီထိုက်ဟိုမဟုတ်လား၊ ခင်ဗျားဟာ တကယ်ပဲ လီထိုက်ဟို အစစ်ဆိုယင် ဒီတံခါးပေါက ဖြတ်လျှောက်ပြီး ကြွခဲ့ပါလို့ ကျွန်တော်တို့ဂေဟာရဲ့သခင်ကြီးကမှာလိုက်ပါတယ်၊ ခင်ဗျားကို သခင်ကြီးက ဧည့်ခန်းမှာ အသင့်စောင့်ကြိုနေပါတယ်"

ဝတ်စုံနက်နှင့်လူက စကားကို ခေတ္တရပ်ထားလိုက်ပြီး၊ လီထိုက်ဟိုကို သေချာစွာ အကဲခတ်ကြည့်လိုက်သည်။ ပြီးမှ ဆက်၍ ပြောလိုက်ပြန်သည်။

"ခင်ဗျားကို ကြိုပြီးသတိပေးလိုက်မယ်၊ ခင်ဗျား အခု ယိုးသင်ဂေဟာထဲကိုဝင်ရောက်နိုင်ဖို့ အတွက် အန္တရာယ်တော်ရော် ဖြတ်ကျော်ရလိမ့်မယ်၊ ဒါကြောင့် ခင်ဗျားဟာ လီထိုက်ဟို



အစစ် မဟုတ်ဘူးဆိုယင် အခုကတည်းက နောက်ဆုတ်ပြီး၊ လာရာလမ်းအတိုင်း လှည့်ပြန်နိုင်ပါတယ်"

ဤတွင် လီထိုက်ဟိုက ပြောလိုက်၏။

"ခင်ဗျားတို့ရဲ့ ဂေဟာသခင်ကြီးကို ပြောပြလိုက်ပါ၊ လီထိုက်ဟိုဟာ ရောက်လာပြီးမှတော့ ဘယ်လောက်ပဲ အန္တရာယ်တွေ တွေ့ကြုံရပါစေ၊ ယိုးလင်ဂေဟာရဲ့ ဧည့်ခန်းကို အရောက်လာခဲ့မယ်လို့"

ထိုအခါ ဝတ်စုံနက်နှင့်လူက လီထိုက်ဟိုအား ကိုယ်ကိုကိုင်းညွတ် အရိုအသေပေးလိုက်ပြီး

"ကောင်းပါပြီ ဧည့်သည်တော်ကြီး ကြွခဲ့ပါ"

ထို့နောက်....

လီထိုက်ဟိုက ထင်းရှူးပင်စည်တံတားပေါ်သို့ စတင်တက်ခဲ့သည်။

ဝတ်စုံနက်နှင့်လူက လီထိုက်ဟိုအား တံခါးပေါက်ဝတွင် လက်ပိုက်လျက် ရပ်စောင့်နေလေသည်။

လီထိုက်ဟိုတယောက် တံတား၏အလယ်သို့ ရောက်သွားသည်နှင့် တပြိုင်နက် သူ့ခြေထောက်အောက်မှ ထင်းရှူးပင်စည်တံတားသည်၊ သိမ့်ကနဲတချက် လှုပ်ရှားသွားသည်။

ရုတ်တရက်မို့ လီထိုက်ဟို၏ခန္ဓာကိုယ်သည်၊ တချက် ယိုင်ထိုးသွားသည်။

ထိုအချိန်တွင် မြောင်းနက်အတွင်းမှ ထူးခြားသော အသံများကို ရုတ်တရက် ကြားလိုက်ရပြန်သည်။

လီထိုက်ဟိုက လျှင်မြန်စွာ မြောင်းတွင်းဆီ ငုံ့ကြည့်လိုက်

သည်။

ညစ်ပုစ်ပုစ်ရှုံ့ညွှန့်ထဲမှ မည်းနက်ပြောင်လက်လျက် ရှိပြီး၊ မထောင်ထားသောဝါးများသည် 'တဂျိဂျိ' အသံမြည်လျက် အပေါ်သို့ ထိုးထက်လာကြသည်။

တကယ်တော့ ထိုးထိုးထောင်ထောင် တက်လာသော ဝါးများသည်၊ ယန္တရားဝါးစက်နှင့် ဆက်သွယ်ထားသော ဝါးများပင် ဖြစ်၏။

တစက်အချိန်လေးအတွင်း၌ပင် တံတားကညွတ်ကွေး၍ အောက်သို့ တဖြည်းဖြည်း ကျလာသည်။

မျက်စိအမှိတ် လျှပ်တပြက်အတွင်း၊ လီဆိုက်ဟိုသည် လှုပ်ရှားမှုကို စတင်ပြုလုပ်လိုက်သည်။

ပထမဆုံး ယိမ်းယိုင်သွားသောသူ၏ ခန္ဓာကိုယ်ကို တည့်မတ်အောင် ပြန်ထိန်းလိုက်သည်။

ထို့နောက် ညွတ်ကျနေသော တံတားကို သူ၏ ခြေအစုံဖြင့် တွန်းကန်ပြီး ရှေ့သို့ခုန်လွှားလိုက်သည်။

ထိုအခါ လီဆိုက်ဟို၏ ခန္ဓာကိုယ်သည် လေထဲသို့ပေါ့ပါးစွာ မြောက်တက်သွားသည်။

တဆက်တည်း၊ လီဆိုက်ဟိုသည်၊ လေထဲတွင် တပတ်ကျွမ်းထိုးလိုက်ရာ ဆယ့်ငါးတောင်ခန့်ဝေးသော တံတား၏ တဘက်သို့ညင်သာစွာ ကျသွားသည်။

လီဆိုက်ဟို၏ ကိုယ်ဖော့ပညာကား အံ့သြစရာ ကောင်းလောက်အောင်ပင် ထက်မြက်လွန်းလှပေသည်။

လှုပ်ရှားမှုအားလုံးသည်၊ တစက်အချိန်အတွင်း၌ ဖြစ်ပျက်



ခဲ့ခြင်းသာ ဖြစ်သည်။

လီဆိုက်ဟိုသည် တံတားထိပ်မြောင်း နှုတ်ခမ်းစပ်တွင် ဘာမှ မဖြစ်သလို ရပ်နေလိုက်သည်။

သူ့မျက်နှာတွင် ထိတ်လန့်ကြောက်ရွံ့ခြင်း၊ အလျဉ်းမရှိပဲ၊ ပကတိအတိုင်း တည်ငြိမ်လျက် ရှိနေပေသည်။

ထိုစဉ်....

တံခါးမရှေ့တွင် လက်ပိုက်ရပ်တန့်လိုက်သည့်အချိန်မှာပင် အိမ်တွင်းမှ လူလေးဦး၊ တပြိုင်နက်တည်း ပြေးထွက်လာပြီး ခြံဝတွင် ရပ်လိုက်ကြသည်။

ထို့နောက်....

သူတို့သည် လီဆိုက်ဟိုအား ပြိုင်တူ လက်ဖမိုးယှက်ကာ အရိုအသေပေးလိုက်ကြသည်။

"ထိပ်တန်း သိုင်းသမားလီဆိုက်ဟိုကို ကြိုဆိုပါတယ် ခင်ဗျား"

ညာဘက်အစွန်းဆုံးတွင် ရပ်နေသောလူက ကြိုဆိုနှုတ်ခွန်းဆက် စကားပြောလိုက်သည်။

ထိုအခါ...

လီဆိုက်ဟိုကလည်း၊ သူတို့အား ပြန်၍လက်ဖမိုးယှက်ကာ အရိုအသေ ပေးလိုက်ပြီး...

"ခင်ဗျားတို့လေးယောက်ဟာ ဒီယိုးလင်ဂေဟာရဲ့ အရှင်သခင်တွေလား"

ထိုအမေးကို ညာဘက်အစွန်ဆုံးလူကပင် ပြုံးရယ်လျက် ပြန်ဖြေလိုက်သည်။

"ကျုပ်နာမည် 'မိုပိုက်ရိ' လို့ ခေါ်တယ်၊ ဟောဒါက ကျုပ်ညီ အလတ် 'မိုချုံရိ' သူကတော့ ညီငယ် 'မိုစုရိ' ဟောဟို အစွန်ဆုံးကတော့ ကျုပ်တို့ညီမလေး 'မိုရှုရိ' ဖြစ်တယ်၊ ကျုပ်ညီမ 'မိုရှုရိ' ကိုတော့ ခင်ဗျား တွေ့ဖူးပြီးသားပဲ၊ ကဲ... လီထိုက်ဟို အိမ်ထဲကို ကြွပါခင်ဗျား"

ထို့နောက်...

လီထိုက်ဟိုကပြုံးလိုက်ပြီး ခြံဝသို့ လျှောက်လာခဲ့သည်၊

ခြံဝရောက်မှ လမ်းထဝက်တွင် ခြေလှမ်းများကို ရုတ်တရက် ရပ်တန့်လိုက်ပြီး၊ လက်ဖမိုးယှက် အရိုအသေပေးလိုက်၏၊

ပြီးမှ 'မိုရှုရိ' ကိုလှမ်းကြည့်ပြီး ပြောလိုက်သည်၊

"ကျွန်တော်...ဒီက 'မိုရှုရိ' ကို ကတိပေးခဲ့ပြီးတဲ့ အတိုင်း၊ ကျွန်တော့ရုပ်သွင်အမှန်ကို ဖော်ပြပြီးမှ ယိုးလင်ဂေဟာထဲသို့ ဝင်ပါမယ်...ဒါကြောင့်"

မိုပိုက်ရိက ရယ်မောလိုက်ပြီး...

"ခင်ဗျားဟာ ပေးထားတဲ့ ကတိကို မမေ့တတ်တာကို တော့ ကျုပ်တို့အဘောကျသွားပြီ၊ ဒါပေမယ့်....ကိစ္စမရှိဘူး၊ ဒီအတိုင်းသာ လိုက်ခဲ့ပါ၊ အတွင်းဆောင်ရောက်မှပဲ၊ ခင်ဗျား၊ ၏ မျက်နှာကို အမှန်အတိုင်း ဖော်ပြနိုင်ပါတယ်"

မိုပိုက်ရိက ဦးဆောင်၍ ခြံဝင်းထဲသို့ ဆက်၍ဝင်သွားကြသည်၊

လီထိုက်ဟိုသည်း မျက်စိကို လျှင်လျှင်ထား၍၊ သူတို့နောက်မှ ဖြည်းဖြည်းလျှောက်လာ ဝင်လိုက်ခဲ့တော့သည်၊



အတွင်းဆောင်သို့ရောက်လျှင်...

လီထိုက်ဟိုသည်၊ အမှန်တကယ်ပင် သူ၏ရုပ်သွင်အမှန်ကို ပြလေမည်လော၊

* * *

(၃)

ယိုးလင်ဂေဟာ အရှင်သခင် မိုပိုက်ရိသည်၊ လီထိုက်ဟိုအား အတွင်းဆောင်တဆောင်၏ ခန်းဝထိ လိုက်ပို့ပေးသည်။

ပြီးနောက် အိမ်ဖော်တယောက်အား လိုအပ်သော ရေနှင့် မျက်နှာသစ်ကြွေအင်တုံ၊ ကြေးမုံမှန် တချပ်တို့ကို စီစဉ်ပေးသည်။

ပြီးလျှင်သူတို့သေးဦးသည်၊ ညှော်ခန်းဆောင်သို့ ပြန်ထွက်ကာ သွားရောက်စောင့်နေလိုက်သည်၊

လီထိုက်ဟိုက သူ့အတွက်စီစဉ်ပေးသော အခန်းလေးထဲ လိုက်သည်။

အခန်းတွင်းသို့ ဝင်ရောက်သောအခါ သူ့ရင်ဖုံးအင်္ကျီ အတွင်း ဝှက်ယူလာသော ဆေးတ္တာဗူးကလေးကို နှိုက်ထုတ်လိုက်ပြီး စားပွဲခုံပေါ်၌တင်ထားလိုက်သည်။

အိမ်ဖော်တယောက်လာပေးသော ရေအင်တုံတွင်းမှ ရေဖြင့်မျက်နှာကိုဆွတ်၍ နေရာအနှံ့ပွတ်သပ်လိုက်သည်၊

"ငအတ္တာဗူးလေးအတွင်းမှ ဆေးခဲတခဲကို ဖဲ့ယူ၍၊ လက်ဖဝါးတွင်းဝယ်ရေဖြင့်ဖျော်၍၊ မျက်နှာကိုလိမ်းကျံလိုက်သည်၊

နောက်ဆုံးရေအင်တုံတွင် မျက်နှာကိုအပ်ပြီး၊ မျက်နှာကိုဆေးကြောလိုက်သည်။

မျက်နှာ ဆေးကြောပြီးသွားသော အခါ လီထိုက်ဟို၏ ပကတိမူလရုပ်သွင်ကပေါ်လာသည်။

ထို့နောက် လီထိုက်ဟိုက အတွင်းဆောင်ထဲမှ ထွက်လိုက်သည်။ အခန်းဝတွင် အိမ်စော်တယောက်က စောင့်နေသည်ကိုတွေ့ရသည်။

ထိုအိမ်စော်က ဧည့်အား ဧည့်ခန်းမရှိရာသို့ ခေါ်ဆောင်လာသည်။ ဧည့်ခန်းမအတွင်းသို့ လီထိုက်ဟို လှမ်းဝင်လိုက်၏၊

ထိုစဉ်....

"ဟား... ဟား.... ဟား.... ထိပ်တန်းနံပါတ်တစ် ဓားသမား လီထိုက်ဟိုကတော့ သိုင်းပညာမှာ တော်ရုံတင်မကဘူး၊ ရုပ်ရည်ကလည်း အတော့ကိုချောအာပဲကိုး၊ ခင်ဗျားရဲ့ဥပတိရုပ်အရှိန်က တကယ့်ကိုကြည့်ညိုဒလေးစားစရာ ကောင်းတာပဲ"

မိုပိုက်ရိက သဘောကျစွာ ရယ်မောပြီးပြောလိုက်ခြင်း ဖြစ်သည်။

ထိုအခါ လီထိုက်ဟိုမှာ မျက်နှာထူပူသွားမိသည်။

"မိုစုရိ"က အေးစက်စွာဖြင့် ဝင်ပြောလိုက်သည်။

"ကျုပ်တို့အားလုံးက မျှော်လင့်ပါတယ်၊ ခင်ဗျားဟာ ကျုပ်တို့ ယိုးလစ်ဂေဟာရဲ့ ထာဝရ မိတ်ဆွေကြီး ဖြစ်လာလိမ့်မယ်လို့"



"မိုစုရိ"ဤသို့ အေးစက်စွာဖြင့် ပြောလိုက်သော စကားကြောင့်၊ လီထိုက်ဟို၏စိတ်ထဲတွင် ထမျိုးထင်လိုက်မိသည်။

ယိုးလင် ဂေဟာ၏ဝန်းကျင်အားလုံးသည်၊ အနက်ရောင်ချည်းသာဖြစ်သည်။

ဂေဟာ အရှင်သခင် ဖြစ်သော ခမောင်နှမ လေးယောက်လုံးမှာလည်း အနက်ရောင်ဝတ်စုံများကိုသာဝတ်ဆင်ထားကြသည်။

အိမ်ဖော်အားလုံးမှာလည်း၊ အနက်ရောင်ဝတ်စုံနှင့်အနက်ရောင်ဦးထုပ်များသာ ဝတ်ဆင်ထားသည်။

နောက်ဆုံး၊ စားပွဲ၊ ထိုင်ခုံနှင့် ကြွထည်ရေနွေးကရားအိုး၊ ပန်းကန်လုံးပါမကျန် အားလုံးအနက်ရောင်ချည်း ဖြစ်သည်။

ဤကဲ့သို့ အရောဝတ္ထုအားလုံးနီးပါး၊ အနက်ရောင်ဖြင့် တန်ဆာဆင်ထားသောကြောင့်၊ မြင်ရသူစိတ်ထဲဝယ် အေးစက်ချောက်ချားမှုကို ဖြစ်စေသည်။

သို့သော်....

ပြုံးရွှင်ရယ်မောစွာ ပြောဆိုဆက်ဆံသော ဂေဟာအရှင်သခင် မိုပိုက်ရိ၏ အသွင် သဏ္ဌာန်ကြောင့်၊ တော်သေးသည်ဟု လီထိုက်ဟိုထင်မိသည်။

ထို့ပြင်......

လှပချောမောပြီး၊ ချစ်စဖွယ်ကောင်းသော မိုရှုရိ၏ မျက်လုံးအစုံကလည်း၊ လီထိုက်ဟိုအားချောက်ချားမှုကို သက်သာစေအည်မဟုတ်ပါလား။

လီထိုက်ဟိုၔ် ပကတိမျက်နှာသွင်ပြင်သည် ချောမော နူးညံ့လှပ်းလွန်းသဖြင့်၊ မိုရှုရိသည် အကြိမ်ကြိမ်ဖင် လီထိုက်ဟိုအား စိုက်ကြည့်နေမိလေသည်။

ဤသည်ကို၊ လီထိုက်ဟိုက ဂရုပြုလိုက်မိသည်။

ယခုအခါ 'မိုရှုရိ' ၏ မျက်နှာကလေးသည်၊ တွေ့စကကဲ့သို့ အေးစက်မာကျောတင်းမာမနေတော့ပါ၊ ပြုံးရွှင်ဆန်းဆန်း လျက်ရှိနေသည်။

သို့သော်——

ညီငယ် 'မိုစုရိ' ၏အေးစက်စွာပြောဆိုလိုက်သောစကားက လီထိုက်ဟိုအား မျက်ခုံးအတန်ငယ် ရှုံ့သွားစေသည်ကတော့ အမှန်ပင်။

စင်စစ်——

မိုစုရိ၏စကားက သွယ်ဝိုက်ခြိမ်းခြောက်လိုက်သည့် လေသံမျိုး ရောယှက်နေသည်။

ထိုအခါ အစ်ကိုကြီး ဖြစ်သော မိုပိုက်ရိက အခြေအနေ အားလုံးကိုဝင်ထိန်းလိုက်သည်။

မိုပိုက်ရိက တဟဲဟဲရယ်မောယင်းပြောလိုက်သည်။

"ညီငယ် စုရိ ...မင်းပြောသည်ကို ဘယ်လိုပြောလိုက်တာလဲ၊ မင်းစကားပြောတာ နည်းနည်း မာကျောသလိုဖြစ်နေတယ်၊ လီထိုက်ဟိုဟာ အခုလိုငါတို့ ယိုးလင်ဂေဟာကို လာရောက်လည်ပတ်တာဟာ၊ ငါတို့တတွေနဲ့ထာဝရမိတ်ကောင်း ဆွေကောင်းအဖြစ် ဆက်ဆံသွားချင်လို့ပေါ့၊ လီထိုက်ဟိုဟာ ဘယ်တော့မှ ငါတို့ရဲ့ရန်သူ မဖြစ်လာနိုင်ဘူးဆိုတာကိုတော့



ငါယုံကြည်ပါတယ်"

ဤတွင် လီထိုက်ဟိုက အနည်းငယ်ပြုံးလိုက်၏။

"ကျုပ်က တွေ့တဲ့သူတိုင်းနဲ့ မိတ်ဆွေဖြစ်စေချင် ပေါင်း လိုတဲ့ဆန္ဒပဲရှိပါတယ်၊ ဖြစ်နိုင်ဝင်ကျုပ်ဘဝ တလျှောက်လုံး မှာ ကျုပ်ကို ရန်သူလိုသဘောထားတဲ့လူမျိုး တယောက်မှ မရှိစေချင်ဘူး၊ ကျုပ်ကလဲ ဘယ်သူ့ကိုမှ ရန်ငြိုးမဖွဲ့ဘူး"

မိုပိုက်ရိက ဦးခေါင်းကို တဆတ်ဆတ် ညိတ်လိုက်ပြီး....

"မှန်တယ်... မှန်တယ်... ကျုပ်အနေနဲ့ ခင်ဗျားရဲ့စကားကို အကြွင်းမဲ့ယုံကြည်ပါတယ်"

ထိုသို့ပြောပြီး၊ မိုပိုက်ရိက ညီငယ် မိုစုရိထက်သို့ လှည့်ကြည့်ပြီး ပြောလိုက်ပြန်သည်။

"ညီငယ်... စုရိ... လီထိုက်ဟိုကို စိတ်ချပါ၊ သူဟာငါတို့ ရဲ့ရန်သူ ဘယ်တော့မှ မဖြစ်နိုင်ဘူး"

ထင်းနောက် လီထိုက်ဟိုက သူလာရသည့် အကြောင်း ရင်းကို ပြောဆိုလိုက်၏။

"ကျုပ်အခုလို ခင်ဗျားတို့ရဲ့ ယိုးလင်ဂေဟာကို လာ ရောက်ရတဲ့အဓိက အကြောင်းရင်းကတော့၊ လျူယမ်းမြို့ ချောင်းရေလုပ်ပွဲကြီးရဲ့ အတွင်းရေးကို သိချင်လို့ပဲဖြစ်တယ်၊ ဒီက မိုရှုရိကလဲ ဒီအကြောင်းကို သိချင်ယင် ယိုးလင်ဂေဟာ ကို လိုက်ခဲ့ပါလို့ ဖိတ်ခေါ်တဲ့အတွက် ရောက်လာခဲ့ခြင်း ဖြစ်ပါတယ်၊ ဒါကြောင့် လျူယမ်းမြို့ ချောင်းရေလုပွဲကြီးနဲ့ သိုင်းလောကသားတွေ ဘယ်လိုပတ်သက်နေသလဲ ဆိုတာ၊ ဟောဒီက ယိုးလင်ဂေဟာ အရှင်သခင်ကြီးက ပြောပြလိမ့်

မယ်လို့ ကျုပ်မျှော်လင့်ပါတယ်"

လီဆိုက်ဟို၏ စကားကြောင့်၊ မိုပိုက်ရီ၏ မျက်နှာထားသည် တည်ကြည်သွားသည်။

မှူသာ ပြုံးရယ်မှုတို့သည် မိုပိုက်ရီ၏ မျက်နှာပေါ်မှ ရုတ်ခြည်း ပျောက်လွင့်သွားသည်။

မိုပိုက်ရီက လေသံကို အတန်ငယ်နှိမ့်၍ ပြောဆိုလိုက်သည်။

"လီထိုက်ဟို ကျုပ်ခင်ဗျားကို ဖုံးကွယ်မထားလိုပါဘူး၊ လူ့ယမ်းမြို့ရဲ့ 'ကျန်း' နဲ့ 'လီ' နှစ်ဂေဟာတိုက်ပွဲဟာ ပထမတော့ ရှောင်းရေဲလုပွဲကြောင့် ဖြစ်ရတာ မှန်ပါတယ်၊ ဒါပေမယ့်၊ နောက်ပိုင်းကျတော့ တခြားပြင်ပ ပယောဂတွေပါလာတယ်၊ အင်း...ဒီဖြစ်ရပ်တွေကို ပြောပြရမယ်ဆိုယင် အတော်ကို ရှည်ဝေးလိမ့်မယ်၊ ခင်ဗျား စိတ်ရှည်ရှည်ထားပြီး နားထောင်နိုင်ပါ့မလား"

လီဆိုက်ဟိုက မျက်ချင်းပင် ပြန်ပြောလိုက်၏။

"ကျုပ်အနေနဲ့ စိတ်ရှည်ရှည်ထားပြီး နားထောင်နိုင်ပါတယ်"

ထို့နောက်—

မိုပိုက်ရီက သူ၏လက်နှစ်ဘက်ကို စု၍ ဆုပ်ကိုင်လိုက်ပြီး...

"အင်း...ပြောပြရမယ်ဆိုယင်တော့ ပထမဆုံး ကျုပ်တို့ယိုးလင်ဂေဟာအကြောင်းကစပြီး ပြောရလိမ့်မယ်"

မိုပိုက်ရီက စကားကို ခေတ္တရပ်ထားလိုက်ပြီး၊ အတန်



ကြာအောင် ငေးမောတွေးတောနေသည်။

ပြီးမှ အေးဆေးတည်ငြိမ်စွာ ပြောလိုက်သည်။

"အကြောင်းရင်းကတော့၊ ဒီလိုပါ"

* * *

မိုပိုက်ရီက လီဆိုက်ဟိုသိလိုသောအကြောင်းကို စတင်ပြောပြလိုက်၏။

"ဒီယိုးလင်ဂေဟာမှာ ကျုပ်တို့ရဲ့ဘိုးဘွားစဉ်ဆက်လက်ထက်ကတည်းက နေထိုင်လာခဲ့ကြတာ ခု ကျုပ်တို့မောင်နှမလေးယောက်လက်ထက်တိုင်ပဲဆိုပါတော့၊ ကျုပ်တို့ယိုးလင်ဂေဟာကိုသံတိုင်ကြီးနဲ့တည်ဆောက်ထားပြီး သံမဏိပြားကြီးတွေနဲ့ ကာရံထားခဲ့တာ မဟုတ်ပါဘူး၊ သာမန်လောက်ပဲ ဆောက်လုပ်ထားခဲ့တာဖြစ်တယ်၊ ဒါပေမယ့် ကျုပ်တို့ယိုးလင်ဂေဟာကို ရန်သူလေးငါးရာလောက် လာတိုက်မယ်ဆိုတောင်၊ ရန်သူတွေဟာဂေဟာတံခါးဝရောက်အောင် ချဉ်းကပ်နိုင်ကြမယ်မဟုတ်ဘူး၊ ကျုပ်တို့ယိုးလင်ဂေဟာဝန်းကျင်တဝိုက်မှာ ရန်သူတွေရဲ့ဘေးအန္တရာယ်ကို အလိုအလျောက်ကာကွယ်တွန်းလှန်နိုင်တဲ့ ယန္တရားခေါ်စက်တွေတပ်ဆင်ထားထယ်ဆိုတာကိုတော့ ခင်ဗျားလဲတွေ့ပြီးဖြစ်နေပါလိမ့်မယ်"

လီထိုက်ဟိုကခေါင်းကိုညိတ်ပြလိုက်သည်။

ယိုးလင်ဂေဟာကို တော်ရှိဘန်ရှိရန်သူများ၊ အလွယ်တကူမဝင်ရောက်နိုင်ကြောင်းကိုတော့ လီဆိုက်ဟို သိပြီးဖြစ်သည်။

စောစောကသူ ယိုးလင်ဂေတွင်းသို့ဝင်ခဲ့ရာတွင် ထင်းရှူးပင်စည်တုံးဘား၏ထူးခြားမှုကိုတွေ့ကြုံခဲ့ရပြီးဖြစ်သည်၊

စဉ်စစ်...

သူသည်လည်း၊ မြောင်းနက်အတွင်းမှ ယန္တရားစက်နှင့်တွဲဆက်ထားသောဓားချွန်များဘေးမှ သီသီလေးလွတ်မြောက်လာခဲ့သည်မဟုတ်ပါလော။

သူ့အနေနှင့်ကိုယ်ဖော့ပညာကောင်းမွန်သူဖြစ်၍ မြောင်းနက်ထဲသို့ကျပြီး ဓားချွန်များစူးမည့်ဘေးမှလွတ်မြောက်လာခြင်းဖြစ်သည်၊

အကယ်၍ သူ့နေရာတွင် တခြားသူတဦးဦးသာဆိုလျှင် မြောင်းနက်ထဲကျပြီး ဓားဦးချွန်များထိပ်တွင် အသက်ပါသွားမှာသေချာသည်။

မိုပိုက်ရိကဆက်၍ပြောလိုက်သည်။

"ကျုပ်ရဲ့ယိုးလင်ဂေဟာမှာ ယန္တရားလက်နက်မျိုးပေါင်းသုံးရာခြောက်ဆယ်တပ်ဆင်ထားတယ်၊ ဒီလက်နက်တွေဟာ ယိုးလင်ဂေဟာအိမ်တော်ဝှာရေ၊ စန်းကျင်တဝိုက်မှာပါရှိသူ့ဘေးအန္တရာယ်ကို ကာကွယ်ဖို့အသင့်ရှိနေကြတယ်၊ ဒါကြောင့် ကျုပ်တို့ယိုးလင်ဂေဟာကို ကျူးကျော်ရန်စချင်တဲ့ရန်သူတွေ လာချင်သလောက်လာစမ်းပါစေ ကျုပ်တို့လုံးဝမမှုဘူး၊ နောက်ထချက်က ကျုပ်တို့ ညီအစ်ကိုမောင်နှမတွေ



ဟာ ငယ်စဉ်ကတည်းက သိုင်းပညာကိုလေ့ကျင့်တတ်မြောက်ထားကြတယ်၊ ကျုပ်တို့ကို ကျုပ်တို့ရဲ့ဖခင်ကသင်ကြားပေးခဲ့တယ်၊ အခုဆိုကျုပ်တို့ရဲ့ဖခင်ဟာ ကွယ်လွန်သွားခဲ့တာ ဆယ်နှစ်ကျော်ခဲ့ပြီ"

လီဆိုက်ဟိုက မိုပိုက်ရိပြောသမျှကို ငြိမ်ဆက်စွာနားထောင်နေသည်။

မိုပိုက်ရိသည် ထူးခြားသော အကြောင်းကိစ္စရပ် တခုကိုပြောပြရန်အတွက်စကားအစချီနေကြောင်း လီဆိုက်ဟို သိလိုက်သည်။

လီဆိုက်ဟိုကလည်း၊ မိုပိုက်ရိစကားကြောင့် သူ သိုင်းပညာသင်ခဲ့စဉ်က အကြောင်းများကို ပြန်ပြောင်းတွေးတောမြင်ယောင်နေမိသည်။

ထို့နောက်...

မိုပိုက်ရိက ဆက်ပြောလိုက်ပြန်သည်။

"ထကာင်တော့ မိဘဆိုတာသားသမီးတွေအပေါ်မှာစေတနာစေတ္တာထားကြတာချည်းပါပဲ၊ ကိုယ့်သားသမီးတွေကို လောကအလယ်မှာ ကျားယိုတင့်တယ်ပြီးနဂါးလိုထင်ပေါ်ကျော်ကြားစေချင်ကြတယ်၊ ရဲရင့်ထက်မြက်ဖို့ ပြည့်စုံစေချင်ကြတယ်၊ သူ့ထက်ပါးမခံစော်ကားနိုင်အောင် ပြည့်စုံလုံခြုံစေချင်ကြတာပဲမဟုတ်လား"

မိုပိုက်ရိက ပြောနေယင်းမှ တချက်ရယ်သွမ်းမောလိုက်သည်။

ပြီးမှဆက်၍...

"ကျုပ်ဖခင်မသေဆုံးမီက ကျုပ်တို့ကိုမကြာခဏပြောခဲ့ဖူးတဲ့ဆုံးမစကားကိုပြောပြရအုံးမယ်၊ အဲဒါဘာလဲဆိုတော့ သိုင်းလောကတခုလုံးအပေါ် အုပ်စိုးလွှမ်းမိုးချင်ယင် ခုကတည်းကသိုင်းပညာကိုကျွမ်းကျင်အောင် လေ့ကျင့်သင်ကြားထားရမယ်တဲ့"

လီဆိုက်ဟိုသည် သူ၏စကားကြောင့်ထိတ်လန့်သွားသည်၊

မိုပိုက်ရိ ပြောသွားသော စကားထဲတွင် သိုင်းလောကကို လွှမ်းမိုးအုပ်စိုးရန်ဟူသောအချက်ကြောင့်ပင်ဖြစ်သည်။

သို့သော်....

မိုပိုက်ရိက ဘာမှမဖြစ်သလို ဆက်၍ပြောလိုက်ပြန်သည်၊

"ကျုပ်တို့ဖခင်က ကျုပ်တို့မောင်နှမတွေကို အထက်မြက်ဆုံးသိုင်းပညာရပ်တခုစီ သင်ပေးထားခဲ့တယ်၊ ဒါပေမယ့် ကျုပ်တို့ဟာ၊ ကျုပ်ဖခင်လိုချင်တဲ့အဆင့်အတိုင်းအတာထိ မရောက်ခဲ့ဘူး၊ ဒါနဲ့ပဲ ကျုပ်တို့ဖခင်ကွယ်လွန်သွားတော့၊ ကျုပ်တို့တတွေဟာ ယိုးလင်ဂေဟာမောင်နှမလေးပေါ်ဆိုတဲ့နာမည်ကိုခံလိုက်ပြီးနေထိုင်ခဲ့တယ်၊ ကျုပ်တို့မောင်နှမတွေဟာ ဘယ်သူ့ကိုမှမစော်ကားဘူး၊ ရန်မစဘူး၊ အေးချမ်းစွာနေလာခဲ့ကြတယ်"

လီဆိုက်ဟိုက ခေါင်းကိုတဆတ်ဆတ်ညိတ်၍ပြောလိုက်သည်။

"ခုလိုအေးချမ်းစွာနေရခြင်းဟာ လောကရဲ့စည်းစိမ်ချမ်းသာတမျိုးပဲပေါ့"



ထိုအခါ....

ညီငယ်ဖြစ်သူမိုစုရိက အေးစက်စွာ ဝင်ပြောလိုက်ပြန်သည်။

"ဒါပေမယ့် ကျုပ်တို့ဟာ သိုင်းလောကမှာမသင်းပေါ် မကျော်ကြားခဲ့ဘူး၊ ဒါကြောင့် ကျုပ်က ဒီလိုနေရတာကို မနှစ်သက်ဘူး"

လီဆိုက်ဟိုက မိုစုရိဆိုလိုယင်းကို မသိသဖြင့် ဘာမှပြန်မပြောပဲငြိမ်နေလိုက်သည်။

ထိုစဉ်...

မိုနုံရိက လီဆိုက်ဟိုအား အေးစက်မာကျောသော အကြည့်ဖြင့်ကြည့်လိုက်ပြီး ရယ်မောကာပြောလိုက်သည်။

"လီဆိုက်ဟို ခင်ဗျားတို့ကကျုပ်တို့တတွေကို ဒီလိုပဲယိုင်လင်ဂေမှာပဲ အေးအေးဆေးဆေးနေထိုင်ပြီး၊ ကိုယ်တတ်မြောက်ထားတဲ့သိုင်းပညာကို ခြံဝင်းထဲမှာပဲ လေ့ကျင့်နေရတာကိုကျေနပ်နေမယ်လို့ခင်ဗျားထင်သလား၊ ဟဲ... ဟဲ....တကယ်တော့ ကျုပ်တို့ဟာလဲ တခြားသိုင်းသမားတွေနည်းတူ ထင်ပေါ်ကျော်ကြားလိုကြတာပဲ၊ ခင်ဗျားကိုပဲကြည့်လေ ခင်ဗျားဟာ 'ဖုန်းလင်' တောအုပ်မှာကျင်းပခဲ့တဲ့သိုင်းလောကခါးရေးယှဉ်ပြိုင်ပွဲမှာ အဆင့်အမြင့်ဆုံးနံပါတ်တစ်ဓားသမားဘွဲ့ကိုရခအောင်ယှဉ်ပြိုင်ဆွတ်ခူးနိုင်ခဲ့တယ်၊ ဒါတွေဟာဘာကြောင့်လဲ၊ တကယ်တော့ နာမည်ကျော်ကြားချင်လို့ပဲမဟုတ်လား"

ထိုသို့တည့်တည့်မတ်မတ်မေးလိုက်ခြင်းကြောင့် လီဆိုက်

တို့ မျက်နှာတချက်ပျက်သွားသည်။

ဤတွင်....

အစ်ကိုကြီးဖြစ်သူ မိုပိုက်ရိက ပဲ အခြေအနေကိုဝင်ထိန်းလိုက်ပြီး တဟဲဟဲရယ်မောယင်းပြောလိုက်သည်။

"လီထိုက်ဟိုဟာ နံပါတ်တစ်စားသမားဘွဲ့ကိုရအောင် ယှဉ်ပြိုင်ဆွတ်ခူးခဲ့တာဟာ မင်းတို့ထင်သလို ထင်ပေါ်ကျော်ကြားချင်လို့ဘုတ်ချင်မှဟုတ်မယ်၊ သူ့မှာတခြားရည်ရွယ်ချက်လဲရှိချင်ရှိနေမှာပေါ့၊ ကြုံတုန်း လီထိုက်ဟိုကိုပြောချင်တာက ကျုပ်တို့အနေနဲ့လဲ ကျုပ်တို့ရဲ့ယိုးလင်ဂေဟာကို သိုင်းလောကရဲ့အဓိကတိုင်ဌာနတခုအဖြစ်ရောက်ရှိလာအောင် ကြိုးပမ်းလိုတယ်၊ သိုင်းလောကမှာရှိတဲ့ဂိုဏ်းအဖွဲ့တွေအားလုံး၊ သိုင်းဆိုင်ရာပညာသားတွေအားလုံးကို စည်းလုံးညီညွတ်စွာအုပ်ချုပ်ကထားနိုင်တဲ့ အဓိကဌာနကြီးတခုအဖြစ် ဖန်တီးချင်တယ်၊ ရှင်းရှင်းပြောရယင်ဗျာ ကျုပ်တို့မောင်နှမလေးယောက်ဟာ သိုင်းလောကတခုလုံးကို အုပ်ချုပ်ကြိုးကိုင်နိုင်တဲ့ သိုင်းရာဇာတွေအဖြစ်ထင်ပေါ်ကျော်ကြားချင်ကြတယ်"

ဤတွင် လီထိုက်ဟိုက သက်ပြင်းကိုအသာချလိုက်ပြီး ပြောလိုက်သည်။

"ဒီလိုရည်ရွယ်ချက်နဲ့ ဆန္ဒတွေအမှန်တကယ်ရှိနေတယ်ဆိုယင်တော့၊ ခင်ဗျားတို့ရဲ့ယိုးလင်ဂေဟာ ဘယ်တော့မှ ခုလိုဆိတ်ငြိမ်အေးချမ်းတဲ့ အခြေအနေမျိုးရှိတော့မှာမဟုတ်ဘူး၊ ခင်ဗျားတို့ဟာလဲခုလိုအေးချမ်းသာယာစွာနဲ့နေကြရလိမ့်မယ်မထင်ကြနဲ့၊ ကျုပ် ခုလိုပြောရတာကိုတော့အားလုံးခွင့်လွှတ်



ကြပေါ၊ ခင်ဗျားတို့ရှိမှုပိုင်သိုင်းပညာတွေဟာ တကယ်လို့များ သိုင်းလောကမှာရှိနေတဲ့ တခြားထူးခြားဆန်းကြယ်တဲ့သိုင်းပညာတွေကိုမယှဉ်နိုင်ခဲ့ယင် ခင်ဗျားတို့အတွက် ရလာဒ်ဟာ ဆိပ်ငြိမ်းလှပလိမ့်မယ်မထင်ဘူး"

ထိုအခါ...

မိုပိုက်ရိက....

"ဟုတ်ပါတယ် ခင်ဗျားပြောတာမှန်ပါတယ်၊ ဒါဒီလိုရှင့်ချိန်တွေးမိလို့လဲ ကျုပ်တို့မောင်နှမတတွေဟာ သိုင်းလောကတခုလုံးကို အုပ်ချုပ်စိုးမိုးနိုင်ရေးအစီအစဉ်ကိုချမှတ်ပြီးနေမယ့်၊ အကြောင်းအထဉ့်မဖော်ဖြစ်ကြသေးတာပေါ့၊ တကယ်လို့များကျုပ်တို့ရဲ့သိုင်းပညာဟာ သိုင်းဂိုဏ်းပေါင်းစုံကိုယှဉ်နိုင်ခဲ့ယင် သိုင်းလောကတခုလုံးရဲ့ချေမှုန်းတိုက်ခိုက်မှုကြောင့် ကျုပ်တို့ရဲ့ ဒီယိုးလင်ဂေဟာကြီးဟာ ကျဆုံးပျက်စီးရမှာသေချာတယ်"

ညီငယ် မိုစုရိက သူ့အလေ့အတိုင်း အေးစက်စွာဝင် ဝင်ပြောလိုက်ပြန်သည်။

"တကယ်တော့ အစ်ကိုကြီးဟာစိုးရိမ်စိတ်ကြီးလွန်းနေလို့ပါ"

မိုပိုက်ရိသည် ညီငယ်မိုစုရိကိုကြည့်လိုက်ပြီး...

"စိုးရိမ်ရတယ် ညီငယ်စုရိ ငါဟာမင်းတို့ရဲ့အစ်ကြီးမို့ အစစအရာရာငါ့မှာတာဝန်ရှိတယ်၊ ဒါကြောင့် သေသေချာချာစဉ်းစားချင့်ချိန်ပြီးမှမင်းတို့ကိုခွင့်ပြုနိုင်မယ်"

မိုစုရိ အမထီပြုံးပြုံးလိုက်ပြီးပြောလိုက်သည်။

"သိုင်းဂိုဏ်းအားလုံးအပေါ် ကျွန်တော်တို့တိုက်ခိုက်အနိုင်ယူဖို့ကိုပဲစဉ်းစားပါလို့ ကျွန်တော်ပြောလိုပါတယ် အစ်ကိုကြီး"

မိုပိုက်ရိက လီထိုက်ဟိုဘက်သို့လှည့်ပြီး ရယ်မောကာပြောလိုက်သည်၊

"ကျုပ်ညီငယ်ရဲ့သဘောကို ကျုပ်ကတော့ သိပါတယ်၊ ကျုပ်တို့မှာ သိုင်းလောကကြီးတခုလုံးကို အုပ်ချုပ်ကြီးကိုင်နိုင်တဲ့အကြောင်းတခုရှိထားတယ်"

လီထိုက်ဟိုက သက်ပြင်းကိုအသာချကာပြောလိုက်သည်၊

"ဒါကတော့ ... လွယ်ပါတယ်၊ တကယ်လို့ ခင်ဗျားတို့မှာ သိုင်းလောက ဂိုဏ်းပေါင်းစုံရဲ့ ထူးခြားဆန်းကြယ်တဲ့ သိုင်းပညာရပ်တွေကို ယှဉ်ပြိုင်နိုင်မယ့် အကြောင်းတရပ် ရှိနေတယ်ဆိုယင်တော့၊ သိုင်းလောကတခုလုံးကို အုပ်ချုပ်ကြီးကိုင်နိုင်ဖို့ဆိုတာ မခဲယဉ်းတော့ဘူးပေါ့"

ထိုအခါ မိုပိုက်ရိက တဟဲဟဲရယ်မောလိုက်ပြီး......

"ဒါပေမယ့် .. ဒီလိုကြီးကိုင်အုပ်ချုပ်နိုင်ဖို့အတွက်၊ နံပါတ်တစ် ဓားသမား လီထိုက်ဟိုကိုတော့ ကျုပ်တို့က စည်းရုံးထားဖို့ လိုမယ်ထင်တယ်"

ဤတွင် တချိန်လုံး စကားသုံးဝဝင်မပြောမဲ့၊ ငြိမ်လျက်နားထောင်နေသော မိုပိုက်ရိ၏ညီမ မိုရှုရိက ဝင်ပြောသည်။

"အစ်ကိုကြီး....အစ်ကိုကြီးပြောနေတာဟာ ခုထိ လိုရင်းကို မရောက်သေးပါလား"



မိုပိုက်ရိက ရယ်သွမ်းသွေးလျက် ဦးခေါင်းကို ညိတ်လိုက်ပြီး....

"အော......ဟုတ်သားပဲ၊ ညီမလေးပြောမှ သတိရတယ်၊ လီထိုက်ဟို တကယ်သိချင်တာက လျှူမယ်မြို့ ချောင်းရေလှုပ္ပဲမှာ ယိုးလစ်ဂေဟာက ဘာ့ကြောင့် ပါဝင်ပတ်သက် နေရသလဲ ဆိုတဲ့အချက်ပဲ မဟုတ်လား၊ ဟဲ .. ဟဲ.... ညီလေးက လီထိုက်ဟိုသိချင်တဲ့ အကြောင်း၊ အစ်ကိုကြီးတို့က မပြောသေးလို့၊ လီထိုက်ဟိုကို အားနာနေပြီထင်တယ်"

အစ်ကိုကြီး မိုပိုက်ရိ၏ စကားကြောင့် မိုရှုရိမှာ မျက်နှာကလေး နီမြန်းသွားကာ....

"အို ... အစ်ကိုကြီးကလဲ"

ပြောပြောဆိုဆို မိုရှုရိက ခေါင်းငုံ့သွားလိုက်သည်။

"ကဲ...ညီမလေးက အားနာနေပါပြီတော့၊ အစ်ကိုကြီးအခုပဲ ပြောပြလိုက်ပါတော့မယ်"

* * *

(၅)

မိုပိုက်ရိက အေည်ကြည် လေးနက်သော အကြည့်ဖြင့် လီထိုက်ဟိုအား ကြည့်၍ ပြောလိုက်သည်။

"လီထိုက်ဟို....ခင်ဗျား....ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်း တရာကျော်လောက်က သိုင်းလောကမှာ ဖြစ်ပွားခဲ့တဲ့ အဖြစ်

အပျက်ကလေးအခုကို သိလိမ့်မယ်ထင်ပါတယ်၊ အဲဒီတုန်းက သိုင်းလောကမှာ ရှိသမျှ ဂိုဏ်းတွေရဲ့ ဂိုဏ်းခေါင်းဆောင်တွေဟာ ညှိခံပွဲတခုကို တက်ရောက်ခဲ့ကြတယ်၊ အဲဒီ ညှိခံပွဲမှာတင်ပဲ သူတို့အားလုံး အသက်ဆုံးရှုံးကြရတဲ့ အဖြစ်ကလေး တခုကိုလေ"

လီထိုက်ဟိုက ခေါင်းကိုခါယမ်းလျက်....

"အဲဒီအကြောင်းကို ကျုပ်မကြားဖူးဘူး၊ တကယ်တော့ ကျုပ် သိုင်းလောကထဲ ရောက်လာတာ မကြာသေးပါဘူး၊ အမှန်အတိုင်းဝန်ခံရယင်၊ ကျုပ်ဟာ အတွေ့အကြုံ အကြား အမြင် နည်းပါး လှပါသေးတယ်၊ နောက်တကြောင်းက ကျုပ်သိုင်းပညာ သင်ကြားနေချိန်မှာလဲပဲ၊ ကျုပ်ရဲ့ဆရာ သမားဟာ ကျုပ်ကိုအပြင်လောကရဲ့ဖြစ်ရပ်တွေကို ပြောမပြခဲ့ပါဘူး၊ ကျုပ်ကို သိုင်းပညာကိုပဲ ဂရုတစိုက် သင်ကြား လေ့ကျင့် စေခဲ့ပါတယ်"

မိုပိုက်ရိက ဦးခေါင်းကို ညိတ်ပြလိုက်ပြီး...

"အဲဒီလို ဂိုဏ်းပေါင်းစုံရဲ့ဂိုဏ်းခေါင်းဆောင်တွေ သေဆုံးခဲ့တာကြောင့်၊ သိုင်းလောကကြီးတခုလုံး တုန်လှုပ် ချောက်ချား သွားခဲ့တယ်၊ သိုင်းလောကသား အားလုံးဟာလဲ ဒီကိစ္စကြောင့် စိတ်ချမ်းမသာ ဖြစ်ကြရပြီး၊ အကြောင်းရင်းကို သိလိုနေကြတယ်"

ဤတွင် လီထိုက်ဟိုက မိုပိုက်ရိ၏စကားကို ဖြတ်၍ မေးလိုက်သည်။

"ဒီလောက်ကြီးကျယ်တဲ့ ရက်စက်မှုကြီးကိုတော့ ဒီနေ့ထိ



ဘယ်သူကမှ အကြောင်းရင်းကို မသိကြသေးဘူးလား"

မိုပိုက်ရိက ဦးခေါင်းကိုခါယမ်းလိုက်ကာ...

"မသိကြသေးပါဘူး၊ ဒါပေမယ့် အကြောင်းရင်းအချက်တချို့ကိုတော့ စုံစမ်းလို့ရလာကြတယ်၊ အဲဒီ...ဂိုဏ်းခေါင်းဆောင်တွေဟာ၊ ဖိတ်စာလဲရရော တကိုယ်တည်း ရှေ့ထွက်သွားကြတယ်ဆိုပဲ၊ ဘယ်သူကဖိတ်တဲ့စာလဲ၊ ဘယ်ကိုလာခဲ့ဖို့ ဖိတ်ထားတာလဲ၊ ဘယ်လိုကိစ္စကြောင့် ဂိုဏ်းခေါင်းဆောင်တွေကိုသာ အရေးတကြီး လျှို့ဝှက်စွာ ဖိတ်ခေါ်ရတာလဲဆိုတာကို ဘယ်သူမှမသိကြဘူး၊ ဒါပေမယ့်...ဂိုဏ်းခေါင်းဆောင်တွေဟာ ထွက်သွားကြပြီး ပြန်မလာတာကတော့ သေချာတယ်၊ အဲဒီဖြစ်ရပ်ကို ဘယ်သူမှလဲ တိတိကျကျစုံစမ်းလို့ မရကြဘူး၊ ဒီလိုနဲ့ ...နောက်အနှစ် နှစ်ဆယ်သုံးဆယ်လောက် ကြာတော့ ဒီကိစ္စကို အားလုံးက မေ့မေ့ပျောက်ပျောက် ဖြစ်သွားကြတယ်"

လီထိုက်ဟိုက အတန်ငယ် စဉ်းစားနေပြီးမှ ပြောလိုက်သည်။

"လောကမှာ......ထာဝရအဖြေရှာလို့မရတဲ့ ပဟေဠိဆိုတာ မရှိပါဘူး၊ ဒီလောက်ကြီးကျယ်တဲ့ကိစ္စရပ်ကြီးဟာ၊ ဒီလောက် နှစ်ကြာလာတဲ့ အထိ အဖြေမပေါ်သေးဘူး ဆိုတာကတော့"

မိုပိုက်ရိက လီထိုက်ဟို စကားဆုံးမှ ဝင်ပြောလိုက်၏။

"မှန်ပါတယ်၊ လောကမှာ ထာဝရအဖြေမပေါ်တဲ့ ပဟေဠိ ဆိုတာမျိုး မရှိနိုင်ပါဘူး၊ လီထိုက်ဟိုပြောသလိုပါပဲ၊ ဒီကိစ္စနဲ့ပတ်သက်ပြီး နှစ်ပေါင်း သုံးဆယ် ကျော်လာပြီးတဲ့နောက်

ပိုင်းမှာ သတင်းတခု ထွက်ပေါ်လာခဲ့တယ်၊ ဒီသတင်းဟာ လဲ သိုင်းလောကအခုလုံးကို ပျံ့နှံ့သွားခဲ့တယ်၊ ဘာဖြစ်လို့လဲဆိုတော့၊ ဂိုဏ်းပေါင်းစုံက ဂိုဏ်းခေါင်းဆောင်တွေကို လူတယောက်က လှည့်ဖြားဖိတ်ခေါ်ပြီး၊ သတ်ပစ်လိုက်တယ် ဆိုတာပဲ”

မိုပိုက်ရိ၏ စကားကြောင့် လီထိုက်ဟိုမှာ ထိတ်လန့်သွားမိသည်။

လီထိုက်ဟိုက အံ့ဩသောမျက်နှာထားဖြင့်....

“အဲဒီလူက သိုင်းပညာမှာ ဘယ်လောက်တောင် စွမ်းအားကြီးနေလို့ ဒီလောက်များပြားတဲ့ ဂိုဏ်းခေါင်းဆောင်ကြီးတွေကို သူတယောက်တည်း သတ်ဖြတ်နိုင်ရတာလဲ”

လီထိုက်ဟို အံ့ဩမည်ဆိုပါကလည်း၊ အံ့ဩလောက်ပေ၏။

စည်သို့သောလူစားမျိုးက ထိပ်တန်းဂိုဏ်းခေါင်းဆောင်များကို တယောက်တည်းဖြင့် သတ်ဖြတ်နိုင်ရပါသနည်း။

* * *

(၆)

လီထိုက်ဟို၏ အမေးကြောင့် ဂေဟာထဲတွင် ခေတ္တမျှ ငြိမ်သက်သွားကြသည်၊

ခဏကြာမှ မိုပိုက်ရိကပြုံးလျက်—



မိုပိုက်ရိက တချက်ပြုံးလိုက်ပြီးမှ ဆက်ပြောလိုက်သည်။

“အဲဒီလူဟာ ဉာဏ်ရည်သိပ်ကောင်းတဲ့ လူတယောက်ပဲ၊ သူနဲ့တခါယှဉ်ပြိုင်လိုက်ရုံနဲ့၊ သူဟာ ယှဉ်ပြိုင်ဘက်ရဲ့တိုက်ခိုက်တဲ့သိုင်းကွက်တွေကို မှတ်သားနိုင်ပြီးဖြစ်နေပြီ၊ သူဟာ ဂိုဏ်းခေါင်းဆောင် တယောက်နဲ့ ယှဉ်ပြိုင်လိုက်၊ အဲဒီ ဂိုဏ်းရဲ့ အစွမ်းထက်တဲ့ သိုင်းကွက်တွေကို မှတ်သားထားလိုက်နဲ့ တယောက်ပြီးတယောက် ယှဉ်ပြိုင်ခဲ့တာ၊ နောက်ဆုံး ဂိုဏ်းခေါင်းဆောင်အားလုံး ကုန်တဲ့အထိပဲ၊ ဒါကြောင့် ဂိုဏ်းခေါင်းဆောင်အားလုံး သေဆုံးသွားပြီးတဲ့အခါ၊ သူဟာ ရှိသမျှ ဂိုဏ်းပေါင်းစုံရဲ့ မူပိုင် လျှို့ဝှက်သိုင်းကွက်တွေကိုပိုင်ဆိုင်ရရှိလိုက်တယ်”

လီထိုက်ဟိုက အနည်းငယ် စဉ်းစားလိုက်ပြီး—

“ခင်ဗျားပြောပြတဲ့အထဲမှာ ကျုပ်စဉ်းစားမိတာ နှစ်ချက်ရှိတယ်”

မိုပိုက်ရိက စိတ်ဝင်စားဟန်ဖြင့်....

“ပြောပါအုံး....ဘာတွေများ စဉ်းစားမိခဲ့လို့လဲ”

လီထိုက်ဟိုက လက်နှစ်ချောင်းထောင်ကာ မေးလိုက်၏။

“ပထမတချက်က အဲဒီလူဟာ ဘယ်လိုအကြောင်းပြချက်မျိုးကို ဖိတ်စာပေါ်မှာ ရေးပြီး၊ ဂိုဏ်းခေါင်းဆောင်တွေကို ခေါ်ယူနိုင်ခဲ့သလဲ ဆိုတာပဲ၊ နောက်တချက်က အဲဒီလူဟာ ဂိုဏ်းပေါင်းစုံရဲ့ မူပိုင်သိုင်းကွက်တွေကို မှတ်မိနိုင်တယ်ထားအုံး၊ ဘယ်လိုအသုံးပြုနိုင်မလဲ၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီမူပိုင် သိုင်းကွက်တွေဟာ လွယ်လွယ်နဲ့ လေ့ကျင့် ထတ်မြောက်

နိုင်ရှာ မဟုတ်လို့ပဲ"

ထိုအခါ မိုပိုက်ရိက......

"ဒါကတော့ ဒီလိုရှိပါတယ်၊ ဂိုဏ်းခေါင်းဆောင်တွေ အနေနဲ့ကလဲ၊ ကိုယ့်ဂိုဏ်းရဲ့ဂုဏ်သိက္ခာကို ထိန်းသိမ်းလို့တဲ့ အတွက် ဖိတ်ခေါ်မှုကို မဆိုင်းမတွ လာရောက်ကြတာပဲ ဖြစ်လိမ့်မယ် ထင်ပါတယ်၊ ဥပမာဗျာ...လူတယောက်က ခင်ဗျားတို့ ဂိုဏ်းရဲ့ မူပိုင် အထက်မြက်ဆုံး သိုင်းကွက်တွေကို တိုက်ခိုက်နိုင်တဲ့အစွမ်းရှိတယ်၊ ယှဉ်ရဲယင်လာယှဉ်လှည့်ပါလို့ စိန်ခေါ်မယ်ဆိုပါတော့၊ အဲဒီအခါ....ခင်ဗျားစိတ်ထဲမှာ ဘယ်လိုနေမလဲ၊ မခံချင်စိတ် ဖြစ်ပေါ်လာမယ်မဟုတ်လား၊ တကယ်လို့ ခင်ဗျားသာ ဂိုဏ်းခေါင်းဆောင် တယောက် ဖြစ်ခဲ့ယင် အဲဒီသူ့ရဲ့ ဖိတ်ခေါ်ယှဉ်ပြိုင်ပွဲကို သွားမိမှာ အမှန်ပဲ"

လီဆိုက်ဟိုက ခေါင်းကို တဆတ်ဆတ်ညိတ်လိုက်၏။

မိမိ၏သိက္ခာ ဂိုဏ်း၏ သိက္ခာကို ထိန်းသိမ်းလိုသည့် လူတိုင်းတွင် ဤကဲ့သို့ မခံချင်စိတ်သည် ရှိနေသည် မဟုတ်ပါလော....

မိုပိုက်ရိက လီဆိုက်ဟိုအား တချက် အကဲခတ်လိုက်ပြီး ဆက်ပြောလိုက်ပြန်သည်၊

"အဲဒီလူဟာ....သိုင်းဂိုဏ်းပေါင်းစုံရဲ့ မူပိုင် လျှို့ဝှက်သိုင်းကွက်တွေကို မှတ်သားပြီးတဲ့နောက် သူဟာ လေးငါးနှစ် အတွင်း၊ သိုင်းဂိုဏ်းပေါင်းစုံရဲ့ မူပိုင် လျှို့ဝှက် သိုင်းကွက်တွေကို ပေါင်းစည်းပြီး လေ့ကျင့်မယ်၊ ဂိုဏ်းပေါင်းစုံရဲ့ ထက်မြက်တဲ့ တိုက်ကွက်ဆုတ်ကွက်တွေကို အသုံးချပြီး မူပိုင် သိုင်း



ကွက်တွေ ထွင်မယ်၊ သိုင်းလောကကြီးတခုလုံးကို အုပ်ချုပ်စိုးမိုးနိုင်အောင် ကြံစည်မယ်ပေါ့"

လီထိုက်ဟိုက သိလိုသည့်အချက်ကို ကြားဖြတ်၍ ထပ်မေးလိုက်ပြန်သည်။

"ဒီလူဟာ သိုင်းဂိုဏ်းပေါင်းစုံရဲ့ မူပိုင် သိုင်းကွက်တွေကို မှတ်သား ရရှိထားပြီးပြီ မဟုတ်လား၊ ဘာကြောင့် အနှစ်သုံးဆယ် ကျော်လာတဲ့ တိုင်အောင် သူ့အကြံအစည်ကို အကောင်အထည် မဖော်ခဲ့ဘာလဲ၊ ဒီလူဟာ ဒီနေ့ထိ ထွက်ပေါ်မလာသေးဘူးလား"

မိုပိုက်ရိက ချက်ချင်းပင် ပြန်ဖြေလိုက်သည်။

"အင်း....သူ့အကြံအစည်တွေဟာ ဘယ်လောက်ပဲ ပီပီရိရိ ရှိခဲ့စေမယ့်လဲ၊ ဂိုဏ်းခေါင်းဆောင်တွေကို ယှဉ်ပြိုင်သတ်ဖြတ် အဆိပ်သင့် စေပြီးတဲ့နောက် သုံးရက်မြောက်နေ့မှာပဲ၊ သူဟာ သေဆုံးသွားခဲ့တယ်"

"ဘယ်လိုဖြစ်လို့လဲ"

လီထိုက်ဟိုက အံ့အားသင့်ကာ ချက်ချင်းပင် ပြန်မေးလိုက်သည်။

ထိုအခါ မိုပိုက်ရိက မဲ့ပြုံးပြုံးကာ....

"သူဟာ အောင်မြင်မှုတွေကြောင့် သတိကို လျော့ပေါ့ထားခဲ့မိတယ်၊ ဒါကြောင့်....သူဟာလဲ နောက်ဆုံးမြွေဝွပ်ပိုးထိတဲ့အဖြစ်မျိုးနဲ့ ကြုံခဲ့ရတယ်"

လီထိုက်ဟိုက နားရှုပ်သွားဟန်ဖြင့်....

"ဘယ်လို....ဘယ်လို....ရှင်းပြပါအုံး"

မိုပိုက်ရီက ထပ်မံ ရှင်းပြလိုက်ရသည်။

"နောက်ဆုံး သူနဲ့ယှဉ်ပြိုင်တဲ့ ဂိုဏ်းခေါင်းဆောင်ဟာ မျော်လင့်ပဲ အဆိပ်ကျွမ်းကျင်သူ တဦးဖြစ်နေတယ်၊ အဲဒီဂိုဏ်းခေါင်းဆောင်ဟာ သူနဲ့ယှဉ်ပြိုင်နေတုန်းမှာပဲ၊ သူ့ရှုံးမယ်မှန်းလဲသိရော၊ အဲဒီလူကို အဆိပ်ဆင့်အောင် လျှို့ဝှက်နည်းနဲ့ တိုက်ခိုက်လိုက်တယ်၊ အဲဒီလူဟာ အဆိပ်အဆင့်မှန်း လုံးဝမသိခဲ့ဘူး၊ ဒါကြောင့် သုံးရက်မြောက်တဲ့နေ့မှာပဲ၊ သူ့ကိုယ်သူ အဆိပ်သင့်မှန်း သိခဲ့ရတယ်၊ ဒါပေမယ့် အဆိပ်ဖြေဖို့ နောက်ကျသွားခဲ့တယ်၊ အဲဒီအချိန်မှာ သူမိခဲ့တဲ့အဆိပ်ကို သူ့ဟာသူ ဖြေလို့မရတော့ဘူး၊ ဒါကြောင့် နောက်ဆုံးမှာသူလဲ သေဆုံးသွားခဲ့ရတယ်"

လီဆိုက်ဟိုကသက်ပြင်းချလိုက်သည်၊

"အင်း....အဲဒီလူဟာ မီးကစားတဲ့လူက မီးသင့်ခံရတဲ့ ကိန်းမျိုးဆိုက်ခဲ့တာပေါ့၊ တကယ်လို့သာသူဟာ သူ့ရဲ့သိုင်းပညာစွမ်းတွေနဲ့ သူ့ရဲ့ထက်မြက်တဲ့ဉာဏ်ရည်ကို လူသားတွေရဲ့ အကျိုး ပြုလုပ်ငန်းတွေမှာသာအသုံးချခဲ့မယ်ဆိုယင်၊ သူဟာ သိုင်းလောကရဲ့ သိုင်းသမားကောင်းတယောက်ဖြစ်လာခဲ့မှာ အမှန်ပဲ"

လီဆိုက်ဟိုသည် သူ၏စကားဆုံးသည်နှင့်တပြိုင်နက် အကြောင်းတခုကိုစဉ်းစားမိသလိုရှိသွားပြီး လျင်မြန်စွာဖြင့် မိုပိုက်ရီအားမေးလိုက်သည်၊

"စိတ်တော့မရှိပါနဲ့ဗျာ၊ ကျုပ်တခုမေးပါရစေ၊ ခင်ဗျားဟာ ထာကြောင့်ဒီကိစ္စကို ဒီလောက်တောင်အသေးစိပ်သိနေ

ရပါသလဲ"

မိုပိုက်ရီက လီဆိုက်ဟိုအားစိုက်ကြည့်လိုက်က....

"ပြီးခဲ့တဲ့နှစ်က ကျုပ်ဖခင်ကျန်ရစ်ခဲ့တဲ့ ပစ္စည်းအသုံးအဆောင်တွေကိုရှင်းလင်းတဲ့အခါမှာ မှတ်စုစာအုပ်တအုပ်ကို တွေ့ခဲ့တယ်၊ အဲဒီမှတ်စုစာအုပ်ထဲမှာ ခု ကျုပ်ပြောခဲ့တဲ့ အကြောင်းရပ်တွေကိုဖတ်ရတယ်၊ ဒါကြောင့်___"

ဤတွင် လီဆိုက်ဟိုကကြားဖြတ်မေးလိုက်ပြန်သည်။

"ခင်ဗျားတို့ရဲ့ဖခင်က ဘာကြောင့်ဒီအကြောင်းတွေကို ဒီလောက်တိတိကျကျသိနေခဲ့ရတာလဲ၊ အဲဒီမှတ်စုစာအုပ်ထဲမှာ ဒီလူရဲ့နာမည် ဘယ်သူဘယ်ဝါဆိုတာကော ပေါ်သေးလား"

မိုပိုက်ရီကတချက်ပြုံးလိုက်ပြီးမှဆက်ပြောလိုက်သည်။

"ကျုပ် ပထမဆုံး အရေးကြီးတဲ့အချက်တချက်ကိုပြောပါ့မယ်၊ အဲဒီလူဟာ 'မို' အမျိုးအနွယ်ပဲ"

"ဗျာ...."

လီဆိုက်ဟိုလွန်စွာအံ့အားသင့်သွားပြီး ချက်ချင်းပင်မတတ်တရပ်လိုက်မိသည်။

ဤဘွင် ထူးခြားသောခံစားမှုတခုကို သူခံစားလိုက်ရသည်။

သူ၏ခြေအစုံသည် အင်အားများဆုတ်ယုတ်ကာ ကောင်းစွာမရပ်နိုင်တော့အောင်ဖြစ်နေသည်။

စိုးရိမ်ထိတ်လန့်မှုကသူ့အား ချက်ချင်းလွှမ်းမိုးသွားသည်။

သူက ချက်ချင်း မိုပိုက်ရီအားမေးလိုက်သည်၊

"ခင်ဗျားတော်တော်ယုတ်မာတဲ့လူပဲ၊ ခင်ဗျားဟာကျော်
ဆောက်နေတဲ့ဂရုစဉ်ကြမ်းထဲမှာ အဆိပ် ခတ်ထားတယ်
မဟုတ်လား"

လူ၏အမေးကို မိုပိုက်ရိကမဖြေတော့ပါ။
မိုရှုရိမှလွဲ၍ ကျန်သည့် 'မို' ညီအစ်ကိုသုံးယောက်စလုံး
သည် သဘောကျစွာရယ်မောလိုက်ကြလေသည်။
"ဟား...ဟား... ဟား"
"ဟား...ဟား... ဟား"
"ဟား...ဟား... ဟား"
လီဆိုက်ဟိုတယောက် လူပါးပုလင်းကွဲထိချေပြီ။
မြွေပွေးပိုးထိသည်ဟုဆိုလျှင် ပို၍မှန်ပေလိမ့်မည်။

* * *



စာစု (၆)

## အိုင်းဘဏ္ဍာသိုက်ကြီး

(၁)

လီထိုက်ဟိုတယောက် မြွေပွေးပိုးထိချေပြီ။
တကယ်ပင် လီဆိုက်ဟိုသည် ယိုးလင်ဧဟာ၏အဆိပ်က
သွေးကြောကိုယ်ထဲသို့ရောက်ရှိသွားပြီဖြစ်၏။
ရုတ်တရက်....
လီထိုက်ဟိုဒေါသထွက်သွားသော်လည်း၊ သူသည်ဒေါသ
ကိုအချိန်မီချုပ်တီးလိုက်သည်။

ထို့နောက်....

လီထိုက်ဟိုသည် ထိုင်ခုံတွင်အေးဆေးစွာပြန်ထိုင်လိုက်ပြီး မိုပိုက်ရိအားလှမ်းကြည့်လိုက်၏။

စိတ်ကိုထည်ငြိမ်စွာထားပြီးမှ မိုပိုက်ရိအား မေးလိုက်သည်။

"နေပါအုံးဗျ....ခင်ဗျားတို့ယိုးလင်ဂေဟာနဲ့ ကျုပ်တာ ရန်ငြိုးများရှိခဲ့လို့ အခုလိုလုပ်ရတာလဲ"

မိုပိုက်ရိက ခေါင်းကိုလျင်မြန်စွာယမ်းခါလိုက်သည်။

"ဘာမှမရှိပါဘူးလီထိုက်ဟို၊ ရန်ငြိုးဆိုတဲ့ စကားကို တော့ မသုံးလိုက်ပါနဲ့"

ထိုအခါ....

လီထိုက်ဟိုကမျက်ခုံးကိုရှုံ့လိုက်ပြီး....

"ရန်ငြိုးမရှိပဲနဲ့ ဘာကြောင့် ကျုပ်ကို အဆိပ်ခတ်ရတာလဲ"

မိုစုရိကအေးစက်စွာဝင်ပြောလိုက်သည်။

"လီထိုက်ဟို၊ အခု ခင်ဗျားမိထားတဲ့အဆိပ်က ကျုပ်တို့ယိုးလင်ဂေဟာရဲ့အစွမ်းအထက်မြက်ဆုံးအဆိပ်ဖြစ်တဲ့ 'အရိုးကြေ' အဆိပ်ပဲ၊ အဲဒီအဆိပ်မိတဲ့လူဟာ အရိုးတွေတဖြည်းဖြည်းနဲ့ကြေပြုတ်ကျသွားလိမ့်မယ်၊ ဘယ်လောက်ပဲ အတွင်းအားကောင်းတဲ့လူပဲဖြစ်ပါစေ ဒီအဆိပ်ဒဏ်ကိုမခံနိုင်ဘူး၊ တသက်လုံးဒုက္ခိတဘဝနဲ့နေသွားရမှာတော့အသေချာပဲတယ်"

ထိုအချိန်တွင် လီထိုက်ဟိုမှာ ဣန္ဒြေဆည်၍ မနေရတော့ချေသည်။



လူ့ကစကားပြန်ပြောချိန် တန်ပြင်လိုက်သည်။

မိုစုရိက လက်ကိုကာပြယင်း ဆက်ပြောလိုက်သည်။

"ကျုပ်တို့ ယိုးလင်ဂေဟာရဲ့ အဆိပ်ဖြေဆေးဟာ ကျုပ်တို့ဆီမှာပဲရှိတယ်၊ ရွှေအပ်ကလေးနဲ့ အကြောအနေရာကို စိုက်ပေးလိုက်တာနဲ့ အဆိပ်တွေဟာ ပြေပျောက်သွားနိုင်တယ်"

လီထိုက်ဟိုက မဲ့ပြုံးပြုံးကာ ပြန်ပြောလိုက်သည်။

"ခင်ဗျားတို့ ပြောနေတဲ့ အဓိပ္ပာယ်ကို ကျုပ်....သဘော ပေါက်ပြီ၊ တကယ်တော့ ခင်ဗျားတို့ဟာ ကျုပ်ကို အဆိပ်သင့် အောင်လုပ်ပြီး၊ အကျပ်ကိုင်ချင်တဲ့ သဘောမဟုတ်လား"

ထို့နောက်....

လီထိုက်ဟိုက မကျေမနပ်ဖြင့် တချက်ပြုံးလိုက်ပြီး၊ ဆက်ပြောလိုက်ပြန်သည်။

"ကျုပ်ကို....အကူအညီတောင်းယင်၊ ကျုပ်ကလူတိုင်းကို အကူအညီ ပေးဖို့ အသင့်ပါပဲ၊ အကျပ်ကိုင်လိုတဲ့ သဘောနဲ့ အဆိပ်သင့်အောင် လုပ်ဖို့မလိုပါဘူး"

ဤအခါ မိုပိုက်ရိက တဟားဟားရယ်မောလိုက်သည်။

"လီထိုက်ဟို....ခင်ဗျားကိုတော့ ကျုပ်မချီးကျူးပဲ မနေနိုင်တော့ဘူးဗျာ၊ ကျုပ်တို့က ခင်ဗျားကိုအဆိပ်ခတ်လိုက်တာတောင် ခင်ဗျားကစိတ်မဆိုးပဲ၊ ကျုပ်တို့ကို အကူအညီပေးဖို့ ပြောနေနိုင်သေးတယ်"

မိုပိုက်ရိကဦးခေါင်းကိုတဆတ်ဆတ်ညိတ်ယင်း ဆက်၍--

"အင်း____တကယ်တော့၊ ကျုပ်တို့ ခုလို ခင်ဗျားကို

အဲဆိပ်ဘင့်အောင် ပြုလုပ်ရတာဟာ လွယ်မရှောစ်သာလို့ လုပ် ရတာပေါ့၊ ဘာ့ကြောင့်လဲ ဆိုတော့၊ ခင်ဗျားက ကျုပ်တို့ တောင်းထဲ့အကူအညီကို လွယ်လွယ်ကူကူနဲ့ ပေးချင်မှပေးမယ် မဟုတ်လား၊ ဒါကြောင့် အခုလို အယင်ဆုံး အဆိပ်ခတ်ထား ရတာပေါ့"

လီထိုက်ဟိုမှာ မျက်မှောင်ကုပ်လိုက်ကာ......

"ခင်ဗျား အကူအညီတောင်းမယ့်ကိစ္စက ဘယ်လိုကိစ္စမျိုး လဲ၊ ကျုပ်ကို လူသတ်ခိုင်းမလို့လား"

မိုပိုက်ရိက သဘောကျစွာ ရယ်မောလိုက်သည်။

"ယိုးလင်ဂေဟာအနေနဲ့ လူတယောက်ကို သတ်ချင်ယင် ခင်ဗျားလို လူမျိုးဆီမှာ အကူအညီ တောင်းနေစရာ မလိုပါ ဘူး၊ ဒီလောက်ကိစ္စလေးလောက်နဲ့ လီထိုက်ဟိုကို ကျုပ်တို့ ဒီလိုမလုပ်ရက်ပါဘူး"

ထိုအချိန်တွင်......

လီထိုက်ဟို တဖြည်းဖြည်း အားကုန်လာသလို ခံစားနေရ သည်။

ထို့ကြောင့်....

သူက သတိကို ခဲအောင်းစွာ ထိန်းချုပ်ပြီး ပြောလိုက် သည်။

"ဒီလိုဆိုလဲ...ခင်ဗျားတောင်းမယ့် အကူအညီကို ရှင်းရှင်း ဝဲ ပြောဗျာ၊ အဲ...ဒါပေမယ့်၊ ထခုတော့ ကြိုပြောထားလိုက် မယ်၊ တကယ်လို့ ကျုပ်ကို ခိုင်းမယ့်ကိစ္စဟာ၊ ဇာဂိုဏ်း ထဲ့ အကျိုးအတွက်နဲ့ လူအများ အကျိုးကို ထိခိုက်မယ်ဆိုယင်



တော့၊ ကျုပ်တသက်လုံး ဒုက္ခထဲ တဝန်ပဲ အရိုးထုတ်ချစီ ထုတ်ရပါစေ၊ ဘယ်တော့မှ လုပ်မပေးနိုင်ဘူးဆိုတာပဲ"

မိုပိုက်ရိက စားပွဲခုံကို လက်ဖြင့် အားရပါးရပုတ်လိုက်ပြီး အော်ပြောလိုက်၏။

"ဟုတ်ပြီ"

ပြောပြောဆိုဆို ထိုင်ရာမှ ရုတ်တရက် ထရပ်လိုက်လေ သည်။

* * *

(၂)

အခန်းထဲတွင် မိုပိုက်ရိက ခေါက်တုံ့ခေါက်ပြန် လမ်း လျှောက်နေ၏။

အတန်ကြာမှ သူက လမ်းလျှောက်ခြင်းကို ရပ်တန့်ကာ လီထိုက်ဟိုအား....

"ခင်ဗျားရဲ့ စိတ်ဓာတ်ကိုတော့ ကျုပ်လေးစားသွားပြီ၊ ကျုပ်တို့ အကူအညီတောင်းမဲ့ကိစ္စကို ခင်ဗျား မဆောင်ရွက် ပေးခဲ့ယင်တောင်မှ ကျုပ်က ခင်ဗျားသင့်နေတဲ့ အဆိပ်ကို ဖြေပေးပြီး ပြန်လွှတ်ပေးဖို့ စိတ်ကူးထားပါတယ်"

လီထိုက်ဟိုက တည်ငြိမ် အေးဆေးစွာဖြင့် ပြန်ပြောလိုက်

အည်။

"ကျုပ်တာလုပ်ပေးရမလဲ ဆိုတာကိုသာ ပြောပါ၊ ဓာ စောက ကျုပ်ပြောသလိုပဲ၊ လူတဦး၊ ဒါမှမဟုတ် အများ၊ အပေါ် ထိခိုက်နစ်နာစေမယ့် ကိစ္စမျိုး မဟုတ်ဘူးဆိုယင်၊ ကျုပ် ကူညီဆောင်ရွက်ပေးပါ့မယ်"

မိုပိုက်ရိက ခေါင်းညိတ်လိုက်ကာ....

"ယိုးဒယားဂေဟာက ခင်ဗျားကို စစ္စည်းတခု ရှာပေးဖို့ အကူအညီတောင်းချင်ပါတယ်"

လီဆိုက်ဟိုက ပြန်မေးလိုက်သည်။

"ဘယ်လိုပစ္စည်းမျိုးလဲ"

မိုပိုက်ရိက တည်ကြည်သော အမူအရာဖြင့်—

"စာအုပ်—တအုပ်"

လီဆိုက်ဟိုက ဆက်ပြီးမေးလိုက်သည်။

"ဘယ်နေရာ၊ ဘယ်ဒေသမှာ ရှိနေလို့လဲ"

မိုပိုက်ရိက ချက်ချင်းပြန်ဖြေလိုက်သည်။

"လျှို့ဝှက်မြို့က 'ကျွန်း' ဝေဟာရမှာပါ"

ထိုအခါ...

လီဆိုက်ဟိုမှာ ချက်ခြင်းရှုံ့သွားမိသည်။

သူက မိုပိုက်ရိအား အတန်ကြာစူးစိုက်ကြည့်နေမိသည်၊ ပြီးမှဖြည်းလေးစွာမေးလိုက်သည်။

"ကျုပ်ကဘယ်လိုသွားရှာပြီး ယူပေးရမလဲ"

သို့သော်...

မိုပိုက်ရိက လီဆိုက်ဟို၏အမေးကိုပြန်မဖြေသေးပဲ၊ သူ့ကို



ပြန်မေးလိုက်သည်။

"လီဆိုက်ဟို၊ ခင်ဗျား ကျုပ်ကိုမေးဖို့ကျန်သေးတယ်၊ စာလဲဆိုတော့၊ ခင်ဗျားရှာပြီးယူရမယ့်စာအုပ်က ဘယ်လို စာအုပ်မျိုးလဲဆိုတာကိုပဲ"

လီဆိုက်ဟိုကဦးခေါင်းကိုခါယမ်းပြလိုက်သည်။

ဤတွင် မိုပိုက်ရိကရယ်ကြဲကြဲဖြင့်....

"ဘာကြောင့် ခင်ဗျားကိုမှ ရွေးပြီး အဲဒီစာအုပ်ကိုရှာယူနိုင်းရသလဲဆိုတာကိုရော ခင်ဗျားမမေးတော့ဘူးလား"

လီဆိုက်ဟိုမှာ မည်သို့မျှအထူးခြားသောအသွင်ဖြင့် ပြန်ပြောလိုက်သည်။

"ကျုပ်ကို ခင်ဗျားပြောပြလိမ့်မယ်ဆိုတာ ကျုပ်က အတ်သိထားလို့မမေးတာပဲ"

ထိုစဉ်....

မိုပိုက်ရိက လက်ကိုရုတ်တရက်ဝှေ့ယမ်းလိုက်ပြီး—

"ညီလေး....စုရိ"

မိုစုရိက ကဗျာကယာပင်ထူးလိုက်၏။

"ပြောပါ....အစ်ကိုကြီး"

ထို့နောက်......

မိုပိုက်ရိက လီဆိုက်ဟိုကိုလက်ညှိုးထိုးလိုက်ပြီး—

"မင်းတို့အားလုံးမြင်တယ်မဟုတ်လား၊ လီဆိုက်ဟိုရဲ့ ခေါတ်ဟာ ဘယ်လောက်ရိုးသားမြင့်မြတ်သလဲဆိုတာ၊ အခု သူမှာမိနေတဲ့အဆိပ်ကို အမြန်ဖြေပေးလိုက်စမ်း"

မိုပိုက်ရိက မိုစုရိကိုပြောပြီးသည်နှင့် လီဆိုက်ဟိုသ

လှည့်ကာပြောလိုက်သည်။

"ဟဲ… လီထိုက်ဟို၊ ကျုပ်ရဲ့ညီခလေးက ခင်ဗျားကို ရှေးအပ်နဲ့ စိုက်ပြီး ခင်ဗျားမှာမိနေတဲ့အဆိပ်တွေကိုဖြေပေးပါလိမ့်မယ်၊ ဒီအတွက် ခင်ဗျားလုံးဝသံသယမရှိပါနဲ့"

ထိုအချိန်တွင်——

မိုစုရိက လီထိုက်ဟိုအား အဆိပ်ဖြေပေးရန်ပြင်ဆင်မှုများ ပြုလုပ်လိုက်သည်။

မိုစုရိသည် လီထိုက်ဟိုအား မည်ကဲ့သို့အဆိပ်ဖြေပေးမည်နည်း။

သူသည် လီထိုက်ဟိုအားအဆိပ်ဖြေပေးရန်အမှန်တကယ် ဝါသနာရှိနေခြင်းမှာဖြစ်နိုင်ပါမည်လော။

* * *

(၃)

ဂ်မိုစုရိသည် ဆူအိတ်ထဲမှတစုံတခုကိုနှိုက်ယူလိုက်ပြီး လီထိုက်ဟိုထံချဉ်းကပ်လာသည်။

ပြီးထို့နောက်....

"သူသည် လီထိုက်ဟိုနောက်ကျောအကြီးတွင်ရစ်လိုက်ပြီး သံကိုအပေါ်သို့ပင့်မြှောက်လိုက်သည်။

ထိုအကြားတွင်....



လီထိုက်ဟို၏ကျောတပြင်လုံး ကျဉ်တက်သွားသည့်ဝေဒနာကိုခံစားလိုက်ရသည်။

အောက်တက်ခြေဖျားမှ အပေါ်ဘက် ဦးခေါင်းထိပ်တလျှောက် ထချက်မျှကျင်ကနဲဖြစ်သွားခြင်းဖြစ်ကြောင်း သတိပြုမိ၏။

မိုစုရိက မည်သို့သောပုံသဏ္ဌာန်ရှိသည့်ရှေးအပ်ဖြင့် သူ၏ကျောကုန်းထဲနေရာအား မည်ကဲ့သို့ထိုးစိုက်လိုက်မှန်း သူမတွေ့လိုက်ရချေ။

မြက်ကနဲကျင်တက်သွားသောဝေဒနာသည် တစက္ကန့်မျှသာဖြစ်ပြီး ရုတ်တရက်ပြန်၍ပျောက်သွားသည်။

လီထိုက်ဟို၏ခြေအစုံမှာ စောစောကကဲ့သို့ခံစားမှုမျိုးကို မခံစားရတော့ချေ။

"ဟဲ .. ခင်ဗျားကိုယ်ထဲကအဆိပ်တွေ မကြာခင်မှာပဲအားလုံးပြေသွားပါလိမ့်မယ်၊ ခင်ဗျားအနေနဲ့ဘာမှမစိုးရိမ်ပါနဲ့တော့"

မိုစုရိက နောက်မှနေပြီးပြောလိုက်ခြင်းဖြစ်သည်။

ယင်းသို့လီထိုက်ဟိုကို ပြောလိုက်ပြီးနောက် မိုစုရိက သူထိုင်ခုံရှိရာသို့ သွားရောက်ထိုင်ချလိုက်သည်။

ထိုစဉ်....

တချိန်လုံးစကားဝင်မပြောဘဲရပ်ကြည့်နေသော မိုရှုရိသည် လီထိုက်ဟိုအား လှမ်းကြည့်လိုက်ပြီး ထိုင်ရာမှထရပ်လိုက်သည်။

ပြီးနောက်__

သူမ၏အစ်ကိုကြီးဖြစ်သူအား၊ လှမ်းပြောလိုက်သည်။

"အစ်ကိုကြီး၊ အစ်ကိုကြီးတို့က ဓုထိအကြောင်းယင်းကိုကိုရောက်အောင်မပြောပြသေးပါလား၊ ညည်းသည်ကိုမနက်စာကျွေးဖို့အချိန်တောင်လွန်လာပြီ"

မိုပိုက်ရိက တဟားဟားရယ်မောလိုက်ပြီး၊ ညီမငယ်အား ကြည့်၍ ပြောလိုက်သည်။

"ဟဲ....ဟဲ... ယိုးလင်ဂေဟာမှာတို့ညီမတယောက်ကပဲညည်းသည်ကိုညည့်ဝတ်ကျေအောင်ပြုစုဖို့ စိတ်စောနေတာပဲကို၊ စုရိနဲ့ ချုံရိ မင်းတို့တွေအယ် မဟုတ်လား၊ မင်းတို့ညီမငယ်ရဲ့ညည့်ဝတ်ကျေမှုကို မင်းတို့ သူ့ဆီကအတုယူရလိမ့်မယ်"

ထိုအခါ....

မိုရှုရိမှာရှက်သွေးဖြာသွားပြီး၊ မျက်နှာလေးမှာ ဝန်းနှရောင်သို့ပြောင်းသွားသည်။

မိုချုံရိက သူ့ညီမငယ်၏ ပြောစကားကို ထောက်ခံကာဝင်ပြောလိုက်သည်။

"အစ်ကိုကြီး ညီမလေးပြောတာမှန်တယ်၊ မနက်စာ စားချိန်တောင် အတော်လွန်လာခဲ့ပြီပဲ၊ အစ်ကိုကြီး ပြောချင်တဲ့စကားကို ခပ်မြန်မြန်လေး ပြောလိုက်ပါတော့"

မိုပိုက်ရိက ခေါင်းကို ညိတ်ပြလိုက်ပြီး၊ လီသိုက်ဟိုကိုကြည့်ကာ ပြုံးရယ်လျက် ပြောလိုက်သည်။

"လီသိုက်ဟို ခုချိန်ကစပြီး၊ စင်ဗျာသိပ်သိချင်နေတဲ့ အကြောင်းကို ကျုပ်ပြောပြပါ့မယ်"

မိုပိုက်ရိက မျက်နှာကို ချက်ချင်းတည်လိုက်သည်။



ပြီးနောက် အတန်ငယ်စဉ်းစားဟန် ပြုနေလိုက်သည်။

ထို့နောက်....

အက်ဖြစ်းကို လေးတွဲ့စွာ ချ၍ပြောလိုက်တော့သည်။

* * *

(၄)

"စောစောက ကျုပ်ပြောခဲ့တဲ့အတိုင်းပါပဲ၊ သိုင်းဂိုဏ်းခေါင်းဆောင်တွေကို အဆိပ်ဆင့်သေဆုံးခဲ့ပြီး၊ သူတို့ဆီကစုပိုင် လျှို့ဝှက် သိုင်းကွက်တွေကို မှတ်သား ရယူခဲ့တဲ့ 'မို' အမျိုးအနွယ်ဆိုတဲ့ လူဟာ တခြားလူမဟုတ်ဘူး၊ ကျုပ်တို့ရဲ့အဘိုးပဲ ဖြစ်တယ်"

လီသိုက်ဟိုမှာ ဇွဲအားသင့်ခြင်း မဖြစ်မိပါ။

အကြောင်းမှာ....

'မို' အမျိုး အနွယ်ဟု စပြောလိုက်စဉ်ကည်းကပင် ထိုလူသည် မိုပိုက်ရိတို့နှင့် ဆွေမျိုးမကင်းသူတဦးသာ ဖြစ်ရမည်ဟု တွက်ဆခဲ့မိပြီးဖြစ်သည်။

ထို့ကြောင့်....

လီသိုက်ဟိုက တိတ်ဆိတ်စွာပင် ဆက်၍ နားထောင်နေလိုက်သည်။

မိုပိုက်ရိက လီသိုက်ဟိုကို လှမ်းကြည့်ပြီး မေးလိုက်သည်။

"အယ့်နှယ့်လဲ လီထိုက်ဟို၊ ခင်ဗျား အံ့ဩသွားမိသလား"

လီသိုက်ဟိုက ခေါင်းကို ခါယမ်းလိုက်ပြီး....

"တာမှ အံ့ဩစရာ မရှိပါဘူးဗျာ၊ ခင်ဗျားတို့ခေါင်ရဲ့ မှတ်စုစာအုပ်ထဲမှာ မှတ်သားထားတယ် ဆိုကတည်းက၊ ကျုပ်က ရိပ်မိပြီးသားပါ၊ အဲဒီသူဟာ ခင်ဗျားတို့မိဘစုထဲက ဆွေမျိုးမကင်းသူတယောက် ဖြစ်လိမ့်မယ်ဆိုတာပဲပေါ့"

ထိုအခါ...

မိုပိုက်ရိက ရုတ်ချင်းဝင် ပြန်မေးလိုက်သည်။

"ဒါဆို၊ ခင်ဗျားအနေနဲ့ စဉ်းစားမိလောက်ရောပေါ့၊ ကျုပ်ခင်ဗျားကို ရှာပြီး ယူခိုင်းမယ့်စာအုပ်ဟာ၊ ဘယ်လို စာအုပ်မျိုးလဲဆိုတာ"

ထို့ကြောင့်...

လီသိုက်ဟိုက ဦးခေါင်းကို ညိတ်ပြလိုက်သည်။

"အင်း...ကျုပ်...စဉ်းစားမိသလောက် ပြောရမယ်ဆိုရင် အဲဒီစာအုပ်ဟာ ခင်ဗျားတို့ အထိုးရဲ့ မှတ်စုစာအုပ် တအုပ်ပဲ ဖြစ်ရမယ်၊ အဲဒီမှတ်စုစာအုပ်ထဲမှာ သိုင်းပေါင်းစုံရဲ့ မူပိုင်လျှို့ဝှက် သိုင်းကွက်တွေကို ရေးမှတ်ထားတာ ရှိနိုင်တယ်၊ ဒါကြောင့် ဒီစာအုပ်ဟာ ခင်ဗျားတို့အဖို့ အလွန်တန်ဖိုးရှိတဲ့ စာအုပ်တအုပ် ဖြစ်နေလိမ့်မယ်"

လီထိုက်ဟို၏ စကားကြောင့်၊ မိုပိုက်ရိမှာ တုန်လှုပ်သွားသည်။

ပြီးမှ သူကယာန်မပျက် ဆက်ပြောလိုက်သည်။



"အဲ့ကြောင့် ခင်ဗျားကိုမှ ရွေးပြီး ရှာဖွေပေးဖို့ အကူအညီ တောင်းတယ်ဆိုတာကိုရော ခင်ဗျားသိရဲ့လား"

လီသိုက်ဟိုက ခေါင်းကို ခါယမ်းပြလိုက်သည်၊

"ဒါကိုတော့ ကျုပ်သဲမသိပါဘူး"

မိုပိုက်ရိက အက်ပြင်းကို ချသိုက်သည်၊

ပြီးလျှင် တခဏခင့်ကြာမျှ စဉ်းစားနေပြီးမှ ပြောလိုက်သည်၊

"ကျုပ်တို့ရဲ့ခေါင် အဘဆက်ရှင်စဉ်က ဒီအကြောင်းကို လုံးဝ မပြောခဲ့ဘူး၊ သူကွယ်လွန်သွားတော့မှပဲ၊ သူ့သံဇဆေတ္တာထဲက အဲ့မှတ်စုစာအုပ်ကို တွေ့ရတော့တယ်၊ တကယ်တော့ ကျုပ်တို့ခေါင်ဟာအဲဒီ သိုင်းလောကကို စိုးမိုးချုပ်ကိုင်ဖို့ အကြံအစည် ရှိခဲ့တဲ့လူတယောက်ပဲ"

ဤတွင် လီသိုက်ဟိုက ကြားဖြတ်ပြီး မေးလိုက်သည်၊

"ဒါဆို... ခင်ဗျားတို့လဲ ဒီမှတ်စုစာအုပ်ကို ဖတ်မိတော့မှပဲ၊ ဒီအကြောင်းတွေကို သိရတာပေါ့ ဟုတ်လား၊ အခု.. အဲဒီစာအုပ်က ခင်ဗျားတို့ဆီမှာမရှိဘူး၊ ဒါကြောင့် ဒီစာအုပ်ကို ကျုပ်ကရှာပြီး ယူလာပေးဖို့ ကျုပ်ကို အကူအညီ တောင်းတယ် ဆိုပါတော့"

ထိုအခါ မိုပိုက်ရိက သူ၏ ဦးခေါင်းကို ဆတ်ကနဲညိတ်ကာ ပြောလိုက်သည်၊

"ဟုတ်တယ်....သိုင်းဂိုဏ်းပေါင်းစုံရဲ့ မူပိုင်လျှို့ဝှက် သိုင်းကွက်တွေဟာ၊ အဲဒီစာအုပ်ထဲမှာ ရှိနေတယ်၊ တကယ်တော့ အဲဒီစာအုပ်ဟာ တန်ဖိုးမဖြတ်နိုင်တဲ့ သိုင်းဂိုဏ်းပေါင်းစုံရဲ့

'သိုင်းဘဏ္ဍာသိုက်' ကြီးပဲ၊ တကယ်လို့ အဲဒီစာအုပ်ထဲမှာ ပါတဲ့ သိုင်းလောကတခုလုံးမှာ 'ပြိုင်ဘက်ကင်းတဲ့ နံပါတ်တစ် ဓားသမား' တယောက် ဖြစ်လာနိုင်မှာ သေချာတယ်၊ ဒီတော့ ဒီစာအုပ်ကို ခင်ဗျားရော မမက်မောဘူးလား"

သို့သော်....

လီထိုက်ဟိုက မိုပိုက်ရိ၏ အမေးကို မဖြေပဲ၊ တည်ကြည်စွာဖြင့် မိုပိုက်ရိအား ပြန်မေးလိုက်သည်။

"ခင်ဗျားကို....ကျုပ်စကားတခွန်းတော့ ပြောလိုက်မယ်၊ ဒါကို ခင်ဗျားယုံမလား"

မိုပိုက်ရိက အံ့အားသင့်စွာ လီထိုက်ဟိုကို ဖြတ်ကနဲ လှမ်းကြည့်လိုက်သည်။

"ဘာလဲ...ခင်ဗျားက ဒီစာအုပ်ကို မမက်မောဘူးလို့ ပြောချင်လို့လား"

လီထိုက်ဟိုက ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ်၊ တကယ်တော့ ခင်ဗျားတို့အဘိုးဟာ သိုင်းဂိုဏ်းခေါင်းဆောင်တွေ အားလုံးကို လှည့်ဖြား၊ အဆိပ်ဆင်စခဲ့ပြီးမှ ရယူခဲ့တဲ့၊ ဒီသိုင်းဂိုဏ်းပေါင်းစုံ မူပိုင် သိုင်းကွက်တွေဟာ၊ နောက်ဆုံးကျတော့ ဘာမှအသုံးချနိုင်တဲ့ အခြေအနေ ရှိမှာမဟုတ်ဘူး၊ ဒါပေမယ့် ဒီစာအုပ်ကို သိုင်းလောကသားတွေ ရခွင့်ကြုံရယ် ဆိုယင်တော့ လိုချင်ကြမှာ အမှန်ပဲ၊ ကျုပ်အနေနဲ့ ပြောရယင်တော့၊ လုံးဝ လိုချင်မက်မောတဲ့ စိတ်မရှိဘူး"

မိုပိုက်ရိက မဲ့ပြုံးပြုံးကာ ပြန်ပြောလိုက်သည်။



"ဒါဆတော့ဗျာ ခင်ဗျားနဲ့ကျုပ် ခံစားချက် ဘယ်တူပါမလဲ၊ တကယ်တော့ ဒီ...မှတ်စုစာအုပ်ကို ကျုပ်တို့ အဘိုးဟာ အသက်နဲ့လဲပြီး ရအောင်ယူခဲ့ရတာ မဟုတ်လား၊ ဒီတော့...."

ထိုအခါ လီထိုက်ဟိုက မိုပိုက်ရိ၏ စကားကို ကြားဖြတ် ပြောလိုက်သည်။

"ခင်ဗျားအဘိုးဟာ၊ ဘာကြောင့် အဲဒီစာအုပ်ကို ခင်ဗျားအဖေကို မပေးခဲ့ရတာလဲ၊ ခင်ဗျားအဖေကော ဘာကြောင့် ဒီစာအုပ်ကိုရအောင်မယူခဲ့တာလဲ၊ အခုနတော့ ခင်ဗျားရဲ့အဖေဟာလဲ နောက်ခံရာဇဝင်ကို သိထားတာမို့၊ ခင်ဗျားတို့ကို ပြောမပြတာ ဖြစ်လိမ့်မယ်"

မိုပိုက်ရိက လေသံကို လျှော့ချလိုက်ပြီး၊ စိတ်ပျက်စွာဖြင့် ပြောလိုက်သည်။

"ဒီလိုဆိုယင်...ခင်ဗျားက ကျုပ်တို့အတွက် အဲဒီစာအုပ်ကို ရှာပြီး ယူမပေးချင်ဘူး ဆိုပါတော့"

ပြောပြောဆိုဆို မိုပိုက်ရိ၏ မျက်လုံးအစုံသည်၊ ရုတ်တရက် အရောင်များ လင်းလက်လာသကဲ့သို့ ရှိနေသည်။

ထို့အတူ....

မိုစုရိ၏ မျက်နှာကလည်း တင်းမာသွားသရောင်ရှိသည်။

လီထိုက်ဟိုက ဆူတို့ကိုကြည့်၍၊ တချက် ခနဲ့ပြုံးပြုံးလိုက်ကာ....

"ကျုပ်ဟာ ကတိပေးပြီးယင် မဖျက်တတ်ပါဘူး၊ ဒါပေမယ့် အဲဒီစာအုပ်ကို ရှာယူနိုင်လို့ ခင်ဗျားတို့လက်ထဲ ပေးအပ်

ထားခဲ့ယင်၊ ခင်ဗျားတို့ လုံခြုံအောင် ထိန်းသိမ်းထားနိုင်စေ တော့။"

မိုပိုက်ရီက ဝင့်ကြွားစွာ ပြုံးလိုက်ပြီး....

"ခင်ဗျားသာ ရအောင် ယူခဲ့ပါလေ၊ ထိန်းသိမ်းထား နိုင်ဖို့က ကျုပ်တာဝန်ယူပါတယ်၊ အဲ....ကတိမဖျက်တတ်တဲ့ ခင်ဗျားရဲ့ စိတ်ဓာတ်ကိုတော့ ကျုပ်တို့လေးစားပါတယ်"

မိုပိုက်ရီက ပြောပြီးသည်နှင့်အိတ်ထဲမှ ဆိတ်သားရေအိတ် ရှုံ့လေးတလုံးကို ထုတ်ယူလိုက်သည်။

ပြီးနောက် ချည်နှောင်ထားသောကြိုးကို ဖြေလိုက်သည်။

ထို့နောက်...

အိတ်အတွင်းမှ စာရွက်ခေါက်လေးကို ထုတ်ယူလိုက်ပြီး၊ စာရွက်ပေါ်တွင် ဖြန့်ချလိုက်သည်။

ထိုစဉ်...

"ဒေါင်....ဒေါင်....ဒေါင်....

သံချောင်းခေါက် အချက်ပေးသံများမှာ ဝေဟာ၏ အ မြင့်ဘက်မှ ရုတ်တရက် ထွက်ပေါ်လာသည်။

ယင်းအသံကြောင့်...

မိုပိုက်ရီမျက်နှာသည် ချက်ချင်း ပြောင်းလဲသွားသည်။

တုန်လှုပ်ထိတ်လန့်သည့်အသွင်က ရုတ်ခြည်းပင် ဖြစ်ပေါ် လာသည်။

ဖြန့်လက်စစာရွက်ကို အမြန်ပြန်ခေါက်လိုက်ပြီး လက်ထဲ တွင် ဆုပ်ကိုင်ထားလိုက်သည်။

ထို့နောက်....



အမြင့်ဘက်သို့လှည့်၍ ကျယ်အော်လိုက်သည်။

"ဟေ့....ဘာတွေဖြစ်နေတာလဲ၊ ပြောကြစမ်း"

ဝတ်စုံနက်နှင့် လူနှစ်ဦးမှာ ဗျာသီဗျာယာဖြင့် ဧည့်ခန်းဆောင်အတွင်းသို့ ဝင်လာသည်။

မိုပိုက်ရီရှေ့သို့ ရောက်သောအခါ ခေါင်းကိုငုံ့ညွတ်၍ အရိုအသေ ပေးလိုက်သည်။

ပြီးနောက်....

တယောက်က မိုပိုက်ရီအနားသို့တိုးကပ်၍ တိုးတိုးလေး ပြောလိုက်သည်။

မိုပိုက်ရီက မျက်မှောင်ကုပ်၍နားထောင်နေသည်။

ပြီးမှ သူ့ညီမ မိုရူရီအားတချက် လှမ်းကြည့်လိုက်သည်။

ထိုမှတဆင့်....

လီထိုက်ဟိုအား ကြည့်ပြီး မေးလိုက်သည်။

"လီထိုက်ဟို၊ ခင်ဗျားလျူထမ်းမြို့ကို လာခဲ့တာ တ ယောက်တည်းမှ ဟုတ်ရဲ့လား"

သို့သော်...

လီထိုက်ဟိုက မိုပိုက်ရီ မေးသည့်စကား၏ အဓိပ္ပာယ်ကို သဘောမပေါက်သောကြောင့် ကြောင်ငေးငေး ဖြစ်နေ၏။

ထို့ကြောင့်....

မိုပိုက်ရီက ဆက်ပြောလိုက်ပြန်သည်။

"အခုဆိုယင် ယိုးလင်ဂေဟာရှေ့ကို၊ မမျှော်လင့်တဲ့ ဧည့်သည်တွေရောက်နေတယ်"

ထို့နောက်....

မိုပိုက်ရိကာ ဆက်ပြီး၊ သူ့ညီမအား လှမ်းပြောလိုက်သည်၊
"ညီမလေး၊ မင်း လီထိုက်ဟိုကို ခေါ်ခဲ့ထားလိုက်ပါ၊ အစ်ကိုကြီးတို့ အမြင်တော ထွက်ကြည့်လိုက်အုံးမယ်"

ပြောပြောဆိုဆို မိုပိုက်ရိသည်၊ သူ့ညီနှစ်ယောက်နှင့်အတူ အပြင်သို့ လျှင်မြန်စွာ ထွက်သွားတော့သည်။

ဝတ်ရုံနက်နှင့် လူနှစ်ဦးလည်း သူတို့နောက်မှ လိုက်ပါ မွားသည်။

လီထိုက်ဟိုက အလျှင်အမြန်ပင် ဆင်းစားလိုက်သည်။

ယိုးဆင်ဂေဟာသို့ အဘယ်သို့သောလူများ ရောက်လာကြပါသနည်း။

အဘယ်ကြောင့် မိုပိုက်ရိတို့ညီအစ်ကိုသည်၊ ဤမျှလှုပ်လှုပ် ရွားရွားဖြစ်သွားကြရပါသနည်း။

* * *



## စာစု (၇)

### လှထူးလှဆန်းငါးယောက်

---

(၁)

လီသိုက်ဟိုကမိန်းမပျိုလေးကိုငေးကြည့်နေမိသည်၊

ထိုအခါ....

မိန်းမပျိုလေးသည်၊ အဓိပ္ပာပြည့်ဝသောမျက်လုံးရွဲကြီးအစုံဖြင့် လီသိုက်ဟိုကိုပြန်ကြည့်နေလိုက်သည်၊

ထို့နောက်....

သူမကပင်စတင်စကားပြောလိုက်၏၊

"ကဲ….ရှင်လဲထမင်းဆာနေရောပေါ့၊ ထမင်းစားဆောင်က အနောက်အခန်းမှာရှိတယ်၊ ထမင်းစားဖို့ ကျွန်မနောက်ကို လိုက်ခဲ့ပေါ့"

သို့သော်....

လီသိုက်ဟိုက မိန်းမပျိုလေးကိုလက်ဝါးကာပြပြီး တန့်တားလိုက်ကာ....

"ခင်ဗျားကိုကျွန်တော်နဲနဲမေးပါရစေ"

မိန်းမပျိုလေးက တချက်ပြုံးရယ်လိုက်ပြီး—

"ရှင်ဟာ ကျွန်မတို့ယိုးလင်ဂေဟာရဲ့ အထူးဧည့်သည်တ ယောက်မို့ မေးချင်တာမေးနိုင်ပါတယ်ရှင်"

သူမ၏စကားကြောင့် လီထိုက်ဟိုက အည်ကြည့်မလေးနှင့် စွာဖြင့်ပြောလိုက်သည်။

"ယိုးလင်ဂေဟာကို အခုလိုပဲဧည့်သည်တွေရုတ်ထရက် ရောက်လာတတ်ပါသလား"

မိုရှုရိကဦးခေါင်းကိုခါယမ်းပြလိုက်ပြီးနောက်၊ ထိုင်ရာမှ ထလိုက်သည်။

"ရှင်....ဒီမှာခဏထိုင်အုံးနော်၊ ကျွန်မအပြင်ကိုထွက် ကြည့်လိုက်အုံးမယ်"

မိုရှုရိက ပြောပြောဆိုဆိုဖြင့် ထွက်သွားရန်ဟန်ပြင်လိုက် သည်။

ထိုစဉ်—

လီထိုက်ဟိုကလည်းထိုင်ရာမှထလိုက်ပြီး....

"ဒီမယ်....ကျွန်တော်လဲလိုက်ခဲ့မယ်၊ မိုပိုက်ရိတို့အကြော



နေကြည့်ရတာ ထိပ်အရေးကြီးပြီး စိုးရိမ်နေပုံရတယ်"

မိုရှုရိကအတန်ငယ်စဉ်းစားလိုက်ပြီး ဦးခေါင်းကိုညိတ် ကာခွင့်ပြုလိုက်သည်။

သူတို့နှစ်ယောက် ရှေ့ဆင့်နောက်ဆင့်ဧည့်ခန်းဆောင် အတွင်းမှထွက်လာခဲ့ကြသည်။

လှေကားအပြင်သို့ရောက်သောအခါ....

မိုပိုက်ရိတို့ညီအစ်ကိုသုံးဦး တံခါးကြီးရှေ့ ကျောက် လှေကားထစ်တွင် ရပ်လျက်ရှိနေကြည်ကိုတွေ့လိုက်ရ၏။

ထို့ပြင်....

သူတို့၏ရှေ့ အတောင်နှစ်ဆယ်ခန့်အကွာတွင် ရင်ဘောင် တန်းလျက်ရပ်နေသောလူငါးယောက်ကိုတွေ့ရသည်။

ထိုသူအားလုံးမှာ အသက်ငါးဆယ်ဝန်းကျင်ရှိအဘိုးအို များဖြစ်ကြသည်။

ထိုလူငါးယောက်စလုံးမှာ တူထဲသောမျက်ခုံးမွေးများရှိ ကြပြီး မျက်လုံးများကပြူးကျယ်လျှက်၊ ပါးမြိုင်းမွေး၊ မုတ် ဆိတ်မွေးများလည်းရှိသည်။

ထိုလူငါးယောက်စလုံး၏ မျက်နှာထားများကိုကြည့်ခြင်း ဖြင့် လွန်စွာခက်ထန်သောစိတ်ဓာတ်ရှိသူများဖြစ်ကြောင်း ချက်ချင်းသိလိုက်သည်။

ထိုလူအားလုံးမှာ အဝါရောင်ပေါ်တွင် အမည်းစင်းများ ပါသော သိုင်းကိုယ်ကျပ်ဝတ်စုံကို ဆင်တူဝတ်ဆင်ထားကြ သည်။

သူတို့အားလုံး၏ဝတ်ဆင်ထားမှုမှာ အထန်ငယ်ထူးခြား

နေထယောင်ရှိသည်။

မိုရှရိကလီထိုက်ဟိုအား လက်ကာ၍အချက်ပြလိုက်သည်။

အပြင်သို့မထွက်ပဲ တံခါးဝတွင်သာရပ်နေရန် အချက်ပြလိုက်သည့်သဘောဝင်ဖြစ်သည်။

ထိုအခါ...

လီထိုက်ဟိုကလေသံတိုးတိုးဖြင့်မေးလိုက်သည်။

"ဒီလူငါးယောက်က ဘယ်သူတွေလဲ၊ ခင်ဗျား သူတို့ကိုသိသလား"

မိုရှရိကလှမ်းကြည့်ပြီး မျက်မှောင်ကုပ်နေသည်။

ပြီးမှ ခေါင်းကိုခါယမ်းလိုက်ပြီး....

"ကျွန်မလဲမသိဘူး၊ သူတို့ကိုကြည့်ရတာ ကျွန်မတို့ကိုရန်ရှာဖို့လာတဲ့ပုံမျိုးပဲ၊ သူတို့ဘယ်လိုလုပ်ရောက်လာကြပါလိမ့်"

လီထိုက်ဟိုက ထိုလူငါးယောက်ကိုလှမ်းကြည့်လိုက်ပြန်၏။

ထိုစဉ်——

ထိုလူငါးယောက်အနက် အလယ်တွင်ရှိသောလူကကြေးသင်ဗန်းနှစ်ချပ်ကိုတီးခတ်လိုက်သကဲ့သို့ ကျယ်လောင်စူးရှသောအသံမျိုးဖြင့်ပြောလိုက်သည်ကိုကြားလိုက်ရသည်။

"ယိုးလင်ဂေဟာအရှင်သခင်ကြီးမိုပိုက်ရိ၊ ခင်ဗျားတို့ယိုးလင်ဂေဟာကိုဓားစက်ယန္တရားပေါင်း သုံးရာခြောက်ဆယ်တပ်ဆင်ထားပြီး ကာကွယ်ထားတယ်လို့ ကြားသိခဲ့ရတယ်၊ ဒါပေမယ့် အခုတော့ ကျုပ်တို့လွယ်လွယ်ကူကူဝင်လာနိုင်ခဲ့ပါသား၊ ခင်ဗျားတို့ဓားစက်ယန္တရားတွေက ကျုပ်တို့ကိုမတားဆီးနိုင်ကြဘူးလား"



ထိုလူက စကားကိုခေတ္တရပ်ထားလိုက်ပြီး ဝန်းကျင်ကိုမျက်အကဲခတ်ကြည့်လိုက်သည်။

ပြီးမှ သူက ရယ်ကြဲကြဲဖြင့်ဆက်ပြောလိုက်ပြန်သည်။

"ဟဲ... ဟဲ... ပြီးတော့ ခင်ဗျားတို့ယိုးလင်ဂေဟာမှောင်နှစလေးဖော်၍ အထက်မြက်ဆုံးလက်နက်ဖြစ်တဲ့ စွန်ကိုတ်သတ်ဝါးနဲ့သိုင်းကွက်တွေကိုလဲ ကျုပ်တို့ကယှဉ်ပြိုင်ကြည့်ချင်သေးတယ်၊ နောက်ပြီး အရောင်အဆင်းမဲ့ အဆိပ်စွမ်းအင်ကလဲသိပ်ထက်မြက်တယ်ဆိုပဲ၊ ဟဲ....ဟဲ....ဒါပေမယ့် စောစောကကျုပ်တို့နဲ့တွေ့ခဲ့တဲ့ ယိုးလင်ဂေဟာရဲ့လူငါးယောက်ကတော့ ကျုပ်တို့ထင်ထားတာနဲ့တခြားစီပါလား"

ယခု မိုပိုက်ရိက အေးဆေးတည်ငြိမ်စွာဖြင့် လှေကားထစ်အလယ်တွင် ရပ်နေသည်။

လူများကို အကဲခတ်ကြည့်နေယင်းမှ ဒေါသကြီးနေသောညီငယ် နှစ်ယောက်ကိုလည်း လက်ဖြင့်ကာ၍ ဟန့်တားထားသည်။

အတန်ကြာမှ မိုပိုက်ရိက ဖြည်းဖြည်းဆေးစွာ ပြောလိုက်သည်၊

"ခင်ဗျားတို့ဟာ ဘယ်သူတွေလဲ အဆိုတ်သောက် သိပါရစေ"

ထဘက်မှလူက ထဟဲဟဲ ရယ်မောလိုက်သည်။

ပြီးမှ....

"ဟဲ....ဟဲ....ကျုပ်တို့ ဘယ်သူတွေ ဖြစ်တယ်ဆိုတာ အချိန်တန်တော့ သိရမှာပေါ့ဗျာ၊ ကျုပ်တို့ဟာ အဝေးကြီးကနေ အကူးတက လာခဲ့ပြီးမှ နာမည်လေး ပြောဖို့သောက်တော့

ဝန်မခံဘူး ပါဘူး၊"

ထိုလူက စကားကို ဆက်မပြောတော့ဘဲ ထိုနေရာတွင် ရပ်ထားလိုက်သည်၊

မိုပိုက်ရီက ယခုရှိ တွေ့ကြုံနေရသည့် အခြေအနေအား၊ မည်သို့ ဖြေရှင်းရမည်ကို အလျင်အမြန် စဉ်းစားလိုက်သည်၊

ယခုအခြေအနေတွင် လူစိမ်းဝါးယောက်က ယိုးလင်ဂေဟာ အကြောင်းကို အကုန်သိနေပေသည်၊

သို့သော်လည်း—

ယိုးလင်ဂေဟာ တရှင်သခင် မိုပိုက်ရီတို့ကမူ ထိုလူစိမ်း၊ ရှိသူ ငါးယောက်ကို လုံးဝမသိပေ၊

ဤအခြေအနေကပင် မိမိတို့ဘက်မှစင် ထပန်း၊ ရှုံးနိမ့် နေကြောင်း၊ ပြသနေသည်၊

မိမိတို့ ယိုးလင်ဂေဟာသည် နှစ်ပေါင်းကြာမြင့်စွာ ထိုင်၊ ခေါကမှ တိမ်မြုပ်ပျောက်ကွယ်နေခဲ့သည်၊

ထို့ကြောင့်—

သိုင်းလောကသားများနှင့်သွားလာဆက်ဆံမှုလုံးဝမရှိခဲ့၊

သို့ဖြစ်၍ မည်သည့် သိုင်းလောကသားတဦး၊ တကိုယ်နှင့် မှသည်၊ ရန်ငြိုးဖွဲ့ခဲ့ခြင်း မရှိပါ၊

သို့ဆိုလျှင်....

ယခုမျှော်လင့်ပဲ ရောက်ရှိလာကြသည့် လူစိမ်းငယ်သည် များသည်၊ မိမိတို့အား ထမင်းရန်စ ကျူးကျော်နေခြင်းဝင် ပေါက်ပါလေ...၊

* * *



(၂)

လူစိမ်းငယ်သည်က ငါးယောက်တိတိ....

ထိုလူစိမ်းငယ်သည် ငါးယောက်တို့မှာ အဆင့်မြင့် သိုင်းသမားများဖြစ်ကြောင်း မိုပိုက်ရီက အကဲခတ် သိရှိပြီး ဖြစ်သည်၊

ခေါးအန္တရာယ် ထူထပ်စွာ ဝန်းရံထားသော၊ ဤယိုးလင် ဂေဟာ အတွင်းသို့ မည်သူမျှ လွယ်လွယ်ကူကူမဝင်နိုင်ကြပေ၊

ယခုကဲ့သို့ ချောမောစွာ ဝင်ရောက် လာနိုင်ကြသည် ဆိုကတည်းကပင် ထိုလူများ၏ သိုင်းပညာ အဆင့်မည်မျှ မြင့်မားသည်ကို မိုပိုက်ရီက ခန့်မှန်းမိပြီး ဖြစ်သည်၊

သို့သော်....

ထိုလူများကို မိုပိုက်ရီမမှုပါ။

ယိုးလင်ဂေဟာ ခေါင်းမခေါင်းပေ၏ စုပေါင်းသိုင်းစွမ်းအားဖြင့်၊ ဤလူစိမ်းငါးယောက်ကို ချက်ချင်းချေမှုန်း တိုက်ခိုက် နိုင်ပါသည်။

သို့သော်လည်း......

လူသည် ထိုလူများက မည်သည့် ရည်ရွယ်ချက်ဖြင့်၊ မိမိတို့၏ ယိုးလင်ဂေဟာသို့ ရောက်ရှိလာကြကြောင်းကို သိလိုနေသည်၊

ထို့ကြောင့်......

မိုပိုက်ရီက ခနဲ့ပြုံးပြုံးလိုက်ပြီး....

"ဟဲ.. တဲ....အခုအခြေအနေကတဘက်သတ်ဖြစ်နေတယ်၊ ခင်ဗျားတို့က ကျုပ်တို့အကြောင်းကို သိနေပေမယ့်၊ ခင်ဗျားတို့ ဘယ်သူဘယ်ဝါတွေ ဖြစ်တယ်ဆိုတာ ခုထိ ကျုပ်တို့မသိရသေးဘူး"

ထိုအခါ တဘက်မှလူက ခေါင်းညိတ်လိုက်ပြီး၊ ကြွားဝင့်စွာ ပြောလိုက်သည်။

"ခင်ဗျားတို့ကအခု ကျုပ်တို့ကို မသိယင်ရှိရမယ်၊ ကျုပ်တို့က ခင်ဗျားတို့ ယိုးလင်ဂေဟာ အကြောင်းကို လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်ကတည်းက စုံစမ်း ထောက်လှမ်းနေခဲ့တာပဲ"

သူ၏စကားကြောင့်၊ မိုပိုက်ရီ အတော်ပင် တုန်လှုပ်သွားမိသည်။

ဆယ်နှစ် ဆိုသောအချိန်သည် အမှန်ပင် နည်းလှသည့် အချိန် မဟုတ်ပေ။

ထိုလူများသည်၊ အဘယ့်ကြောင့် ဤမျှနှစ်ပေါင်း ကြာမြင့်စွာ အချိန်ယူ၍၊ မိမိတို့ ယိုးလင်ဂေဟာ အကြောင်းကို စုံစမ်းထောက်လှမ်းခဲ့ရပါသနည်း။

မိုပိုက်ရီက ယင်းသို့ စဉ်းစားနေပြီးမှ သူတို့အား မေးလိုက်သည်။

"ကျုပ်တို့ ယိုးလင်ဂေဟာကို ဘာ့ကြောင့် အပင်အပန်းခံပြီး နှစ်ပေါင်းအတော်ကြာအောင် လေ့လာစုံစမ်းခဲ့ရတာလဲ၊ ကျုပ်တို့ယိုးလင်ဂေဟာမှာ ဒီလောက် ကြာကြာ စုံစမ်းခဲ့ရ



အောင် စိတ်ဝင်စားစရာ ဘာများရှိနေလို့လဲ"

မိုပိုက်ရီ၏ စကားကြောင့် တဘက်မှလူစိမ်းသည် တဟဲဟဲ ရယ်မောလိုက်ပြီး......

"ဟား...ဟား...ခင်ဗျား တကယ် မသိသေးဘူးလား၊ ဒီလောက်ဆို ခင်ဗျားအနေနဲ့ သိဖို့ကောင်းပါပြီ"

တဘက်လူ၏စကားက မိုပိုက်ရီ၏စိတ်ကိုထင့်ကနဲဖြစ်သွားစေသည်။

ထို့ကြောင့်....

မိုပိုက်ရီက အလျှင်အမြန် စဉ်းစားလိုက်၏။

"အင်း.... ဟိုကိစ္စနဲ့များ ပတ်သက်နေမလား မသိဘူး၊ အို....သူတို့ဒီကိစ္စကို မသိနိုင်သေးပါဘူး၊ ဒီကိစ္စကို သိတဲ့လူ ငါးယောက်တည်းရှိတာပဲ"

မိုပိုက်ရီက စဉ်းစားနေယင်းမှ၊ မျက်ခုံးကိုပင့်ကာ ပြောလိုက်သည်။

"အခု ခင်ဗျားတို့ဟာ ကျုပ်တို့ဂေဟာထဲကို အဓမ္မလဲ ဝင်လာသေးတယ်၊ လာယင်းအကြောင်းကိုလဲ မပြောနိုင်ဘူး ဆိုတော့၊ ကျုပ်တို့က ခင်ဗျားတို့ကို ရန်သူအဖြစ် သတ်မှတ်ဖို့ပဲ ရှိတော့တယ်၊ ကဲ...ခင်ဗျားတို့ အသင့်ပြင်ထားပေတော့"

မိုပိုက်ရီက ထိုသို့ပြောလိုက်ပြီးဖြစ်သော်လည်း၊ တိုက်ခိုက်ရန်ဟန်ပြင်သည့် လှုပ်ရှားမှုကို လုံးဝမလှုပ်သေးပေ။

သို့သော်....

သူ့မျက်လုံးအစုံက လူစိမ်းသည်များကို မျက်တောင်မခတ်ပဲ စူးစိုက်၍ကြည့်နေသည်။

လူစိမ်းညှိသည် ငါးယောက်အနက် အလယ် လူသည် ယဲကနဲတချက်ရယ်လိုက်ပြီး၊ ခါးတွင်ချိတ်ထားသော ဓားကို 'ခွမ်း'ကနဲမြည်အောင် ဆွဲထုတ်လိုက်သည်။

ထိုအခါ နှစ်တောင်ကျော်ခန့်ရှည်လျားသော ငှက်တောင်သဏ္ဍာန်ဓားရှည်က ဝင်းကနဲထက်ဖြာသွားသည်။

လူစိမ်းညှိသည်ကား အမှန် တကယ်ပင် မိုဟိုက်ရိတို့အား တိုက်ခိုက်တော့မည်လော။

* * *

(၃)

"အဝီး... သူတို့ တကယ်ပဲ တိုက်ခိုက်တော့မှာပါလား။ အကျိုးအကြောင်းမသိရပဲနှင့် တိုက်ပွဲတခုဖြစ်တော့မှာ သေချာနေပြီ"

ထိုသို့ လီထိုက်ဟိုက စဉ်းစားလိုက်ပြီး၊ တံခါးအပြင်သို့ လှမ်းထွက်ရန် ခြေလှမ်းပြင်လိုက်၏၊

ဤတွင်....

အနီးတွင်ရှိနေသော မိုရှူရိက လီထိုက်ဟို၏ လက်ကိုရုတ်တရက်လှမ်းဆွဲလိုက်မိသည်။

ပြီးမှ မျက်နှာကလေးနီမြန်းသွားသော ကမန်းကတန်း လီ



ထိုက်ဟို၏လက်ကို လွှတ်လိုက်လေသည်။

"ရှင်....အပြင်ကိုမထွက်ပါနဲ့၊ ဒီကပဲအခြေအနေကို စောင့်ကြည့်ပါအုံး"

မိုရှူရိက လီထိုက်ဟိုအား လေသံတိုးတိုးဖြင့် ပြောကာ တားထားလိုက်၏။

ထိုအခါ လီထိုက်ဟိုကလည်း လေသံတိုးတိုးဖြင့် ပြန်ဖြေလိုက်သည်။

"ဘာဖြစ်လို့မသွားရမှာလဲ၊ မကြာခင် သူတို့တိုက်ခိုက်ကြတော့မယ်၊ အကျိုးအကြောင်းဘာမှ မသိရပဲနဲ့ တိုက်ခိုက်မှုတွေ မဖြစ်စေချင်ဘူး၊ ကျွန်တော်ဝင်တားမှ ဖြစ်မယ်ထင်တယ်"

မိုရှူရိက စကားမနပ်ဖြင့် နှုတ်ခမ်းစူလိုက်ကာ....

"ဒီရန်ပွဲကို ရှင်ဝင်တားလို့ရမယ်မထင်နေသလား၊ လူစိမ်းညှိသည်တွေရဲ့ အခြေအနေကို ရှင်ကြည့်လိုက်စမ်းပါအုံး"

သူမ၏စကားကြောင့် လီထိုက်ဟိုက လူစိမ်းညှိသည်များကို လှမ်းကြည့်လိုက်သည်။

လူစိမ်းညှိသည် ငါးယောက်စလုံး၏ မျက်နှာသားမှာ မမျှော်လင့်ပဲ ကြမ်းတန်းခက်ထန် နေသည်ကို တွေ့လိုက်ရသည်။

မိုရှူရိက ဆက်၍ပြောလိုက်ပြန်သည်၊

"ကျွန်မတို့ ယိုးလင်ဂေဟာကို တယ်တုန်းကမှ ခုလိုလာ ရောက် ကျူးကျော်ပြီး အစော်ကား မခံရဖူးသေးဘူး၊ ဒါ

ကြောင့် ခုလိုမကြုံဘူးအောင် လာစော်ကားနေတဲ့ လူတွေကို ကျွန်မရဲ့အစ်ကိုကလဲ သည်းခံနေမှာမဟုတ်ဘူး၊ ပြီးတော့ လူစိမ်းညှော်သည်တွေကိုလဲ ကြည့်လိုက်စမ်းပါအုံး၊ လူဆိုးလူမိုက်တွေနဲ့ တူမနေဘူးလား၊ ဒီလူတွေဟာကျွန်မတို့ ယိုးလင်ဂေဟာကို ရန်ပြုဖျက်ဆီးဖို့လာတယ်ဆိုတာ သေချာနေပြီ”

လီထိုက်ဟိုက အတန်ငယ်စဉ်းစားလိုက်ပြီး....

“ကျွန်တော်သေချာအောင် စေးကြည့် လိုက်ပါအုံးမယ်၊ ခါမှ....”

လီထိုက်ဟို၏စကားမဆုံးမီမှာပင် မိုရှုရိက စ၍ပြောလိုက်သည်၊

“ရှင့်ရဲ့ပညာစွမ်းနဲ့ ဒီလူတွေကိုတိုက်ခိုက်အနိုင်ယူနိုင်တယ်ဆိုတာ ကျွန်မယုံကြည်ပါတယ်၊ ဒါပေမယ့် ရှင်....သူတို့ကို တားလို့တော့ ရမယ်မထင်ဘူး၊ တားလို့မရခဲ့ရင် ရှင်....ကျွန်မအစ်ကိုတွေဘက်ကဝင်ပြီး သူတို့ကို တိုက်ခိုက်နေရလိမ့်မယ်”

လီထိုက်ဟိုက ငိုင်ခတွေသွားမိသည်။

မိုရှုရိပြောသည်မှာ သဘာဝကျသည်ဟု ယူဆလိုက်၏။

စင်စစ်....

လူစိမ်းညှော်သည်များမှာလည်း၊ ရန်လိုသူများသာ ဖြစ်နေသည်မဟုတ်ပါလော။

* * *



(၄)

လီထိုက်ဟိုနှင့် မိုရှုရိတို့ပြောဆိုနေကြစဉ်မှာပင်....

မိုပိုက်ရိသည်၊ လှေကားထစ်မှ ခုန်လွှားကာ ဆင်...

လူစိမ်းညှော်သည်များနှင့် တိုက်ခိုက်ယှဉ်ပြိုင်နေ...တော့ သို့၏၊

မိုပိုက်ရိနှင့် လူစိမ်းညှော်သည်ခေါင်းဆောင်တို့...တယ်၊ ချင်းယှဉ်ပြိုင်နေကြခြင်းဖြစ်သည်၊

ကျန်အသည့်လူများက နောက်သို့ ဆုတ်၍ ရပ်ကြည့်နေကြသည်။

ဓားခြားချင်းထိခတ်သံများ၊ အော်ဟစ် မာန်သွင်းသည့်အသံများက ဆူညံစွာထွက်ပေါ်လာသည်၊

မိုပိုက်ရိက သံခကြိစွန်ကုတ်တံကိုအသုံးပြု၍တိုက်ခိုက်သည်။

မိုပိုက်ရိ၏သံမကြိစွန်ကုတ်တံကို ဝှေ့ယမ်း၊ တိုက်ခိုက်ချက်များက လွန်စွာပြင်းထန်လှ၏။

ထို့အတူ....

လူစိမ်းရန်သူ၏ ငှက်ကြီးတောင်ဓားချက်ကလည်း တဇွိုးဇိုးနှင့် အားမာန်ပါလှပေသည်၊

လေခတ်သံ ပေါ်ထွက်လာအောင်ပင် သူ၏ဓားက သွက်လက်လျင်မြန်လှသည်၊

နှစ်ဘက်စလုံးမှ တိုက်ခိုက်မှုများက တဖြည်းဖြည်းနှင့်မြင်၊

ဆန်လာသည်။

ထိုစဉ်...

မိုပိုက်ရိက အားမနာ နှုတ်ချက်သွင်းပြီး၊ လက်ထဲမှ သံမဏိ စွန့်ကုတ်တံကို ရန်သူဆီသို့ ဆတ်ကနဲထိုးချလိုက်သည်။

သံမဏိစွန့်ကုတ်တံထိပ်မှ လက်သည်းချွန် ငါးချောင်းက ရန်သူ၏ ရင်ဝဆီသို့ လျှင်မြန်စွာ တိုးဝင်သွားသည်။

"ကျွဲ့ ရန်သူကလည်း၊ ဘေးသို့ ခြေတလှမ်းဆုတ်ကာ ပါမှ..." လျှင်မြန်စွာ ငုံ့ယမ်း၍ပင် ထုတ်လိုက်ရသည်။ လိုက်"

ဘာ...သံချွန်း ထိခိုက်သံက ပြင်းထန်စွာ ပေါ်ထွက်လာသည်။

ငှက်ကြီးတောင် ဓားကိုင်ရန်သူသည်၊ သူ၏လက်မှာထုံကျဉ်သွားသဖြင့် လှစ်ကနဲ နောက်သို့ခုန်ကာ ရှောင်တိမ်း လိုက်ရသည်။

ထိုအခါ မိုပိုက်ရိကလည်း နောက်သို့ ခြေတလှမ်း ဆုတ်ပေးလိုက်ရပြီး၊ ငှက်ကြီးတောင် ဓားကိုင်ရန်သူကို စူးစူးရဲရဲ စိုက်ကြည့်လိုက်သည်။

ထို့နောက်...

သံမဏိစွန့်ကုတ်တံကို ခါးကြား၌ပြန်လည်ထိုးသိမ်းလိုက်ပြီး...

"ကဲ... ခင်ဗျားပြန်နိုင်ပြီ၊ ယိုးလင်ဂေဟာရဲ့ နယ်နိမိတ်အတွင်းမှာ လူစိမ်းတွေရဲ့အလောင်းကို လက်မခံချင်ဘူး"

ထိုလူစိမ်းရန်သူသည်၊ သူတာဖြစ်သွားသည်ကို သူကိုယ်တိုင်



သိနေသဖြင့်၊ သူလူလေးယောက်အား လှမ်းကြည့်လိုက်သည်။

ထိုစဉ်...

သူလူလေးယောက်စလုံးက ရုတ်တရက် ရှေ့သို့တိုးလာပြီး၊ ဓားများကို ဆွဲထုတ်ရန် ဟန်ပြင်လိုက်သည်။

သို့သော်...

ထိုသူက လက်ကို ငှေ့ယမ်း၍ ကာဆီးထားလိုက်ပြီး...

"ဟဲ... ဟဲ... ခင်ဗျားတို့ရဲ့ သံမဏိအဆိပ် စွန့်ကုတ်တံ သိုင်းကွက်တွေဟာ တကယ်ကို သွက်လက်ပြီး ပြင်းထန်လှပေတယ်၊ အခုတိုက်ပွဲမှာ ကျုပ်ရှုံးရလိုက်ပြီဆိုတာ ကျုပ်ကိုကျုပ် သိတယ်၊ ဒါပေမယ့် ကျုပ်နောက်တခါ ထပ်လာခဲ့ပါအုံးမယ်၊ အဲဒီအခါကျရင် ကိုယ့်စွည်းလေးကို ယူဖို့လေ၊ ဒီခေါက်ဆို ခင်ဗျားသဘောပေါက်တယ်မဟုတ်လား"

မိုပိုက်ရိက အားရပါးရ ရယ်မောလိုက်၏။

"ဟား... ဟား... ဟား... အချိန်မရွေး လာနိုင်ပါတယ်၊ ဒါပေမယ့် ခင်ဗျားမှာအသက်ရှိနေသေးတယ် ဆိုယင်ပေါ့ဗျာ ဟား... ဟား... ဟား"

ထို့နောက်...

ထိုလူစိမ်းရန်သူက လက်ကို ငှေ့ယမ်း၍ အချက်ပြလိုက်သည်။

ထိုအခါ သူလူလေးယောက်စလုံးသည်၊ နောက်သို့ ချက်ချင်းပင် လှည့်ထွက်သွားကြသည်။

ထိုသူကလည်း၊ သူလူများ၏ ရှေ့မှ ပြေးလွှား ထွက်ခွာသွားတော့သည်။

သူတို့သည် ထင်းရှူးပင်စည်တံတားပေါ်မှ ထွက်ခွာ ဖြတ်၍ လျှောက်သွားကြလေသည်။

မိုပိုက်ရိက သူတို့ဖြတ်သွားနေစဉ် လက်ကို မြှောက်ပြထား လိုက်၏။

အဓိပ္ပာယ်မှာ ထိုလူစိမ်းရန်သူများ အေးဆေးစွာ ထွက်ခွာ သွားနိုင်ရန် အချက်ပြလိုက်ခြင်းပင် ဖြစ်သည်။

ထိုလူစိမ်းရန်သူများထွက်ခွာသွားပြီးသောအခါ ယိုးလဝ် ဝေယာသည် စတွေမျှ တိတ်ဆိတ်သွားလေသည်။

* * *

(၅)

မိုပိုက်ရိသည် နေရာတွင်ပင် ရပ်လျက် ငေးငိုင်နေသည်။ အတန်ကြာသည်အထိ မလှုပ်မယှက် ရပ်နေသည်။

သူ၏ ညီနှစ်ဦးနှင့်၊ ဝတ်စုံနက်ဝတ်သူ တပည့် နှစ်ဦး တို့လည်း၊ သူ့ကို စကားမပြောဝံ့ခဲ့သေးပဲ ငြိမ်သက်စွာ ရပ်နေ ကြသည်။

အတန်ကြာမှ မိုပိုက်ရိ၏ ခန္ဓာကိုယ်သာ လှုပ်ရှားလာသည်။ သို့သော်......

ပုံမှန်အတိုင်း၊ လှုပ်ရှားလာခြင်းမျိုးမဟုတ်ပါ။



မိုပိုက်ရိ၏ ခန္ဓာကိုယ်သည် ခယီးခယိုင်ဖြင့် လဲကျတော့ မည့်ပုံစံမျိုးဖြင့် လှုပ်ရှားလာခြင်းဖြစ်သည်။

ထို့ကြောင့်....

မိုပိုက်ရိ၏ ညီငယ်နှစ်ဦးမှာ ထိတ်ထိတ်ပျာပျာ ဖြစ်သွားပြီး သူတို့အစ်ကိုကြီးဆီ ပြေးလာကာ ဖေးမထားလိုက်ကြသည်။

“အစ်ကိုကြီး၊... အစ်ကိုကြီး.... ဘာဖြစ်သွားလို့လဲ၊ အစ်ကို ကြီး ဒဏ်ရာ ရသွားသေးသလား။”

ထိုအခြင်းအရာကြောင့်၊ လီဆိုက်ဟိုနှင့် မိုရှုရိတို့ လှေကားမှ လျင်မြန်စွာ ပြေးဆင်းလာကြသည်။

မိုပိုက်ရိသည်၊ သူ၏ဘယ်ဘက်လက်ပြင်ပေါ်မှ အရာတခုကို ညာလက်ဖြင့် ဆွဲနှုတ်ပြီး ယူလိုက်သည်။

ပြီးနောက်....

ထိုအရာကို သူ့ညီ မိုစုရိအား လှမ်းပေးလိုက်သည်။

ထိုအရာကား အနက်ရောင်ဖြစ်ပြီး၊ ပြောင်လက်နေကာ၊ စန်းပွင့်ပုံသဏ္ဍာန်ရှိ၏။

ယင်းသည် အဆိပ်ပန်းပွင့်ကလေးတခုပင် ဖြစ်သည်။

တဘက်ရန်သူသည် ထိုသံနက်ပန်းဖြင့် မည်သည့်အချိန် က မည်ကဲ့သို့ လှမ်းပစ်လိုက်သည်ကို မည်သူကမျှ မတွေ့လိုက် ရကြပေ။

မိုပိုက်ရိကိုယ်တိုင်ကလည်း ရုတ်တရက် မသိလိုက်ပါ။

ယခုကဲ့သို့ ခေါင်းတခုလုံး မူးနောက်လာပြီး၊ လက်ပြင် တခုလုံး ထုံကျင်လာတော့မှသာ သိလိုက်ရခြင်း ဖြစ်သည်။

မိုပိုက်ရိက ညီဖြစ်သူ မိုချုံးရိအား လှမ်းပြောလိုက်သည်။

"ညီလေး ချုံးရီ 'အသက်ဆက်' အဆိပ်ဖြေဆေး ပုလင်း မြန်မြန်ယူခဲ့"

မိုချုံးရီက ခေါင်းညိတ်လိုက်ကာ လျင်မြန်စွာ လှေကားမှ ပြေးတက်သွားပြီး၊ အိမ်ထဲသို့ဝင်သွားသည်။

မကြာမီ——

မိုချုံးရီ ပြန်ထွက်လာသည်။

သူ့လက်ထဲတွင် ကျောက်စိမ်းရောင် ကြွေပုလင်းတလုံး ပါလာသည်။

မိုပိုရီအနီးသို့ ရောက်သောအခါ၊ မိုချုံးရီက ရပ်တန့်လိုက်သည်။

ဤတွင် မိုစုရီက မိုချုံးရီ ရပ်နေသည်ကို ကြည့်ကာ ကမျာကယာ ဝင်ပြောလိုက်၏။

"အစ်ကိုကြီးကို 'အသက်ဆက်' အဆိပ်ဖြေဆေး အမြန်ဆုံး တိုက်ဖို့ အရေးကြီးနေတယ်၊ အစ်ကိုချုံးရီက ဘာကြောင့် ရပ်နေရတာလဲ၊ ပေး....ပေး... ညီလေးကို အဲဒီဆေးပုလင်းပေး"

မိုစုရီက ဆေးပုလင်းကို မိုချုံးရီထံမှ လှမ်းတောင်းလိုက်သည်။

သို့သော်....

မိုချုံးရီက မပေးသေးပဲ ရပ်မြဲရပ်နေသည်။

ထို့နောက်....

သူကမဲ့ပြုံးပြုံးလိုက်ကာ....

"အင်း....ဒီ 'အသက်ဆက်' အဆိပ်ဖြေဆေးဟာ အလွန် အစွမ်းထက်တဲ့ ဖြေဆေးပဲ၊ တော်ရုံ အဆိပ်သင့်တဲ့ ဆော်ရာ



ရှိနဲ့တော့ ဒီဆေးကို မသုံးသင့်ဘူး၊ ဒါပေမယ့် အစ်ကိုကြီး အခုရတဲ့ လက်နက်ပုန်း အဆိပ်ဟာ ပန်းပွင့်လက်ပုန်း အဆိပ်ပဲ၊ အင်မတန် ပြင်းထန်တဲ့ အဆိပ်တွေဖြစ်တယ်၊ ဒါကြောင့်.... ကျွန်တော်တို့ တိုးတွားပိုင် ဟောဒီ 'အသက်ဆက်' အဆိပ်ဖြေဆေးကို မသုံးလို့ မဖြစ်တော့ဘူး၊ ဒီဆေးကို သောက်မှပဲ အသက်ချမ်းသာရာ ရနိုင်လိမ့်မယ်"

ယင်းသို့ ပြောပြီးသည့်တိုင်အောင် မိုချုံးရီမှာ ဆေးပုလင်းဆေးကို မပေးသေးပဲ ကိုင်၍ ရပ်မြဲရပ်နေသည်။

ယင်းနောက် ...

သူက ကောက်ကျစ်စွာ တချက်ပြုံးလိုက်ပြီး၊ လီထိုက်ဟိုကို လှမ်းခေါ်လိုက်သည်။

"လီထိုက်ဟို ဒီနားကို ခဏလောက် လာခဲ့စမ်းပါ"

ထိုအခါ လီထိုက်ဟိုက ဘာမှ စဉ်းစားမနေတော့ပဲ ချက်ချင်းပင် မိုချုံးရီအနီးသို့ လျှောက်လာခဲ့သည်။

လီထိုက်ဟိုမှာ မိုချုံးရီ အနီးသို့ ရောက်သော အခါ၊ ရုတ်တရက် မိုချုံးရီက လီထိုက်ဟို၏ ညာဘက် လက်ပြင်ကို ဖြတ်ကနဲ ထောက်လိုက်ပြီး နောက်သို့ ကျွမ်းပစ်ကာ ရှောင်တိမ်းလိုက်၏။

ဤဖြစ်ပျက် လှုပ်ရှားမှုက အားလုံးကို အံ့အားသင့်သွားစေသည်။

အဖြစ်အပျက်က မြန်ဆန်လွန်းလှသဖြင့်၊ မည်သူမှ တားဆီးရန် အချိန်မရလိုက်တော့ပေ။

လီထိုက်ဟိုမှာ ညာဘက်လက်မောင်းနှင့် လက်ပြင်တခုလုံး

ထိုကျင်သွားသော စေဒနာကို ခံစားလိုက်ရ၏။

ရုတ်တရက်မို့ လီတိုက်ဟိုမှာ မည်သို့မျှ ရှောင်တိမ်းရန် အချိန်မရလိုက်ခြင်းကြောင့် ခံလိုက်ရခြင်းပင် ဖြစ်သည်။

လီသိုက်ဟိုမှာ အံ့အားသင့်လျက် မိုချုံးရိအား အော်ဆဲလိုက်သည်။

“မိုချုံးရိ .. ခင်ဗျား....”

ထိုအချိန်တွင် မိုရှုရိကလည်း၊ ထပြိုင်တည်း၊ လိုလိုပင် ဟစ်အော် ပြောလိုက်သည်။

“အစ်ကိုချုံးရိ ...ညွှဲသည့်ကို ဘယ်လိုလုပ်လိုက်တာလဲ”

“ဟား....ဟား....ဟား....”

မိုချုံးရိက အားရပါးရ ရယ်မောလိုက်ပြီး၊ လက်ထဲမှ အဆိပ်ဖြေဆေး ပုလင်းကို သူ့ရင်ဖုံးအင်္ကျီအိတ် အတွင်းသို့ ထည့်လိုက်လေသည်။

မိုစုရိမှာ ပို၍ ဒေါသထွက်လာခဲ့သည်။

သူက မိုချုံးရိအား အော်ဟစ်၍ ပြောလိုက်သည်။

“ချုံးရိ ...ဆေးပုလင်း၊ အမြန်ပေးစမ်း၊ အစ်ကိုကြီးကို ဆေးအမြန်ဆုံး တိုက်ရမယ်၊ မင်းဘာတွေ လျှောက်လုပ်နေတာလဲ”

သို့ဖြစ်၍——

မိုချုံးရိက ရယ်မောခြင်းကို ချက်ချင်း ရပ်တန့်လိုက်ပြီး၊ မျက်နှာ တည်တည်ဖြင့် ပြောလိုက်သည်။

“မင်းက ဆေးလိုချင်တယ်ပေါ့ ဟုတ်လား၊ ဟဲ...ဟဲ ဆေးလိုချင်ယင် ကျုပ်ပြောတဲ့အတိုင်း လိုက်နာကြရမယ်”



ယင်းသို့ မိုချုံးရိ ပြောလိုက်သော စကားကို ကြားလိုက်ရသဖြင့် အားလုံးပို၍ အံ့အားသင့်သွားကြလေသည်။

မိုချုံးရိတယောက် မည်သို့ ဖြစ်သွားရပါသနည်း။

သူသည် မိုပိုက်ရိအား အဆိပ်ဖြေဆေး မည်သည့် အတွက်ကြောင့် မပေးချင်သည်ကို မည်သူမျှသိနိုင်လိမ့်မည်မဟုတ်ပါ။

* * *

## စာစု (၈)

အထုမဟုတ်သော အစစ်

---

### (၁)

မိုချုံးရီက မဲ့ပြုံးပြုံးကာ ရပ်နေ၏။

"အစ်ကိုချုံးရီ....ဘာဖြစ် နေတာလဲ......သတို ထားစီး ပါအုံး"

မိုရှုရီက အော်၍ သတိပေးလိုက်သည်။

မိုစုရီကလည်း သူ့အစ်ကိုကြီးအား ဆွဲထူ၍၊ ပွေ့ထားရာမှ မိုချုံးရီအား ကျယ်လောင်စွာ အော်ပြောလိုက်သည်။



"ချုံးရီ...မင်းဘာဒသနတာနဲ့ လုပ်နေတာလဲ၊ ခုချိန်ဟာ နောက်ပြောင်ကျီစယ်နေရမယ့် အချိန်မဟုတ်ဘူး"

ထိုအချိန်တွင် မိုပိုက်ရီသည်၊ မိုချုံးရီအား နားမလည်နိုင်သော အကြည့်၊ ဒေါသထွက်သော အကြည့်ဖြင့် လှမ်းကြည့်နေယောင်းမှ၊ ရုတ်တရက် ခွေကျသွားတော့သည်။

"အစ်ကိုစုရီ......အစ်ကိုကြီး လဲကျသွားပြီ၊ အမြန်ဆွဲထူ ထားပါအုံး"

မိုရှုရီက အလျှင်စလို အော်ပြီး သတိပေးလိုက်သည်။

ထိုအခိုက်အတန့်တွင် လီထိုက်ဟိုမှာ မတ်တတ်ရပ်လျက် ရှိသည်။

သူက သူ့လက်ပြစ်တွင်စိုက်လျက်ရှိသော ဝန်းပွင့်ပုံသဏ္ဍာန် ထက်နက်ပုန်းဓားလေးကို သူဖာသာသူဆွဲနှုတ်ယူပြီး ကိုင်ကြည့် နေသည်။

ပြီးနောက်——

"မိုချုံးရီ...ခင်ဗျားဟာ စောစောကလူတွေနဲ့ ဘယ်လို စပ်ဆက်ပြီး ဆက်သွယ်မှု ရှိထားသလဲ"

သူ၏စကားဆုံးသည်နှင့် လီထိုက်ဟိုက ဆက်ထဲမှပန်းပွင့်ပုံသဏ္ဍာန်ထက်နက်ပုန်းဓားလေးကို လက်ညှိုးနှင့် လက်ခလယ် ကြားတွင်ညှပ်ကာ မြှောက်ပြလိုက်သည်။

ထိုအချိန်တွင် မိုပိုက်ရီအား မိုစုရီက ကူ၍ကိုင်မထားသည်။

မိုပိုက်ရီသည် မိုချုံးရီအား သေသေချာချာ စူးစူးစိုက်စိုက် ကြည့်လိုက်ပြီး ဒေါသသံဖြင့်အားယူ၍ ပြောလိုက်သည်၊

"ဟင်....မင်း....စီးငါ့ညီချုံးရီမဖြစ်နိုင်ဘူး၊ငါ့ထို့ယိုးလင်

ဝေယျာရဲ့ ညီအစ်ကိုမောင်နှမတွေဟာ ဘယ်တုန်းကမှ ဒီလို ရိုင်းစိုင်းတဲ့အကျင့်မျိုး လုံးဝမရှိကြဘူး၊ ဟော့ကောင် မင်း အချုံးရိရှ်နဲ့တော့ ထထေရာထည်းတူနေတာပဲ၊ ဒါကြောင့် မင်း...မင်းက ဘယ်သူလဲ၊ ချုံးရိရော ဘယ်မှာလဲ၊ မင်းချုံးရိ ကို ဘယ်လိုလုပ်ခဲ့သလဲ၊ တို့ရဲ့ ယိုးလင်ဝေယျာကို ရောက်နေ ခဲ့တာ ဘယ်လောက်ကြာပြီလဲ"

"ဟား...ဟား...ဟား"

မိုပိုက်ရိ၏ မေးခွန်းများကို မိုချုံးရိက ရက်ချင်းမဖြေ သေးပဲ အားရပါးရရယ်မောလိုက်သည်။

ပြီးမှ—

"အင်း...မိုပိုက်ရိ ခင်ဗျားအတွေးနဲ့ အမြင်ဟာမဆိုးပါ ဘူး၊ ခင်ဗျားဟာအခြေအနေတချက်ပြောင်းသွားတာနဲ့ချက် ချင်းအကဲခတ်ဆုံးဖြတ်တတ်တယ်၊ ဟုတ်တယ် မိုပိုက်ရိ၊ ခင် ဗျားရဲ့ညီ မိုချုံးရိမဟုတ်ဘူး၊ တကယ်တော့ ကျုပ်ဟာ နဂို ကတည်းက မိုချုံးရိရုပ်နဲ့ နည်းနည်းဆင်နေတယ်၊ ဒီအပြင်ရုပ် ပြောင်းရုပ်လွှဲပညာပါ အသုံးပြုထားတယ်ဆိုတော့ ယိုးလင် ဝေယျာ ညီအစ်ကိုနှစ်ယောက်နဲ့၊ ညီမလေးတောင်မှ မမှတ် မိနိုင်လောက်အောင် ဖြစ်သွားတော့တာပေါ့ဗျာ"

"ဟား...ဟား...ဟား"

ပြောပြောဆိုဆို မိုချုံးရိအတုသည် အားရပါးရ ရယ်မော နေပြန်သည်။

"ခွေး...ခွေးကောင်...မင်းသေပေတော့"

မိုစုရိသည် ဒေါသကို မထိန်းနိုင်တော့ပဲ၊ သံမဏိစွန်ကုတ်



တံလက်နက်ကို ခါးကြားမှဆွဲထုတ်လိုက်ပြီး၊ မိုချုံးရိအတုထံ ပြေးသွားကာ အပြင်းအထန် ဝင်ရောက်တိုက်ခိုက်လေသည်။

ထိုအခါ....

မိုချုံးရိ အတုသည်၊ လျင်မြန်စွာ ရှောင်တိမ်းလိုက်ပြီး အော်ငေါက်လိုက်သည်။

"မိုစုရိ...ခင်းဗျားအစ်ကိုကြီးရဲ့ အသက်ကို မဆုံးရှုံးစေ ချင်ရင် ခင်ဗျားငြိမ်ငြိမ်နေလိုက်စမ်းပါ"

ဤတွင် မိုပိုက်ရိ ဘလဲနေရာမှ မိုစုရိအားလှမ်း၍ဟန့်တား လိုက်သည်။

"ညီလေးစုရိ အစကားဆုံးအောင်ပြောပါစေအုံး"

ထို့ကြောင့်....

မိုစုရိမှာ ငြိမ်သက်စွာရပ်နေလိုက်သည်။

သို့သော်....

ဒေါသကမပြေသေးသဖြင့်၊ လက်ထဲမှ သံမဏိကုတ်တံ ဖြင့် မိုချုံးရိအတုအား ထိုးညွှန်၍ပြောလိုက်သည်။

"မင်း....ဘယ်သူလဲ....ပြောစမ်း"

မိုချုံးရိအတုက ရယ်မောလိုက်ပြီး ပြန်ပြောလိုက်သည်။

"ဟဲ...ဟဲ...ဒီလိုအေးအေးဆေးဆေးနေမှပေါ့၊ ဒါမှခင် ဗျားတို့သိချင်တာတွေ ပြောနိုင်တော့မှာပေါ့၊ ပြီးတော့ ခင် ဗျားတို့အစ်ကိုကြီးကို သေမသွားအောင် ကျုပ်ကတာဝန်ယူ ပေးရအုံးမယ်မဟုတ်လား၊ ပြီးတော့ ဟိုညှော်သည်လီထိုက်ဟို ခင်ဗျားမိထားတဲ့အဆိပ်က အသက်သေနိုင်လောက်တဲ့အထိ မဖြစ်နိုင်ပါဘူး၊ ဒါပေမယ့် အချိန်မီ မဖြေဆေးနိုင်ယင်တော့

တသက်လုံး ဒုက္ခိတတစ်ခုနဲ့ အရိုးထုတ်သွားရလိမ့်မယ်ဆိုတာ ကိုတော့ ကျုပ်သတိပေးလိုက်ပါတယ်"

ထိုစဉ်—

မိုရှူရိက မုန်းတီးရွံရှာသော အကြည့်ဖြင့်ကြည့်ကာ ဝင်ပြောလိုက်သည်။

"ရှင်က....ကျွန်မတို့ ဒီ ယိုးဆင်ဂေဟာကနေ ထွက်ပြေး လွတ်မြောက်နိုင်လိမ့်မယ်ထင်လို့ ခုလိုပြောနေတာလား"

မိုချုံးရိအတုက တချက်ရယ်လိုက်သည်။

"ကျုပ်—ယိုးလစ်ဂေဟာထဲကို ဝင်ရောက်လာပြီးကတည်း က အချိန်မရွေး ယိုးဆင်ဂေဟာထဲမှာ သေဖို့ဆုံးဖြတ်ပြီးပါပြီ၊ အခုလက်ရှိအခြေအနေမှာတော့ ခင်ဗျားရဲ့ အထက်စီးမှာရှိနေ တယ်ဆိုတာကိုလဲ သတိပြုပါအုံး၊ ဒါကြောင့် ခုချိန်ကစပြီး ခင် ဗျားတို့ ကျုပ်ပြောတဲ့အတိုင်းလိုက်နာရမယ်"

မိုရှူရိက နှုတ်ခမ်းကို တင်းတင်းစေ့ထားလိုက်ကာ—

"ရှင်—ဘာလိုချင်သလဲ ပြောပါ"

* * *

(၂)

မိုချုံးရိက သဘောကျစွာပြုံးလိုက်ပြီး ဦးခေါင်းကို ညိတ်လိုက်သည်။

"ဒီလိုဆို အတွင်းညှော်ခန်းဆောင်ကိုသွားကြရအောင် တို့ ကျွဲ အေးအေးဆေးဆေး ဆွေးနွေးကြတာပေါ့"



မိုရှူရိက ခေါင်းကိုခါယမ်း၍ ပြန်ပြောလိုက်သည်။

"မဖြစ်ဘူး၊ ရှင်...ကျွန်မ တို့ကို ကတိအရင်ပေးထားပါ၊ ကျွန်မအစ်ကိုကြီးရဲ့ အသက်နဲ့၊ ဟောဒီကညော့်သည်ရဲ့ အဆိပ် အန္တရာယ်ကို အရင်ဖြေရှင်းပေးပါ၊ ဒီလိုမှ မဟုတ်ယင်တော့ ကျွန်မတို့က ရှင့်ကိုဒီနေရာတွင်ပဲ တိုက်ခိုက်ချေမှုန်းရလိမ့်မယ်"

ထိုအခါ မိုချုံးရိ အတုသည် အလွန် သဘောကျသည့် အသံ ရယ်မောလိုက်ပြန်သည်။

"ဟား....ဟား.......ဟား... စဉ်းစဉ်းစားစားလဲ ပြောပါ အုံး၊ ခုချိန်မှာ မင်းတို့ဘက်က ဆောင်းဆိုစရာ အကြောင်း ထုံးမရှိဘူး၊ ကျုပ်ပြောသမျှကိုသာ လိုက်နာဖို့စဉ်းစားပါ၊ တကယ်လို့ မင်းတို့ကသာ တိုက်ခိုက်လို့ ကျုပ်သေဆုံးသွားခဲ့ ယင်လဲ၊ ကျုပ်ဆီက အဆိပ်ဖြေဆေးကို ရလိမ့်မယ် မထင်နဲ့၊ ကျုပ်က အားလုံးကုန်အောင် သောက်ပျစ်လိုက်မယ်၊ ဒီလို အကြမ်းဖက်မယ်ဆိုယင်တော့ မင်းတို့အစ်ကိုကြီးနဲ့ ဟောဒီ ညော့်သည်အတွက် ဆိုးကျိုးဖြစ်သွားစေနိုင်တယ်"

ထိုအချိန်တွင်—

ပိုမိုက်ရိဒ္ဓာ မူးဝေ၍ တကိုယ်လုံး ပျော့ခွေလာလေသည်။

မိုစုရိသည် မိုပိုက်ရိထံ ပြန်ပြေးလာပြီး မိုပိုက်ရိအား ပွေ့ထူထားလိုက်သည်။

မိုရှူရိက လီဆိုက်ဟိုအား လှမ်းကြည့်လိုက်သည်။

လီထိုက်ဟိုက မချိပြုံးပြုံးယင်း ပြောလိုက်သည်။

"မိုရှူရိ....ကျုပ်အတွက် သိပ်မစဉ်းစားပါနဲ့၊ ခင်ဗျားတို့

အစ်ကိုကြီး၊ အသက်က အရေးပါတယ်၊ သူ့စကားအတိုင်းသာ လိုက်နာလိုက်ပါ”

မိုရှုရိက အတန်ငယ် စဉ်းစားလိုက်ပြီး၊ ဆုံးဖြတ်ချက် ချလိုက်သည်။

မိုရှုရိသည် လီထိုက်ဟိုပြောသည့်အတိုင်း မိုချုံးရိ အထု တောင်းဆိုမှုအား လိုက်လျောရန် ဆုံးဖြတ်ချက် ချလိုက်ခြင်း ဖြစ်သည်။

မိုရှုက မိုချုံးရိအထုအား ကြည့်ပြီး ပြောလိုက်သည်။

“ကောင်းပြီ…ရှင်တောင်းဆိုတဲ့အတိုင်း ကျွန်မတို့ လိုက်လျောပါမယ်”

ဤတွင် မိုချုံးရိအထုသည် ကျေနပ်စွာ ပြုံးလိုက်သည်။

“ဒီလိုမှပေါ့”

ပြောပြောဆိုဆို သူ့ရင်ဖုံး အင်္ကျီအိတ်ထဲမှ အဆိပ်ဖြေဆေး ပုလင်းကို ထုတ်ယူလိုက်သည်။

ထို့နောက်…

ပုလင်းထဲမှ ဆေးလုံးနှစ်လုံးကို ထုတ်ယူလိုက်ပြန်သည်။

ဆေးလုံးကလေး နှစ်လုံးစလုံးမှာ အနီရောင် ဖြစ်သည်။

မိုချုံးရိအထုက ဆေးလုံးနှစ်လုံးကို ကိုင်ပြီး ပြောလိုက်သည်။

“ဟောဒီဆေးဟာ….ခင်ဗျားတို့ယိုးလင်ဂဝယာရဲ့ အစွမ်းအထက်မြက်ဆုံး အဆိပ်ဖြေဆေးပဲ၊ တလုံးသောက်ထားယင် အဆိပ်ကို ရောက်တဲ့နေရာမှာ ရပ်ထားစေနိုင်တယ်၊ ကဲ—ခင်ဗျားတို့ အစ်ကိုကြီးနဲ့ လီထိုက်ဟိုတို့ကို ဆေးတလုံးစီ ဖြ



ထိုက်ခွင့် ပေးပါမယ်၊ ကျုပ်ကိစ္စကို ဆောင်ရွက်ပြီးတဲ့အခါ ကျယင် ဆေးတပုလင်းလုံးကို ပြန်ပေးပါမယ်လို့ ကတိပေးပါတယ်၊ ဒီလိုဆိုယင် ခင်ဗျားတို့ ကျေနပ်ပြီ မဟုတ်လား”

မိုချုံးရိအထုက သူ၏စကား ဆုံးသွားသည်နှင့် ဆေးလုံးနှစ်လုံးကို လှမ်းပေးလိုက်သည်။

ယင်းဆေးလုံး နှစ်လုံးကို အနားတွင်ရှိသော မိုရှုရိက လှမ်းယူလိုက်ပြီး မိုစုရိထံသို့ ကမ်းပေးလိုက်သည်။

မိုစုရိက တဖန် တလုံးကို လီထိုက်ဟိုအား ပေးလိုက်သည်။

ကျန်တလုံးကိုမူ အစ်ကိုကြီး၊ မိုပိုက်ရိ၏ ပါးစပ်ထဲ ထည့်ပေးလိုက်သည်။

လီထိုက်ဟိုက လက်ထဲမှ ဆေးလုံးကို ပါးစပ်ထဲ ပစ်ထည့်ပြီး မျိုချလိုက်သည်။

သူတို့နှစ်ဦး အဆိပ်ဖြေဆေး သောက်ပြီးသောအခါ မိုရှုရိက ပြောလိုက်သည်။

“ကဲ…ကျွန်မတို့ ဧည့်ခန်းဆောင်ကို ဝင်ကြပါစို့”

ဤတွင် မိုရှုရိက သူ့ညီမကို လှမ်းကြည့်ပြီး ပြောလိုက်သည်။

“ညီမလေး…တို့ဒီလိုနဲ့ပဲ သူ့အလိုကို လိုက်လျောရတော့မှာလား”

မိုရှုရိက သက်ပြင်းအသာချပြီး ပြောလိုက်သည်။

“ဘယ်တတ်နိုင်ပါမလဲ အကိုစုရိ၊ အစ်ကိုကြီးရဲ့ အသက်က ဒီအချိန်မှာ အရေးကြီးနေတယ် မဟုတ်လား”

ထဖန်မိုရှုရိက လီထိုက်ဟိုသက် လှည့်လိုက်ပြီး ပြောလိုက်သည်။

"ကျွန်မတို့ကြောင့် ရှင်ပါ ဒုက္ခရောက်ရသလို ဖြစ်နေပြီ"

လီထိုက်ဟိုက ခေါင်းခါယမ်းလိုက်ပြီး....

"ဒီအချိန်မှာ ဒီလိုစကားမျိုး ပြောနေလို့ အကြောင်းထူးမှာ မဟုတ်ပါဘူး၊ ကဲ...ညှော်ခန်းဆောင်ထဲ ဝင်ကြစို့၊ ဘာတွေ ပြောမလဲဆိုတာ နားထောင်ကြရအောင်"

အားလုံး ညှော်ခန်းဆောင်ထဲသို့ ဝင်လာခဲ့ကြသည်။

* * *

(၃)

မိုရှု နှင့် မိုစုရိတို့က အစ်ကိုကြီး မိုပိုက်ရိအား ထိုင်ခုံအထုံး ပေါ်၌ အသာခွကာ ထိုင်စေလိုက်သည်။

အဆိပ်ဖြေဆေးတလုံး သောက်လိုက်ရသဖြင့် မိုပိုက်ရိမှာ အနည်းငယ် ပြန်လည် ကြည်လင် လန်းဆန်းလာခဲ့သည်။

မှုံဝေသော ဝေဒနာများပင် သက်သာသွားသည်။

မိုပိုက်ရိက အားလျော့သော လေသံဖြင့် ပြောလိုက်သည်။

"ညီမလေးရှုရိ...သူက ဘာတွေများ တောင်းဆိုချင်သလဲ ဆိုတာ မေးစမ်းပါအုံး"



ထိုသို့ ပြောပြီးသောအခါ အားလုံးက မိုချုံးရိအတုထံသို့ ဝိုင်း၍ ကြည့်လိုက်ကြသည်။

မိုချုံးရိအတုက မတ်တတ်ရပ်လျက်ဝင် ရှိနေသေးသည်။ သူက ပြုံးရယ်၍ ပြောလိုက်သည်။

"ယိုးလင်ဂေဟာအရှင်သခင်ကြီးနေထိုင်သာ ရှိသွားပြီလား၊ အင်း....ယိုသင်းဂေဟာရဲ့ အဆိပ်ဖြေဆေးဟာ အတော်ပဲ စွမ်းပါပေတယ်၊ ကဲ...အားလုံး နားထောင်ကြပေါ့၊ ကျုပ်လိုချင်တဲ့ ပထမဆုံး ပစ္စည်းတခုကို ပြောပါမယ်၊ အဲဒါ ကတော့ တခြားမဟုတ်ပါဘူး၊ မိုပိုက်ရိရဲ့အိတ်ထဲမှာ အမြဲတမ်း သိမ်းဆည်းထားတဲ့ မြေပုံစာရွက်ပဲ"

ဤသွင် မိုပိုက်ရိက သူ့အားကြည့်ကာ တုန်လှုပ်သော အမူအရာဖြင့် မေးလိုက်သည်။

"ဟင်....မင်း....မင်းဘာလုပ်မလို့လဲ"

မိုချုံးရိအတုက မခိုးမခန့် တချက်ရယ်မောလိုက်ပြီး....

"ဘာလုပ်မလို့လဲဆိုတော့ ကျုပ်...အဲဒီမြေပုံထဲမှာ ပါတဲ့ ထမ်းညွှန်စာအရ...ခင်ဗျားတို့ အဘိုးရဲ့ သိုင်းကွက် ပေါင်းစုံ စုပိုင် လျှို့ဝှက် သိုင်းမှတ်စုစာအုပ်ကို ရှာဖွေ ရယူချင်လို့ပေါ့ ဗျာ... ဟဲ... ဟဲ...."

ထိုအခါ မိုပိုက်ရိက စိတ်လှုပ်ရှားလွန်းသော အသံဖြင့် ပြန်ပြောလိုက်သည်။

"မင်း....မင်းကို ဒီမြေပုံမပေးနိုင်ဘူး"

မိုချုံးရိအတုက မိုပိုက်ရိအား လှမ်းကြည့်ကာ...

"မိန်းကလေး...မင်းအစ်ကိုကြီးကိုပြောပေးပါ၊ သူ့အသက်

ထား ကျုပ်ရဲ့ လက်ထဲက အဆိပ်ဖြစ်ဆေးပုလင်းကို မရယင် ဘယ်လို သေဆုံးသွားနိုင်သလဲဆိုတာ”

မိုရှုရိက သူ့ အစ်ကိုကြီးအား လှမ်းကြည့်လိုက်ပြီး တောင်းပန်သော လေသံနှင့် ပြန်ပြောလိုက်သည်။

“အစ်ကိုကြီး မြေပုံစာရွက်ကို ပေးလိုက်ပါ၊ မြေပုံစာရွက်ထက် အစ်ကိုကြီးရဲ့ အသက်က ပိုပြီးအရေးကြီးပါတယ်”

မိုချုံးရိအတုသည် မျက်နှာထုံ့ တင်းပြီး အသံကျယ်မြင့်စွာ ပြောလိုက်သည်။

“မိုပိုက်ရိ ခင်ဗျားအသက်ကို ခင်ဗျား မနှမြောဘူးလား”

မိုရှုရိကလည်း စပ်မိ ဝင်ရောက် တောင်းပန် လိုက်ပြန်သည်။

“ပေးလိုက်ပါ အစ်ကိုကြီးရယ်... သူ မြေပုံ ရသွားယင်လဲ စာအုပ်ကို လွယ်လွယ်နဲ့ ရှာယူလို့ မရနိုင်သေးပါဘူး”

မိုရှုရိသည် ထိုသို့ပြောလိုက်ပြီး မိုပိုက်ရိထံ လျှောက်သွားပြီးနောက် မိုပိုက်ရိအိတ်ထဲမှ မြေပုံစာရွက်ကို နှိုက်ယူလိုက်၏။

ထို့နောက်....

မြေပုံစာရွက်ကလေးကို ဖြန့်ကြည့်လိုက်ပြီး မိုချုံးရိ အတုအား သွားရောက်ပေးလိုက်သည်။

မိုချုံးရိက ချက်ချင်း လှမ်းမယူသေးဘဲ ပြုံးကာ ပြောလိုက်သည်။

“မိန်းကလေး... မင်း ကျုပ်အနားကို အရမ်းမကပ်ပါနဲ့၊ မင်းရဲ့ သိုင်းပညာအစွမ်းကို ကျုပ်သိထားတယ်၊ မင်းမြေပုံကို ဟောဟို ဧည့်သည်ကြီး လီထိုက်ဟိုကို ပေးထားလိုက်ပါ”



သို့ဖြစ်၍—

မိုရှုရိက မြေပုံကို လီထိုက်ဟိုအား သွားရောက် ပေးထား လိုက်ရပြန်သည်။

“ဟဲ...ဟဲ... ဒီလိုမှပေါ့... လီထိုက်ဟို ကျေးဇူးပြုပြီး မြေပုံစာရွက်ကို ကောက်ယူထားလိုက်ပါ၊ ကျုပ်ကတော့ နည်းနည်း ဆက်ပြောစရာရှိသေးလို့”

မိုချုံးရိအတုက ထိုသို့ပြောလိုက်သောအခါ မိုပိုက်ရိက မုန်းတီးစွာ ကြည့်၍ ရေရွတ်ဆဲဆိုလိုက်သည်။

“မင်းဟာ... အလကားကောင်ပဲ၊ သိုင်းအစား မပီသတဲ့ နည်းနဲ့ကြံစည်တယ်၊ တကယ်တော့ မင်းဟာ သိုင်းသမား မပီသဘူး၊ အရှက်မရှိဘူး”

မိုချုံးရိအတုက အားရကျက်ကျက် အမူအရာဖြင့် ခေါင်းမော့ ရယ်ကာ ပြောလိုက်သည်။

“အရှက်မရှိဘူး သိုင်းသမား မပီသဘူးလို့ ခင်ဗျား ကြိုက်သလို ပြောနိုင်တယ်၊ ကျုပ်... လုံးဝမမှုဘူး၊ ခင်ဗျားကရော အာထူးလို့လဲ၊ ဒီမြေပုံထဲမှာပါတဲ့ လျှို့ဝှက်သိုင်းမှတ်စုစာအုပ်ကို ရှာဖွေ ယူနိုင်ဖို့အတွက် ‘ကျန်း’ နဲ့ ‘လီ’ နှစ်ဂေဟာက လူတွေကို ရန်တိုက်ပေးပြီး၊ တိုက်ပွဲကြီးတခုဖြစ်အောင် ဖန်တီးပေးခဲ့တယ် မဟုတ်လား၊ ဒါမှ... ခင်ဗျားဟာ ‘ကျန်း’ ဂေဟာ အရှင်သခင်ကြီးနဲ့ နီးစပ်မှုရှိလာပြီး ‘ကျန်း’ ဂေဟာ ပရဝုဏ် အတွင်းမှာရှိနေတဲ့ သိုင်းဂိုဏ်းခေါင်းရဲ့ မူပိုင် လျှို့ဝှက် သိုင်းကွက်တွေ ပါတဲ့ မှတ်စုစာအုပ်ကို ရှာဖွေယူနိုင်မယ် မဟုတ်လား”

မိုချုံးရိအတုက စကားကို စေတ္တရပ်လိုက်ပြီး၊ အားလုံးကို အရက် အကဲခတ် ကြည့်လိုက်သည်။

နောက်ဆုံး....

လီထိုက်ဟိုထံ သူ၏အကြည့်က ရောက်ရှိသွားပြီး....

"အခုလဲ....ခင်ဗျားမှာ အကြံသစ်ထခု ရုတ်တရက် ပေါ်လာပြန်ပြီ၊ လီထိုက်ဟိုကို အဆိပ်ဘင့်အောင်လုပ်။ ပြီးတော့ အကျပ်ကိုင်ပြီး... ဒီသိုင်း မှတ်စုစာအုပ်ကို ရှာဖွေအုံး ဆိုမယုတ်တာ၊၊ ဒီတော့ ခင်ဗျားလဲ အရှက်မရှိတဲ့ သိုင်းသမား တယောက်ပဲ။ ဒါကြောင့်ကျုပ်ကိုခင်ဗျားဆဲဆိုနေရာမလိုဘူး။ သိုင်းဂိုဏ်း ပေါင်းစုံရဲ့မှုပိုင် လျှို့ဝှက် သိုင်းကွက်တွေပါတဲ့ မှတ်စုစာအုပ်ကို ခင်ဗျားလိုချင် မက်မောသလို၊ ကျုပ်ရဲ့ လိုချင်တာပဲ၊ အမှန်စတော့ ဒီစာအုပ်ဟာ သိုင်းသမားအားလုံး ကို မက်မောလာအောင် ဆွဲဆောင်နိုင်စွမ်း ရှိနေတာပဲ၊ ဒါကြောင့် ဘယ်သူမဆို မရရနိုင်တဲ့ နည်းနဲ့ ရအောင်ယူကြမှာပဲ"

မိုချုံးရိ အတွက် စကားကြောင့် မိုပိုင်ရိမှာ စကားပြန် မပြောနိုင်အောင်ပင် ဆွံ့အသွားလေတော့သည်။

မိုရှုရိမှာ သူမ၏အစ်ကိုကြီးအား လှမ်းကြည့်နေသည်။

လီထိုက်ဟိုကား....အဆိပ်ထင့်နေသော်သူ၏ ညာလက်ကို တွဲလျောင်းချထားလျက် သူတို့၏ ပြောစကားကို နားထောင်နေသည်။

သူ့မျက်လုံးအစုံက မိုရှုရိအား ကြည့်လျက်....

* * *



(၄)

လီထိုက်ဟိုက ရုတ်တရက် မိုချုံးရိအတုအား လှမ်း၍ပြောလိုက်သည်။

"ကဲ....အချိန်ကြာတယ်ဗျာ၊ ခင်ဗျားရဲ့အဓိက လိုအပ်ချက်ကိုသာ ပြောပြပေတော့၊ ပြီးတော့ ခင်ဗျားဘယ်သူဘယ်ဝါဆိုတာကိုလဲ ပြောပြခဲ့ပါ"

မိုချုံးရိအတုက ရယ်မောကာ ပြောလိုက်သည်၊

"ခုအချိန်မှာတော့ ကျုပ်နာမည်ကိုမပြောပြနိုင်သေးဘူး၊ ဒါပေမယ့် ကိစ္စတွေအားလုံးပြီးသွားတဲ့အခါမှာတော့ ပြောပြပါ့မယ်၊ လီထိုက်ဟို"

လီထိုက်ဟိုက စိတ်မရှည်တော့သဖြင့်—

"ကဲ—ကျုပ်တို့အာလုပ်ပေးရမလဲဆိုတာကိုသာ ပြောပေတော့"

မိုချုံးရိအတုက မျက်နှာကို တည်ကြည်စွာထားလိုက်၏၊ ပြီးနောက်....

လီထိုက်ဟိုအား လက်ညှိုးညွှန်ကာပြောလိုက်သည်။

"လီထိုက်ဟို ဒီလိုဆိုယင်လဲ၊ ကျုပ်က ပြောရတာပေါ့၊ ခင်ဗျားခုချိန်ကစပြီး ဒီယိုးလင်ဝေဟာကနေ ဘယ်မှ မသွားပါနဲ့၊ အဲ... ညရောက်တဲ့အခါကျတော့ ခင်ဗျား ကျုပ်ကိုကိစ္စတခုဆောင်ရွက်ပေးရလိမ့်မယ်၊ညကျယင်၊ ခင်ဗျား လျှိုယမ်း

မြို့ကိုသွားပြီး 'ကျန်း'ဂေဟာအခင်ကြီးနဲ့ သွားတွေ့ပါ၊ ရှာဖွေပြီး၊ ခင်ဗျားလုပ်ရမယ့်အလုပ်က 'ကျန်း'ဂေဟာခြံဝင်း ထဲနေရာမှာ ရှိတဲ့ သင်္ချိုင်းဂူဟောင်း၊ နေရာကို မေးရမယ်၊ ဒီသင်္ချိုင်းရှိတဲ့ အကြောင်းကို 'ကျန်း'ဂေဟာသခင်ကြီးက တခြားလူဆိုယင်လွယ်လွယ်ကူကူနဲ့ ပြောပြမှာမဟုတ်ဘူး၊ ဒါပေမယ့် ခင်ဗျားကိုတော့ ပြောပြကောင်းပြောပြလိမ့်မယ်၊ ဘာ့ကြောင့်လဲဆိုတော့ ခင်ဗျားဟာ 'ကျန်း'နဲ့'လီ' နှစ်ယောက်ရဲ့ပြဿနာကိုငြိမ်းချမ်းအောင် ကြားဝင် ဖြန်ဖြေပေးနိုင်ခဲ့တဲ့လူဆိုတော့ ခင်ဗျားကို ယုံကြည်လေးစားတဲ့အနေ ပြောချင်ပြောလိမ့်မယ်"

ထိုအခါ —

လီထိုက်ဟိုက စကားကြားဖြတ် ပြောလိုက်သည်၊

"တကယ်လို့'ကျန်း'ဂေဟာအရှင်သခင်ကြီးက၊ကျွန်တော့ကိုမယုံကြည်လို့မပြောပြဘူးဆိုယင်ကော"

မိုချုံးရိအတုက အေးဆေးစွာရယ်မောလိုက်သည်၊

"အဲဒီအခါကျယင်တော့ ခင်ဗျားဖာသာခင်ဗျားကြိုးစား ရှာဖွေရတော့မှာပေါ့၊ 'ကျန်း'ဂေဟာ ခြံဝင်း အတွင်းက သင်္ချိုင်းဂူဟောင်းကို ခင်ဗျားသေသေချာချာရှာယင် တွေ့နိုင်ပါလိမ့်မယ်"

သို့သော်....

လီထိုက်ဟိုက နားမလည်သေးဟန်ဖြင့်....

"ခင်ဗျားပြောသလို သင်္ချိုင်းဂူဟောင်းကို တွေ့ပါပြီတဲ့၊ ကျုပ် ဘာဆက်လုပ်ရမလဲ"



မိုချုံးရိအတုက အေးတိအေးစက်ဖြင့် ပြန်လည် ရှင်းပြ လိုက်သည်၊

"သင်္ချိုင်းဂူဟောင်းနေရာကိုရှာဖွေရတာတော့ ခက်လိမ့်မယ်၊ဘာဖြစ်လို့လဲဆိုတော့ အခုဆိုယင် သင်္ချိုင်းဂူဟောင်း မြေနေရာဟာ မြေညီဖြစ်နေလောက်ပြီ၊ အကယ်လို့ ခင်ဗျား ဟာ သင်္ချိုင်းဂူ မြေနေရာဟောင်းကိုတွေ့ခဲ့ယင် ဂူအလယ် ဗဟိုတည့်တည့်လောက်ကနေပြီး အရှေ့အရပ်ကိုခြေလှမ်း ငါး ဆယ်တိတိလျှောက်ပါ၊ ခြေလှမ်းငါးဆယ်ပြည့်တာနဲ့ ရပ်ပြီး ညာဘက် တည့်တည့်ကို လှည့်၊ ခြေလှမ်း ဆယ်လှမ်း ထပ် လျှောက်ပါ၊ အဲဒီနောက်ဆုံးရောက်တဲ့နေရာကို တူးရမယ်၊ ဆိုင်းအဖွဲ့ခေါင်းစုံ မူပိုင် လျှို့ဝှက်ဆိုင်းကွက်တွေပါတဲ့ မှတ်စု စာအုပ်ဟာ အဲဒီနေရာမှာရှိနေတယ်၊ ခင်ဗျား အဲဒီစာအုပ်ကို ရှာဖွေတွေ့ရှိလာခဲ့ယင်၊ ခင်ဗျားကို အဆိပ်ဖြေဆေးထပ်ကျွေး ပါမယ်၊ ပြီးတော့ ယိုးလစ်ဂေဟာ အရှင်သခင်ကြီးကိုလဲ ကျုပ်'အသက်ဆက်'အဆိပ်ဖြေဆေး ဂုဏင်း ပြန်ပေးလိုက်ပါ့ မယ်၊ ဘယ့်နှယ်လဲ၊ ကျုပ်ဆန္ဒကို ခင်ဗျား လိုက်လျောနိုင် မလား လီထိုက်တို"

မိုချုံးရိက ခနဲ့ပြုံးပြုံးကာ ဝင်ပြောလိုက်သည်၊

"ရှီ.... ဆိုင်းကွက် မှတ်စုစာအုပ်ကိုရခဲ့ယင် စာအုပ်ထဲက ဆိုင်းကွက်တွေကို လေ့ကျင့်လို့ရနိုင်မယ်လို့ထင်နေသလား"

မိုချုံးရိအတုက ပခုံးကိုတချက်တွန့်လိုက်ပြီး၊ မချိုးမချဉ်ပြုံး လျက်....

"ဒီမယ်မိန်းကလေး၊ ကျုပ်အတွက် ခင်းဘာမှပူနေစရာ

မလိုဘူး၊ ဒါဟာ ကျုပ် အလုပ်ပဲ၊ အဲ...စင်းငှူရမှာက မင်း အစ်ကိုကြီးရဲ့အသက်ပဲ၊ မင်းရဲ့ညီ့သည့် လီဆိုက်ဟိုသာ ကျုပ် နိုင်းသဘိုလိုက်နာဖို့ ပြောပါ၊ ကဲ...ကျုပ် သွားတော့မယ်၊ ဗီနေ့သာပဲ လီဆိုက်ဟိုက ကျုပ်ပြောသလိုစပြီး လုပ်ဆောင်စေ တော့"

မိုချုံးရိအတုသည် ပြောပြောဆိုဆို ချာကနဲ လှည့်ကာ ထွက်သွားလေတော့သည်။

ထို့နောက်...

ထံခါးသို့ရောက်သောအခါ ရုတ်တရက် ပြန်လှည့်လိုက် ပြီး...

မိုပိုက်ရိ၊ခင်ဗျား၊ညီ၊ညီမနှင့်တပည့်တွေကို ကျုပ်ထွက်သွား တာကို အန္တရာယ် မပေးဖို့ကြိုမှာထားပေါ် ဟုတ်လား၊ ခုအ ချိန်မှာ ခင်ဗျားအသက်ဟာ ကျုပ်လက်ထဲမှာ ရှိနေတယ်ဆို တာသတိထားအုံး"

ထို့နောက်....

မိုချုံ ရိအတုသည်၊ တံခါးမကြီးမှတဆင့် ခြေလှမ်းမှန်မှန် ဖြင့် ထွက်ခွာသွားလေတော့သည်။

မိုစုရိသည်၊ ဒေါသတကြီးဆဲဆိုရေရွတ်ယင်း၊ ကျန်ရစ်ခဲ့၏။

* * *



(၅)

မိုစုရိက ဒေါသမပြေသေးဟန်ဖြင့် ဆက်၍ပြောလိုက်ပြန် သည်။

"တောက်–ဒီမိုချုံ့ရိအတုဆိုတဲ့ကောင်ဟာ၊တကယ်တန်း သတ္တိရှိတာ မဟုတ်ပါဘူး၊ မိန်းမကျင့် မိန်းမကြံ ကြံနေတဲ့ ကောင်၊ ကျုပ်သူ့ကိုလိုက်ပြီး အသေတိုက်ချင်နေတယ်"

မိုစုရိက ထိုသို့ဒေါသတကြီး ဆဲဆို ရေရွတ်နေစဉ်၊ ညီမ ဖြစ်သူ မိုရှုရိက တစုံတရာကို လေးလေးနက်နက် စဉ်းစား နေသည်။

လီထိုက်ဟိုလည်း ငြိမ်သက်စွာစဉ်းစားနေသည်။

သူ့အနေနှင့် ရှေ့ဆက်လုပ်ရမည့်အလုပ်ကိုစဉ်းစားနေဟန် ရှိသည်။

စင်စစ်....

မိုချုံးရိအတုလုပ်ဆောင်ခိုင်းသောကိစ္စကို သူရအောင် လုပ်ဆောင်ပေးနိုင်မှဖြစ်တော့မည်မဟုတ်ပါလော။

ဤသို့ပြုလုပ်ရန်မှာလည်း၊ သူ့အတွက်မဟုတ်၊

ယိုးလင်ဂေါဏ္ဍာမှ အရှင်သခင်ကြီးမိုပိုက်ရိအတွက်ပင်ဖြစ် စေသည်။

မိုပိုက်ရိက ညီမဖြစ်သူအားလှမ်းကြည့်ပြီးမေးလိုက်သည်။

"ညီမလေးရှုရိ မင်းဘာတွေစဉ်းစားနေတာလဲ"

မိုရှုရီအာရုတီတရက်ခေါင်းမော့ကာပြီး လီထိုက်ဟိုအား လှမ်းကြည့်ကာပြောလိုက်သည်။

"အစ်ကိုလီထိုက်ဟို ရှင်အဲဒီမိုချုံးရီအတုကို ဘယ်လိုထင်မြင်ယူဆသလဲ"

ဤတွင် မိုရှုရီက လီထိုက်ဟိုပြန်မဖြေခင်၊ ကြားဖြတ်၍ ဝင်ပြောလိုက်၏။

"အဲ မိုချုံးရီအတုကို ကျွန်တော်သိပ်မယုံချင်ဘူး"

မိုရှုရီအားခေါင်းကိုညိတ်လိုက်ကာ....

"ဟုတ်တယ်၊ အဲဒီလူမှာ မသင်္ကာစရာအချက်တွေအများကြီးရှိနေတယ်၊ အစ်ကိုလီထိုက်ဟို အတိထွားမိရဲ့လား"

လီထိုက်ဟိုက ခေါင်းကိုဖြည်းညင်းစွာခါယမ်းလိုက်ပြီး....

"ကျွန်တော်တော့ သတိမပြုမိဘူး၊ ကျွန်တော်က ဒီနေ့မှ ယိုးလင်းဂေဟာကိုရောက်လာပြီး၊ မိုချုံးရီကိုတစ်ခါပဲတွေ့ဖူးတဲ့ လူဆိုတော့ ဘယ်လိုမှမထင်တတ်ဘူး၊ ဒါနဲ့ ခင်ဗျားအနေ တယ်ထိုထင်လို့လဲ"

ထိုအခါ....

မိုရှုရီက ခပ်တွေတွေစဉ်းစားယင်းပြောလိုက်သည်။

"မိုချုံးရီအတုဟာ မိုချုံးရီအစစ်နဲ့ ဘယ်လောက်ပဲရုပ်ချင်းတိုက်ဆိုင်အောင်တူနေပါစေ၊ ရုပ်ပြောင်းရုပ်လွဲအစွမ်းနဲ့ ခွဲလို့မရအောင် ဘယ်လောက်ပဲပြင်ထားပြင်ထား၊ အဓိကအချက်နှစ်ခုကိုတော့ဖန်တီးယူလို့ မရဘူးဆိုတာ ကျွန်မ စဉ်းစားမိခဲ့တယ်"

ထို့ကြောင့်....



လီထိုက်ဟိုကလည်း ချက်ချင်းပင် ဝင်ရောက်ထောက်ခံ ပြောဆိုလိုက်သည်။

"ဟုတ်တယ်၊ ကျွန်တော်လဲအဲဒါကိုတော့စဉ်းစားမိတယ်၊ အဓိကအချက်နှစ်ခုက လူတစ်ယောက်ရဲ့မျက်လုံးနဲ့အသံပဲ၊ လူတစ်ယောက်နဲ့တစ်ယောက်ဟာ တခြားကိုယ်အင်္ဂါအစိတ်အပိုင်းတွေ ဘယ်လောက်ပဲတူတူ မျက်လုံးအသွင်ပုံသဏ္ဍာန်ချင်းမတူနိုင်ကြဘူး၊ အထူးသဖြင့် မျက်လုံးကြည့်ပုံ ရှုပုံ၊ အမူအကျင့်ဒါတွေဟာ လူတစ်ယောက်နှင့်တစ်ယောက်တူနိုင်ခဲတယ်၊ လိုက်တူဖို့ဆိုတာလုံးဝမလွယ်လှဘူး၊ နောက်တစ်ချက်က အသံ၊ စောစောပြောသံ၊ အခု မိုချုံးရီအတုဟာ မိုချုံးရီအစစ်ရဲ့အသံနဲ့ တစ်ထေရာတည်းတူနေသလား"

မိုရှုရီကခေါင်းညိတ်ပြလိုက်သည်။

လီထိုက်ဟိုကဆက်ပြီးမှတ်ချက်ချလိုက်ပြန်သည်၊

"ဒါဆိုယင်တော့ အခုတော့ကိုတိုက်ဆိုင်မှုနဲ့ရောက်လာတဲ့ လူတစ်ယောက်ဖြစ်နေမလား"

မိုရှုရီက ဦးခေါင်းကိုထပ်ညိတ်ပြလိုက်ပြီး၊ ထပ်မံပြော ဆိုလိုက်သည်။

"ယိုးလင်းဂေဟာအတွင်းသို့ဝင်ရောက်ပြီး၊ ဂေဟာရှိလူတွေနဲ့ရောထွေးနေထိုင်ဖို့က လူစိမ်းတွေအတွက်သိပ်လွယ်တာ မဟုတ်ဘူး၊ ကျွန်မတို့ ယိုးလင်းဂေဟာမှာ လက်နက်စက်ယန္တရားအမျိုးမျိုး ဆုံးရာခြောက်ဆယ်တပ်ဆင်ထားတယ်၊ လူစိမ်းတစ်ယောက်အနေနဲ့ နေ့စဉ်ဒီစက်ယန္တရားစက်ကွင်းကို ဖြတ်ကျော်မိမှာသေချာတယ်၊ အခု ဒီမိုချုံးရီဟာစက်ယန္တရား

ဘေးကို လွှတ်အောင်ရှောင်တိမ်းနိုင်တဲ့အပြင် ယိုးလင်ဂေဟာရဲ့အကြောင်းစုံကိုသိနေတာဟာ အံ့သြစရာပဲ''

မိုပိုက်ရိက သူ့ညီမပြောဆိုနေသမျှကို နားထောင်လျက် စဉ်းစားနေသည်။

ထိုစဉ်……

''အစ်ကိုကြီးမိုပိုက်ရိ၊ အစ်ကို လတ်ချုံးရိ အခါကခရီးထွက်သွားတာ ဘယ်အချိန်တုန်းကလဲဟင်''

မိုပိုက်ရိက အတန်ငယ်စဉ်းစားလိုက်ပြီး….

''လွန်ခဲ့တဲ့ငါးလလောက်ကပဲညီမလေးရှုရိ''

ထို့နောက်……

ရှုရိက မိုပိုက်ရိအားကြည့်ကာမေးလိုက်ပြန်သည်။

''အဲဒီတုန်းက အစ်ကိုလတ်ချုံးရိ ဘယ်ကိုသွားခဲ့တာလဲ ဟင်၊ ပြီးတော့ဘာကိစ္စနဲ့သွားခဲ့တာလဲ၊ အဲဒါ အစ်ကိုကြီး မှတ်မိသေးသလား''

မိုပိုက်ရိက အနည်းငယ်တွေဝေစဉ်းစားလိုက်ပြီးမှပြန်ဖြေလိုက်သည်။

''အင်း….အဲဒီတုန်းက ဆေးဝါးသွားဝယ်တာထင်တယ်၊ ဟုတ်တယ်….ဟုတ်တယ်၊ ယိုးလင်ဂေဟာရဲ့အဆိပ်ဆေးဝါးတွေကို သူကပဲပြည့်ဆည်းပေးခဲ့ရတာမဟုတ်လား''

ထိုအခါ….

မိုရှုရိကလေးနက်စွာစဉ်းစားပြီး ဆက်၍မေးလိုက်ပြန်သည်။

''အဲဒီတုန်းက အစ်ကိုလတ်ချုံးရိကို အစ်ကိုကြီးကနိုင်း



လိုက်တာလား၊ ဒါမှမဟုတ် သူ့အစီအစဉ်နဲ့သူ ထွက်သွားတာလား''

မိုပိုက်ရိကနားမလည်သောအသွင်ဖြင့် ချက်ချင်းပြန်မေးလိုက်သည်။

''ညီမလေးရှုရိ မင်းဘာကိုဆိုလိုချင်တာလဲ''

မိုရှုရိက ခေါင်းကိုခါယမ်းလိုက်ပြီး….

''ညီမလေးမေးတာကို အစ်ကိုကြီးအယင်ပြောပြစမ်းပါ၊ အစ်ကိုလတ်ဟာ သူ့အစီအစဉ်နဲ့သူ ခရီးထွက်သွားခဲ့တာလား၊ ပြီးတော့ သူပြန်လာတဲ့အခါမှာရော အစ်ကိုကြီးကို ထွေထွေထူးထူးဘာတွေ ပြောပြခဲ့သေးသလဲ၊ အစ်ကိုလတ်ဟာ ခရီးထွက်ရာကပြန်လာတိုင်း အစ်ကိုကြီးကို လမ်းမှာဖြစ်ပျက်ခဲ့တွေ ကြုံခဲ့သမျှကို ပြောပြလေ့ရှိတယ်မဟုတ်လား''

သို့ဖြစ်၍….

မိုပိုက်ရိက အတန်ကြာအောင်စဉ်းစားလိုက်သည်။

ပြီးနောက်….

သက်ပြင်းကို ဖြည်းလေးစွာချကာ ပြောလိုက်သည်။

''အင်း….သူဒီတခေါက်ပြန်လာတော့ ဘာမှ ထွေထွေထူးထူးမပြောခဲ့ဘူး''

ထိုစဉ်….

လီသိုက်ဟိုသည်၊ စားပွဲအနီးသို့လျှောက်လာပြီး၊ သူ့အင်္ကျီထဲမှ ပန်းပွင့်အထွာန် အဆိပ်လက်နက်ပုန်းကလေးကို စားပွဲပေါ်သို့တင်လိုက်သည်။

''ညီမရှုရိ….ကျေးဇူးပြုပြီး အစ်ကိုကြီး မိုပိုက်ရိကိုထိသွား

ထဲ့ဝန်းပွင့်သဏ္ဍာန် အဆိပ်လက်နက်ပုန်း ခဏ ပေးပါလား၊ ကျွန်တော်လေ့လာကြည့်ချင်တယ်”

ထို့ကြောင့်....

မိုရှုရိသည်၊ သူမ၏အစ်ကိုထွေး မိုစုရိထံမှ ပန်းပွင့်သဏ္ဍာန် အဆိပ်လက်နက်ပုန်းကိုယူပြီး၊ လီထိုက်ဟိုကို ပေးလိုက်သည်။

လီထိုက်ဟိုက စားပွဲပေါ်တွင် ရှိနေပြီးဖြစ်သည့် အဆိပ်လက်နက်ပုန်းနှင့်ယှဉ်ကာတင်လိုက်ပြီး၊ သူ့ကိုထိသည့်အဆိပ်လက်နက်ပုန်းနှင့် ယှဉ်ကြည့်လိုက်သည်။

လက်နက်ပုန်းနှစ်ခုကား အတော်ပင်ဆင်နေကြောင်း လီထိုက်ဟိုတွေ့လိုက်ရ၏။

* * *

(၆)

ရုတ်တရက်....

လီထိုက်ဟိုသည် မိုစုရိအား အလျှင်စလို လှမ်းခေါ်လိုက်၏၊

“မိုစုရိ ခဏလောက် လာကြည့်စမ်းပါ၊ ဒီအဆိပ်လက်နက်ပုန်းနှစ်ခုဟာ အသွင်သဏ္ဍာန်နဲ့အရွယ်အစား အတူတူပဲ လားလို့”

လီထိုက်ဟိုက စားပွဲပေါ်မှ အဆိပ်လက်နက်ပုန်းနှစ်ခုကို ယှဉ်ကြည့်ယင်းမှ မိုစုရိကို လှမ်းခေါ်လိုက်ခြင်းဖြစ်သည်။



မိုစုရိက လီထိုက်ဟိုအနီး လျှောက်လာပြီး၊ စားပွဲပေါ်ရှိ လက်နက်ပုန်းနှစ်ခုကို သေချာစွာကြည့်လိုက်သည်။

ပြီးမှ....

“အင်း....ရုတ်တရက်ကြည့်မယ်ဆိုယင် အတူတူပဲလို့ ထင်ရတယ်၊ ဒါပေမယ့် သေသေချာချာကြည့်မယ်ဆိုယင် အဆိပ်လက်နက်ပုန်းနှစ်ခုက ပန်းပွင့်ရဲ့ ပွင့်ဖတ်လွှာ ပုံသဏ္ဍာန်တွေဟာ နည်းနည်းတော့ကွဲလွဲနေတယ်၊ ကြည့်ပါလား၊ ဟောဒီလက်နက်ပုန်းက ပန်းပွင့်ရဲ့ပွင့်ဖတ်လွှာဟာ အနည်းငယ်ကားနေသလိုပဲ”

လီထိုက်ဟိုက ဦးခေါင်းကိုညိတ်ပြလိုက်ပြီး....

“ဟုတ်တယ် မိုစုရိ အကဲခတ်တာ မှန်တယ်”

ထိုအခါ....

လီထိုက်ဟိုကဆက်၍ သူ၏ထင်မြင်ချက်ကို ရှည်လျားစွာ ရှင်းပြလိုက်ပြန်သည်။

“ကျွန်တော့ အထင်ကိုပြောပါ့မယ်၊ ဟောဒီ ပန်းပွင့်ပုံ သဏ္ဍာန် အဆိပ်လက်နက်ပုန်းနှစ်ခုဟာ အသွင်သဏ္ဍာန်ချင်း အနည်းငယ်ကွဲပြားပါတယ်၊ ဒါကြောင့် အဆိပ်နှစ်မျိုးရှိတဲ့ အဲဒီပန်းလက်နက်ပုန်းနှစ်ပွင့်လို့ပြောယောင်ရပါတယ်၊ မိုပိုက်နီကို ထိခဲ့တဲ့လက်နက်ပုန်းမှာ ပြင်းထန်တဲ့ အဆိပ်ပါတယ်၊ ဒါပေမယ့် ကျွန်တော့ကိုထိခဲ့တဲ့လက်နက်ပုန်းကတော့အဆိပ် သိပ်မပြင်းလှဘူး၊ ဒါကိုလဲ စောစောက မိုချုံးရိ အတွက် ပြောသွားပြီးပါပြီ”

စကားကိုခေတ္တရပ်လိုက်ပြီး၊ လီထိုက်ဟိုက အနည်းငယ်

စဉ်းစားအဖြောင်ပြုလိုက်သည်။

"အင်း......ကျွန်တော့ကို သိပ်မပြင်းတဲ့အဆိပ်နဲ့ သုံးခဲ့တာကတော့ သူတို့နိုင်းစရာရှိသေးလို့ဆိုတာ ရှင်းနေပါတယ်၊ မိုပိုက်ရိကိုထိတဲ့အဆိပ်ကတော့ အမှန်ပဲပြင်းတန်တယ်၊ ဒါပေမယ့် မိုချုံရိအတုဟာ ကျွန်တော်နဲ့ မိုပိုက်ရိတို့ကို အဆိပ်ပြေဆေးတလုံးစီကျွေးခဲ့တာကို ထောက်ယင်၊ သူဟာကျွန်တော်တို့ကို အကယ်၍ကွမပေးလို့ဘူးဆိုတာ ထင်ရှားပေါ်လွင်နေပါတယ်"

မိုပိုက်ရိက သဘောမပေါက်ဟန်ဖြင့် ပြန်မေးလိုက်သည်။

လီထိုက်ဟို ခင်ဗျားပြ နေတာကို ကျုပ်သိပ်မရှင်းဘူး၊ ရှင်းအောင်ပြန်ပြောပြစမ်းပါအုံး"

ထိုအချိန်တွင်......

မိုရှုရိက မည်သည့်စကားမျှမပြောပဲ ခေါင်းငုံ့ကာ စဉ်းစားနေသည်။

မိုပိုက်ရိက ထိုင်ခုံပေါ်တွင် ကိုယ်ကိုမတ်အောင် ပြန်ပြင်ထိုင်လိုက်ပြီး၊ ညီငယ်မိုစုရိကို ကြည့်ကာ မေးလိုက်ပြန်သည်။

"ညီငယ်စုရိ မင်းသဘောပေါက်သလောက် ငါ့ကိုပြောပြစမ်းပါ"

သို့သော်....

မိုရှုရိက ဦးခေါင်းကို ခါယမ်းပြသည်။

"ကျွန်တော်လဲ သိပ်သဘော မပေါက်သေးပါဘူး၊ လီထိုက်ဟို ခင်ဗျားရဲ့ ထင်မြင်ယူဆချက်ကို ထပ်ပြီးပြောပြလိုက်ပါအုံး"



ထို့နောက်......

မိုပိုက်ရိက လီထိုက်ဟိုကို ပြန်ကြည့်ပြီး ပြောလိုက်သည်။

"လီထိုက်ဟို....ကျုပ်ကိုထပ်ပြီး ပြောပြစမ်းပါအုံး"

ထို့ကြောင့်......

လီထိုက်ဟိုက ထပ်ပြီး ရှင်းပြလိုက်ရသည်။

"မိုပိုက်ရိ....ခင်ဗျား....သဘောပေါက်အောင် ကျွန်တော်ဆိုတိုပဲ ပြောမယ်၊ ဒီနေ့ရောက်လာခဲ့တဲ့ လူစိမ်း ဧည့်သည်ငါးယောက်ဟာ မိုချုံးရိတေုနဲ့ တဂိုဏ်း တဖွဲ့သားတည်းဆိုတာ အားလုံး ရိပ်မိပြီး ဖြစ်မယ်၊ ဒါပေမယ့် ထူးခြားတဲ့အချက်က မိုချုံးရိအတုဟာ အတုဟန်ဆောင်ပြီး ပြောဆိုနေတဲ့ မိုချုံးရိအစစ်ပါပဲ"

ထိုအခါ....

မိုပိုက်ရိမှာ မျက်လုံးပြူးကျယ်သွားသည် အထိ အံ့အားသင့်သွားလေသည်။

"အို......မဖြစ်နိုင်ပါဘူး၊ ဒီလိုတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ ကျုပ်ညီ မိုချုံးရိဟာ ဘယ်တော့မှ ကျုပ်ကို ဒီလို အဆိပ်နဲ့ ရက်ရက်စက်စက် လုပ်ကြံချင်မှာမဟုတ်ဘူး၊ ကျုပ်ညီ တွေဟာ ကျုပ်အပေါ်မှာ အင်မတန် ချစ်ခင်ရိုသေခဲ့ဘယ်ဆိုတာ ကျုပ်အသိဆုံး"

ဤတွင် မိုရှုရိကလည်း၊ မျက်ရည်များ ဝေ့ဝဲနေသော မျက်လုံးများဖြင့်၊ မိုပိုက်ရိအား ကြည့်လိုက်ပြီး....

"ဟုတ်တယ်....အစ်ကိုကြီး မိုပိုက်ရိ၊ အစ်ကိုလီထိုက်ဟို ပြောနေတာတွေဟာ အားလုံးအမှန်တွေချည်းပဲ၊ ကျွန်မထဲ

သိပါတယ်၊ သူ့ကိုယ်သူ မိုချုံ့ရီအတုလို့ ပြောသွားတဲ့ လူဟာ အစ်ကိုလတ် မိုချုံ့ရီအစစ်ပါပဲ၊ တကယ်တော့ မိုချုံ့ရီ အတုဟန်ဆောင်နေတာ"

မိုပိုက်ရီ ပါးစပ်အဟောင်းသားဖြစ်ပြီး၊ ငေးကြောင်သွားမိသည်။

သူ၏မျက်လုံးအိမ်၌ မျက်ရည်များ စီ့ဝဲလာခဲ့သည်၊

"အို... စီလိုဆို တကယ်ပဲ သူဟာ ငါ့ညီမိုချုံ့ရီ ဖြစ်နေပြီပေါ့၊ အင်း... ချုံ့ရီ... ချုံ့ရီ... သူဘာကြောင့်တစိမ်းသူတွေနဲ့ ပေါင်းပြီး ငါ့ကို လုပ်ကြံခဲ့ရတာလဲ"

ထို့ပြင်...

မိုရှုရီကလည်း၊ မျက်ရည်များ စီးကျလျက်....

"အစ်ကိုကြီး...... အစ်ကိုကြီး မေ့နေပြီလား၊ တကယ်တော့ အစ်ကိုလတ်... အစ်ကိုလတ်ဟာလေ"

ထို့နောက်...

မိုပိုက်ရီက ညီမဖြစ်သူအား လျှင်မြန်စွာ လက်ကာပြလိုက်ပြီး ပြောလိုက်သည်။

"ညီမလေး.... ဆက်မပြောနဲ့တော့၊ တကယ်ပဲ ချုံ့ရီဟာ ငါ့ကို လုပ်ကြံတာ မှန်နေပြီ ဆိုယင်...."

မိုရှုရီကလည်း ရုတ်တရက်ဝင်ပြောလိုက်သည်။

"ဟာ...... ကျွန်တော်အခုမှ စဉ်းစားမိပြီ၊ ကျွန်တော်တို့ ညီအစ်ကို မောင်နှမလေးယောက်ကို ကျွန်တော်တို့ အဖေဟာ ငယ်ငယ်ကတည်းက၊ ခြေဖဝါးနှစ်ဘက်စလုံးမှာ ဆေးအဲမှတ်အသားတွေ ထိုးပေးခဲ့တယ် မဟုတ်လား၊ ကျွန်တော်တို့



ခြေဖဝါးအစုံမှာ 'ယိုးဒင်' ဂယာဆိုတဲ့ စာတန်းတွေ ရှိတယ်၊ ဒီတခါ သူရောက်လာယင် သူ့ခြေဖဝါးကိုစစ်ဆေးကြည့်ရမယ်၊ တကယ်ပဲ သူဟာ အစ်ကိုချုံ့ရီ အစစ် ဖြစ်နေယင် ကျွန်တော်တို့ သူ့ကို အဆုံးစီရင် လိုက်ကြယင်မကောင်းဘူးလား"

မိုပိုက်ရီမှာ ဝေ့ဝဲကျလာသော မျက်ရည်များကို မျက်တောင်ခတ်ကာ ဖယ်ထုတ်လိုက်ပြီး....

"စုရီ... မင်းဘယ်လိုပြောလိုက်တာလဲ၊ သူကရော သူ့ခြေဖဝါးကို အစစ်ခံဝံ့မလား၊ အင်း.... လျှို့ဝှက်သိုင်းကွက်မှတ်စုစာအုပ်အတွက် ငါတို့ညီအစ်ကိုတတွေ စိတ်ဝမ်းကွဲကြပါပေါ့လား"

မိုပိုက်ရီက ပြောပြောဆိုဆိုဖြင့် သက်ပြင်းကို လေးတွဲ့စွာ ချလိုက်မိသည်၊

သူသည် မိုချုံ့ရီ၏ လုပ်ရပ်အတွက် လွန်စွာစိတ်မကောင်း ဖြစ်နေဟန်ရှိသည်။

အတန်ကြာ၌....

"ငါ့ရည်ရွယ်ချက် ပျက်သွားပြီ၊ ငါတို့ညီအစ်ကို မောင်နှမတတွေ ရှေ့ကို ဘယ်လိုစည်းရုံးပြီး သိုင်းလောကမှာ ထင်ပေါ်ကျော်ကြားအောင် လုပ်တော့မလဲ၊ ဒီတော့ သွားပါစေကွာ၊ မင်းတို့ သူ့ကို ရန်မမူကြနဲ့တော့၊ သူ့သဘော သူထင်ရာ လုပ်ပါစေကွာ"

ပြောပြောဆိုဆို မိုပိုက်ရီ၏ မျက်နှာမှာ လွန်စွာ စိတ်ပျက်သွားသည့် အမူအရာ ဖြစ်ပေါ်လာသည်၊

ကို့အတူ မိုစုရိနှင့် မိုရှုရိတို့ နှစ်ဦးမှာလည်း တွေးဝေသွား ကြတော့သည်။

ဤသို့ လီဆိုက်ဟိုက အားလုံးကို ဝေ့ကြည့်ပြီး လေးနက်စွာ ပြောလိုက်သည်၊

"ဒီမှာ မိုပိုက်ရိ၊မိုချုံ၊ရိဟာ လူဆိုးလူမိုက်တွေနဲ့ ပေါင်းပြီး လျှို့ဝှက် သိုင်းကွက်မှတ်စုစာအုပ်ကို ရယူဖို့ ကြံစည်တာကတော့ သေချာသွားပြီ၊ ဒါကြောင့် ကျွန်တော်တို့ အခု ရှေ့ဆက်ဘာ လုပ်ကြမလဲ ဆိုတာကိုသာ ဆွေးနွေးကြယင် မကောင်းဘူး လား"

ထိုအခါ....

လီဆိုက်ဟို၏စကားကြောင့်၊ မိုရှုရိ လှုပ်လှုပ်ရှားရှား ဖြစ် လာသည်။

ထို့နောက်....

မိုရှုရိက မိုပိုက်ရိကို လှမ်းကြည့်ပြီး ပြောလိုက်သည်၊

"အစ်ကိုကြီး......လီထိုက်ဟိုပြောတာ မှန်တယ်၊ ကျွန်မတို့ ရှေ့ကို ဘာဆက်လုပ်ကြယင် ကောင်းမလဲ ဆိုတာကိုသာ ဆွေး နွေး ကြရအောင်လား"

မိုပိုက်ရိက ဦးခေါင်းကို ညင်သာစွာ ညိတ်လိုက်သည်၊

"လီထိုက်ဟို...ခင်ဗျားပဲ ဒီကိစ္စကို ကြည့်ပြီး စီစဉ်ပေး တော့ဗျာ၊ ကျွန်တော်တို့ ခင်ဗျားစီစဉ်တဲ့အတိုင်း လိုက်နာပါ့ မယ်"

လီထိုက်ဟိုက—



"မိုပိုက်ရိ ခင်ဗျားဒီလောက်လဲ စိတ်ဓာတ်ကျမနေပါနဲ့၊ ကျွန်တော်လဲ အတတ်နိုင်ဆုံး ပြေလည်အောင် ဆောင်ရွက် ပေးပါမယ်"

မိုစုရိကလည်း ဝင်ပြောလိုက်ပြန်သည်၊

"အစ်ကိုလီထိုက်ဟို ရှေ့ကိုဘယ်လိုဆက်လုပ်ကြယင်ကောင်း မလဲ"

မိုစုရိသည် ပထမဆုံး အကြိမ် လီထိုက်ဟိုအား လေသံ ပြောင်း၍ လေးလေးစားစား ခေါ်လိုက်ခြင်းဖြစ်သည်၊

ယင်းကို လီထိုက်ဟိုက သတိထားမိလိုက်၏၊

လီထိုက်ဟိုက မိုစုရိအားလှမ်းကြည့်ပြီး ပြုံးပြလိုက်သည်၊

တဖန်—

မိုပိုက်ရိကလည်း ဝင်ပြောလာပြန်သည်။

"ညီလေး လီထိုက်ဟို ရှေ့ကို ဘယ်လို ဆက်လုပ်ကြယင် ကောင်းမလဲ"

လီထိုက်ဟိုက မိုပိုက်ရိကိုပါ ပြုံးပြလိုက်ပြီး....

"ရှေ့ဆက်လုပ်ဖို့အတွက် အရေးကြီးဆုံး အချက်နှစ်ချက် ရှိတယ်၊ ပထမအချက်က အစ်ကိုကြီးရဲ့ ကိုယ်ထဲမှာ သင့်နေ တဲ့အဆိပ်ကိုဘယ်လိုဖြေမလဲဆိုတာ၊ ဒုတိယအချက်ကတော့"

မိုပိုက်ရိက ကြားဖြတ်ကာ အံကြိတ်၍ ပြောလိုက်သည်၊

"ကျုပ်ကို အဓိက ထားမထွက်ပါနဲ့၊ ကျုပ် သေမှာကို မကြောက်ပါဘူး"

လီထိုက်ဟိုက ခေါင်းကိုခါယမ်းယင်း....

"ဒီလိုလဲ့မဟုတ်သေးဘူးလေ၊ အဓိက အချက်နှစ်ချက်ထဲ

မှာ သိုင်းကွက် ဗွတ်စုစာအုပ်ကိုရအောင် ရှာဖွေပေးနိုင်ဖို့လဲ ပါတယ်၊ ဒါပေမယ့် မိုချုံးရိလက်ထဲကိုသာ သိုင်းလျှို့ဝှက် စာအုပ်ရောက်သွားယင် သူ့ကို အန္တရာယ်ပေးပြီး လုယက်မှု မယ့်လူတွေ ပေါ်ပေါက်လာမှာစိုးရိမ်ရတယ်''

ထိုအခါ....

မိုစုရိက ဒေါသထကြီးစွာဖြင့် အော်ပြောလိုက်သည်၊

''ဘာဗျ....သူ့ကိုဗွတ်စုစာအုပ်ရှာပေးပြီးတဲ့အပြင်၊ သား ကောင်းအောင် စောင့်ရှောက်ပေးဖို့ကိုပါ အစ်ကိုလီထိုက်ဟိုက စဉ်းစားနေသေးသလား''

သို့သော်___

လီဆိုက်ဟိုက စိတ်မဆိုးပါ၊

စိတ်ဆိုးနေ၍လည်း အကြောင်းထူး လာနိုင်မည် မဟုတ် ကြောင်း သဘောပေါက်ပြီးဖြစ်၏။

* * *



## ခေတ် (၉)

## ရုတ်တရက်ပြောင်းလဲမှုကြီး

(၁)

အပ်ကျသံပင်ကြားရလောက်အောင် ခန်းမဆောင်တခုလုံး ထိတ်ဆိတ်သွားပြန်သည်၊

အတန်ကြာမှ....

လီထိုက်ဟိုက လေးနက်မှုအပြည့်ရှိသောအသံဖြင့် 'မို' ညီ အစ်ကိုမောင်နှမသုံးဦးကို ရှင်းပြလိုက်သည်၊

''မိုချုံးရိဟာ လူဆိုးတွေနဲ့ပေါင်းပြီး၊ သိုင်းကျမ်းစာအုပ်

ကို အပိုင်စီးဖို့ ကြံစည်ခဲ့တယ်၊ ဒါပေမယ့် တကယ်တန်းကျ တော့ အစ်ကိုကြီး မိုပိုက်ရိကို အသက်သေအောင် သူမလုပ် ရက်ဘူးမဟုတ်လား၊ ဒါကိုကြည့်ခြင်းအားဖြင့်သူမှာညီအစ်ကို မောင်နှမအပေါ် ချစ်ခင်ကြင်နာတဲ့စိတ် ရှိသေးတယ်ဆိုတာ မှန်းဆလို့ရပါတယ်၊ ဒါကြောင့် သူ့ကို ဖျောင်းဖျပြောဆိုလို့ ရနိုင်သေးတယ်လို့ ကျွန်တော်ယူဆထားတယ်"

ထိုအခါကျမှ——

မိုပိုက်ရိက ဦးခေါင်းကို ညိတ်လိုက်ပြီး....

"ညီလေးလီထိုက်ဟို ညီလေးပြောသလို ဖြစ်လာမယ် ဆို ယင်တော့ အစ်ကိုကြီး သိပ်ဝမ်းသာရမှာပဲ"

တဖန်...

လီထိုက်ဟိုက အားစေးစကားပြောလိုက်ပြန်သည်၊

"ဖြစ်လာနိုင်ပါသေးတယ်၊ စိတ်မပျက်ကြပါနဲ့အုံး၊ အစ် ကိုကြီး မိုပိုက်ရိ"

မိုစုရိကလည်း အဓလာတကြီး ဝင်ပြောလိုက်သည်၊

"ကဲ.. ကျွန်တော်တို့ ရှေ့ဆက်လုပ်ကြရမယ့် အစီအစဉ်ကို စဉ်းစားပြီးပြီလား၊ အချိန်သိပ်ဆွဲနေလို့မရတော့ဘူး"

သူ့ဒီစကားကြောင့် လီထိုက်ဟိုက ရယ်ကျဲကျဲ အမူအရာ ဖြင့်....

"စိတ်ရှည်ရှည်ထားပြီးနားထောင်ပါ၊ ညီလေးစုရိ၊ ဒီကိစ္စ က အဓလာတကြီးထုပ်လို့ရတူး၊ မိုချုံရိမှာ အမှန်တကယ်ဝဲ ဆေးအန္တရာယ် ကျရောက်လာနိုင်တယ်၊ သိုင်းမှတ်စုစာအုပ် သူ့ဆီရောက်သွားပြီးယင်ပေါ့လေ၊ အဲဒီအခါမှာ အလွန်ဆန်



ဖိုးကြီးလှတဲ့သိုင်းစာအုပ်ဟာ သူနဲ့အပေါင်းအဖော် လူဆိုး လူမိုက်တွေလက်ထဲကို ရောက်သွားနိုင်တယ်၊ ဒီသိုင်းမှတ်စု စာအုပ်သာ လူဆိုး လူမိုက်တွေလက်ထဲ ရောက်သွားမယ်ဆို ယင်၊ သိုင်းလောကကြီးတခုလုံး ဇောက်ထိုးမိုးမျှော်ဖြစ်ကုန် လိမ့်မယ်"

ဤတွင် မိုစုရိက ရုတ်တရက်တစုံတခုကိုသတိထားမိသလို ဝင်ပြောလိုက်သည်။

"အစ်ကိုလီထိုက်ဟို အစ်ကိုရဲ့ လက်မောင်းတဘက် လှုပ် ရှားလို့ရပြီလား၊ ကျွန်တော် ကြည့်ရတာတော့ အစ်ကိုသာမှ မဖြစ်သလိုပဲ"

ထိုအခါကျမှ....

လီထိုက်ဟိုက သူ့လက်ကို လှုပ်ရှားကြည့်လိုက်သည်၊

ပြီးနောက် ဦးခေါင်းကိုညိတ်ပြလိုက်သည်၊

"ဟုတ်တယ်၊ ကျွန်တော်မိထားတဲ့အဆိပ်ဟာ သိပ်မပြင်း ထန်ဘူး၊ စောစောက သောက်ခဲ့တဲ့ ဆေးတလုံးနဲ့ပဲ ပျောက် သွားပြီထင်တယ်၊ အခုကျွန်တော်သာမှမဖြစ်တော့ဘူး၊ အဆိပ် သင့်တဲ့ခံစားမှုမျိုးလည်း လုံးဝမရှိတော့ဘူး"

မိုရှုရိက ဝမ်းသာအားရဝင်ပြောလိုက်သည်။

"ဟာ.... ဒီလိုဆို သိပ်ဝမ်းသာစရာပေါ့၊ မိုချုံးရိသာဒီကို နောက်တခေါက်ပြန်ရောက်လာယင် အစ်ကိုလီထိုက်ဟိုက သူ့ ကိုအနိုင်တိုက်ခိုက်ပြီး၊ သူ့ကိုယ်ထဲက အဆိပ်ဖြေဆေးကို ရ အောင်ယူပေးပါလား၊ ဒါဆို အစ်ကိုကြီး မိုပိုက်ရိအတွက် အန္တရာယ်မရှိနိုင်တော့ဘူးပေါ့"

ယင်းသို့—

မိုရှုရိ၏စကားကိုကြားရသောအခါ လီထိုက်ဟိုကအတန်ကြာအောင်စဉ်းစားနေလိုက်သည်။

ထို့နောက်….

ခေါင်းကိုဖြည်းညင်းစွာခါယမ်းလိုက်သည်။

"ဒီလိုအတင်းဇွတ်လုပ်လို့လဲမဖြစ်သေးဘူး၊ မတော်တဆများ မိုချုံးရိဟာလက်လွတ်ထွက်ပြေးသွားနိုင်ခဲ့ယင် အစ်ကိုကြီး မိုပိုက်ရိရဲ့အသက်ဟာ မျှော်လင့်ချက် ကင်းမဲ့သွားနိုင်တယ်"

မိုစုရိကခေါင်းညိတ်ပြီးဝန်ခံလိုက်သည်။

"အင်း…. အစ်ကိုလီဆိုက်ဟိုပြောတာလဲမှန်ပါတယ်၊ ကဲ… ဒီလိုဆို အစ်ကိုလီဆိုက်ဟိုကြိုက်သလိုပဲစီစဉ်ပါတော့ဗျာ"

လီဆိုက်ဟိုက အေးဆေးတည်ငြိမ်စွာဖြင့်ဆက်ပြောလိုက်သည်။

"ခုည မိုချုံးရိပြန်ရောက်လာတာနဲ့၊ သူနဲ့အတူ ကျွန်တော် လျှိုယမ်းမြို့ကိုခရီးစထွက်မယ်၊ 'ကျွန်း' ဂေဟာသခင်ကြီးကို အခြေအနေကြည့်ပြောဆိုပြီး သင်းချိုင်းဟောင်းနေရာကိုရှာမယ်၊ မှတ်စုစာအုပ်ကိုတွေ့အောင်ရှာယူမယ်"

ရုတ်တရက်….

မိုရှုရိကအလောတကြီးဝင်မေးလိုက်ပြန်သည်။

"ရှာလို့ရပြီးယင်ကော"

လီဆိုက်ဟိုက မိုစုရိအားကြည့်လိုက်ကာ….

"ရှာလို့တွေ့ပြီးယင် မိုချုံးရိလက်ထဲကိုအပ်ပြီး အသက်



ဆက်အဆိပ်ဖြေဆေးဝုလင်းကိုယူလာခဲ့မယ်"

ထိုအခါ…

မိုရှုရိသည် စိုးရိမ်သောအသွင်ဖြင့်လီထိုက်ဟိုအား၊ စိုက်ကြည့်နေလိုက်သည်။

လီထိုက်ဟိုကပြုံးရယ်လျက်ဆက်ပြောလိုက်ပြန်သည်။

"ကျွန်တော်ထင်ပါတယ်၊ ဒီနေ့လာသွားတဲ့ လူစိမ်းညှော်ထည်ငါးယောက်ဟာ၊ ဒီလျှို့ဝှက်သိုင်းကျမ်းကို အတော်သိချင်နေလိမ့်မယ်လို့၊ သူတို့ဟာကျွန်တော်တို့နောက်ကို တိတ်တဆိတ်လိုက်လာကြမှာသေချာတယ်၊ အဲဒီလို လိုက်လာကြမယ်ဆိုယင်တော့ ကျွန်တော်ထင်ထားတဲ့အတိုင်းဖြစ်လာနိုင်ဖို့ အများကြီးသေချာနေပြီ"

မိုရှုရိကကြားဖြတ်၍မေးလိုက်သည်။

"အဲဒီအခါမှာ အစ်ကိုကြီးလီဆိုက်ဟိုက အစ်ကိုလတ်ချုံးရိ အတွက် အကာအကွယ်ပေးမယ်ဆိုပါတော့"

လီထိုက်ဟိုက ဦးခေါင်းကိုဆတ်ကနဲညိတ်ပြလိုက်သည်။

"ဟုတ်တယ်၊ ကျွန်တော်အတတ်နိုင်ဆုံးကာကွယ်ပေးရလိမ့်မယ်၊ လျှို့ဝှက်သိုင်းကွက်မှတ်စုစာအုပ်ကိုလဲ သူတို့လက်ထဲမရောက်သွားအောင်အတတ်နိုင်ဆုံးကြိုးစားရလိမ့်မယ်"

ထို့နောက်….

မိုရှုရိကသက်ပြင်းကိုလေးတွဲ့စွာချလိုက်သည်။

"အင်း… အစ်ကိုလတ် ချုံးရိဘယောက် ဘယ်လိုကနေ ဘယ်လို စိတ်ဖောက်ပြန်သွားသလဲဆိုတာ စဉ်းစားလို့မရအောင်ဖြစ်နေပြီ"

သူမ၏စကားကြောင့် လီထိုက်ဟိုကကရုဏာသက်စွာဖြင့် စိုက်ကြည့်လိုက်ကာ....

"သိပ်ပြီးစိတ်ပူမနေပါနဲ့ ညီမရှုရီ၊ ကျွန်တော် ညီမရဲ့အစ်ကိုလတ်ကိုဖျောင်းဖျပေးပါ့မယ်"

လီထိုက်ဟိုက ယင်းသို့ မိုရှုရီအား နှစ်သိမ့်ပြောဆိုလိုက်လေသည်။

သူသည် အမှန်တကယ်ပင် မိုချုံးရိအားဖျောင်းဖျပြောဆိုနိုင်စွမ်းရှိပါ့မည်လော။

* * *

## (၂)

ဧည့်ခန်းမအတွင်းရှိ လူအားလုံးသည်၊ ရှေ့ရေးကိုကြို၍ တွေးနေကြသည်။

နောက်ဆုံးနိဂုံးသည် မည်သို့မည်ပုံ အဆုံးသတ်လိမ့်မည်ကို မည်သူမျှကြိုတင်မှန်းဆနိုင်ကြချေ။

မိုရှုရီကရုတ်တရက်ပြောလိုက်သည်။

"အစ်ကိုလီထိုက်ဟို ကျွန်မ အစ်ကိုလီထိုက်ဟိုနဲ့အတူလိုက်ခဲ့မယ်"

မမျှော်လင့်သော မိုရှုရီ၏စကားကြောင့် လီထိုက်ဟိုမျက်



ဆုံးပြူးသွားပြီး ဗျာဗျာဆလဲပြန်ပြောလိုက်ရသည်။

"အို... မဖြစ်ဘူး မိုရှုရီ၊ ညီမအနေနဲ့လိုက်လို့မဖြစ်ပါဘူး"

ထိုအခါ....

မိုရှုရီမျက်နှာလေးသည် ချက်ချင်းတည်သွားပြီး မကျေနပ်သောလေသံဖြင့် လီထိုက်ဟိုအားပြောလိုက်သည်။

"ဘာ့ကြောင့်လိုက်လို့မဖြစ်ရမှာလဲ"

လီထိုက်ဟိုက မိုပိုက်ရီအားအသေအချာကြည့်လိုက်ပြီး—

"အခု ကျူယမ်းမြို့ကိုသွားရမယ့်ကိစ္စက ဘေးအန္တရာယ်သိပ်များတာမို့၊ ညီမမိုရှုရီမလိုက်တာအကောင်းဆုံးပဲ"

မိုရှုရီကနှုတ်ခမ်းကိုစူလိုက်ယင်း....

"နို့... အစ်ကိုရော... အကို့အတွက်အန္တရာယ်မရှိနိုင်ဘူးလား၊ အစ်ကိုကကျွန်မကို အထင်သေးလို့ မခေါ်ချင်တာမဟုတ်လား"

လီထိုက်ဟိုကမဲ့ပြုံးပြုံးလိုက်သည်။

"ညီမအနေနဲ့ အစ်ကိုပြောတဲ့စကားကို အဓိပ္ပာယ်တမျိုးမမြင်စေဘူး၊ အစ်ကိုကညီမကို မတော်တဆထိခိုက်မှာစိုးရိမ်လို့ပါ၊ ပြီးတော့ ခုလို အချိန်မှာ ယိုးလင်ဂေဟာကို ညီမတို့မောင်နှမနှစ်ယောက် စောင့်ရှောက်နေဖို့လိုအပ်တယ်၊ အစ်ကိုကြီး မိုပိုက်ရီကို လဲစောင့်ရှောက်ရအုံးမယ် မဟုတ်လား"

ထိုအချိန်တွင်...

မိုပိုက်ရီက သူ့ညီမအား လှမ်းကြည့်၍နေသည်။

ထို့နောက်....

မိုပိုက်ရီက လီထိုက်ဟိုအား ပြုံး၍ပြောလိုက်သည်။

"ညီလေး လီထိုက်ဟို၊ ညီမလေး လိုက်ချင်ယင်လဲ ခေါ်သွားလိုက်ပါ၊ ကျုပ်ညီမက ကျုပ်အတွက် အရေးကြီး တဲ့တာဝန်တရပ်ကို အမြန်ဆုံး ဆောင်ရွက်နေချင်တယ်နဲ့ တူ တယ်၊ ယိုးလင်ဂေဟာမှာ ညီငယ်စုရိရှိနေယင် လုံခြုံလာက် ပါပြီ"

လီထိုက်ဟိုက မိုရှုရိအား ကြည့်၍၊ အတန်ကြာမျှ စဉ်းစား နေသည်။

ပြီးမှ....

"ညီမရှုရိ၊ ညီမရဲ့အစ်ကို မိုချုံးရိက ညီမကို လိုက်ခွင့်ပြု နိုင်ပါ့မလားမသိဘူး၊ အခုသွားမှာက အစ်ကိုတို့သဘောနဲ့ သွားတာမဟုတ်ဘူးဆိုတာကိုလဲ သတိထားပါအုံး"

ထိုစဉ်....

ညော်ခန်းမတွင်းသို့ လူတယောက် လျှင်မြန်စွာဝင်ရောက် လာလေသည်။

ထိုသူကား—

* * *

(၃)

ထိုသူကား....

သူကိုယ်သူ မိုချုံးရိအတုဝါယာ ပြောခဲ့သော မိုချုံးရိပင် ဖြစ်သည်။



မိုချုံးရိက အခန်းတွင်းသို့ ရောက်သောအခါ၊ ဝူကိုအချိန်ဆွဲ ရယ်မောလျက်ပြောလိုက်သည်။ ာန္တရာယ်

"ဟား...ဟား...ဟား..." ခင်

"ကျုပ်သဘောတူပါတယ်၊ ယိုးလင်ဂေဟာကညီမတွေ ရှုရိပါလာမယ်ဆိုယင် ကျုပ်ပိုပြီးစိတ်ချမ်းသာတာပေါ့၊ ခစ် ဗျားလဲဥာဏ်နီဥာဏ်နက်သုံးပြီး ကျုပ်ကိုလှည့်စားဖို့ ကြံစည် နိုင်တော့ဘူးပေါ့၊ လီထိုက်ဟိုဟာ ထက်ယ်တန်း ကျတော့ မိုရှုရိအန္တရာယ်နဲ့ကြုံတွေ့ရမှာကို မလိုလားဘူး မဟုတ်လား"

ထိုအခါ....

မိုစုရိက မိုချုံးရိအား ဒေါသခက်ထန်သော အကြည့်ဖြင့် ကြည့်လိုက်သည်။

လီထိုက်ဟိုက မိုချုံးရိအား အေးစက်စွာ ကြည့်၍ပြော လိုက်သည်။

"ခင်ဗျားခွင့်ပြုမယ်ဆိုယင်တော့ ကျုပ်မိုရှုရိကို ခေါ်သွား မယ်၊ ဒါနဲ့နေပါအုံး၊ ကျုပ်တို့ ဘယ်အချိန်ကစပြီး ခရီးထွက် ကြရမှာလဲ"

မိုချုံးရိက စပ်တည်တည် မျက်နှာထားဖြင့်....

"အခု ညနေစောင်းပြီဆိုတော့ အင်း...အခု ရေးစထွက် တောမယ်၊ ဒီအချိန်ဟာ အကောင်းဆုံးအချိန်ပဲ"

မိုရှုရိက ခေါင်းကိုဆတ်ကနဲ ခါလိုက်ပြီး ပြန်မေးလိုက် သည်။

"စောစောတုန်းကတော့ ဒီခနေ့ည ညဥ့်နက်ချိန်ကျမှ ခရီး ထွက်ရမယ်လို့လဲ ရှင်ပဲပြောခဲ့တယ်မဟုတ်လား"

ရယ်သွမ်းသွေးလိုက်ပြီး....

"ညီရေ့....ဟုတ်ပါတယ်၊ ဒါပေမယ့် ခု ကျုပ်အစီအစဉ် ပေါ်ထွန်းလိုက်ပြီလေ"

ထို့နောက်—

မိုချုံ ရိက တံခါးပေါက်ကိုလက်ညှိုးထိုး၍ ညွှန်ပြလိုက်ပြီး နောက်—

"ကဲ သွားကြပေတော့၊ ယိုးလင်ဂေဟာမှာရှိတဲ့ မြင်း တွေဟာမြင်းကောင်းတွေပါ၊ ညသန်းခေါင် အချိန်လောက် ကျယင်တော့ ခင်ဗျားတို့ လျှူယမ်းက 'ကျန်စ' ဂေဟာကို ရောက်နိုင်ပါလိမ့်မယ်"

လီဆိုက်ဟိုက အံ့အားသင့်သွားမိသည်။

သူက မိုချုံရိအား အခေလာတကြီးမေးလိုက်သည်။

"ခင်ဗျားကော ကျုပ်တို့နဲ့အတူ မလိုက်တော့ဘူးလား"

သို့သော်....

မိုချုံ ရိက အေးစက်စက် အမူအရာဖြင့် ရယ်မောယင်း ပြောလိုက်လေသည်။

"ခင်ဗျားတို့ သွားစရာသာ သွားနှင့်ပါ အချိန်တန်တော့ ခင်ဗျားတို့ဆီ ရောက်လာယင် ပြီးရောပေါ့၊ ခင်ဗျားအနေနဲ့ ကျုပ်ပြောတဲ့ကိစ္စကို အောင်မြင်အောင် ဆောင်ရွက်ပါ၊ ခင် ဗျားကတော့သိပ်အရေးမကြီးလှပါဘူး၊ ဒါပေမယ့် ယိုးလင် ဂေဟာ အရှင်သခင်ကြီးမှာ ထိထားတဲ့ အဆိပ်က မနက်ဖြန် နေ့လယ်လောက်မှာ ဖြေဆေးဗျယ်ပြီး အဆိပ် ပြန်တက်လာ လိမ့်မယ်၊ နောက်ထပ်ဖြေဆေးပေးနိုင်မှ သခင်ကြီးရဲ့အသက်



ဟာစိတ်ချရလိမ့်မယ်၊ တကယ်လို့ခင်ဗျားတို့ဒီကိစ္စကိုအချိန်ဆွဲ ပြီးလုပ်နေမယ်ဆိုယင်တော့ သခင်ကြီးရဲ့အသက် အန္တရာယ် ဘယ်လိုဖြစ်လာနိုင်တယ် ဆိုတာကို ခင်ဗျားတို့ဘာသာ ခင် ဗျားတို့စဉ်းစားကြည့်၊ ဒီတော့ ဒီကိစ္စကိုအမြန်ဆုံးပြီးအောင် ကြိုးစားပါ၊ ဒီကိစ္စပြီးတာနဲ့ အဆိပ်ဖြေဆေးပုလင်းကို ကျုပ် ပေးဖို့အသင့်ပါပဲ"

လီတိုက်ဟိုက ဦးခေါင်းညိတ်ပြလိုက်ပြီး....

"စိတ်ချပါ၊ ယိုးလင်ဂေဟာ အရှင်သခင်ကြီးရဲ့ အသက် အတွက် ခင်ဗျားခိုင်းတာကို ကျုပ်ရအောင် ကြိုးစားဆောင် ရွက်ခဲ့မယ်၊ ကဲ...ညီနှရှုရိ အစ်ကိုတို့သွားကြရအောင်"

မိုရှုသည်၊ ရှေ့ဆုံးမှချက်ချင်းပင်ထွက်သွားလေသည်။ တံ ခါးပေါက်စသို့ရောက်သောအခါ နောက်သို့ လှည့်၍ မိုပိုက်ရှိ အားပြောလိုက်သည်။

"အစ်ကိုကြီး ညီမလေးတို့သွားတော့မယ်၊ အစ်ကိုလေးက အစ်ကိုကြီးကို ဂရုစိုက်ပါနော်"

ပြောပြောဆိုဆို မိုရှုရှိအပြင်သို့ပြေးထွက်သွားသည်။

ထိုအခါ....

လီထိုက်ဟိုက နောက်မှ ထက်ကြပ်မကွာ လိုက်ပါ သွား တော့၏။

* * *

(၄)

မြင်းဇောင်းထဲမှမြင်းနှစ်ကောင်ကို မိုရှုရိက ရွေးချယ်သွားလိုက်ပြီး တကောင်ပေါ်သို့ သူမက ခုန်လွှားတက်လိုက်သည်၊

ထို့အတူ......

လီသိုက်ဟိုကလည်း မြင်းတကောင်ပေါ်သို့လွှားကနဲ ခုန်တက်လိုက်သည်၊

လီထိုက်ဟို မြင်းပေါ်သို့ ရောက်သည့်အချိန်တွင် မိုရှုရိမှာ အနေအတော်ခြံဝင်းပေါက်သို့ရောက်ရှိနေလေပြီ၊

လီထိုက်ဟိုကလည်း မြင်းကို အပြေးနှင်၍ လိုက်ပါသွားသည်။

မိုရှုရိက စိတ်လှုပ်ရှားပြင်းထန်လွန်းနေသဖြင့်၊ မြင်းကို အဆင်းပင်ဒုန်းစိုင်းနေသည်၊

ဤသို့ဖြင့်....

မကြာမီ သူတို့နှစ်ယောက်သည်၊ ယိုးလင်ဂေဟာ၏ အရှေ့ဘက် ထင်းရှူးတောအုပ်ကို ကျော်လွန်လာခဲ့သည်။

မိုရှုရိသည်၊ နောက်သို့ ပြန်လှည့်ကြည့်လိုက်သောအခါ၊ ခပ်လှမ်းလှမ်းတွင် လီထိုက်ဟို တယောက် မြင်းကို စီးနှင်၍ လိုက်ပါလာသည်ကို တွေ့ရသည်။

ထို့ကြောင့်....

မိုရှုရိသည်၊ မြင်းဇက်ကြိုးကိုဆွဲ၍၊ လီထိုက်ဟိုအား စောင့်



ရှန်ဟန်ပြင်လိုက်သည်။

ထိုစဉ်......

သူမ၏နားထဲသို့ လေကိုခွင်း၍ လာနေသောအသံတသံကို ရုတ်တရက်ကြားလိုက်ရသည်။

ထို့ကြောင့်...

သူမသည် မြင်းပေါ်တွင်ပင် ကိုယ်ကိုအသာလေး စောင်း၍ရှောင်တိမ်းပေးလိုက်သည်။

"ဝှစ်"

'လုံ'တို့အချောင်းက 'ဝှစ်'ကနဲမြည်လျက်၊ သူမ၏ဦးခေါင်းပေါ်မှ အရှိန်ပြင်းစွာ ဖြတ်သန်းသွားသည်။

မိုရှုရိအခေါ်သတကြိုး အော်ဟစ်လိုက်ပြီး၊ သူမ၏လက်အဘက်ကို လျှော်တပြက်လျင်မြန်စွာ လှုပ်ရှားလိုက်သည်၊

"အရှက်မရှိတဲ့လူ၊ ရဲရဲဝံ့ဝံ့ ရင်မဆိုင်ရဲဘူးလား၊ကဲ...သေပေတော့"

ဝန်းကျင်တဝိုက်တွင် ဝင်းကနဲ တချက်လက်သွားပြီး၊ အလင်းတန်းအခုကဲ ရွှေတူရှူရှိ ထင်းရှူးပင်တပင်ပေါ်သို့ထိုးတက်သွားသည်။

"အား...."

"အား"ကနဲအော်ဟစ်သံနှင့်အတူ၊ ထင်ရှူးပင်ပေါ်မှ ထိုးရိုးကားရား ထိုးကျလာသည်၊

"ဘုန်း"

မြေပြင်ပေါ်သို့ကျသည့်အသံက 'ဘုန်း'ကနဲမြည်သွားပြီး၊ ထိုလူမှာ တုတ်တုတ်မျှပင်မလှုပ်ရှားနိုင်တော့ပဲ ငြိမ်သက်သွား

သည်။

မိုရှုရိက လဲကျနေသူအား လှမ်းကြည့်လိုက်သည်။

ထိုအခိုက်....

ထင်းရှူးတောအုပ်အတွင်းမှ ရယ်မောကာ ပြောလိုက်သောအသံက ရုတ်တရက်ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

"ဟား... ဟား... ဟား"

"ယိုးလင်ဂေဟာရဲ့ ညီမထွေးက၊ လက်ရည် လက်သွေး တယ်ကောင်းပါလား၊ ငါတို့ ထင်ထားတာ ထက်တောင်ပိုကောင်းနေတယ်ဟေ့၊ ညီလေးတို့ အားလုံး သတိထားကြပေတော့"

အသံနှင့်မရှေးမနှောင်းမှာပင် လူငါးယောက်ထင်ရှူးတောအတွင်းမှ ထွက်ပေါ်လာသည်။

ထိုလူငါးယောက်မှာ နေ့လယ်က ယိုးလင်ဂေဟာအတွင်းသို့ ကျူးကျော်ဝင်ရောက်ခဲ့သော လူများပင်ဖြစ်သည်ဟုမိုရှုရိ သိလိုက်ရသည်။

ရှေ့ဆုံးမှ လျှောက်လာသူသည် တဟဲဟဲ ရယ်မောလိုက်ယင်း....

"မိန်းကလေး၊ မင်းက ကျုပ်ကို ကြည့်ပြီး အံ့ဩနေသလား၊ စနက်က မင်းအစ်ကိုကြီး မိုပိုက်ရိက ကျုပ်ကို အဆိပ်သင့်စေခဲ့ပေမယ့် အခုကျုပ်ဟာ ယိုးလင်ဂေဟာရဲ့ 'အသက်ဆက်' အဆိပ်ဖြေဆေးအစွမ်းကြောင့် အကောင်းပကတိ ဖြစ်သွားပြီလေ"



ထိုလူ၏စကားကိုကြားရသောအခါ မိုရှုရိအံ့အားသင့်တုန်လှုပ်သွားမိသည်။

သူမ၏စိတ်ထဲမှလည်း တွေးတောလိုက်သည်။

"အင်း....ဒုက္ခတွေတော့ဖြစ်ကုန်ပြီ၊ အစ်ကိုသတ်ချုံးရိဟာ ယိုးလင်ဂေဟာရဲ့ အစွမ်းထက်တဲ့ 'အသက်ဆက်' အဆိပ်ဖြေဆေးကို သူ့ရဲ့မိတ်ဆွေတွေကို လျှောက်ပြီးပေးနေပါလား၊ ရန်သူကိုကျတော့ အဆိပ်ဖြေဆေးပေးပြီး၊ ကိုယ့်သွေးရင်း အစ်ကိုကျတော့ အဆိပ်ဖြေဆေးမပေးပဲ ရက်ရက်စက်စက် ဝစ်ထားတယ်၊ ဒါပေမယ့် တကယ်တမ်း တွေးကြည့်ယင် အစ်ကိုသတ်ချုံးရိဟာ ယိုးလင်ဂေဟာရဲ့ ရန်သူဖြစ်နေပြီ၊ အင်း.... တကယ်လို့ သိုင်းမှတ်စုစာအုပ်ကိုရှာလို့မရခဲ့ယင် သူဟာ အစ်ကိုကြီးကိုဒီအတိုင်းပစ်ထားခဲ့မလားမသိဘူး၊ ဒီလိုဆိုယင် အစ်ကိုကြီးအတွက် အန္တရာယ်စိုးရိမ်ရတယ်"

မိုရှုရိ စဉ်းစားနေစဉ်မှာပင်၊ သူမ၏ အနီးသို့ လီထိုက်တို ရောက်ရှိလာသည်။

လီဆိုက်ဟိုက မိုရှုရိအားတချက်အကဲခတ်ကြည့်လိုက်ပြီး—

"မိုရှုရိ ကျွန်တော်သူတို့နဲ့ ပြတ်ပြတ်သားသား ရင်ဆိုင်လိုက်မယ်....ဟုတ်လား"

မိုရှုရိက သူမ၏ခေါင်းကိုညိတ်ပြလိုက်သည်။

ထို့ကြောင့်...

လီဆိုက်ဟိုအာ မြင်းပေါ်မှပင် ထိုလူငါးယောက်ကိုကြည့်ပြီး ပြောလိုက်လေသည်။

"ဪ......ခင်ဗျားတို့ကို၊၊ နေပါအုံး ခင်ဗျားတို့ကတော

ကြောင့်မိန်းကလေးတစ်ယောက်ကို ထစ်ပင်ပေါ်ကနေပြီ၊ နို့ ကြောင်ခိုးဖွက်လုံ ကြံရတာလဲ''

ရှေ့ဆုံးမှလူက လီထိုက်ဟိုအားဆက်ဖမိုးယုက်အရှိအသေ ပေးလိုက်ပြီး....

''လေးစားပါတယ်လီထိုက်ဟို၊ ခင်ဗျားလို သိုင်းလောက ရဲ့ နံပါတ်တစ်ဓားသမား လီထိုက်ဟိုကို ဒုတိယအကြိမ် ပြန် တည်တွေ့ဆုံခွင့်ရတဲ့အတွက် အထူးပဲဂုဏ်ယူပါတယ်ခင်ဗျာ''

ထိုလူက လီထိုက်ဟိုမေးသည့်မေးခွန်းကိုပြန်မဖြေပဲ သူ ပြောချင်သည်ကိုသာပြောဆိုလိုက်လေသည်။

လီထိုက်ဟိုကမကျေမနပ်ဖြင့်ပြန်မေးလိုက်သည်။

''ဩော်....ခင်ဗျားတို့က ကျုပ်ကိုတော့ကောင်းကောင်း သိနေသားပဲ၊ ဒါနဲ့ ခင်ဗျားတို့ကရောဘယ်သူတွေလဲ''

ထိုလူက တဟဲဟဲရယ်မောလိုက်ပြန်သည်။

ပြီးမှ မခိုးမခန့်ပြုံးလိုက်ကာ....

''ဟဲ....ဟဲ.....ကျုပ်တို့ဘယ်သူတွေလဲဆိုတာခင်ဗျားသိဖို့ မလိုသေးဘူးထင်တယ်၊ လိုအပ်တဲ့အချိန်ကျသင်တော့သိရ မှာပေါ့ဗျာ၊ အခု အချိန်သိမ်မရှိဘူး၊ အပိုစကားတွေကျုပ် သိပ်မပြောလိုတော့ဘူး၊ ခင်ဗျားအိတ်ထဲကမြေပုံစာရွက်ကို ကျုပ်လိုချင်တယ်၊ ဒီမြေပုံစာရွက်ဟာ ခင်ဗျားအတွက်လဲအ သုံးဝင်မှာမဟုတ်ဘူး၊ နောက်ကျမှကျုပ်တို့ပြန်ပြီးဆက်ဆွယ် ကြတာပေါ့ ဟုတ်လား''

မထင်မှတ်သောစကားကြောင့် လီထိုက်ဟိုအံ့အားသင့် သွားမိသည်။



ထို့နောက်....

လီထိုက်ဟိုကဗျာဗျာသလဲဖြင့်ဝင်ပြောလိုက်သည်။

''ဟာဘယ်ဖြစ်မလဲဗျ၊ ဒီမြေပုံစာရွက်ဟာ ခုအချိန်မှာ ကျုပ်အတွက်သိပ်အရေးကြီးနေတယ်''

လီထိုက်ဟိုစကားကြောင့် ထိုလူ၏မျက်နှာမှာ ချက်ချင်းဝင် တင်းမာသွားသည်။

မှုလအမှတ်ဆိတ်မွှေး၊ ဝါးမြိုင်းမွှေးများကြောင့်ကြမ်းတမ်း လှသောထိုလူ၏မျက်နှာသည် ပို၍ကြောက်စရာကောင်းသွား စေသည်။

ထိုသူက အသံမာမာပြတ်ပြတ်ဖြင့် လီထိုက်ဟိုအားပြော လိုက်သည်။

''ဘယ်လိုလဲ ခင်ဗျားကမြေပုံစာရွက်ကိုအပိုင်စီးပြီး ဟို ပစ္စည်းကိုတူးဖော်ယူချင်လို့လား''

ထိုအခါ....

လီထိုက်ဟိုက ခေါင်းကိုခါယမ်းလိုက်ပြီး မဲ့ပြုံးပြုံးလိုက် ကာ....

''ခင်ဗျားတို့အထင်လွဲနေပြီ၊ ကျုပ် အဲဒီပစ္စည်းမှမလို ချင်ဘူး၊ ခင်ဗျားတို့ပြောတဲ့ပစ္စည်းကိုလဲကျုပ်မမက်မောဘူး၊ အခု ကျုပ်ရဲ့အိတ်ထဲမှာရှိနေတဲ့ မြေပုံစာရွက်ဟာ သော သောဆယ်ဆယ်လူတယောက်ရဲ့ သေရေးရှင်ရေးနဲ့ ပတ်သက် နေတယ်၊ ရှင်းရှင်းပြောရရင်ဗျာ ယိုးလင်ဂေဟာအရှင်သ ခင်ကြီးရဲ့သေရေးရှင်ရေးနဲ့ ပတ်သက်နေလို့ ဒီမြေပုံစာရွက် ကို ကျုပ်ခင်ဗျားတို့ကိုလုံးဝမပေးနိုင်ဘူး''

မုတ်ဆိတ်နှင့်လူက တဟဲဟဲနှင့်ရယ်မောလိုက်ပြီး—

"ဟဲ...ဟဲ...လီထိုက်ဟို ခင်ဗျားကလဲ မိုချုံးရိရဲ့စကားကို ယုံလာခဲ့ပြီးပြီ၊ ခင်ဗျားစဉ်းစားကြည့်စမ်း၊ မိုချုံရိဟာ ဒီ ရှတ်စုစာအုပ်ကလေးရဖို့ကိုကျုပ်နဲ့ဆက်သွယ်ပြီး အစ်ကိုရင်၊ ကိုတောင်လုပ်ကြံခဲ့တယ်၊ အဲဒီတော့ ဒီလူမျိုးရဲ့စကားကို ခင်ဗျားအနေနဲ့ယုံကြည်ခနသလား"

သို့သော်....

လီထိုက်ဟိုကဘာမှပြန်မပြောတော့ပေ။

ထိုသူဆက်ပြောလာမည့်စကားကို ငြိမ်၍နားထောင်နေလေသည်။

သို့သော်....

လီထိုက်ဟိုသည် ထိုလူထံမှနောက်ထပ်ထွက်ပေါ်လာသည့် စကားသံကိုကြားရတော့ပဲ 'ခွမ်' ကနဲမြည်သွားသောဓား ဆွဲထုတ်သံကိုသာကြားလိုက်ရသည်။

တဆက်တည်းမှာပင်....

လင်းလက်လာသော ငှက်ကြီးတောင်ဓားမှအလင်းရောင် တန်းသည် ဝင်လုဆဲနေရောင်အောက်တွင် ဝင်းကနဲလက်ဖြာ သွားသည်။

မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးရှိသောထိုလူသည် ရယ်မော ခြင်းကိုရပ်တန့်လိုက်၏။

ထို့နောက်—

ဓားဦးကို လီထိုက်ဟိုထံသို့ညွှန်လိုက်ပြီး လေးတွဲ့သော အသံဖြင့်—



"ခင်ဗျားဟာ လျှိုယမ်းမြို့က 'ကျန်း' နဲ့ 'လီ' နှစ်ဂေဟာ တိုက်ပွဲမှာလဲ ကျုပ်ရဲ့တပည့်နှစ်ယောက်ကိုတိုက်ခိုက်ခဲ့တယ်၊ အခုလဲခင်ဗျားဟာ ကျုပ်ရဲ့တောင်းဆိုချက်ကို လွယ်လွယ်နဲ့ လိုက်လျောမယ့်ပုံမပေါ်ဘူး၊ ဒီတော့ ခင်ဗျားနဲ့ကျုပ်တို့ညီ အစ်ကိုငါးယောက် တပွဲအလမ်းလက်ရည်စမ်းကြည့်ကြတာ ပေါ့"

ထိုသူ၏စကားဆုံးသည်နှင့် သူ့နောက်မှ လူငါးယောက် သည် ဓားကိုပြိုင်တူဆွဲထုတ်လိုက်ကြသည်။

"ခွမ်—"

"ခွမ်...."

ဓားဆွဲထုတ်သံများက "တခွမ်ခွမ်" နှင့်ထွက်ပေါ်လာ သည်။

ဝန်းကျင်တခုလုံး ဓားဆွဲထုတ်သံများနှင့်ဆူညံသွားတော့ သည်။

* * *

(၅)

ရန်သူငါးယောက်က ဓားများကိုချိန်ဆကိုင်ယင်း၊ ရှေ့သို့ တဖြည်းဖြည်းတိုးလာခဲ့သည်။

သူတို့အားလုံး တတန်းတည်းညီညာစွာစီတန်းရပ်လိုက် ကြပြီးနောက် စုဖေါင်းသိုင်းကွက်ကိုဆင်လိုက်ကြသည်။

ထိုစဉ်—

မိုရှုရိက အောင်ဟစ် ဆဲဆိုလိုက်သည်။

"ရှင်တို့က အရှက်မရှိကြဘူးလား၊ သိုင်းစည်းကမ်းကို နားမလည်ကြဘူးလား၊ အများနဲ့တယောက် ယှဉ်ပြိုင်ရဲသောယော ရှင်လိုသတ္တိအကုန်ပဲလား"

ပြောပြောဆိုဆို မိုရှုရိက သူမ၏ခါးမှ သံမဏိ စွန်ကုတ်တံကို ဆွဲထုတ်ပြီး ဝှေ့ယမ်းလိုက်သည်။

ထို့နောက်....

သူမသည် တဟုန်ထိုး ခုန်လွှားလိုက်ပြီး၊ ထိုလူများကို ရုတ်တရက် စတင် တိုက်ခိုက်လိုက်လေတော့သည်။

မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးများနှင့် လူကြီးသည်၊ ရုတ်တရက် ခုန်လွှား ဝင်ရောက် တိုက်ခိုက်လာသော မိုရှုရိ၏ တိုက်ချက်များကို ရှောင်တိမ်းလိုက်သည်။

ရှောင်တိမ်းယင်း လက်ထဲမှ ဓားဖြင့် ပြန်လည် တိုက်ခိုက်လိုက်လေသည်။

မိုရှုရိက 'မိုးသည်းမုန်တိုင်း' သိုင်းကွက်ကို အသုံးပြုကာ ထိုးစစ်ဆင် တိုက်ခိုက်နေသည်။

သူမ၏ သံမဏိစွန်ကုတ်တံကို ထိုလူ၏ ဦးခေါင်းခေါင်သို့ လည်းကောင်း၊ ကိုယ်ခန္ဓာအနှံ့သို့ လည်းကောင်း၊ မိုးရွာပုံ မုန်တိုင်းတိုက်ပုံအလား ပြင်းထန်စွာ အဆက်မပြတ် ကျွေးဖွေလာ၏။

ထိုလူမှာ နောက်သို့ ကျွမ်းပစ်ရှောင်တိမ်းလိုက်ရ၏။

ထိုလူကလည်း သူ၏ငှက်ကြီးတောင် ဓားဖြင့် မိုးကြိုးဓား



စက် သိုင်းကွက်ကို ထူးခြားစွာ သုံး၍ ပြန်လည် တိုက်ခိုက်လိုက်သည်။

ထိုအခါ သူ၏ဓားရိပ်များက မိုရှုရိ၏ အကိုယ်လုံးကို လွှမ်းခြုံသွားတော့သည်။

သူ့နောက်မှ လေးဦးကလည်း ဓားများကို ဝှေ့ထမ်းချက် ထိုလူအား ဝင်ရောက် ကူညီတိုက်ခိုက်ရန် ဟန်ပြင်နေသည်။

မိုရှုရိ၏ သိုင်းပညာမှာလည်း မခေလှပေ။

သူမ၏လက်ထဲရှိ သံမဏိစွန်ကုတ်တံသည် လက်သည်းဝံ့ရှိသော လက်နက်ဖြစ်သည်။

တဘက်လူ၏ ဓားဖြင့် ထိခိုက်မိသောကြောင့် ဒန်း...ဒန်း ခန်း....ဟူသော အသံသည် ပြင်းထန်စွာ ပေါ်ထွက်နေသည်။

အံ့သံချင်း ထိခိုက်မိသဖြင့် မီးပွားကလေးများမှာ ဖြာကနဲ ထွင့်ထွက်လျက် ရှိသည်။

မိုရှုရိမှာ မိန်းမသား တဦးဝင် ဖြစ်သော်လည်း၊ လွန်စွာ သတ္တိကောင်းသူ ဖြစ်၏။

သူမသည် တဘက်လူ အင်အားများနေသည်ကိုပင် ဂရုမစိုက်ဘဲ ဝင်ရောက်တိုက်ခိုက်နေသည်။

ယခုအချိန်ထိ လီထိုက်ဟိုက ဓားကို မထုတ်သေးဘဲ၊ လက်ထွင် ဆုပ်ကိုင်ထားလျက် တိုက်ပွဲကို ရပ်ကြည့်နေသည်။

ခဏ အကြာတွင် တိုက်ခိုက်မှု ရပ်စဲသွားသည်။

တဘက်ရှိ မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးနှင့် လူကြီးသော နောက်သို့ ရှဲသွားသောကြောင့် ဖြစ်သည်။

မိုရှုရိသည် လက်ထဲမှ သံမဏိစွန်ကုတ်တံဖြင့် တတက်လူများအား ထိုညွှန်ကာ ဝင့်ကြွားစွာ ပြောလိုက်သည်။

"ကဲ...ကျွန်မရဲ့ သံမဏိစွန့်ကုတ်တံ လက်နက်အကြောင်းကို သိသွားကြပြီ မဟုတ်လား"

မိုရှုရိက ထိုသို့ပြောပြီး ရှေ့သို့တိုးကာ ထပ်မံတိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

ဤတွင် လီထိုက်ဟိုက လှမ်းအော်ကာ ဟန့်တားလိုက်သည်။

"ညီမလေးရှုရိ ဆက်မတိုက်နဲ့တော့...ရပ်လိုက်"

ထိုသို့ လီထိုက်ဟို၏ ဟန့်တားမှုကြောင့်၊ မိုရှုရိက တိုက်ခိုက်ရန် ဟန်ပြင်မှုကို ရပ်တန့်လိုက်သည်။

ထိုအခါ...

လီထိုက်ဟိုက မိုရှုရိထံ လျှောက်လာပြီး—

"ညီမလေး.....ရှုရိ၊ သူတို့နဲ့ ဆက်တိုက်နေလောင် အစ်ကိုတို့ ရေးဖင့်နေလိမ့်မယ်၊ဒါကြောင့်၊ သည်းခံပြီး၊ ကိုယ့်လမ်းကိုယ် သွားကြပါစို့"

မိုရှုရိက လီထိုက်ဟို၏ စကားကို နားခံပြီး၊ သူမ၏ သံမဏိစွန်ကုတ်တံ လက်နက်ကို ရှုံ့သိမ်းလိုက်သည်။

ထို့နောက်....

ဓါးကြားသို့ မြန်ဆည်ထိုးထည့်ထားလိုက်၏။

စိတ်ဆိုးတိမ်းမှေး ထူအပျစ်နှင့်လူက လီဟိုက်ထိုအား အတော်ကြာအောင် စူးစိုက်ကြည့်နေသည်။

ထို့နောက်—



လက်တဘက်ကို ဝှေ့ယမ်းကာ သူ၏ တပည့်များအား အမိန့်ပေးလိုက်သည်။

"ကဲ...အားလုံး သွားကြမယ်ဟေ့"

ချက်ချင်းပင် သူတို့အားလုံးနောက်သို့ လှည့်ထွက်သွားကြသည်။

ကြောမိ အောဆုပ်တစုလုံး ပြန်သည်တိတ်ဆိတ်သွားလေတော့သည်။

* * *

(၆)

မိုရှုရိ အလွန်အံ့ဩနေမိသည်။

အမြင်းအံထန် တိုက်ခိုက်ရတော့မည့် တိုက်ပွဲသည်၊ ရုတ်တရက် ရပ်တန့်သွားပြီး၊ ရန်သူများ အားလုံးမှာလည်း ချက်ချင်း ထွက်ခွာသွားကြသည်။

အဘယ့်ကြောင့် ယင်းသို့ဖြစ်ရပါသနည်း။

ထိုစဉ်....

"ညီမလေး.....ရှုရိ သွားကြစို့"

လီထိုက်ဟို၏ တိုးညင်းသော အသံက ထွက်ပေါ်လာသည်။

ထိုအခါကျမှ မိုရှုရိကလည်း သတိပြန်ဝင်လာသည်။

ထို့နောက် ...

သူတို့နှစ်ဦး မြင်းကိုယ်စီဖြင့် ခရီးဆက်၍ နှင်လာကြသည်။

မကြာမီ ...

ထင်းရှူးတောအုပ်ကို လွန်မြောက်ထွက်ကျော် လာခဲ့ကြသည်။

ထင်းရှူးတောအုပ် အပြင်သို့ ရောက်သောအခါ၊ ကောင်းကင် ပြင် ၌ ကြယ်များပင် ထွက်ပေါ်နေခဲ့ပြီ။

ကြယ်များက ကောင်းကင်တပြင်လုံး လင်းလက်နေလေသည်။

ဝန်းကျင်တခွင်လုံးကား၊ တိတ်ဆိတ်ငြိမ်သက်လျက်—

"အစ်ကို လီထိုက်ဟို"

မိုရှုရိက လှမ်းခေါ်လိုက်သည်။

လီထိုက်ဟိုက ပြုံးရယ်လိုက်ပြီး ပြန်ပြောလိုက်သည်။

"ညီမလေးရှုရီ၊ အစ်ကိုတို့မှာ အချိန်ထားအရေးကြီးနေတယ်၊ ခရီးအမြန်နှင်ကြရအောင်"

မိုရှုရိက သူမသိလိုသောအကြောင်းကိုသာ ဆက်မေးလိုက်လေသည်။

"အစ်ကိုလီထိုက်ဟို သူတို့က ဘာကြောင့်ဆက်မလိုက်တော့ပဲထွက်သွားကြတာလဲဟင်"

လီထိုက်ဟိုက ရယ်ပြုံးလျက်စင်ပြောလိုက်သည်။

"ညီမလေးရှုရီ၊ သူတို့ခုလိုထွက်သွားတာကိုသဘောမကျတူးလား"



၍တွင် မိုရှုရိက မျက်နှာတချက်မဲ့လိုက်ကာ—

"သူတို့သာဆက်တိုက်မယ်ဆိုယင် ကျွန်မအနေနဲ့ သူတို့ကို ဆိုင်းကွက်သုံးဆယ်လောက်အထိ ဆက်တိုက်နိုင်ပါတယ်၊ ကျွန်မ သူတို့ကိုလုံးဝမကြောက်ပါဘူး၊ အစ်ကိုလီထိုက်ဟိုသဲ ရှိနေတယ်မဟုတ်လား၊ ဒါပေမယ့် ကျွန်မသဘောမပေါက်တာက ကျွန်မတို့ကိုတမင်နှောင့်ယှက်ဖို့သာပြီးတော့မှ လွယ်လွယ်နဲ့နောက်ဆုတ်သွားတာကိုပါ"

ထိုအခါ....

လီထိုက်ဟိုအရယ်မောလိုက်ပြီး၊ သူ့လက်ကိုဆန့်တန်းပြီး လက်ဝါးကိုဖြန့်ပြလိုက်သည်။

သူ့လက်ထဲတွင် ခေါင်းစီးပဝါရှည်တစကိုတွေ့လိုက်ရ၏။ ယခုမှပင် မိုရှုရိသဘောပေါက်သွားသည်။

မိုရှုရိက လီထိုက်ဟိုအား တအံ့တသြမေးလိုက်သည်။

"အို....အစ်ကိုလီထိုက်ဟို၊ ဘယ်အချိန်ကများ သူတို့လူအယောက်ရဲ့ခေါင်းစည်းပဝါကိုဖြုတ်ယူနိုင်လိုက်တာလဲ"

ထိုစဉ်...

မိုရှုရိက မြင်းကိုရုတ်တရက်ရပ်တန့်လိုက်ပြီး လီထိုက်ဟိုကိုစေ့စေ့ချာချာကြည့်လိုက်သည်။

ပြီးမှဆက်၍ပြောလိုက်ပြန်သည်။

"အစ်ကိုလီထိုက်ဟိုရဲ့လျင်မြန်ဖျတ်လတ်ပုံကအံ့သြစရာကောင်းပါပေတယ်ရှင်၊ အစ်ကိုလီထိုက်ဟိုဟာ သူတို့အားလုံးကိုအစသာ တိုက်ခိုက်နိုင်မယ်ဆိုတာ ကျွန်မယုံကြည်ပါတယ်၊ အစ်ကိုလီထိုက်ဟိုက သူတို့ကိုဘာဖြစ်လို့ထွက်သွားခွင့်ပြုလိုက်ရတာလဲ၊

အားလုံးကိုသတ်ပစ်လိုက်ယင်ပိုမကောင်းဘူးလား"

လီဆိုက်ဟိုကလည်း မြင်းကိုရပ်တန့်လိုက်ပြီး မိုရှုရီကိုမျက်မှောင်ကုပ်၍ကြည့်ကာပြောလိုက်၏။

"သူတို့ကိုကျွန်တော်က ဘာကြောင့်သတ်ပစ်ရမှာလဲ"

မိုရှုမိုကနာကျည်းသောအသံဖြင့်——

"တကယ်တော့ သူတို့တတွေဟာ ကျွန်မတို့ရဲ့အသက်ကိုအန္တရာယ်ပေးဖို့ကြံစည်နေကြတာမဟုတ်လား၊ စောစောကပဲသူတို့ဟာ ကျွန်မတို့ကိုမိန်းမကျင့်မိန့် မကြံနဲ့လုပ်ကြံခဲ့ကြသေးတာပဲ၊ ကျွန်မသာသတိမထားခဲ့ယင် အခုဆို အစ်ကိုလီထိုက်တို့နဲ့ လျှုယမ်မြို့ကိုသွားနေနိုင်မှာမဟုတ်တော့ဘူး"

ထိုအခါ….

လီဆိုက်ဟိုကအေးဆေးစွာဖြင့်….

"ခု သူတို့လဲ သူတို့လမ်းသူတို့သွားကြပြီပဲ ညီမရှုရီရယ်သာမုမကျေနပ်ဖြစ်မနေပါနဲ့တော့"

မိုရှုရီကသက်ပြင်းကိုအသာအယာချလိုက်သည်။

"ဪ… အစ်ကိုလီထိုက်ဟိုဟာ သူတပါးကရန်ပြုတာကိုတောင်သည်းခံနိုင်စွမ်းရှိပါလားနော်"

လီထိုက်ဟိုက အေးဆေးတည်ငြိမ်စွာဖြင့်…

"ညီမလေးရှုရီ သိုင်းသမားကောင်း တယောက်ဆိုတာအရာရာမှာအတတ်နိုင်ဆုံးသည်းခံမှုထားရမယ်၊အစ်ကို့ဆရာသမားကလဲ အစ်ကို့ကိုဒီအတိုင်းပဲမှာထားခဲ့တယ်၊ သိုင်းသမားကောင်းဆိုတာ ဒေါသတရားရှေ့မထားရဘူး၊ ဒေါသရှေ့ထားယင် မှားတတ်တယ်ကွယ့်"



မိုရှုရီက လီဆိုက်ဟိုအား မြင်းကိုဖြည်းဖြည်းနှင့်မှန်မှန်နှင်နေယင်းမှ အချက်လှည့်ကြည့်ကာပြောလိုက်သည်။

"အစ်ကိုလီထိုက်ဟို အစ်ကို့ကိုကျွန်မတို့က ခုလိုချုပ်ကိုင်ပြီးခိုင်းစေဖို့ကြံစည်ခဲ့တာကိုလဲအစ်ကို့အနေနဲ့ လုံးဝစိတ်မဆိုးဘူးပေါ့နော်"

လီဆိုက်ဟိုကသဘောကျစွာပြုံးလိုက်ပြီး…

"မဆိုးပါဘူး၊ ယိုးလင်ဂေဟာဆရာကြီးဟာ အခု သူ့အမှားကိုသူသိနေပါပြီ၊ သူခုလိုကြံစည်လုပ်လိုက်တာဟာ သူ့အတွက်ရော ညီမလေးရှုရီ့အတွက်ပါ မကောင်းကျိုးမပေးတော့ဘူးဆိုတာ သူသိသွားပါပြီ"

မိုရှုရီကထပ်မံမေးလိုက်ပြန်သည်။

"ကျွန်မရဲ့အစ်ကိုလတ်မိုချုံးရီကိုရော အစ်ကိုလီထိုက်ဟိုမမုန်းဘူးလား"

လီထိုက်ဟိုကပြုံးစိစိဖြင့်….

"မမုန်းပါဘူး၊ မိုချုံးရီဟာ ဘာ့ကြောင့်ဒီလိုဖြစ်ရတာလဲဆိုတာ အကြောင်းတခုတော့ရှိရလိမ့်မယ်"

မိုရှုရီက သက်ပြင်းကိုထပ်၍ချလိုက်ပြန်သည်။

ပြီးမှ သူကအနည်းငယ်ပြုံးလိုက်နိုင်ပြီး….

"အစ်ကိုလီထိုက်ဟို ကျွန်မကိုလဲ အစ်ကိုမမုန်းဘူးလို့ပြောမှာပဲနော်"

မမျှော်လင့်သောစကားကြောင့် လီထိုက်ဟိုကအလန့်တကြား မိုရှုရီကိုလှမ်းကြည့်လိုက်မိသည်။

"ဟင်….ညီမကို အစ်ကိုဘာဖြစ်လို့မုန်းရမှာလဲ"

ယင်းသို့ ...

လီထိုက်ဟိုက ဖြည်းလေးစွာပြောလိုက်ပြီးနောက် အနည်းငယ်ပြုံးကာ ...

ဆက်၍ ပြောလိုက်သည်။

"တကယ်တော့ ညီမဟာ အစ်ကိုစိတ်ထဲမှာ သိပ်ကို နှစ်ထက်စရာ ကောင်းတဲ့ မိန်းကလေးတယောက်ပါ၊ တကယ်လို့ ညီမဟာ အစ်ကို့ကို စိတ်ဆိုးအောင် လုပ်ခဲ့ယင်လည်း၊ အစ်ကိုက ညီမကို အမြဲတမ်း ခွင့်လွှတ်နေမယ်ဆိုတာ ညီမယုံကြည်ထားပါ"

ထိုအခါ ...

မိုရှူရိမှာ မခို့မခန့်လေး လုပ်ကာ နှစ်နှစ်ကာကာ ပြုံးရယ်လိုက်လေသည်။

လီထိုက်ဟိုသည်၊ မိုရှူရိ၏ နှစ်နှစ်ကာကာ ပြုံးရယ်မှုကို ပထမဆုံးအကြိမ်အဖြစ် မြင်တွေ့လိုက်ရခြင်းပင် ဖြစ်သည်။

မိုရှူရိက ပြုံးရယ်နေယင်းမှ လီထိုက်ဟိုကိုကြည့်ကာ မေးလိုက်ပြန်သည်။

"အစ်ကိုလီထိုက်ဟို ... ညီမတို့ အခု လျူယမ်းမြို့ကို သွားနေတဲ့ ကိစ္စ အောင်မြင်နိုင်ပါ့မလား ... ဟင်"

လီထိုက်ဟိုက ဦးခေါင်းကို ညိတ်ပြလိုက်သည်။

"အောင်မြင်ဖို့သေချာပါတယ် ... စိတ်ပူပါနဲ့"

မိုရှူရိက မသက်မသာဟန်ဖြင့် ....

"အစ်ကိုလတ်ချုံးရိဟာ ... ရှေ့ဆက်ပြီး ဘယ်လိုများ မိုက်မိုက်ကန်းကန်းတွေ လုပ်အုံးမလဲ မသိဘူးနော်"



လီထိုက်ဟိုက ရုတ်မှောင်ကို ကြုံ့၍ စဉ်းစားလိုက်ပြီး ...

"အင်း ... သူဟာသူ စဉ်းစားမိယင်တော့၊ တဖြည်းဖြည်း သူ့အမှားကို သူမြင်လာလိမ့်မယ်"

ထို့နောက် ....

မိုရှူရိကသည်။ အနည်းငယ် စဉ်းစားလိုက်ပြီး ....

"ဒီကိစ္စတွေပြီးသွားယင် .... အစ်ကိုလီထိုက်ဟို ဘယ်ကိုသွားမှာလဲဟင်"

လီထိုက်ဟိုက မိုရှူရိကို သေချာစွာ ပြန်စိုက်ကြည့်လိုက်ပြီး၊ အေးဆေးစွာ ပြောလိုက်သည်။

"အစ်ကို့မှာ ... ဘယ်ကိုသွားရမယ်၊ ဘာလုပ်ရမယ် ဆိုတဲ့ ရည်ရွယ်ချက်တော့ မရှိပါဘူး၊ ဒါပေမယ့် ... အစ်ကို့ရဲ့ ရည်ရွယ်ချက်အတိုင်း အစ်ကိုဟာ နယ်မြေအနှံ့ လှည့်လည်ပြီး၊ သွားလာနေရလိမ့်အုံးမယ်ထင်တယ်"

မိုရှူရိက လီထိုက်ဟိုကို အတန်ကြာ စိုက်ကြည့်နေယင်းမှ အကြံဖြင့်ကို အသာချလိုက်သည်။

ပြီးနောက် ....

တိုးညင်းသော အသံဖြင့် ခေါ်လိုက်သည်။

"အစ်ကို လီထိုက်ဟို"

လီထိုက်ဟိုသည်၊ မိုရှူရိ၏ ခေါ်သံကို ကြားသော်လည်း၊ ပြန်၍မထူးပေ။

သူသည် တစုံတခုကို အားရုံစိုက်နေသည့်အလား ငြိမ်၍ နေလိုက်သည်။

လီထိုက်ဟို၏ နားထဲတွင် မြင်းခွာသံအချို့ကို ကြားလိုက်မိ

လေသည်။

ဤတွင် လီဆိုက်ဟိုက စိုးရိမ်လှုပ်ရှားသော အသံဖြင့် မြွေ လိုက်သည်။

"ညီမလေး...ရှူရီ— အစ်ကိုတို့ ခရီးကို အမြန်ဆက်ကြရအောင်၊ ညဥ့်သန်းခေါင် မတိုင်ခင် 'ကျွန်း' ဂေဟာကို ရောက်ယာင် ပို့ကောင်းမယ်"

လူတို့နှစ်ဦးသည်၊ မြင်းကို အမြန်နှင်ခဲ့ကြ၏။

ထမင်းတအိုးကျက်ခန့်အကြာတွင် သူတို့သည်၊ လျူယမ်း၏ မြို့စွန်သို့ ရောက်ရှိခဲ့ကြသည်။

လျူယမ်းမြို့သည်၊ တိတ်ဆိတ်သည့်ညအမှောင်ဝယ် ထီးထီး ကြီး တည်ရှိနေသည်။

သူတို့သည်၊ မြို့ရိုးရှိရာဘက်သို့ မသွားကြပဲ ညာဘက်လမ်းသို့ ရှေးကာ ဖြတ်ကူးပြီး၊ ရေးဆက်လက် နှင်လာခဲ့ကြသည်၊

ထိုလမ်းဘေးတလျှောက်တွင် ကျယ်ပြန့်သော လယ်ကွင်းပြင်ကြီးက ငြိမ်သက်လျက် ရှိနေသည်။

အတန်ကြာမျှ မြင်းကို နှင်လာကြပြီးသောအခါ၊ ရှေ့မလှမ်းကမ်းတွင် ဆိုင်းအုပ်နေသော တောင်တန်းကို တွေ့ကြရသည်။

မို့ရှူရိက နှုတ်မှအသံထွက် စကားမပြောနိုင်ပဲ၊ လက်ညှိုးညွှန်ပြလိုက်သည်။

"ကျွန်း" ဂေဟာသည်၊ ထိုတောင်တန်း အတွင်း၌ ရှိသည်ဟူသော သဘောဝင် ဖြစ်သည်။

လီထိုက်ဟိုက အဓိပ္ပါယ်ပေါက်သွားဟန်ဖြင့် ဦးခေါင်းကို



ညိတ်ပြလိုက်သည်။

ထို့နောက်....

ခရီးကို ဆက်လက်နှင်လာကြရာ၊ မကြာမီ တောင်တန်း တခု အနီးသို့ ချဉ်းကပ်လာမိကြသည်။

တဖြည်းဖြည်းနှင့် တောအုပ်အတွင်းသို့ ရောက်ရှိလာကြ၏။

ဤတွင် ထီးထီးမားမား ဖြင့်ငြိမ်သက်စွာ ရပ်တည်နေသော 'ကျွန်း' အိမ်ဂေဟာကြီး၏ ခေါင်မိုးကို လှမ်းမြင်လိုက်ကြရလေသည်။

* * *

## စာစု (၁၀)

### ဖုန်းအင်းကျွားရဲ့အန္တရာယ်

---

(၁)

ည၏အမှောင်ထုကား နက်ရှိုင်းလွန်းလှ၏။

'ကျန်း' အိမ်ဂေဟာကြီးကို လရောင်မှိန်ပျပျအောက်တွင် မှေးမှိန်စွာ မြင်လိုက်ရသည်။

ဝန်းကျင်တခွင်တွင် မည်သည့်အိမ်မှမရှိပဲ သစ်ပင်များ အုပ်ဆိုင်းလျက်ရှိသည်။

ထို့ကြောင့်....



'ကျန်း' ဂေဟာအိမ်ကြီးသည် အထီးကျန်နိုင်ခြင်းခင် ဖြစ်သည်။

ထို့ပြင်....

ဝန်းကျင်တခွင်၌ တိတ်ဆိတ်ငြိမ်သက်မှုကကြီးစိုးလျက်ရှိသည်။

ထိုအခိုက်....

မိုရှုရိက လီသိုက်ဟိုကို လေသံတိုးတိုးဖြင့် မေးလိုက်လေသည်။

"ညီမတို့'ကျန်း'ဂေဟာထဲကိုတယ်လို့ဝင်ကြမလဲ၊ ပြောစ်ဝင်မလား၊ ဒါမှမဟုတ် တိတ်တဆိတ်ဝင်ပြီး ဂူဟောင်းနေရာကိုရှာကြမလား"

ထိုအခါ....

လီထိုက်ဟိုကလည်း မိုရှုရိကြားနိုင်ရုံသာ အသံတိုးတိုးဖြင့် ပြန်ပြောလိုက်သည်။

"အစ်ကို အလုပ်လုပ်ယင် တယ်တော့မှခိုးကြောင်ခိုးဝှက် မလုပ်အတတ်ဘူး၊ ဒီတော့ အစ်ကို့အနေနဲ့ပထမဆုံး 'ကျန်း' ဂေဟာသခင်ကြီးကိုဝင်တွေ့မယ်၊ ပြီးတော့ လာယင်းကိစ္စကို ပွင့်ပွင့်လင်းလင်းပြောပြပြီးအကူအညီတောင်းမယ်၊ သူခွင့်ပြုချက်ရမှာပဲ၊ သင်းချိုင်းဂူဟောင်းနေရာကိုရှာမယ်၊ အင်း.... ဒီသင်းချိုင်းဂူဟောင်းနေရာကလဲ ပျောက်ကွယ်နေတာ ကြာပါပြီ၊ 'ကျန်း' ဂေဟာသခင်ကြီး ကိုယ်တိုင် ရှာမှပဲ နေရာအတိအကျမှတ်မိနိုင်လိမ့်မယ်၊ အစ်ကိုတို့ တိတ်တဆိတ်ရှာဖွေလို့လဲရမယ်မထင်ဘူး"

မို့ရှုရိက လီထိုက်ဟိုကိုသေးစားစွာစိုက်ကြည့်ကာ....

"အင်း... 'ကျွန်း' ဂေဟာသခင်ကြီးက ညီမတို့ကိုအလွယ်တကူ ကူညီပါစေလို့တော့ဆုတောင်းနေရတော့မှာပဲ"

လီထိုက်ဟိုက မို့ရှုရိအား အသေအချာကြည့်လိုက်ပြီး—

"ညီမလေးရှုရိ အစ်ကိုတို့ဟာ မိုပိုင်ရိရဲ့အသက်အန္တရာယ်အတွက် သိုင်းဂိုဏ်းပေါင်းစုံရဲ့ လျှို့ဝှက်သိုင်းကွက်တွေပါတဲ့စာအုပ်ကိုလာရှာတာဖြစ်တယ်၊ အဲဒီတော့ မတော်တဆအန္တရာယ်တစုံတခုနဲ့ကြုံသာခဲ့ယင် ညီမလေးရှုရိအနေနဲ့ စိတ်ဓာတ်ပြီးဒေါသအလျှောက်မလုပ်မိဖို့သတိထားပါ၊ သူတပါးရဲ့အသက်ကိုအန္တရာယ်မပြုဘူးလို့ ခုကတည်းက ကတိပေးပါ"

မို့ရှုရိက ဦးခေါင်းကိုညိတ်ပြယင်း....

"ကတိပေးပါ အစ်ကိုလီထိုက်ဟို စိတ်ချပါ"

လီထိုက်ဟိုက ယုံကြည်စိတ်ချသွားသလို မြင်းကိုဆက်ပြီးနှင်လာသည်။

သူတို့သည် 'ကျွန်း' ဂေဟာသို့သွားရာမြေနီလမ်းကလေးအတိုင်းဦးတည်ကာစီးလာခဲ့၏။

မကြာမီ—

'ကျွန်း' ဂေဟာအဝင်ဝတွင်ထွန်းညှိထားသောမီးတိုင်နှစ်တိုင်ကိုတွေ့လိုက်ကြရသည်။

မြဝင်းတံခါးဝရှေ့သို့ရောက်သောအခါ၊ လီထိုက်ဟိုနှင့်မို့ရှုရိတို့နှစ်ဦးစလုံး မြင်းပေါ်မှလွှားကနဲခုန်ဆင်းလိုက်ကြလေသည်။



ပြီးနောက်....

မြဝင်းတံခါးကိုခေါက်လိုက်သည်။

"ဒေါက်....ဒေါက်... ဒေါက်...."

* * *

(၂)

မြဝင်းတံခါးမကြီးက ဆေးနီသုတ်ထားသဖြင့် ထည်ဝါလှ၏။

ယင်းမြဝင်းထဲတွင် မီးအိမ်ဂျပုတလုံးထွန်းထားသည်မှအပ မှောင်မည်းနေသည်။

တောအုပ်ကလေးနှင့်အပြိုင် တိတ်ဆိတ်လျက်လည်းရှိနေသည်။

တံခါးစောင့်သည် နိုးနိုးကြားကြားရှိနေဟန်တူသည်။

တံခါးခေါက်သံနှင့်မရှေးမနှောင်းမှာပင် မြဝင်းတံခါးသည် ချက်ချင်းပွင့်လာသည်။

လူတယောက်သည် လက်ထဲတွင် မီးပုံးအိမ်တလုံးကိုကိုင်လျက် တံခါးကြားမှပေါ်လာသည်။

သူ၏နောက်တွင် 'ကျွန်း' ပေဟာအစေအပါးနှင့်တူဟန်ရှိသောလူငါးယောက်က သူ၏နောက်တွင်ရပ်နေသည်။

သူတို့၏လက်ထဲတွင် ဓား၊ လှံ လက်နက်များကိုင်ဆောင်ထားသည်။

ထို့ပြင်...

သူတို့၏မျက်နှာများက ယန်မူရာကင်းမဲ့လျက်ရှိနေ၏။

လီထိုက်ဟိုက အစောင့်များအား တချက်စေ့ကြည့်ကာ ရှေ့မှလူအား တည်ငြိမ်သောအသံဖြင့်ပြောလိုက်သည်။

"ကျွန်တော်ဟာ အရေးကြီးတဲ့ကိစ္စတခုနဲ့ 'ကျန်း' ဂေဟာသခင်ကြီးကိုတွေ့ဖို့ ရပ်ဝေးကလာကြတဲ့ဧည့်သည်တွေပါ၊ 'ကျန်း' ဂေဟာသခင်ကြီးကိုကျွန်တော်တို့တွေ့ဆုံပြီး အကူအညီတောင်းလိုပါတယ်၊ ကျေးဇူးပြုပြီး 'ကျန်း' ဂေဟာသခင်ကြီးဆီအကြောင်းကြားပေးပါ၊ ကျွန်တော့်နာမည် လီထိုက်ဟိုလို့ ပြောပြပေးပါလို့မေတ္တာရပ်ခံပါတယ်"

ထိုအခါ...

တံခါးစောင့်ကမျက်ရိပ်ပြလိုက်ကာ သူ့နောက်မှအစောင့်တယောက်သည် သုတ်သုတ်ပျာပျာဖြင့် အိမ်ဂေဟာဘက်သို့ အပြေးထွက်သွားသည်။

အစောင့်များက 'ကျန်း' နှင့် 'လီ' နှစ်ဂေဟာတိုက်ပွဲကတည်းက လီထိုက်ဟိုကိုတွေ့ဖူးပြီးဖြစ်နေလေသည်။

ထို့ပြင်...

သူတို့က လီထိုက်ဟိုအား ကြည်ညိုလေးစားခဲ့ကြလေသည်။

ထို့ကြောင့်...

လီထိုက်ဟိုအား ရည်မွန်စွာပြောဆိုပြီး၊ ခေတ္တစောင့်ခိုင်းထားသည်။



မကြာမီ...

'ကျန်း' ဂေဟာအတွင်းမှအဘိုးအိုတယောက်သည် ခပ်သုတ်သုတ်ထွက်လာသည်ကိုတွေ့ရသည်။

အဘိုးအိုဝတ်ဆင်ထားသည့် အဝတ်အစားကို ကြည့်ခြင်းအားဖြင့် 'ကျန်း' ဂေဟာသခင်ကြီးဖြစ်ကြောင်း လီထိုက်ဟိုအနေဖြင့် ခန့်မှန်း၍ရနိုင်လေသည်။

မှန်ပါသည်၊ လီထိုက်ဟိုခန့်မှန်း သကဲ့သို့ ထိုအဘိုးအိုမှာ 'ကျန်း' ဂေဟာ၏အရှင်သခင်ကြီး 'ကျန်းရှိုရဲ' ပင်ဖြစ်ပါသည်။

'ကျန်းရှိုရဲ' သည် လီထိုက်ဟိုလာသည်ဟု သိလိုက်ရသည်နှင့် အိပ်ရာမှ ချက်ချင်းထကာ အဝတ်လဲပြီး လိုက်လာခဲ့ခြင်းဖြစ်သည်။

အကြောင်းမှာ...

သူသည် လီထိုက်ဟိုအား အမှန်တကယ်ပင် တွေ့ဆုံချင်နေသူဖြစ်သည်။

တကယ်တော့...

လီထိုက်ဟိုသည် နှစ်ပေါင်းကြာမြင့်စွာက ဖြစ်ပွားခဲ့သော 'ကျန်း' နှင့် 'လီ' နှစ်ဂေဟာ၏ တိုက်ခိုက်ပွဲကြီးကို ဖျန်ဖြေပေးခဲ့သည့်သိုင်းသမားတယောက်ပင်မဟုတ်ပါလား။

လီထိုက်ဟိုအား တွေ့လိုက်သည်နှင့် 'ကျန်းရှိုရဲ' သည် ဦးစွာ လက်ဖမိုးယှက် အရိုအသေပေးလိုက်သည်။

ထို့နောက် ဝမ်းသာသောအသံဖြင့်...

"ခုလို မမျှော်လင့်တဲ့အချိန်မှာ လီထိုက်ဟို ကျုပ်တို့ ဂေဟာကိုအလည်အပတ် ရောက်လာခဲ့တဲ့အတွက် ကျုပ်အနေနဲ့

အထူးပဲဝမ်းသာစရာပါတယ်၊ ညှော်သည်တော်ကြီးနှစ်ဦး ဂေဟာထဲကိုကြွကြွပါလို့ ဖိတ်ခေါ်ပါတယ်"

လီထိုက်ဟိုကလည်း၊ လက်ဖမိုးယှက်ကာ အရိုအသေပြန်ပေးလိုက်ပြီး တောင်းပန်သည့် အသွင်ဖြင့် ပြန်လည်ပြောဆိုလိုက်သည်။

"ခုလို ညဉ့်နက်သန်းခေါင်အချိန်မှာ ထခင်ကြီး အိပ်နေတာကို အနှောင့်အယှက်ပြုမိသလို လာရောက်ခဲ့မိတဲ့အတွက် နှင့်လွှတ်ဖို့သခင်ကြီး ကိုအထူးပဲ မေတ္တာရပ်ခံပါတယ်၊ မလာမဖြစ်တဲ့ကိစ္စကြောင့် လာခဲ့ရစေမယ့် အခင်ကြီးကို အထူးပဲ အားနာလှပါတယ်"

အဘိုးအို'ကျန်းရှိရဲ'၏ပြုံးနေသောမျက်နှာက၊ အပြုံးလုံးဝ မပျက်ပဲ ပြန်ပြောလိုက်သည်။

"အို...ကိစ္စမရှိပါဘူး လီထိုက်ဟို၊ ဒီအတွက်အားနာမနေပါနဲ့၊ ကဲ...အိမ်ဂေဟာကိုကြွကြွပါ"

ပြောပြောဆိုဆို'ကျန်းရှိရဲ'သည်၊ ရှေ့မှ ဦးဆောင်ကာ ကျန်းဂေဟာ၏နန်းဆောင်အတွင်းသို့ လီထိုက်ဟိုတို့ နှစ်ဦးအား ခေါ်ဆောင်သွားလေတော့သည်။

* * *

(၃)

'ကျန်း'ဂေဟာ၏ ညှော်ခန်းမ....

'ကျန်း'ဂေဟာ၏ ညှော်ခန်းမသည်၊ ကျယ်ဝန်းပြီး၊ ဆေ



အပ်ခန့်ညားလှပေသည်။

ဖယောင်းတိုင်ကြီးများကို နံရံတွင်ကပ်၍ ထိန်လင်းနေအောင်ထွန်းညှိထားသည်။

လီထိုက်ဟိုတို့ကို 'ကျန်းရှိရဲ'က အရက်နှင့်အမြည်းတို့ဖြင့် စားပွဲဝိုင်းတခုတွင် တည်ခင်းညှော်ခံသည်။

'ကျန်းရှိရဲ'သည်၊ သူ၏မုတ်ဆိတ်မွေး ဖြူဖြူကိုလက်ဖြင့်'ပွတ်သပ်ယင်း လီထိုက်ဟိုနှင့် မိုရှုရီတို့ကိုပြုံးပြကာပြောလိုက်သည်။

"လီထိုက်ဟိုဟာ ကျုပ်တို့ 'ကျန်း'နဲ့ 'လီ' နှစ်ဂေဟာရဲ့ ကျေးဇူးရှင်ကြီးပါပဲ၊ ကျုပ်လဲ လီထိုက်ဟိုကိုတွေ့ချင်နေတာ အယ်မှာလိုက်ရှာရမယ်မှန်းမသိလို့ပါ၊ စောစောက လီထိုက်ဟို ရောက်နေတယ်လို့ သတင်းလဲပို့လိုက်ရော ကျုပ်သိပ်ဝမ်းသာသွားမိတယ်"

'ကျန်းရှိရဲ'သည်၊ ပြောပြီးသည်နှင့် မိုရှုရီအား အဓိအချာစိုက်ကြည့်လိုက်သည်။

ပြီးနောက် အံ့အားသင့်သွားဟန်ဖြင့်....

"အို ...ဒီမိန်းကလေးဟာ...."

မိုရှုရီက ပြုံးရယ်ကာ ကြားဖြတ်ပြောလိုက်၏။

"ကျွန်မမိုရှုရီပါ၊ တိုက်ခိုက်ပွဲတုန်းက လိုက်ပါခဲ့တဲ့သူပါ"

ထိုအခါ...

ကျန်းရှိရဲက ဝမ်းသာအားရရယ်မောလိုက်သည်။

ထို့နောက်....

ဦးခေါင်းကို တဆတ်ဆတ်ညိတ်လိုက်ပြီး....

"လီထိုက်ဟိုတို့ ခုလိုရောက်လာတာဟာ အလည်အပတ်

ဆက်သက်ပဲလား။ ဒီအပြင်တခြားအရေးတကြီးကိစ္စများ ရှိနေသေးသလား။ ကိစ္စလူ ရှိယင်လဲ အားမနာမပါနဲ့ ပြောသာပြောပါ၊ ကျုပ်အတတ်နိုင်ဆုံး ကူညီပါ့မယ်"

ထို့နောက်...

ကျန်းရှိရဲက ပြောပြောဆိုဆိုဖြင့် လီသိုက်ဟို ကို အကဲခတ်သလို စိုက်ကြည့်နေသည်။

လီသိုက်ဟိုထံမှ ပြောလာမည့်စကားကို သူအနေနှင့် ငံ့လင့်နေသည်။

လီသိုက်ဟိုသည်၊ သူ၏ကိုယ်ခန္ဓာကို ပြင်ထိုင်လိုက်သည်။

သူသည် မိုရှုရှိအား ဖြတ်ကနဲတချက် လှမ်းကြည့်လိုက်ပြီးနောက်၊ ကျန်းရှိရဲမျက်နှာကို တဖန်ပြန်ကြည့်လိုက်ပြန်သည်။

အကဲခတ်လိုက်၏။

သို့သော်...

ကျန်းရှိရဲကမူ လီသိုက်ဟိုကို ပြုံးရယ်လျက်သာ ကြည့်နေလေသည်။

ယခု လီထိုက်ဟို၏ရင်ထဲတွင် အနည်းငယ် ပေါ့ပါးသွားသည်။

ကျန်းရှိရဲသည်၊ သူ့ကိစ္စအား ရှောရှောရှူရှူ ခွင့်ပြု လိုက်လျောနိုင်လိမ့်မည်ဟု မျှော်လင့်မိသောကြောင့်ပင် ဖြစ်သည်။

အတန်ကြာမှ...

လီသိုက်ဟိုသည်၊ ချောင်းတချက် ဟန့်လိုက်ပြီးနောက်၊ စတင်ပြောဆိုလိုက်သည်။

"သခင်ကြီးခင်ဗျား၊ ကျွန်တော့မှာ အရေးကြီးတဲ့ ကိစ္စ



တရပ်နဲ့ရင်ဆိုင်နေရပါတယ်၊ဒီကိစ္စနဲ့ပတ်သက်ပြီး သခင်ကြီးဆီမှာ အကူအညီတောင်းချင်ပါတယ်၊ သခင်ကြီးအနေနဲ့ ကျွန်တော့ကိုကူညီနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်"

သို့နှင့်

ကျန်းရှိရဲက ပြုံးရယ်ကာပြန်ပြောလိုက်သည်။

"လီသိုက်ဟိုကို စောစောက ကျုပ်ပြောထားပြီးပြီပဲ၊ ဘာကိစ္စပဲဖြစ်ဖြစ် ပြောသာပြောပါ၊ ကျုပ်တတ်နိုင်တဲ့ကိစ္စဆိုယင် ခင်ဗျားကို ကူညီဖို့ဝန်မလေးပါဘူး"

လီထိုက်ဟိုက ကျန်းရှိရဲအား လက်စမိုးယှက်ကာ အရိုအသေပေးပြီး၊ ကျေးဇူးတင်စကားပြောလိုက်သည်။

"ကျွန်တော် ပထမဆုံး သခင်ကြီးကို သိချင်တာလေးတွေ နည်းနည်းမေးပါရစေခင်ဗျား"

ထိုအခါ...

ကျန်းရှိရဲက ပြုံးရယ်ကာ ခေါင်းညိတ်ပြလိုက်ယင်း...

"မေးပါ...မေးပါ... ဘာများမေးချင်လို့လဲ"

လီထိုက်ဟိုက ကျေးဇူးတင်ပြုံးဖြင့် ပြုံးပြလိုက်ပြီး...

"သခင်ကြီးတို့ရဲ့ ဒီကျန်းဂေဟာ... ဟာ၊ ဒီနေရာမှာတည်ရှိခဲ့တာ နှစ်ပေါင်းဘယ်လောက်ကြာခဲ့ပြီလဲ"

ကျန်းရှိရဲက အနည်းငယ်စဉ်းစားလိုက်ပြီးမှပြန်ပြောလိုက်သည်။

"အင်း....ကျုပ်လက်ထက် အထိ ဆိုယင်တော့ အိမ်ရှင်သခင်ကြီးငါးဆက်ရှိသွားပြီပေါ့၊ ကျုပ်တို့ အဘိုးရဲ့ အဘိုးဟာ ဒီလျှူဖမ်းမြို့ကို ရောက်လာတဲ့အချိန်မှာ အင်မတန်ဆင်း

ရဲလှပါတယ်၊ ဒါပေမယ့် သူတော်ကောင်းတယောက်က သူ့ကိုကြည့်ပြီး သနားတာနဲ့ ဒီနေရာမှာ လယ်မြေတကွက် ပေးခဲ့တယ်၊ ကျုပ်အဘိုးရဲ့ အဘိုး ဟာ ဒီလယ်မြေကွက်ကလေးကို ကြိုးစားထွန်ယက်ပြီး စိုက်ပျိုးတယ်၊ ဒီလိုနဲ့ တဖြည်းဖြည်း လယ်ရှင်ကလေးတယောက် ဖြစ်လာတယ်၊ နောက်ဆုံး ကျန်း ဂေဟာမိသားစုဟာ တဖြည်းဖြည်း ချမ်းသာလာခဲ့တယ်”

ကျန်းရှိရဲက စကားကို ခေတ္တရပ်လိုက်ပြီး၊ အရက်ခွက်ကို ယူကာ မော့သောက်လိုက်သည်။

ပြီးမှ ဆက်ပြောလိုက်ပြန်သည်။

“ဒီလိုနဲ့ ကျုပ်လက်ထက်လဲရောက်ရော ကျုပ်မိဘ ဘိုးဘွားဆောင်ဆက်က ကျန်ခဲ့တဲ့ ပစ္စည်းဥစ္စာနဲ့ လယ်မြေတွေဟာ ကျုပ်သုံးသက် သုံးစွဲလို့မကုန်အောင် ဖြစ်လာခဲ့တယ်၊ ဒါပေမယ့် ကျုပ်တို့‘ကျန်း’ဂေဟာချောင်းအောက်ပိုင်းက ‘လီ’ဂေဟာနဲ့ ပြိုင်ဘက်ဖြစ်ခဲ့တယ်၊ ကျုပ်မိဘလက်ထက်ကစပြီး သင့်မြတ်ခြင်းမရှိခဲ့ကြဘူး၊ နှစ်စဉ်ချောင်းရေလုပွဲကြီးကိုဆင်နွှဲရတဲ့အထိဖြစ်လာတယ်၊ ကျုပ်တို့အမျိုးအနွယ်တွေနဲ့ တပည့်လက်သားတွေ နှစ်စဉ်ပဲကျဆုံးခဲ့ရတယ်”

လီဆိုက်ဟိုက သက်ပြင်းကို အသာချလိုက်ပြီး၊ ခမနွှန်းတခုကို ထပ်မေးလိုက်ပြန်သည်။

“သခင်ကြီး၊ သခင်ကြီးရဲ့ အဘိုးကို လယ်မြေ တကွက်ပေးခဲ့တဲ့သူတော်ကောင်းကြီးဆိုတာ ဘယ်သူများပါလိမ့်၊ သူ့နာမည်ကဘယ်လိုခေါ်ပါသလဲခင်ဗျာ”

ထိုအခါ....



‘ကျန်း’ဂေဟာသခင်ကြီးက ဦးခေါင်းကို ခါယမ်းလိုက်ပြီး....

“အဲဒီပုဂ္ဂိုလ်ဟာ ဟို တချိန်ကအကြီးအကျယ် မမာမကျန်းဖြစ်လို့ ကျုပ်အဘိုးက စောင့်ရှောက်ခဲ့ရတယ်ဆိုပဲ၊ နောက်တော့သူဟာ‘ကျန်း’ဂေဟာမှာပဲဆုံးသွားခဲ့တယ်၊ သူ့နာမည်ကိုတော့ ကျုပ်လဲမသိခဲ့ရဘူး၊ ဒါပေမယ့် ကျုပ်အဘိုးဟာ နှစ်စဉ်နှစ်သစ်ကူးအကြိုနေ့နဲ့၊ တစ္ဆေကြီး ကန်တော့ပွဲနေ့တွေမှာ သူ့ကိုရည်စူးပြီး သားငါးဟင်းတွေနဲ့ အကြီးအကျယ် ပူဇော်ကန်တော့လေ့ ရှိတယ်၊ ဒါကြောင့်မို့လို့ အခုကျုပ်ရဲ့လက်ထက်တိုင်အောင် ဒီအတိုင်းပဲ ပူဇော်ကန်တော့ နေရတယ်’

လီဆိုက်ဟိုက ရုတ်တရက် အလျင်စလိုဝင်မေးလိုက်သည်၊

“သခင်ကြီးတို့ သူ့သင်းချိုင်းဂူရှေ့မှာသွားပြီးကန်တော့ကြရတာပေါ့ ဟုတ်လား”

ကျန်းရှိရဲက ခေါင်းညိတ်ပြလိုက်ပြီး၊ တည်ကြည်စွာဖြင့်–

“ဟုတ်ပါတယ်၊ သူတော်ကောင်းကျေးဇူးရှင်ကြီးကိုသူ့ရဲ့ဆန္ဒအတိုင်း ကျုပ်တို့‘ကျန်း’ဂေဟာရဲ့အနောက်ဘက်မှာရှိတဲ့ ဥယျာဉ်ခြံဝင်းကြီးထောင့်မှာ မြေမြှုပ်သင်္ဂြိုဟ်ခဲ့ပါတယ်၊ ဒါပေမယ့် အဲဒီပုဂ္ဂိုလ်ကြီးဟာ သူ့ကို ဂူမသွင်းရဘူး၊ နာမည်ကမှတ်တိုင်မထူရဘူး လို့မှာခဲ့တဲ့အတွက် မြေပြင်နဲ့အညီအတိုင်း သူ့ကို မြှုပ်နှံခဲ့ကြတယ်”

ထို့ကြောင့်...

လီဆိုက်ဟိုက မိုရှုရိကို ဝမ်းသာအားရ လှမ်းကြည့်လိုက်

မိသည်။

မိုရှုရိ၏မျက်နှာတွင် ဝမ်းသာမှုကြောင့် ရွှင်ပျလျက်ရှိ၏။

ထို့နောက်....

မိုရှုရိက မအောင့်အီးနိုင်တော့ပဲ ကြားဖြတ်ကာ ဝင်မေးလိုက်သည်။

"ဒါဆို အဲဒီပုဂ္ဂိုလ်ကြီးရဲ့ သင်းချိုင်းမြေနေရာကို သေသေချာချာမှတ်မိနိုင်ပါ့အုံးမလား၊ မူလကတည်းက မြေပြင်နဲ့ တညီတည်းရှိခဲ့တဲ့အပြင် နှစ်ပေါင်းများစွာလဲ ကြာမြင့်လာခဲ့ပြီမို့ သခင်ကြီးတို့ အဲဒီနေရာကိုမှတ်သားသိရှိနိုင်ပါ့မလား"

ကျန်းရှိရဲက သူတို့နှစ်ယောက်အား သေသေချာချာ ရှင်းပြလိုက်သည်။

"ကျုပ်အဘိုးဟာ နောက်ပိုင်းမှာ စိုးရိမ်စိတ် ဝင်လာမိခဲ့တယ်၊ ဘာလဲဆိုတော့ နှစ်ပေါင်းများစွာ ကြာမြင့်လာတဲ့အခါ သားစဉ်မြေးဆက်တွေတိုင်အောင် ပူဇော်ကန်တော့ဖို့ မြေနေရာကို မမှတ်မိမှာ စိုးလို့ပဲ၊ ဒါကြောင့် ကျုပ်တို့အဘိုးဟာ သင်းချိုင်းမြေပုံရဲ့ ခေါင်းတည့်တည့်မှာ 'ကျန်း' ဂေဟာ တည်ဆောက်ပြီးစီးခဲ့တဲ့ ခုနှစ်နှစ်မြောက် အထိမ်းအမှတ် ကျောက်တိုင်လေးတတိုင် စိုက်ထူခဲ့တယ်၊ ကျုပ်တို့သားစဉ်မြေးဆက်တွေဟာ နှစ်စဉ် အဲဒီကျောက်တိုင်လေး ရှေ့မှာပဲ ကျုပ်တို့ရဲ့ ကျေးဇူးရှင်ပုဂ္ဂိုလ်ကြီးကို ရည်စူးပြီး ပူဇော် ကန်တော့ခဲ့ကြရတယ်"

ထိုစဉ်....

လီထိုက်ဟိုသည်၊ ထိုင်ရာမှ ရုတ်တရက် ထရပ်လိုက်မိပြီး



'ကျန်း' ဂေဟာ အရှင်သခင်ကြီးကို လက်ဖမိုးယှက် အရိုအသေ ပေးလိုက်လေသည်။

ပြီးနောက်....

"ကျန်း......ဂေဟာ အရှင်သခင်ကြီးခင်ဗျား၊ ကျွန်တော် အဲဒီပုဂ္ဂိုလ်ကြီးရဲ့ သင်းချိုင်း နေရာဟောင်းကို ကြည့်ချင်ပါတယ်၊ ကျေးဇူးပြုပြီး ကျွန်တော့ကို လိုက်ပြပေးပါလားခင်ဗျား"

မမျှော်လင့်သော စကားကြောင့် ကျန်းရှိရဲသည်၊ ပထမတွင် တအံ့တဩ ဖြစ်သွားလေသည်။

နောက်မှ သူက လီထိုက်ဟိုအား စိုက်ကြည့်ကာ မေးလိုက်သည်။

"ခင်ဗျားက အခုပဲ သွားကြည့်ချင်တာလား"

ထိုအခါ....

လီထိုက်ဟိုက ချက်ချင်းပင် ဦးခေါင်းကို ညိတ်ပြလိုက်သည်။

"ဟုတ်ကဲ့ ကြည့်ချင်ပါတယ်၊ ကျွန်တော့မှာ အဲဒီသင်းချိုင်းမြေနေရာဟောင်းနဲ့ ပတ်သက်ပြီး အရေးကြီးတဲ့ ကိစ္စတရပ် ရှိနေပါတယ်၊ အကြောင်းစုံကိုတော့ နောက်မှ အေးအေးဆေးဆေး ပြောပါရစေ၊ ဖြစ်နိုင်မယ်ဆိုယင် သခင်ကြီးကိုယ်တိုင် လိုက်ပြစေချင်ပါတယ်"

ထို့နောက်....

"ကျန်း" ဂေဟာ သခင်ကြီး ကျန်းရှိရဲသည်၊ ထိုင်ရာမှ ထလိုက်ပြီး....

"ပြောပါမယ်ဗျာ၊ ကျွန်တော်ပြောခဲ့ပြီးပြီပဲ၊ ခင်ဗျားအတွက်သာ ဆိုယင် ကျွန်တော် တတ်နိုင်သလောက် ကူညီးပေးပါမယ်လို့၊ ကဲ... လိုက်ခဲ့ကြပါ၊ ကျွန်တော်တို့ အခုပဲ သွားကြရအောင်"

ကျန်းရှိရဲသည်၊ လီထိုက်ဟိုနှင့် မိုရှုရိဘို့ကို ရှေ့မှ ဦးဆောင်ကာ အစေအပါး တပည့်များနှင့်အတူ အနောက်ဘက် ဥယျာဉ်ခြံဝင်းထဲသို့ ထွက်ခဲ့ကြလေသည်။

* * *

(၄)

အနောက်ဘက် ဥယျာဉ်ခြံသည်၊ 'ကျန်း' ဝေဖာ့ဆောင်နှင့် အတန်ငယ် အလှမ်းဝေးသည်။

သူတို့ အတန်ငယ် လျှောက်လာကြပြီးသောအခါ မြေပြင်ပေါ်တွင် စိုက်ထူထားသော ကျောက်တိုင်လေးဘတိုင်အနီးသို့ ရောက်ရှိလာကြသည်။

ကျန်းရှိရဲက ကျောက်တိုင်အနီးတွင် ရပ်လိုက်ပြီး ....

"ဟောဒီနေရာပဲ"

လက်ညှိုးညွှန်ပြပြီး ပြောဆိုလိုက်သည်။

ကျန်းရှိရဲ လက်ညှိုးထိုးပြသောနေရာမှာ ကျောက်တိုင်၏ အနောက်ဘက် မြေညီညီနေရာပင် ဖြစ်သည်။



ကျန်းရှိရဲသည်၊ ကျောက်တိုင်ရှေ့တွင် ခြေစုံရပ်လိုက်ပြီး၊ မြေပုံအား ရည်မှန်း၍၊ မတ်တတ်ရပ်လျက် သုံးကြိမ် ဂါရဝပြု လိုက်လေသည်။

ထိုစဉ်...

မိုရှုရိသည်လည်း၊ ကျောက်တိုင်ရှေ့သို့ တိုးကပ်လာပြီး ရုတ်တရက် သုံးကြိမ်သုံးခါ ဂါရဝပြု ကန်တော့လိုက်လေသည်။

ဤတွင် ကျန်းရှိရဲသည် သူ၏ဘေးနားတွင် ကပ်၍ ရှိခိုးနေသော မိုရှုရိအား အံ့သြနေသည့် အမူအရာဖြင့် ကြည့်နေလေသည်။

လီထိုက်ဟိုက ကျန်းရှိရဲအား မဲ့ပြုံးပြုံးလိုက်ကာ—

"သခင်ကြီး အံ့သြနေတာလား၊ ဒီပုဂ္ဂိုလ်ကြီးဟာ မိုရှုရိရဲ့ အဘိုးပဲ၊ ဒါကြောင့် သူဟာ သူ့ရဲ့အဘိုးကို ရည်စူးပြီး ဂါရဝပြု ကန်တော့နေတာ"

လီထိုက်ဟို၏ စကားကြောင့် ကျန်းရှိရဲ ပို၍ အံ့အားသင့်သွားလေသည်။

ထို့ကြောင့်

သူသည် မိုရှုရိအား လေးစားစွာ ကြည့်လိုက်ကာ...

"ဟင်... ဒီလိုဆို မိန်းကလေးက ကျွန်တော်တို့ ကျေးဇူးရှင်ရဲ့ မြေးပေါ့၊ အို... ကျွန်ုပ်လက်ထက်ကြမှ ခုလို ကျေးဇူးရှင်ကြီးရဲ့ အမျိုးအနွယ် တယောက်ကို တွေ့ရတာ ဝမ်းသာစရာပဲ"

သူမအဘိုး၏ ဂူကို ရှိခိုးကန်တော့ပြီးသောအခါ မိုရှုရိက ထရပ်လိုက်သည်။

ထို့နောက်....

လီထိုက်ဟိုက ကျန်းရှိရဲသခင်ကြီးအား ဆက်လက်ပြောဆိုလိုက်လေသည်။

"သခင်ကြီး......ကျွန်တော်တို့ကို ဆက်ပြီး ကူညီပါအုံး၊ ကျွန်တော် လူနည်းနည်းနဲ့ ပေါက်တူးပေါက်ပြားတချို့ လိုချင်ပါတယ်"

ထိုအခါ...

ကျန်းရှိရဲသည် မျက်လုံးမျက်ဆန် ပြူးသွားပြီး....

"အို ...ခင်ဗျားတို့ သင်းချိုင်းမြေပုံကိုတူးဖော်ကြမလို့လား၊ ဒါဆိုယင်တော့ ကျုပ်အဦးတည်းသဘောနဲ့ ခွင့်ပြုလို့ မဖြစ်သေးဘူးထင်တယ်၊ ကျုပ်ဆွေမျိုးသားချင်းတွေနဲ့ တိုင်ပင်ပါရစေအုံး"

လီထိုက်ဟိုက ရယ်ကြဲကြဲဖြင့် ခေါင်းကို ခါယမ်းပြလိုက်ကာ....

"သခင်ကြီးထင်သလို သင်းချိုင်းဂူဟောင်းကိုတူးဖော်မှာမဟုတ်ပါဘူး၊ သချိုင်းမြေပုံ အနီးဝန်းကျင် တနေရာကိုသာ တူးမှာပါ၊ အဲဒီနေရာမှာ ကျွန်တော်လိုချင်တဲ့ပစ္စည်းတခုရှိနေတယ်၊ ဒီပစ္စည်းဟာလဲ လူတယောက်ရဲ့ အသက်အန္တရာယ်နဲ့ ပတ်သက်နေတယ်၊ ဒါကြောင့်ကျွန်တော့ကို ကျေးဇူးပြုပြီး ခုံမဲ့တူးယူခွင့်ပြုပါ သခင်ကြီး"

သူ၏စကားကို ကြားရတော့မှ ကျန်းရှိရဲသခင်ကြီးသည် စိတ်သက်သာရာရသွားဟန်ဖြင့် ဦးခေါင်းကိုညိတ်လိုက်ပြီး—

"အင်း......ဒါဆိုယင်တော့တူးနိုင်ပါတယ်"



လီထိုက်ဟိုအား တူးဖော်ရန် ခွင့်ပြုစကား ပြောပြီးသည်နှင့် နောက်တွင်ရပ်နေကြသော အစေအပါးများအား လှမ်း၍အမိန့်ပေးလိုက်သည်။

"ဟိတ်....မင်းတို့ အားလုံး ပေါက်တူး ပေါက်ပြားတွေ သွားယူခဲ့ကြပြီး မဟာဒီဇွဲသည်ရဲ့ ဆန္ဒအတိုင်း ကူညီလိုက်ကြစမ်း"

အစေအပါးများသည် ချက်ချင်းပင် ပေါက်တူး၊ ပေါက်ပြားများ ယူရန်ထွက်ခွာသွားကြပြီး၊ မကြာမီမှာပင်ပြန်လည် ရောက်ရှိလာကြသည်။

ထို့နောက်....

လီထိုက်ဟိုအား ကူညီလုပ်ကိုင်ပေးရန်အဆင်သင့်ရပ်လျက် စောင့်နေကြသည်။

လီထိုက်ဟိုကအိတ်ထဲမှမြေပုံစာချပ်ကိုဆွဲထုတ်ကြည့်လိုက်ပြီး၊ မြေပုံပါအညွှန်းအတိုင်း သင်းချိုင်းဂူဟောင်းနေရာ၏အလယ်အညီတည့်နေရာတွင် သွားရောက်ရပ်နေလိုက်၏။

တဖန်......

မြေပုံကို ဒုတိယအကြိမ် ပြန်ကြည့်လိုက်ပြီး ခြေလှမ်းငါးဆယ်တိတိလှမ်းလိုက်သည်။

လီထိုက်ဟိုမှာ မြေပုံပါ အညွှန်းအတိုင်း လုပ်ဆောင် နေခြင်းဖြစ်သည်။

ဤသည်ကို မိုရှုရိမှလွဲ၍ မည်သူမျှမသိချေ။

ထို့ကြောင့်—

ကျန်းရှိရဲအစေအပါးအဝင် အားလုံးက အထူးအဆန်းသဖွယ်

ငေးကြည့်နေကြသည်။

လီဆိုက်ဟိုသည် ခြေလှမ်းငါးဆယ်တိတိ ပြည့်သောနေရာတွင် ရပ်တန့်လိုက်၏။

ပြီးလျှင် ညာဘက်သို့ လှည့်လိုက်ပြီး ခြေလှမ်းဆယ်လှမ်းတိတိ လျှောက်လိုက်ပြန်သည်။

ခြေလှမ်းဆယ်လှမ်းပြည့်သောနေရာတွင်ရပ်လျက် ကျန်ရှိရဲ၏အစေအပါးများကို လက်ယပ်ခေါ်လိုက်၏။

အစေအပါးများရောက်ရှိလာသောအခါ သူရပ်နေသည့်နေရာကို လက်ညှိုးထိုးပြီးတူးခိုင်းလေတော့သည်။

အစေအပါးတို့သည်လည်း ထူးဆန်းမှုတစုံတခုကိုတွေ့မြင်လိုစောဖြင့် အားတက်သရောတူးဆွနေကြ၏။

မိုရှုရိသည်၊ စိတ်လှုပ်ရှားစွာဖြင့် ရပ်ကြည့်နေ၏။

လီဆိုက်ဟိုကမူ မြေပုံကို ကိုင်လျက် တူးဆွနေသည်ကို အစရှိတိုက်ကာကြည့်နေသည်။

သူ့အသွင်မှာ မကြာမီမြေကြီးအတွင်းတနေရာမှ ထူးခြားဆန်းကြယ်သောပစ္စည်းတစုံတခု ပေါ်ထွက်လာတော့မည်ကို သိ၍၊ ဂရုစိုက်ကြည့်နေသည့်အလား ထင်မှတ်ရပေသည်။

သခင်ကြီးကျန်းရှိရဲသည်လည်း အစေအပါးများ တူးနေသည်ကို စိတ်ဝင်တစားကြည့်နေသည်။

သူသည်လည်း၊ အခြားအမြင်ဗဟုသုတပြည့်စုံသူဖြစ်သောကြောင့် လီဆိုက်ဟိုသည်၊ သာမန် ကိစ္စလောက်နှင့် ဤသို့ပြုလုပ်လိမ့်မည်မဟုတ်ဆိုသည်ကိုတော့ ခန့်မှန်းမိပြီးဖြစ်၏၊



လီဆိုက်ဟို၊ ယခုကဲ့သို့အရေးကြီး ပြုလုပ်နေခြင်းမှာ လွန်စွာအရေးကြီးသည့် လျှို့ဝှက်ပစ္စည်း၊ (သို့မဟုတ်) ရတနာပစ္စည်းတစုံတခုအား ရှာဖွေနေခြင်းဖြစ်မည်ဟု ကြိုတင် တွေးဆထားလေသည်။

အစေအပါးများ တူးပေါက်ကြသည်မှာ နှစ်တောင်ခန့်အနက်သို့ပင် ရောက်ရှိနေချေပြီ။

သူတို့အားလုံးမှာ ခေါင်းပန်းနေကြပြီဖြစ်၏။

သို့သော်....

သူတို့သည် ရပ်နားကြခြင်းအလျဉ်းမရှိဘဲ ဆက်လက်၍ပင် တူးပေါက်လျက်ရှိ၏။

* * *

(၃)

အစေအပါးများက ဆက်၍ အားမာန် အပြည့်ဖြင့် တူးဖော်လျက်ရှိ၏။

ထိုစဉ်....

''ခြွမ်း''

ရုတ်တရက် ပေါက်တူးသွားက မာကျောသော အရာကို မြင်းထန်စွာပေါက်လိုက်မိသကဲ့ ပေါ်ထွက်လာသည်၊

ထံသံချင်းထိခိုက်သွားသည့် အသံမျိုးဖြစ်ကြောင်းကိုအားလုံးလိုလို သိထိုက်ကြပြီးဖြစ်သည်။

လီထိုက်ဟိုနှင့် မိုရှုရိတို့သည် ချက်ချင်းတွင်းဝသို့ အပြေးသွားပြီး တွင်းထဲသို့ငုံ့ကြည့်လိုက်ကြ၏။

ထိုအခါ....

အစေအပါးများသည်၊ သံသေတ္တာငယ် တလုံးအား မြေတွင်းထဲမှ ခက်ခဲစွာဖော်ထုတ်နေသည်ကို တွေ့လိုက်ကြရလေသည်။

အစေအပါး တယောက်က ထိုသံသေတ္တာ ငယ်ကလေးအား လီထိုက်ဟိုထံသို့ လှမ်းပေးလိုက်သည်။

သံသေတ္တာလေးမှာ ထူထဲသောသံဖြင့် ပြုလုပ်ထားပြီးနိုင်ခံ့လှပေသည်။

လီထိုက်ဟိုက သံသေတ္တာကလေးကို လှမ်းယူလိုက်ပြီး ကျန်းရှိရဲထံလျှောက်လာသည်။

ထို့အတူ....

မိုရှုရိကလည်း နောက်မှကပ်လျက် လိုက်ပါလာသည်။

ကျန်းရှိရဲသည်၊ လီထိုက်ဟိုလက်ထဲမှ သံသေတ္တာငယ်လေးအား အထူးအဆန်းသဖွယ် စူးစိုက်ကြည့်နေသည်။

လျှောက်လာနေယင်းမှ လီထိုက်ဟိုသည်၊ သံသေတ္တာငယ်ကလေးအား မြောက်၍ သေချာစွာကြည့်မိလိုက်၏။

သံသေတ္တာလေးမှာ နှစ်ပေါင်းများစွာ မြေကြီးထဲတွင်ရှိနေခဲ့သော်လည်း၊ သံချေးတက်ခြင်း မရှိပဲ ထူးခြားစွာပြောင်ချောနေသည်။



အတန်ငယ်လည်း လေးသည်။

လီထိုက်ဟိုက သေတ္တာ၏အဖုံးခလုပ်ကို လျင်မြန်စွာ ရှာဖွေဆိုက်သည်။

ဤတွင် အဖုံးတနေရာဝယ် ဘုသီးလေးတခုကို တွေ့လိုက်ရလေသည်။

လီထိုက်ဟိုက ထိုဘုသီးလေးကို နှိပ်ရန် ပြင်လိုက်သည်။

ထိုစဉ်....

"လီထိုက်ဟို....ခင်ဗျားတာဝန်ပြီးပါပြီ၊ သေတ္တာကို ကျုပ်လက်ထဲသာ အပ်ပေတော့၊ ကျုပ်ဟာကျုပ်ပဲဖွင့်တော့မယ်"

ထိုစကားသံမှာ သူတို့နောက်မှ ရုတ်တရက် ထွက်ပေါ်လာခြင်း ဖြစ်သည်။

ထို့ကြောင့်...

သေတ္တာကို လီထိုက်ဟိုက မဖွင့်တော့ပဲ လက်ထဲတွင် ကိုင်ထားသည်။

နောက်သို့ လှည့်မကြည့်ပဲနှင့် မည်သူ ရောက်ရှိနေပြီ ဖြစ်ကြောင်းကို လီထိုက်ဟိုက သိလိုက်ပြီး ဖြစ်သည်။

ထို့ဖြစ်၍....

လီထိုက်ဟိုက လှည့်မကြည့်ပဲ ပြန်ပြောလိုက်သည်။

"ဒီမှာ...မိုချုံးရိ၊ ဒီသေတ္တာထဲမှာ ဘာရှိတယ် ဆိုတာ ခင်ဗျားသိနေပြီးသားပဲ၊ ဒီတော့ ခင်ဗျားလိုချင်တဲ့ စွမ်းရပြီဆိုယင် ခင်ဗျားကတိတည်ဖို့ပဲ ကျန်တော့တယ်"

မိုချုံးရိသည်၊ ချက်ချင်းပင် လူအုပ်ကြားသို့ ဝင်ရောက်လာသည်။

သူသည် လီထိုက်ဟိုး၏ လှမ်းစကမ်းသို့ ရောက်ရှိသော အခါ ရပ်တန့်လိုက်သည်။

ပြီးနောက်...

ပြုံးရွှင်စွာ ရယ်မောလိုက်ပြီး...

"ခင်ဗျားကိုယ်ထဲက အဆိပ်သင့်နေတာဟာ နည်းနည်း လေးပါ၊ အသက်အန္တရာယ် စိုးရိမ်စရာမရှိဘူး၊ ယိုးလင် ဝေယာ၏ 'အသက်ဆက်' အဆိပ်ပြေဆေး နောက်တလုံးကို ထပ်သောက်လိုက်ယင်၊ ခင်ဗျားအတွက် စိတ်ချရပါပြီ၊ ကဲ... ခင်ဗျားလက်ထဲက ဆေးတွာကို ကျုပ်ကိုပေးစေတော့"

ဤတွင် လီထိုက်ဟိုသည် သံဆေးတွာလေးကို မပေးသေးပဲ၊ အေးဆေးတည်ငြိမ်စွာဖြင့် ပြန်မေးလိုက်ပြန်သည်။

"မိုချုံးရိ... ခင်ဗျားသိထားဖို့က၊ ဒီဆေးတွာထဲက ပစ္စည်း ကို ကျုပ်လုံးဝ မမက်မောဘူးဆိုတာပဲ၊ ကျုပ်ခုလို ပြောနေ ရတာက ယိုးလင်ဂေဟာ အချစ်အခင်ကြီး အတွက်ဆိုတာ ခင်ဗျားသိပါတယ်၊ နောက်တခုက ခင်ဗျားကို ကျုပ်သတိ ပေးချင်တာကတော့ ခင်ဗျားဆက်ပြီး ဟန်ဆောင်မနေဖို့ပဲ၊ တကယ်တော့ ခင်ဗျားဟာ ဆွေးသားရင်းချာ ညီအစ်ကို မောင်နှမတွေ အပေါ် မလုပ်သင့်တဲ့ အရာတွေ ပြုလုပ်ခဲ့ တယ်၊ ဒီအမှုကို အခုကတည်းက ပြင်နိုင်ယင် အကောင်း ဆုံးပဲ၊ ကျုပ်ကတော့ ကတိအတိုင်း ဒီဆေးတွာကို ခင်ဗျား လက်ထဲ ထည့်ပေးမှာပါ"

ပြောပြောဆိုဆို လီထိုက်ဟိုက သူ့လက်ထဲမှ သံဆေးတွာ ငယ်အား မိုချုံးရိထံ လှမ်းပေးလိုက်၏။



မိုချုံးရိက ဆေးတွာကို လှမ်းယူလိုက်ပြီး၊ လီထိုက်ဟိုအား ရယ်ကြဲကြဲဖြင့်—

"လီထိုက်ဟို ခင်ဗျားတကယ့်ကို ကတိတည်တဲ့လူပဲ"

ထို့နောက်...

မိုချုံးရိသည်၊ ဝမ်းသာအားရဖြစ်ကာ နောက်သို့ ခြေလှမ်း သုံးလေးလှမ်းခန့်ဆုတ်လိုက်၏၊

ပြီးနောက်...

လက်ထဲရှိ ဆေးတွာငယ်၏ ခလုတ်ကို နှိပ်ဖွင့်လိုက်၏။

"တောက်"ကနဲ မြည်ကာ ဆေးတွာငယ်၏ အဖုံးက ပွင့် ထွက်သွားသည်။

မိုချုံးရိက ဆေးတွာငယ်ထဲသို့ အလျင်စလို ကြည့်လိုက်၏။

ထိုအခါ...

မိုချုံးရိသည် ဆေးတွာကိုကြည့်လျက် အလွန်အမင်းအံ့အား သင့်သွားဟန်ဖြင့် မျက်လုံးအစုံက ပြူးကျယ်သွားလေတော့ သည်။

အကြောင်းမှာ...

ဆေးတွာငယ်အတွင်းတွင် တွေ့လိုက်ရသည့် အရာကား...

သူမျှော်လင့်ထားသလို သိုင်းကျမ်းစာအုပ် မဟုတ်ပဲ နွမ်း ကြေနေသော စာရွက်တရွက် ဖြစ်နေသောကြောင့် ဖြစ်သည်။

ထို့ကြောင့်...

ဆေးတွာငယ်အား ကိုင်ထားသော မိုချုံးရိ၏ လက်အစုံ သည် တဆတ်ဆတ်နှင့် တုန်ယင်လာသည်။

မိုချုံးရိသည် တုန်ယင်သော လက်တဘက်ဖြင့် စာရွက်ကို

ဆွဲယူလိုက်ပြီး ဖတ်ကြည့်လိုက်သည်။

စာရွက်မှာ နွမ်းကြေနေသော်လည်း၊ စာလုံးများမှာမူ ပီသ ထင်ရှားစွာပင် ရှိနေသေးသည်ကို တွေ့ရ၏။

ကျုပ်သည်၊ အလွန်ရက်စက်သည့် လူတယောက် ဖြစ်ခဲ့သည်။ မကြံစည်အပ်သည့်အကြံကိုကြံစည်ခဲ့မိ၏။ ယခုကျုပ်သဲ ကျုပ်အပြစ်နှင့်မကြာမီနိဂုံး ချုပ်ရတော့မည်။

ကျုပ်လိုချင်တပ်မက်သည့် စိတ်တခုတည်းဖြင့် လူ အသက်ပေါင်းများစွာကိုရန်ရှာပြီးရယူခဲ့သော သိုင်း ဂိုဏ်းပေါင်းစုံမှုပိုင်လျှို့ဝှက် သိုင်းကွက်များ ပါသော မှတ်စု စာအုပ်ကိုသည်။ စိတ်နာစွာနှင့် ဖျက်ဆီးပစ် လိုက်ပါပြီ။

ကျုပ်၏ ဆွေစဉ်မျိုးဆက် သား၊ မြေးမြစ်များ အကယ်၍ ဤစာအုပ်အား တူးဖော်ရှာဖွေ တွေ့ရှိခဲ့ ပါလျှင် ကျုပ်ကဲ့သို့ အမှားမျိုး နောက်ထပ် မပြုလုပ် မိကြစေရန်၊ ဤစာဖြင့် သတိပေးစေအပ်သည်။

ကျုပ်အနေဖြင့် နောက်ဆုံးမှာကြားခဲ့လိုသည်မှာ လိုချင်တပ်မက်မှု၏ နောက်တွင် သေမင်းသည် ထက် ကြပ်မကွာ လိုက်နေမည် ဆိုသည်ကို သတိမူကြရန် ဖြစ်သည်။



စာ၏အဆုံးတွင် 'မို' ဟူ၍အဓိပ္ပါယ်ရသောအမျိုးအနွယ် ဖြစ်စာလုံးတလုံးပါရှိသည်။

မိုချုံးရိသည်၊ စာဆုံးသွားပြီဖြစ်သော်လည်း၊ စာရွက်ကို တုန်ယင်သော လက်အစုံဖြင့် ကိုင်လျက်ငေးငိုင် နေမိလေ၏။

ထို့နောက်....

မိုချုံးရိသည်။ သံသေတ္တာငယ်ကို ရုတ်တရက်လက်မှလွှတ် ချလိုက်ပြီး အရူးဝမာအော်ဟစ်လိုက်၏။

"ဓိကိစ္စဟာ ဒီလိုလွယ်လွယ်နဲ့ပြီးထဲကိစ္စ မဟုတ်နိုင်ဘူး၊ ကျုပ်မယုံဘူး....ကျုပ်မယုံဘူး"

ထိုစဉ်—

မိုရှုရိသည်၊ မိုချုံးရိခြေသို့လျှောက်လာပြီး၊ ဒေါသသံဖြင့် ပြောလိုက်၏။

"အစ်ကိုချုံးရိ၊ အစ်ကိုဟာ သိပ်မိုက်မဲတာပဲ"

မိုချုံးရိသည်၊ မိုရှုရိအားမည်သို့မျှ ပြန်လှန်၍မပြောပေ။ သူသည်ဝမ်းနည်းလွန်းသဖြင့်၊ ခေါင်းငိုက်စိုက်ချလျက်ရှိ၏။

မိုရှုရိသည်၊ မိုချုံးရိ၏မခုံးပေါ်မှကျော်၍ တနေရာသို့ကြည့် လိုက်ပြီး၊ ရုတ်တရက် ထိတ်လန့်တကြားအော်ဟစ်လိုက်သည်။

* * *

(၆)

တစုံတခုကိုမြင်လိုက်ရ၍၊ မိုရှုရိက ထိတ်လန့်တကြားအော် လိုက်ခြင်းပင်ဖြစ်သည်။

"အစ်ကိုလီထိုက်ဟို သတိထား"

သူမ၏အော်ဟစ်သံနှင့် မရှေးမနှောင်း မှာပင်၊ အလင်းတန်းတခုသည် လီထိုက်ဟိုထံသို့ လျင်မြန်စွာ တိုးဝင်လာသည်။

ထိုအလင်းမှာ မှောင်ရိပ်အတွင်းတနေရာမှ လာခြင်းဖြစ်သည်။

သို့ဆိုလျှင်—

မှောင်ရိပ်အတွင်းတွင် ရန်သူများရောက်နေပြီလော။

သို့သော်....

လီထိုက်ဟိုက ထေးသို့ လျင်မြန်စွာခုန်ကာ ရှောင်တိမ်းလိုက်နိုင်၏။

မိုရှုရိသည်၊ သူမ၏ခါးကြားမှ သံမဏိ စွန်ကုတ်တံအား လျင်မြန်စွာ ဆွဲထုတ်ပြီး မှတ်နေအောင် ဝှေ့ယမ်းပစ်လိုက်၏။

လီထိုက်ဟိုအား အော်၍ သတိပေးသည့်အချိန်နှင့် သံမဏိစွန်ကုတ်တံဆွဲထုတ်၍ဝှေ့ယမ်းလိုက်ချိန်မှာ ထပ်ပြိုင်တည်းလိုလိုဖြစ်နေသည်။

"ခြွမ်း"

သံ သံချင်းထိခိုက်သံက ကျယ်လောင်စွာ ပေါ်ထွက်လာသည်။

မိုရှုရိသည်၊ မှောင်ရိပ်တွင်းမှ ပစ်လွှတ်လိုက်သော လက်နက်ပုန်းအား သံမဏိစွန်ကုတ်တံဖြင့် ဝှေ့ယမ်း ရိုက်ထုတ်လိုက်ပြီး၊ ကိုယ်ကိုစာပတ်လှည့်ကာ တဘက်သို့ ရှောင်တိမ်းလိုက်သည်။



ထိုစဉ်....

နောက်ထပ်အလင်းတန်းများက သူမထံ ဆက်တိုက်သို့သို့ပင် တိုးဝင်သွားပြန်သည်။

သူမမှာ ရပ်နားခြင်းမရှိပဲ ဆက်တိုက် ရှောင်တိမ်းလိုက်ရပြန်သည်။

သို့ဖြသော်....

"အား"

မိုရှုရိသည်၊ 'အား'ကနဲတချက်အော်လိုက်ပြီး၊ ယိမ်းယိုင်သွားလေသည်။

နောက်ဆုံးလက်နက်ပုန်းတခုကို သူမအနေနှင့် မရှောင်တိမ်းနိုင်တော့ပဲ သူမ၏ဝမ်းဗိုက်သို့ ထိမိခြင်းခံလိုက်ရ၏။

ချက်ချင်းပင်သူမ၏ လက်နှစ်ဘက်ကြားမှ သွေးများ စိမ့်ယိုလျက် စီးကျလာလေသည်။

လီထိုက်ဟိုက ချက်ချင်းလိုလိုပင် မိုရှုရိအနီးသို့ ခုန်လွှားရောက်ရှိလာ၏။

ယိုင်လဲတော့မည့် မိုရှုရိကိုယ်လုံးကလေးအား အလိုက်သင့် လျင်မြန်စွာဆီးပွေ့ထားလိုက်သည်။

"ဟော့....ရပ်ကြစမ်း၊ ခင်ဗျားတို့ဟာ သုံးဝ အရှက်မရှိတဲ့ လူတွေပဲ"

လီထိုက်ဟိုက အော်ဟစ်ကာ ပြောလိုက်ခြင်းဖြစ်၏။

သူ့အသံမှာ ဒေါသသံအပြည့်ပါဝင်နေသည်။

မိုရှုရိသည်၊ လီထိုက်ဟို၏ရင်ခွင်တွင် အလိုက်သင့် မှီယင်းနေသည်။

သူမက နွမ်းလျသော လေသံဖြင့်....

"အစ်ကို လီထိုက်ဟို သူတို့ လက်နက်ပုန်းနဲ့ ပစ်လိုက်တာကို ကျွန်မမြင်လိုက်တယ်၊ ဒါကြောင့်အစ်ကိုလီထိုက်ဟိုကို ထိမှာစိုးလို့ ကျွန်မကမန်းကတန်းကာကွယ်လိုက်တာ"

လီထိုက်ဟိုသည် အမှောင်ထဲသို့ လှမ်းကြည့်လိုက်၏။

ထိုအခါ...

အမှောင်တွင်းမှ လူငါးယောက် ထွက်လာသည်ကို တွေ့လိုက်ရသည်။

ရှေ့ဆုံးမှတွေ့ရသောလူမှာ မုတ်ဆိတ်မွေးထူထပ်စ်နှင့်ဖြစ်ပြီး၊ သူတို့အားလုံးမှာ ယိုးလင်ဂေဟာသို့ လာရောက်နှောင့်ယှက်ကြသောသူများပင် ဖြစ်လေသည်။

ရှေ့မှတက်လာသော မုတ်ဆိတ်မွေးထူထပ်စ်နှင့်လူက မို့ရှုရိကိုသေချာစွာကြည့်လိုက်ပြီး....

"အင်း... ဗိမိန်းကလေးဟာ မျက်စိ တော်တော်လျင်တာပဲ၊ ပြီးတော့ လီထိုက်ဟိုအပေါ်မှာလဲ အတော် သံယောဇဉ်ကြီးနေပုံရတယ်၊ လီထိုက်ဟို ခင်ဗျား သိပ်ကံကောင်းသွားတယ်၊ တကယ်တော့ ကျုပ်ပစ်လိုက်တာ ခင်ဗျားကိုပဲ"

ထိုလူသည်၊ မိုချုံးရိဘက်သို့လှည့်လိုက်ပြီး၊ လက်ညှိုးထိုးကာ တင်းမာသောလေသံဖြင့်....

"မိုချုံးရိ မင်းလက်ထဲက စာရွက်ကိုယူခဲ့ပါ၊ စာရွက်ပေါ်မှာ ဘာတွေရေးထားသလဲ၊ သိုင်းအဖွဲ့ပေါင်းစုံက မူပိုင်လျှို့ဝှက်သိုင်းကွက်မှတ်စုစာအုပ်ကရော ဘယ်မှာလဲ၊ ကျုပ်တို့ကို ညာမယ်ကြံရင် သေဖို့သာပြင်ပေတော့"



ထိုအချိန်တွင်....

မို့ရှုရိ၏ ဝမ်းဗိုက်ဒဏ်ရာမှ သွေးများ ဒလဟောစီးဆင်းနေလေသည်။

လီထိုက်ဟိုမှာ မို့ရှုရိအား ကြည့်ကာ ထူကျုံးစရာ ဖြစ်နေသည်။

မို့ရှုရိ၏ကိုယ်လုံးမှာ တဖြည်းဖြည်း ပျော့ခွေလာကြောင်း လီထိုက်ဟို သတိထားလိုက်မိသည်။

ထိုစဉ်....

"ဟား....ဟား....ဟား"

ရုတ်တရက်ရယ်မောလိုက်သောအသံက ဟိန်း၍ထွက်ပေါ်လာ၏။

ဟင်းသို့ရယ်မောလိုက်သူမှာ တခြားလူမဟုတ် မိုချုံးရိပင်ဖြစ်သည်။

ထိုသို့ မိုချုံးရိက အားရအောင်ရယ်ပြီးသည်နှင့် ထိုလူငါးယောက်ကိုကြည့်၍ပြောလိုက်သည်။

"ကျုပ်....ခင်ဗျားတို့နဲ့ပေါင်းမိတာ အမှားကြီးမှားပြီ၊ တကယ်တော့ ခင်ဗျားတို့ မုန်းအင်းကျားရဲ့ ငါးယောက်ဟာ အစွာမရှိကြဘူး၊ ခု...ကျုပ်ညီမလေးကို ရက်ရက် စက်စက် လုပ်ကြံလိုက်ကြပြီ"

မိုချုံးရိသည် မို့ရှုရိဘက်ပြေးလာပြီး၊ ပခုံးနှစ်ဘက်ကို ကိုင်လှုပ်ကြည့်၏။

ညီမဖြစ်သူ၏ အဖြစ်ကို မြင်လိုက်ရ၍ ဝမ်းနည်းလာကာ၊ မျက်ရည်စတို့သည် မိုချုံးရိ၏ မျက်လုံးအိမ်တွင် ရစ်ဝဲခိုသို့၍

သာသည်။

"ညီမလေး၊ တကယ်တော့ ငါဟာ မင်းအစ်ကိုလတ်အစစ်ပါ၊ ငါဟာမင်းတို့ကိုညာခဲ့မိတယ်၊ ငါ့မှာ သေလောက်တဲ့အထိ အပြစ်ဒဏ်ရှိနေပြီ"

ထိုအခါ....

မိုရှရိက အားယူ၍ မျက်လုံးကိုဖွင့်ကြည့်လိုက်ပြီး....

"အစကတည်းက အစ်ကိုအတ်ဟာ ကျွန်မတို့ကို ညာနေမှန်းသိပါတယ်၊ အစ်ကိုလတ်အစနနဲ့ အမှားကိုသိယင်အမှန်ကိုပြုပြင်ပါ"

မိုရှရိက မိုချုံးရိအား နွမ်းလျှသောအသံဖြင့် အားယူ၍ပြောလိုက်ခြင်းဖြစ်၏။

ထို့နောက်....

မိုရှရိက လီဆိုက်ဟိုအားမော့ကြည့်လိုက်ပြီး....

"အစ်ကိုလီ ကျွန်မသေယင်၊ အစ်ကိုလီထိုက်ဟို ရင်နင့်ထဲမှာပဲ သေပါရစေ၊ တကယ်တော့အစ်ကို လီဆိုက်ဟိုလို စိတ်သဘောထား ဖြူစင်ပြီး မွန်မြတ်သန့်စင်တဲ့ လူထယောက်ကို ကျွန်မအလွန်ပဲ ကြည်ညိုခဲ့သေးစားမိတယ်"

လီဆိုက်ဟိုမှာ မိုရှရိ၏စကားကြောင့် ပို၍ စိတ်မကောင်းဖြစ်သွားလေ၏။

လီဆိုက်ဟိုက မိုရှရိအား ငုံ့ကြည့်ကာ မြန်လည်၍ အားပေးစကားပြောလိုက်လေသည်။

"ညီမရှရိ ညီမကိုလဲအစ်ကိုခင်ပါတယ်၊ အစ်ကိုလဲ ညီမလိုချစ်ခင်နှစ်သက်စရာကောင်းတဲ့ မိန်းကလေးမျိုး ခုမှတွေ့ဖူးခဲ့



တယ်၊ ညီမခုလိုဖြစ်ရတာကို အစ်ကို စိတ်မကောင်းပါဘူး"

မိုရှရိသည် အားယူ၍ ပြုံးလိုက်ပြန်သည်။

သို့သော်....

သူမ၏အပြုံးမှာ မလန်းဆန်းတော့ပေါ၊ နွမ်းလျှလျှသာ ရှိနေသည်။

မိုရှရိက ပြုံးယင်းအားယူ၍ပြောလိုက်သည်။

"အစ်ကို လီထိုက်ဟို ကျွန်မကို ခင်တယ်လို့ ကြားရတာ၊ ကျွန်မ သိပ်ဝမ်းသာမိပါတယ်၊ ကျွန်မ အခုလိုအစ်ကိုလီထိုက်တို့ရဲ့ခင်မင်မှုကိုရပြီးယင် သေပျော်ပါပြီ"

မိုရှရိ၏ စကားကြောင့်၊ လီထိုက်ဟိုရင်ထဲ ဆို့နင့်သွား၏။

မိုချုံးရိမှာ ညီမဖြစ်သူကိုကြည့်ကာ မျက်ရည်ကျနေသည်။

ရုတ်ဘရက် မိုချုံးရိသည် သူ့အိတ်ထဲမှ 'အထက်ဆက်' အဆိပ်ဖြေဆေး ပုလင်းကို အမြန်ထုတ်ယူလိုက်၏။

ပြီးနောက်....

ဆေးလုံးတလုံးကိုယူ၍ ညီမဖြစ်သူအား တိုက်ကျွေးလိုက်လေသည်။

ပြီးမှ....မိုချုံးရိက လီထိုက်ဟိုအား မှာကြားလိုက်သည်။

"လီဆိုက်ဟို....ခင်ဗျား ကျွန်တော့ညီမလေး ဒဏ်ရာကို အမြန်ဆုံးသက်သာအောင် အကြောပိတ် ပေးထားပါ၊ ဗိုက်မှာ ဒဏ်ရာရပေမယ့် သိပ်မနက်လို့ အသက်ရှင်ဖို့ မျှော်လင့်ချက် ရှိပါသေးတယ်"

မုန်းအင်း ကျှားဝါးအောင်တို့သည် ငြိမ်လျက် ရပ်ကြည့်နေကြ၏။

လီထိုက်ဟိုအား ချက်နှာချင်း ဆိုင်ဝံ့ပုံ မပေါ်တော့ပေ၊

စောစောက လက်နက်ပုန်းသုံး၍ လုပ်ကြံလိုက်ခြင်းမှာ မအောင်မြင်သဖြင့်၊ အခြေအနေကို အကဲခတ် ကြည့်နေဟန် တူသည်။

လီထိုက်ဟိုက မိုရှုရိ၏ ဝမ်းဗိုက်ဒဏ်ရာမှ သွေးထွက်နေသော နေရာတဝိုက်ရှိ သွေးကြောများကို တခုချင်း လိုက်ပိတ် နေ၏။

သူ၏ လက်ညှိုးဖြင့် ထောက်ကာ လိုက်ပိတ်နေခြင်းပင် ဖြစ်သည်။

ထိုသို့—

လီထိုက်ဟို အလုပ်ရှုပ်နေချိန်သည်၊ မုန်းအင်း ကျားငါး ကောင်တို့အတွက် တိုက်ခိုက်ရန် အခွင့်အရေးတခု ဖြစ်သွား သည်၊

ထို့ကြောင့်—

မုန်းအင်း ကျားငါးကောင်တို့သည် လီထိုက်ဟိုအား လျင် မြန်စွာ ဝင်၍ တိုက်ခိုက်လေတော့သည်။

မုန်းအင်း ကျားရဲငါးကောင်တို့အနက်၊ မုန်းအင်း ကျားရဲ ခွေးသည်၊ မိုချုံးရိထံ ခုန်လွှားဝင်ရောက်လာပြီး သံသေတ္တာ ငယ်အား လုယူလိုက်လေသည်။

မုန်းအင်းကျားရဲလေးကောင်က လီထိုက်ဟိုအား ဝိုင်းဝန်း တိုက်ခိုက်လေသည်၊

မိုချုံးရိ၏ လှုပ်ရှားမှုက လွန်စွာ လျင်မြန်လှသည်။

မိုချုံးရိသည် လှစ်ကနဲရှောင်တိမ်းလိုက်ပြီး ညာတက်ဆတ်



က မြောက်တက်သွားသည်။

သံမဏိစွန်ကုတ်တံက သူ့လက်ထဲရောက်ရှိနေပြီး၊ ထက် မြောက်တက်သွားချိန်တွင် သူ၏ သံမဏိစွန်ကုတ်တံဖြင့် မုန်း အင်း ကျားရဲခွေးကို တပြိုင်တည်းလိုလို တိုက်ခိုက်ပြီး ဖြစ်နေ သည်။

"ဒန်း—ဒန်း….ဒန်း…."

သံသံချင်း ထိခိုက်သံက ချက်ချင်းထွက်ပေါ်လာ၏။

ထိုအချိန်တွင်——

လီထိုက်ဟိုသည်သည်း၊ မိုရှုရိအား မြေပြင်ပေါ်တွင် ခွေခွေ ကလေး အသာချထားခဲ့၏။

ထို့နောက်….

တပြိုင်တည်း တိုက်ခိုက်လာသော ငှက်ကြီးတောင် ဓား လေးချက်အား သူ၏ သံသေမားဖြင့် တဆက်တည်း ဝှေ့ ယမ်း ခတ်ထုတ်လိုက်ပြီး ဖြစ်နေသည်။

အဆင့်မြင့် သိုင်းသမားတို့၏ တိုက်ပွဲကား မကြာရှည် လတ်ပေ။

အချိန်တိုတိုကလေး အတွင်း၌ လျင်မြန်စွာ ပြီးဆုံးသွား လတ်၏။

မိုချုံးရိ၏ သံမဏိစွန်ကုတ်တံ ထက်နှုက်က မုန်းအင်း ကျားခွေး၏ တိုက်ကွက်အား ချေမှုန်း တိုက်ဖျက်လိုက်ပြီး ဖြစ်သည်။

ထိုစဉ်….

မိုချုံးရိက ကြောက်မက်ဖွယ် ကောင်းအောင် ကြုံးဝါး

လိုက်လေသည်။

"ဟော့....မင်းတို့အားလုံး ကျုပ်ညီမ အသက် အတွက် လျော်ကြေး ပေးရလိမ့်မယ်"

ထိုသို့ အော်ဟစ်ယင်းမှ သူလက်ထဲရှိ သံမဏိစွန်ကုတ်တံ လက်နက်ဖြင့် ပြင်းထန်စွာ တိုက်ခိုက်လေတော့၏

မိုရိချုံး၏ ပြင်းထန်စွာတိုက်ခိုက် မှုကြောင့် လီထိုက်ဟိုအား တိုက်ခိုက်နေသော မုန်းအင်းကျားရဲ့ ခလေးကောင်အနက် နှစ်ကောင်သည်၊ မိုချုံးရိထံ ကူးပြောင်းရောက်ရှိသွား၏၊

သို့ဖြစ်၍ မိုချုံးရိမှာ သုံးယောက်နှင့် တိုက်ခိုက်နေရသည့် အခြေအနေသို့ ပြောင်းလဲသွားလေသည်။

လီထိုက်ဟိုမှာ မိုရှုရိအား အကာအကွယ်ပေးယင်း တိုက်ခိုက် နေရခြင်း ဖြစ်သည်။

ထို့ကြောင့်....

မိုရှုရိအား ထားခဲ့ကာ မိုချုံးရိထံ သွားရောက် ကူညီ တိုက်ခိုက်ရန်လည်း မဖြစ်ပေ။

လီထိုက်ဟိုသည် မိုရှုရိအားကာကွယ်ယင်း ကျန် မုန်းအင်း ကျားရဲ့နှစ်ကောင်အား ထိန်း၍ တိုက်ခိုက်နေရသည့် အခြေအနေတွင် ရှိနေသည်။

ထို့ကြောင့်....

လီထိုက်ဟိုသည် တဘက်ရန်သူများအား ထိထိ ရောက် ရောက် မတိုက်ခိုက်နိုင်ပဲ ရှိ၏၊

အတန်ငယ်ကြာသောအခါ....

ရုတ်တရက်----



မိုချုံးရိဘက်မှ တိုက်ခိုက်နေသည့် ဓားသံများ ရပ်တန့်သွားသည်။

အကြောင်းမှာ....

မုန်းအင်း ကျားသုံးကောင်သည်၊ တိုက်ခိုက်နေမှုကို ရပ်တန့် လိုက်ပြီး....

ရုတ်တရက် နောက်ဘက်သို့ ခုန်လွှားဆုတ်ခွာ သွားကြသည်။

ချက်ချင်းပင် ခေါင်းဆောင်ကျားကြီးဖြစ်သော မုတ်ဆိတ်မွေး ထူလပျစ်နှင့် လူထံမှ အော်ဟစ်သံက စူးရှစွာ ပေါ်ထွက်လာသည်။

"ပစ်...."

မုန်းအင်း ကျားရဲ့သုံးကောင်စလုံး၏ လက်များ မြှောက်တက် သွား၏၊

တချိန်တည်းမှာပင် ငှက်ကြီးတောင် ဓားသုံးလက်သည် လေကိုခွင်းလျက် မိုချုံးရိထံသို့ တရှိန်ထိုး ဝင်ရောက်လာလေသည်။

"ဒန်း....ဒန်း....ဒန်း....ဒန်း....."

သံ သံချင်း ထိခိုက်သံ ပေါ်ထွက်လာပြီး၊ ငှက်ကြီးတောင် ဓားသုံးလက်သည် မြေပြင်ပေါ်တွင် လွင့်စဉ် ကျသွားလေသည်။

"ဝှစ်....ဝှစ်...ဝှစ်...."

တဖန်....

လက်နက်ပုန်းပစ်စေတ်လိုက်သံက ဆက်ဆက်တည်းပေါ်ထွက်

သာပြန်လေသည်။

မိုချုံးရိ၏လှုပ်ရှားမှုသည် မည်မျှဖင်လျင်မြန်ပါစေ၊ သေ သုံးလက်နှင့် တဆက်တည်းလိုလို ဝင်ရောက်လာသောလက် နက်ပုန်းသုံးခုကိုမူ သူထံသို့မကျရောက်လာစေရန် မည်သို့မျှ ရှောင်ယမ်းခတ်ထုတ်နိုင်စွမ်းမရှိတော့ပေ။

ထိုအခါ....

မိုချုံးရိ၏ရင်ဝသို့ အဲလင်းတန်းသုံးခုအာ ထိုးဖောက်ဝင် သွားလေ၏။

သုံးမြှောင့်ပုံသဏ္ဌာန်လက်နက်ပုံးသုံးခုက မိုချုံးရိ၏ရင်ဝ အတွင်းသို့ထိုးဖောက်ဝင်ရောက်သွားပြီဖြစ်သည်။

သို့သော်___

မိုချုံးရိကားလဲမသွားပါ။

သူသည် အံကိုတင်းတင်းကြိတ်ကာ မုန်းအင်းကျားရဲများ အား အော်ဟစ်ပြောဆိုလိုက်သည်။

"မင်းတို့ဟာ အရှက်မရှိဲ လက်နက်ဝှန်းနဲ့အလစ်တိုက် တတ်တဲ့ကောင်တွေပဲ"

ထိုအသံကိုကြားလိုက်ရသောအခါ လီသိုက်ဟိုမနေသာ တော့ပါ။

သူ့အား ဝိုင်းဝန်းတိုက်ခိုက်နေသော မုန်းအင်းကျားရဲ နှစ်ကောင်အား ဓားဖြင့်ရှောင်ယမ်းတိုက်ထုတ်လိုက်သည်။

ထို့နောက်....

မိုချုံးရိထံခုန်လွှားဝင်ရောက်လာသည်။

မိုချုံးရိအားကြည့်ပြီး လီသိုက်ဟို အထိတ်တလန့်အော်



လိုက်မိသည်။

"မိုချုံးရိ ခင်ဗျားရင်အတ်မှာသွေးတွေ၊ ဘယ်လိုဖြစ်တာ လဲ"

မိုချုံးရိ၏ရင်အတ်တွင် သွေးများစို့ထွက်နေသဖြင့် နီရဲ လျက်ရှိ၏။

မိုချုံးရိသည် လဲမကျသွားပဲအံကိုတင်းတင်းကြိတ်လျက် မချိပြုံးပြုံးကာပြောလိုက်သည်။

"လီထိုက်ဟို ကျွန်တော့အစ်ကိုကြီး ကိုခင်ဗျားပြောပေး ပါ၊ ကျွန်တော်မှားခဲ့ပါတယ်လို့၊ နောက်ပြီး 'အသက်ဆက်' အဆိပ်ဖြေဆေးပုလင်းကိုလဲ ကျွန်တော့အပေါ်ဖုံးအင်္ကျီအိတ် ထဲကနှိုက်ယူသွားပါ၊ အစ်ကိုကြီးရဲ့အသက်ကိုကယ်တင်ပေး ပါ၊ ညီမလေးမိုရှုရိကိုလဲဂရုစိုက်ကူသပေးပါ၊ ကျွန်တော်ခုမှ ခင်ဗျားတော့နားလည်သိ....သိ...."

မိုချုံးရိသည် စကားကိုဆုံးအောင်မပြောနိုင်တော့ပဲမြေထဲ ကျသွားလေတော့သည်။

လီထိုက်ဟိုကလျင်မြန်စွာပြေး၍ပွေ့ထူလိုက်သည်။

မိုချုံးရိကား အသက်မရှိတော့ပေ။

လီထိုက်ဟိုကမိုချုံးရိအား အသာပြန်ချကာမတ်တတ်ရပ် လိုက်၏။

ပြီးလျှင် သေဆုံးနေပြီဖြစ်သော မိုချုံးရိအားကြည့်ကာ ပြောလိုက်သည်။

"မိုချုံးရိ ခင်ဗျားနောင်တဟာ သိပ်နောက်ကျသွားပြီ၊ တကယ့်ကိုနောက်ကျသွားပြီဗျာ"

ပြောပြောဆိုဆို မုန်းအင်းကျွားရဲဝါးယောက်ဘက်လှည့်လိုက်ပြီး လီထိုက်ဟိုစကားကို တလုံးချင်းဖြည်းလေးစွာပြောလိုက်၏။

"ကျုပ် ဘယ်သူနဲ့မှမတိုက်ခိုက်ချင်ဘူး၊ တိုက်ဖို့ခိုက်ဖို့ဆိုယင် ကျုပ် သိပ်ဝန်လေးတယ်၊ ဒါပေမယ့်ခင်ဗျားတို့လုပ်ရပ်ဟာ သိပ်ရက်စက်လွန်းနေပြီ၊ နေပါအုံး... ကျုပ်မေးပါရစေ၊ ခင်ဗျားတို့ဘာကြောင့်ပဲကျုပ်နဲ့တိုက်ခိုက်ချင်နေကြသလား"

မုန်းအင်းကျွားရဲဝါးယောက်ထံမှ မည်သည့်အသံမှထွက်ပေါ်မလာတော့ပါ။

မုန်းအင်းကျွားရဲဝါးကောင်စလုံးသည် လီထိုက်ဟိုအားအကဲခတ်သလိုကြည့်နေကြလေသည်။

အတန်ကြာမှ မုန်းအင်းကျွားကြီးက ရုတ်တရက်လက်တအက်မြောက်၍အချက်ပေးလိုက်သည်။

ထိုအခါ....

မုန်းအင်းကျွားရဲဝါးကောင်သည်၊ မုန်းအင်းကျွားကြီးနောက်ဘက်မှရှေ့သို့ ခြေတလှမ်းစီလှမ်းတက်လိုက်ကြသည်၊

ထခုအခါတွင်....

မုန်းအင်းကျွားရဲဝါးကောင်အနေဖြင့် လီထိုက် ဟို ရှေ့လှမ်းမကမ်းတွင်ရင်ဘောင်တန်းရပ်မိသွားကြသည်၊

ကျွားကြီးက လီထိုက်ဟိုအား လက်ညှိုးထောက်ထိုးကာ တလုံးချင်းပြောလိုက်၏။

"လီထိုက်ဟို ကျုပ်တို့ မုန်းအင်းကျွားရဲဝါးကောင်တွေဟာ ချောက်တိုင်းကြောက်တဲ့လူတွေမဟုတ်ဘူး၊ ကျုပ်တို့နဲ့ထက်



တွေယှဉ်ပြိုင်ကြည့်ပြီးမှ ခင်ဗျားအနေနဲ့စကားကိုကုန်အောင်ပြောပါ"

လီထိုက်ဟိုကရယ်ကြဲကြဲဖြင့်ဦးခေါင်းကိုညိတ်လိုက်ပြီး—

"ကောင်းပြီလေ....ကဲ... ဟိုသုံးယောက် ခင်ဗျားတို့ရဲ့ဓားတွေကိုသွားပြန်ကောက်လိုက်ပါ၊ ကျုပ်ဟာ အယ်တော့မှအက်နက်မဲ့လူတွေနဲ့မယှဉ်ပြိုင်ချင်ဘူး"

လီထိုက်ဟို၏စကားကြောင့် မုတ်ဆိတ်မွေးထူလဗျစ် နှင့်ကျွားကြီးက မဲ့ပြုံးပြုံးကာ ချီးမွမ်းစကားပြန်ပြောလိုက်၏၊

"လီထိုက်ဟို ခင်ဗျားဟာ နံပါတ်တစ်ဓားသမား ဆိုတဲ့အတိုင်းသူရဲကောင်းပီသပါပေတယ်"

ပြောပြောဆိုဆိုကျွားကြီးကဝှေ့ယမ်းလိုက်၏။

မုန်းအင်းကျွားရဲသုံးကောင်သည် မိုချုံ့ရိအလောင်းနှင့်စပ်လှမ်းလှမ်းတွင်ကျနေသော သူတို့၏ဓားများကိုလျင်မြန်စွာသွားရောက်ကောက်ယူလိုက်ကြသည်။

ပြီးလျှင်....

ကျွားရဲဝါးကောင်သည် တိုက်ခိုက်ရန်အသီးသီးနေရာယူလိုက်ကြသည်။

လီထိုက်ဟိုကလည်း သူ့ဓားကိုသုံးချက်မျှဝှေ့ယမ်းလိုက်သည်။

လီထိုက်ဟို၏ဓားမှအလင်းရောင်က တဖိတ်ဖိတ်နှင့်လင်းလက်ဝင်းဖြာသွားသည်။

ပြီးနောက်....

အသံကိုမြင့်၍ ကျွားရဲဝါးကောင်အား အော်ပြောလိုက်

သည်။

"ခင်ဗျားတို့ငါးယောက်စလုံးကို ကျုပ်က တပြိုင်တည်း ထုဉ်ပြိုင်တိုက်ခိုက်မယ်၊ ကဲ... စနိုင်ပြီ"

လီဆိုက်ဟို၏ စကားဆုံးသည်နှင့် တပြိုင်နက် မုန်းအင်းကျားရဲငါးကောင်သည် ပြိုင်တူအော်ဟစ်ကာ မာန်သွင်းလိုက်ပြီး လီထိုက်ဟိုအား ဝိုင်းဝန်းတိုက်ခိုက်လေတော့သည်။

"ယား...."

"ဟိုင်း..."

"အိ..."

"ဟိုင်း...."

"ယား...."

"ချွင်း"

"ချွင်း"

"ချွင်း"

ခဲမော်ဟစ်မာန်သွင်းသံများနှင့် ဓားချင်းထိခိုက်သံများက ဆူညံစွာထွက်ပေါ်လာသည်။

လူရိပ်များမှာလည်း ရှုပ်ထွေးနေသည်။

သို့သော်......

ဤအသံများနှင့် လှုပ်ရှားမှုများက မကြာလိုက်ပါ။

မျက်စိအမှိတ် လျှပ်တပြက်မျှသာ ကြာမြင့်ခဲ့သည်။

လီဆိုက်ဟိုသည် သူ့အားဝိုင်းဝန်း တိုက်ခိုက် နေသော မုန်းအင်းကျားရဲ ငါးကောင်၏ အလယ်မှ 'ရေငုတ်နဂါးကောင်းကင်တက်' လိုင်းကွက်ဖြင့် အပေါ်သို့ ရှတ်ခြည်းခုန်



တက်လိုက်၏။

ခုန်တက်လိုက်စဉ်မှာပင် သူသည်ဓားကိုတချက် ဝှေ့ယမ်းလိုက်သည်။

လျှပ်တပြက်အတွင်း......

လီထိုက်ဟိုသည် ကျားရဲငါးကောင်၏အလယ်မှ လေထဲသို့ ခုန်တက်လွတ်မြောက်သွားလေ၏။

ထို့နောက်....

ခြေလှမ်းဆယ်လှမ်းခန့်အကွာ မြေပြင်ပေါ်သို့ ပေါ့ပါးစွာပြန်ကျလျက် ဓားကိုကိုင်ကာ လက်ပိုက်ကြည့်နေ လိုက်သည်။

ထိုစဉ်—

မုန်းအင်းကျားရဲငါးကောင်အနက် ကျားနှစ်ကောင်မှာ ဓားကိုဆုပ်ကိုင်လျက်နှင့် မြေပေါ်သို့မှောက်လျက်လဲကျသွားသည်။

မုန်းအင်းကျားကြီး၏မျက်နှာတွင်သွေးဆုတ်ကာ ဖြူရော်ရော်ဖြစ်လျက်ရှိနေသည်။

ထို့နောက်...

သူကလီထိုက်ဟိုအား လှမ်းပြောလိုက်၏။

"ခင်ဗျားရဲ့ ဓားရေးဟာ အံ့ခန်းလောက်ရာပါပဲ၊ ကဲ......နောက်တော့တွေ့ကြသေးတာပေါ့!"

ထိုသို့ပြောပြီးသည်နှင့် ကျားကြီးက လက်ကာ ပြလိုက်လေသည်။

မုန်းအင်းကျားနှစ်ကောင်က လဲကျသေဆုံးနေသော သူ

တို့၏ညီအစ်ကိုကျားနှစ်ကောင်၏ အလောင်းများအား ပွေ့ယူထမ်းချီလိုက်သည်။

ကြောမီ....

မုန်းအင်းကျားရဲသုံးကောင်သည် အလောင်းနှစ်လောင်းနှင့်အတူ လျင်မြန်စွာ ထွက်ခွာသွားလေတော့သည်။

* ✹ *

(၇)

"ဟင် .. ငါ....ငါလူအတော်မိပြီ....လူတွေသတ်ခဲ့မိပြီ"

မုန်းအင်းကျားများ ထွက်ခွာသွားသည်နှင့် တပြိုင်နက် လီထိုက်ဟိုမှာ သတိဝင်လာကာ နှုတ်မှ ရေရွတ်လိုက်မိခြင်း ဖြစ်လေသည်။

ထိုအချိန်တွင်....

လီထိုက်ဟိုအနီးသို့ 'ကျန်း' ဂေဟာ ထခင်ကြီး ရောက်ရှိလာသည်။

ထို့နောက်....

လီထိုက်ဟို၏ပခုံးအားဆုပ်ကိုင်လျက်....

"လီထိုက်ဟို ...ခင်ဗျားဒီလောက်လဲ စိတ်မကောင်း ဖြစ်မနေပါနဲ့၊ ဒီလူတွေကိုသတ်သင့်ပါတယ်၊ သူတို့အထဲကလူ တဖယောက်နှစ်ယောက်ကို သတ်မိလို့ ခင်ဗျားစိတ်မကောင်း ဖြစ်စရာမလိုဘူး၊ ဒီလူတွေဟာ လက်မရွံ့လူသတ်ကောင်တွေ



ခုလိုသတ်ပစ်မှ တဖယောက်လျော့ယင် လျော့သလောက်သူတို့ရဲ့အင်အားလဲ ရော့သွားမယ်၊ ကဲ... ကဲ....ခင်ဗျားရဲ့ မိန်းကလေးကိုကြည့်ပါအုံး၊ သူ့ဒဏ်ရာက မသေးဘူး"

ထိုအခါကျမှ လီထိုက်ဟို သတိပြန်ဝင်လာပြီး မိုရှုရိထံသို့ ချက်ချင်းပြေးလွှားသွားသည်။

ပြီးနောက် မြေပြင်ပေါ်တွင် ခွေခွေလေးလဲကျနေသော မိုရှုရိအားပွေ့ထူလိုက်သည်။

မိုရှုရိ၏ချက်နှာမှာ သွေးထွက်လွန်းသောကြောင့် ဖြူရော်ဖျော့နေသည်။

သို့သော်... မိုရှုရိမှာ သတိရှိနေသေးသည်။

"အစ်ကိုလီ...."

မိုရှုရိက အားလျော့သောလေသံဖြင့် ခေါ်လိုက်သည်။

လီထိုက်ဟိုက ကမျာကယာပြန်ထူးလိုက်သည်။

"အစ်ကိုအနားမှာရှိပါတယ်ရှုရိ၊ ညီမဒဏ်ရာကို အစ်ကိုကြည့်ပြီးပြီ၊ အူတွေကိုထိမသွားပါဘူး၊ ဆေးခါးတော်နဲ့ကုပြီးယင်ပျောက်သွားမှာပါ၊ အခုညီမမှာ သွေးထွက်လွန်နေလို့ အားပြတ်သွားတာပဲ၊ စိုးရိမ်နဲ့"

မိုရှုရိ၏ မျက်လုံးအိမ်မှ မျက်ရည်များစီးကျလာသည်။

သူမက ခေါင်းကိုခါယမ်းပြီး ပြောလိုက်၏။

"အစ်ကိုလီ ကျွန်မတို့အတွက်နဲ့ အစ်ကို့မှာဘေးအန္တရာယ်နဲ့ကြုံခဲ့ပြီ၊ ကျွန်မတို့ကို ခွင့်လွှတ်ပါ၊ ခွင့်လွှတ်ပါနော်.... အစ်ကိုရယ်"

လီထိုက်ဟိုက မိုရှုရိ၏ပါးစပ်လေးကို သူ့လက်ဖြင့်အသာ

လှမ်းပိတ်လိုက်ပြီး....

"ရှုရိ...ဒါတွေပြောမနေနဲ့တော့၊ ညီမမောနေမယ်၊ အခု အစ်ကိုညီမကိုအိပ်ပျော်သွားအောင် အိပ်ကြေးပိတ်ပေးလိုက်မယ်၊ ညီမအိပ်ပျော်သွားယင် ဒဏ်ရာကနာတာလဲ သက်သာသွားမယ်၊ ပြီးတော့....အစ်ကိုက ညီမကို ယိုးလင်ဂေဟာကို ပြန်ပို့ပေးမယ်၊ ဟိုမှာလဲ အစ်ကိုကြီးမိုပိုက်ရိကို အချိန်မီ ဆေးတိုက်ပြီး အသက်ဆယ်ရအုံးမယ်၊ ဒါကြောင့်....အချိန်ဆိုင်းဆွဲနေလို့ မဖြစ်ဘူး"

ပြောပြောဆိုဆို လီထိုက်ဟိုကမိုရှုရိ၏ ခါးအောက်ရှိ အိပ်ကြောကို လက်ဖြင့်တို့နှိပ်ပြီး ပိတ်လိုက်၏။

ချက်ချင်းပင်မိုရှုရိသည် လောကကြီးနှင့် ခေတ္တ အဆက်ပြတ်သွားလေသည်။

ထို့နောက်——

လီထိုက်ဟိုက မတ်တတ်ရပ်လိုက်ပြီး၊ သက်ပြင်းကိုတချက်ချလိုက်သည်။

ထိုစဉ်....ကျန်းဂေဟာ သခင်ကြီးသည်သူ့အနားသို့ ရောက်ရှိလာကာ....

"လီထိုက်ဟို၊ မိုရှုရိရဲ့အစ်ကို အသုဘကိစ္စကို ကျုပ်ပဲ စီစဉ်လိုက်ပါမယ်၊ ခင်ဗျား မိုရှုရိကိုခေါ်ပြီး ယိုးလင်ဂေဟာကိုအမြန်ဆုံးပြန်ပါ၊ ကျုပ် မိုရှုရိ သက်သက်သာသာ ပြန်နိုင်အောင် မြင်းလှည်းအစီး စီစဉ်ပေးလိုက်မယ်"

လီထိုက်ဟိုက....

"ကျေးဇူးတင်ပါတယ်၊ သခင်ကြီး"



ကျန်းဂေဟာ သခင်ကြီးက ခေါင်းကို ဖြည်းညင်းစွာခါ ယမ်းလိုက်ပြီး....

"အို....မလိုပါဘူးလီထိုက်ဟို၊ ခင်ဗျားရဲ့ကျေးဇူးတွေဟာ ကျုပ်တို့ 'ကျန်း' ဂေဟာ တစုလုံးပေါ်မှာ အများကြီးရှိပါ တယ်"

ပြောပြောဆိုဆို 'ကျန်း' ဂေဟာသခင်ကြီးက တစုံတခုကို သတိရဟန်ဖြင့် ခေတ္တ စဉ်းစားလိုက်သည်။

ထို့နောက်...

သက်ပြင်းရှည်တခုကို လေးတွဲ့စွာချလိုက်ကာ....

"အင်း... လီထိုက်ဟိုကို၊ ခုလိုဆုံတုန်းမှာ အရေးကြီးတဲ့ ကိစ္စတခု ပြောပြချင်တယ်"

ထိုအခါ လီထိုက်ဟိုက....

"ဘာများလဲ သခင်ကြီး၊ ပြောပါ"

ကျန်းဂေဟာသခင်ကြီးက ခေါင်းကိုတဆတ်ဆတ် ညိတ်ပြီးမှ....

"အင်း....မပြောလို့လဲမဖြစ်ဘူး၊ အကြောင်းကတော့ဒီလို ပါ"

'ကျန်း' ဂေဟာ သခင်ကြီးက ထိုသို့ စကားပလ္လင်ခံပြီး၊ သူပြောချင်သောကိစ္စကို အတိုချုံး၍ ပြောပြလိုက်လေသည်။ 'ကျန်း' ဂေဟာသခင်ကြီး၏ စကားဆုံးသွားသောအခါ လီထိုက်ဟို၏ မျက်နှာပေါ်တွင် ကြီးစွာသော ထိတ်လန့်တုန်လှုပ်မှုကြီး ဖြစ်ပေါ်လာလေသည်။

* * *

## စာစု (၁၁)

### နှုတ်ဆက်ခဲ့တယ် ယိုးလင်ဂေဟာ

(၁)

ယိုးလင်ဂေဟာ၏ နံနက်ခင်းသည်၊ တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။

ဂေဟာ၏ ထံခါးမကြီးသည်၊ စေ့စေ့ ပိတ်လျက်ရှိ၏။

ယင်း ထံခါးမရှေ့တွင် ယိုးလင်ဂေဟာမှ တံခါးစောင့် ခလေးယောက်က စောင့်ကြပ်လျက်ရှိသည်။

သူတို့အားလုံးသည်၊ ခါးတွင် ဓားများချိတ်ဆွဲထားလျက်ရှိသည်၊

ထို့ပြင်...

လက်ထဲတွင်လည်း လှံတံများကို ကိုယ်စီကိုင်ဆောင်ထားကြသည်။



သူတို့၏အသွင်ကို ကြည့်ခြင်းအားဖြင့်၊ ယိုးလင်ဂေဟာအား ယခင်ကထက် ပို၍ဂရုစိုက် စောင့်ကြပ်နေကြောင်း သိသာလှပေသည်။

ညှော့ခန်းမကြီးထဲတွင်၊ မိုစုရိသည် လက်နှစ်ဘက်ကို နောက်ပစ်လျက်၊ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်လျက်ရှိနေသည်။

သူသည်မကြာခဏ တံခါးကြီးဆီမှ ဝင်လာရာ စင်္ကြံလမ်းဆီသို့ လှမ်းမျှော်ကြည့်လေ့ရှိသည်၊

သူ၏လှုပ်ရှားမှုက စိတ်မငြိမ်မှုကို ဖော်ပြနေသည်၊

ထို့ပြင်——

သူ့မျက်နှာပေါ်တွင်လည်း၊ စိုးရိမ်သည့် အသွင်က ထင်ထင်ရှားရှား ပေါ်လွင်နေသည်။

ခဏအကြာတွင်...

မိုစုရိသည်၊ ညှော့ခန်း၏ ညာဘက်တံခါးပေါက်မှ အခန်းတခန်းအတွင်းသို့ ဝင်သွားသည်။

ထိုအခန်းထဲတွင်ကား....

စားပွဲခုံတလုံးပေါ်တွင် ခေါင်းငိုက်စိုက်ချလျက် ထိုင်နေသော မိုပိုက်ရိကို တွေ့လိုက်ရလေသည်။

ယိုးလင်ဂေဟာ၏သခင်ကြီး မိုပိုက်ရိ၏မျက်နှာသည်၊ သွေးဆုတ်ဖြူရော်လျက်ရှိနေသည်။

သူ့နဖူးပြင်တွင်လည်း၊ ချွေးသီးချွေးပေါက်များက နေရာအနှံ့ ခိုတွဲလျက်ရှိသည်။

မိုစုရိသည်၊ သူ့အစ်ကို ဝေဒနာခံစားနေရသည်ကို လှမ်း-

ကြည့်လိုက်ပြီး၊ စိတ်မသက်သာစွာဖြင့် အသက်ပြင်းချလိုက်လေသည်။

ထိုသို့ ...

မိုစုရိသည် စိတ်လှုပ်ရှားလွန်းနေသဖြင့်၊ လက်နှစ်ဖက်အားပုံးယှက်ကာ လက်ချောင်းကလေးများအား တဆက်နှင့် တဆက် ကူးပြောင်းလျက် ချိုးခေါက်နေမိသည်။

"တောက်...တောက်....တောက်..."

ထိုသို့....

ချိုးခေါက်ရာမှ ထွက်ပေါ်လာသောအသံသည်၊ တိတ်ဆိတ်လှစွာသော အခန်းတွင်း၀ယ် ထတောက်တောက်ဖြင့် တိုးညင်းစွာ မြည်လျက် ထွက်ပေါ်နေစေသည်။

ထိုစဉ်....

မိုပိုက်ရိသည်၊ သူ့မျက်လုံးအစုံအား ဖြည်းလေးစွာ ဖွင့်ကြည့်လိုက်သည်။

"ညီလေး၊ စုရိ"

မိုပိုက်ရိ၏ခေါ်သံကြောင့်၊ မိုစုရိက ကမန်းကတန်း မြန်လည်ထူးလိုက်ပြီး......

"အစ်ကိုကြီး....ဘယ်လိုနေသေးသလဲ"

မိုပိုက်ရိသည်၊ မချိပြုံးပြုံးယင်း၊ ဦးခေါင်းကို ခါယမ်းပြလိုက်သည်။

ပြီးမှ အားလျော့နေသောလေသံဖြင့်....

"ငါ....ငါ့အတွင်းအားတွေကို ပြန်ညှိလို့မရတော့ဘူး၊ ပြန်ညှိဖို့အင်အားကလဲ မရှိဘူးဖြစ်နေတယ်၊ ဒါထာ... စိတ်ထွား၊



ထိုင်းကိုယ်မ၀ါတော့တာကိုပြတာပဲ၊ ဒါတော့...လီထိုက်ဟိုနဲ့ ညီမလေးတို့သာ အချိန်မီပြန်မရောက်လာကြယင်၊ အင်း...ငါ့အသက်ဟာ မျှော်လင့်ချက်မရှိတော့ဘူး"

ထိုအခါ......

မိုစုရိသည်၊ အစွာဖောက်သွားသော သူ့အစ်ကိုလက်မိုချုံးရိအပေါ် ဒေါသစွာ ရေရွတ်ကြုံး၀ါးလိုက်၏။

"ခေတာက်....ဒီခလာက်မိုက်မိုက်မဲမဲလုပ်သွားတဲ့ မိုချုံးရိကို ကျုပ်အခုချက်ချင်း သွားသတ်ပစ်လိုက်ချင်တယ်၊ အစ်ကိုကြီး ဝေဒနာသာ သက်သာ သွားပြီးယင်တော့လား၊ ဒီကောင်ကိုတွေ့အောင်ရှာပြီး ဓားနဲ့နုပ်နုပ်စဉ်းပစ်မယ်"

မိုပိုက်ရိက ဒေါသထွက်နေသော သူ့ညီတွေးအား၊ မျက်လုံးလှန်၍ကြည့်လိုက်ကာ......

"ညီလေး၊ မိုချုံးရိကို အပြစ်တင် မနေနဲ့အုံး၊ သူ့အကြောင့် ဒီလိုဖြစ်သွားရတယ်ဆိုတာကို သေသေချာချာ ပြန်ဆန်းစစ်ကြည့်ယင် ငါတို့ ညီအစ်ကိုမောင်နှမတွေရဲ့ ပဆောဂ မကောင်းဘူး၊ တကယ်တော့ သူ့ကို ဒီထို အမှားကျူးလွန်လာမိအောင် ဖန်တီးထားတာ တို့တာခတွေပဲ၊ တို့ဟာ သိုင်းလောကကြီးတခုလုံးကိုတောင် စိုးမိုးချုပ်ကိုင်ဖို့ ကြံစည်ခဲ့သေးတာပဲ မဟုတ်လား"

မိုပိုက်ရိက စကားကိုခေတ္တနားလိုက်ပြီး၊ အသက်ကို ပြင်းပြင်းရှူလိုက်၏။

ပြီးမှ ဆက်လိုက်ပြန်သည်။

"အင်း....အခုငါသေဖို့ဖြစ်လာတာဟာ ငါ့ရဲ့ အကုသိုလ်နဲ့

ငါခံရအောင်ပါ”

ဤတွင် မိုစုရီက ဒေါသအလျှောက်ခြေကိုဆောင့်လိုက်ပြီး-

“အစ်ကိုကြီး၊ အစ်ကိုကြီးပြောတာတွေဟာ တခုမှမဟုတ်သေးဘူး”

မိုပိုက်ရီက ခံစားနေရသည့်ဝေဒနာကြားမှ မချိပြုံးပြုံးကာ ပြောလိုက်သည်။

“ညီလေး၊ မင်းအစ်ကိုလတ် အပေါ်မှာ ဘာအငြိုးမှ မထားနဲ့၊ ခေါ်စောကမင်းပြော လိုက်တယ်မဟုတ်လား၊ ချုံရိကိုစင်းလိုက်ရှာပြီးသတ်ပစ်မယ်ဆိုတာ၊ ဒီလိုဆိုမင်းလဲ ဘာထူးသလဲ၊ ကိုယ့်အစ်ကိုရင်းတယောက်ကို သတ်ဖို့ကြံတာ မဟုတ်လား၊ ချုံရိက ငါ့ကို သတ်ဖို့ကြံသလို မင်းကလဲ ချုံရိကို သတ်ဖို့ကြံနေတယ်၊ ဒီတော့မင်းလဲဘာထူးသလဲ၊ သဘောက တော့ အတူတူပဲပေါ့”

ထိုအခါကျမှ မိုစုရီမှာ သူ့အစ်ကိုကြီး၏ စကားကြောင့် ခေါင်းငိုက်စိုက်ကျသွားလေတော့၏။

သို့နှင့် မိုပိုက်ရီက ဆက်၍ပြောလိုက်ပြန်သည်။

“အေး....ခုတော့ငါလဲနားလည်ပါပြီ၊ တကယ်တော့လောကမှာ လူတွေဟာ တဦးအပေါ်တဦး ကြင်နာစိတ်တွေထားကြမယ်ဆိုယင်၊ မုန်းစိတ်၊ အနိုင်ယူသိုစိတ်တွေ ကွယ်ပျောက်ပြီး လောကကြီးဟာ ဘယ်လောက် အေးချမ်းသာယာလိမ့်မလဲ ဆိုတာပဲ”

မိုစုရီက အစ်ကိုကြီးအား အတောမသပေါက်သေးဟန်ဖြင့် ပြောလိုက်သည်။



“အစ်ကိုကြီး....အစ်ကိုကြီးဟာ အယင်က ဒီလိုစကားမျိုးတွေ ကျွန်တော်တို့ကိုမပြောခဲ့ပါဘူး”

မိုစုရီ၏စကားကြောင့် မိုပိုက်ရီက ယဲ့ယဲ့ကလေး မျှသာ ပြုံးလျက်....

“ညီလေး....ငါအခုအမြင်မှန်ရပြီ၊ အယင်တုန်းက ငါမင်းတို့ကိုဒီလိုစကားမျိုးမပြောဖူးဘူးဆိုတာမှန်တယ်၊ အဲဒီတုန်းက ငါဟာသူတပါးအပေါ် စိုးမိုးအုပ်ချုပ်ချင်တဲ့စိတ် ကြီးစိုးနေတယ်၊ ခုတော့ အဲဒီစိတ်ကြောင့်ငါတို့ ဘာဖြစ်နေသလဲ၊ ချုံရိဟာငါ့သို့ပဲ အတ္တနဲ့လောဘ၊ မောဟစိတ်တွေ လွှန်လွှန်ကဲကဲ ဖြစ်လာပြီး နောက်ဆုံးငါ့ကို လုပ်ကြံတဲ့အထိ ဖြစ်လာခဲ့တယ် မဟုတ်လား၊ ဒါပေမယ့် ညီလေးချုံရိဟာ တနေ့တော့ သူ့အမှားတွေကို ငါလိုပဲမြင်လာလိမ့်မယ်”

မိုပိုက်ရီက စကားကိုဆုံးအောင် ဆက်မပြောတော့ပဲ ရပ်လိုက်ပြီး၊ အံကိုတင်းတင်းကြိတ်လိုက်သည်။

သူ့ရင်ပြင်တခုလုံးသည်တစစ်စစ်နှင့်နာကျင်လာသည်။

သူ့အသည်းနှလုံးကို လက်ဖြင့် ညှစ်ထားသကဲ့သို့ ခံစားလိုက်ရ၏။

ထို့ပြင်——

သူ၏ဦးခေါင်းသည် တရိပ်ရိပ်မူးလာလေသည်။

သူသည်ကိုယ်ကို တည့်တည့်မတ်မတ်ပင် မထိန်းနိုင်တော့ပဲ ထိုင်ခုံပေါ်မှယိုင်လဲကျတော့မလိုဖြစ်သွားသည်။

ဤသည်ကို မြင်လိုက်ရသောမိုစုရီသည်၊ထိတ်ထိတ်ပျာပျာ ဖြစ်သွား၏။

မိုပိုက်ရီ၏အနီးသို့ လျင်မြန်စွာ ပြေးကပ်သွားပြီး မိုပိုက်ရီအား လှမ်းဆွဲ၍ ထိန်းထားလိုက်လေသည်။

"အစ်ကိုကြီး....ဘာဖြစ်သွားလို့လဲ ဟင်....ဘာဖြစ်သွားလို့လဲ"

မိုစုရီက စိုးရိမ်တကြီးမေးလိုက်၏။

ထိုခဏ်—

ပိုစုရီ၏အမေးကိုပြန်မဖြေနိုင်သေးပဲ မိုပိုက်ရီသည်မျက်လုံးအစုံကိုမှိတ်ထားပြီး ထိုင်ခုံနောက်မှီဒပေါ်သို့ ကိုယ်ကိုမှီချလိုက်သည်။

မိုစုရီက ခါးမှနေ၍ မိုပိုက်ရီ၏ကိုယ်ခန္ဓာကို ဖေးမကာ အသာထိန်းပေးလိုက်ရသည်။

မိုပိုက်ရီသည် အတန်ကြာအောင်မျက်လုံးကိုမှိတ်၍ မှိန်းနေယင်းမှ ရုတ်တရက် မျက်လုံးကိုဖွင့်လျက် မိုစုရီအားကြည့်ကာမေးလိုက်သည်။

"ညီလေး——လီထိုက်ဟိုနဲ့ ညီမလေးတို့ လာတာ တွေ့ပြီလား"

မိုစုရီသည် ခေါင်းကို ခါယမ်းပြလိုက်ပြီး——

"အရိပ်အရောင်တောင် မတွေ့ရသေးဘူး အစ်ကိုကြီး၊ အင်း...တကယ်လို့ နေ့လယ်အထိမှ ရောက်မလာခဲ့ယင်"

မိုစုရီက ရုတ်တရက် စကားကို ရပ်ပစ်လိုက်၏။

သို့သော်....

မိုစုရီ ဆက်ပြောမည့်စကားကိုမိုပိုက်ရီက သိပြီးဖြစ်သည်၊ ထို့ကြောင့်....



မိုပိုက်ရီက ...

"ညီလေး....ငါတာ ငါ့အတွက် စိုးရိမ်လွန်းလို့ သူတို့ကို ခေါ်နေတာ မဟုတ်ဘူး၊ အခုဆို သေခြင်းတရားဟာ ငါ့အတွက် အစေးအမှား ဖြစ်သွားပြီ၊ ငါစိုးရိမ် နေမိတာက ညီမလေးကိုပဲ၊ ပြီးတော့ လီထိုက်ဟို နောက်ပြီး၊ မင်းအစ်ကိုတတ် ချုံ့ရီ၊ သူ့မှာလဲ အန္တရာယ်ရှိနိုင်တယ်၊ မနေ့က တို့ ယိုးလင် လေဂယာကို ရောက်လာကြတဲ့လူတွေဟာ စိတ်အခဘာထား အလွန်ယုတ်ညံ့ သိမ်ဖျင်းတဲ့ လူတွေပဲ၊ သူတို့ဟာ ချုံ့ရီကို အကောက်ကြံပြီး အသက်အန္တရာယ် ပြုကြလိမ့်မည်လို့ ငါထင်တယ်"

ထိုစဉ်၌ "ခေါင်း....ခေါင်း....ခေါင်း...."

သံချောင်းခေါက် အချက်ပေးသံက အခန်းတွင်းသို့ မြည်ဟီး၍ ဝင်လာသည်။

ထိုအခါ......

မိုစုရီသည် ထိတ်လန့်တကြား ဖြစ်သွားပြီး....

"အစ်ကိုကြီး....ဒီခုံပေါ်မှာ မှီပြီး ထိုင်နေပါ၊ ကျွန်တော် အပြင်ထွက်ပြီး ကြည့်လိုက်အုံးမယ်"

ပြောပြောဆိုဆို မိုစုရီအခန်းတွင်းမှ လျင်မြန်စွာ ပြေးထွက်သွား၏။

မိုစုရီသည် တံခါးပေါက်ဝရှိ လှေကားထစ်ပေါ်တွင် ခြေစုံရပ်လိုက်ပြီး၊ အပြင်ဘက်သို့ ခေါက်ဆတ်ဆတ် အသံဖြင့် အော်မေးလိုက်သည်။

"ဟေ့....ဘာဖြစ်တာလဲ"

သို့ခသော်...
တံခါးမကြီးသည် ပိတ်မြဲပိတ်ထား၏။
လှုပ်ရှားမှုဟူ၍ အလျဉ်းမရှိပေ။
ရုတ်တရက်....
တံခါးမကြီး၏ပေါ်မှ လေးထောင့်ပုံသဏ္ဌာန် ချောင်းကြည့်ပေါက်ကလေးတခု ဖြတ်ကနဲ ပွင့်ဟသွားပြီး၊ အပြင်ဘက်မှ အစောင့်တယောက် ပြန်ဖြေလိုက်သံကို ကြားလိုက်ရသည်။
"သခင်လေး....လူဆိုးတွေ ရောက်နေတယ်"
မိုးစုရိသည် ထိတ်ကနဲ ဖြစ်သွား၏။
အလွန်အမင်း စိုးရိမ်ထကြီးဖြစ်သွားသည်။
ထို့ကြောင့်....
သူက ချက်ချင်း ပြန်ခမေးလိုက်သည်။
"ရောက်နေတဲ့ လူဆိုးတွေက ဘယ်မှာလဲ"
အပြင်ဘက်မှ အစောင့်က....
"အရှေ့ဘက် တံခါးမ ဝင်ပေါက်ဘက်ကို သွားတာ တွေ့လိုက်ပါတယ်၊ သခင်လေး"
မိုးစုရိ ထိတ်လန့်မှုသည် အနည်းငယ် သက်သာသွားသည်။
လူဆိုးများသည်၊ ယိုးလစ်ဂေဟာ အတွင်းသို့ အရှေ့ဘက် ဝင်ပေါက်မှ ချင်းနင်း ဝင်ရောက်လာနေသည်ဟု ဆို၏။
သို့ဖြစ်ပါက၊ စက်ယန္တရား လက်နက်သုံးထပ်ကို ဖြတ်ကျော်ပြီးမှ ရောက်လာနိုင်ပေမည်။
သို့ဆိုလျှင်—

* * *



(၂)

မိုးစုရိသည် ဂေဟာတွင်းသို့ လျှပ်မြန်စွာ ပြန်လည် ပြေးဝင်လာခဲ့သည်။
ညှော်ခန်းဆောင်သို့ ရောက်သောအခါ၊ သူသည် ညာဘက်နံရံသို့ အလျင်အမြန် လျှောက်သွားပြီး၊ ခလုပ်တခုကို လှမ်း၍ ဆွဲချလိုက်သည်။
သူဆွဲချသော ခလုပ်မှာ အရှေ့ဘက်ဝင်ပေါက် တံခါးဝမှ ဂေဟာ ညှော်ခန်းဆောင်အထိ ကြမ်းပြင်တလျှောက်တွင် တပ်ဆင်ထားသော ယန္တရား စက်သုံးခု၏ ခလုပ်ပင် ဖြစ်သည်။
"ညီလေး—...ဘယ်သူတွေ ရောက်လာလို့လဲ"
ခမျှော်လင့်သော အသံ ကြားလိုက်ရ၍ မိုးစုရိက အံ့အားသင့်စွာ လှည့်ကြည့်မိသည်။
"ဟင်...အစ်ကိုကြီး"
ညှော်ခန်းဆောင်အတွင်းသို့ လျှောက်ဝင် လာနေသော မိုးပိုက်ရိကို မမျှော်လင့်ပဲ တွေ့လိုက်ရလေသည်။
မိုးစုရိသည် သူ့အစ်ကိုကြီးထံ အမြန် လျှောက်သွားပြီး၊ မိုးပိုက်ရိအား လှမ်း၍ ထိန်းလိုက်သည်။
သို့သော်....
မိုးပိုက်ရိက လက်ကာ၍ ဟန့်တားလိုက်ပြီး....
"မလိုဘူး... ညီလေး၊ ငါလျှောက်နိုင်ပါတယ်"
မိုးစုရိကမူ သူ့အစ်ကိုကြီး လက်မောင်းကို ဇွတ်အတင်း ဆွဲကိုင်လိုက်ကာ....

"အစ်ကိုကြီး....ဘာဖြစ်လို့အပြင်ထွက်လာရတာလဲ၊ အပြင်မှာ ရန်သူလို့ ထင်ရတဲ့ လူစိမ်းတွေ ရောက်နေတယ်တဲ့"

ထိုအခါ....

မိုပိုက်ရိက မိုရှုရိလက်ကို ပြန်လည် တွန်းဖယ်လိုက်ပြီး—

"ကိစ္စမရှိဘူး... ငါလိုက်ကြည့်မယ်"

ပြောပြောဆိုဆို မိုပိုက်ရိက အားတင်းလျက် မတ်မတ် ရပ်နေလိုက်သည်။

မိုပိုက်ရိက မတ်မတ်ရပ်နေယင်းမှ....

"ညီလေး....တို့ဂေဟာကို ရန်သူတွေ ဘယ်ဝင်းတံခါး ပေါက်က ဝင်လာနေလို့လဲ"

မိုရုရိက....

"အရှေ့ဘက် ဝင်းတံခါးကလို့ စောစောက အစောင့်တွေ အကြောင်းပို့သွားတယ်"

ဤတွင် မိုပိုက်ရိက သူညီ၏ ပခုံးကို ဖက်လိုက်ပြီး......

"ဒါဆို တို့အရှေ့ဘက်တံခါးကို သွားကြည့်ကြရအောင်"

မိုရုရိသည် ထိတ်လန့်တကြားမိုပိုက်ရိအားမော့ကြည့်လိုက်ကာ....

"အစ်ကိုကြီး၊ အစ်ကိုကြီးလိုက်ကြည့်လို့မဖြစ်ဘူး၊ အစ်ကိုကြီးမှာက အဆိပ်သင့်တဲ့ဒဏ်ရာနဲ့ဆိုတော့ဘာဖြစ်မလဲ၊ ပြီးတော့ ဒီလူတွေဟာရန်သူဖြစ်ပြီးအင်အားများနေခဲ့ယင် ကျွန်တော် အစ်ကိုကြီးကို အကာအကွယ်ပေးနိုင်မှာမဟုတ်ဘူး"

မိုပိုက်ရိကမဲ့ပြုံးပြုံးလျက်....

"ယိုးလင်ဂေဟာထဲကို ဘယ်လိုရန်သူကအလွယ်တကူ



ဝင်ရောက်နိုင်မှာလဲ၊ ယိုးလင်ဂေဟာအနှံ့အပြားမှာရှိနေတဲ့ ထောင်ချောက်တွေ ကျော်ဖြတ်ရတဲ့ ... ဝင်ရောက်လာမိတဲ့ရန်သူဟာ ငရဲပြည်ကိုသွားတဲ့ လမ်းကိုမှ ထမင်ရွေးပြီးဝင်ရောက်လာတာနဲ့အတူတူပဲမဟုတ်လား"

ထို့နောက်....

မိုရုရိမှာ အစ်ကိုကြီးအားတရှုတာသက်စွာကြည့်ကာ၊ ထစ်မ်၍ဖျောင်းဖျလိုက်ရပြန်သည်၊

"အစ်ကိုကြီး အစ်ကိုကြီးမှာဒဏ်ရာနဲ့မို့ ညီလေးတားမြစ်နေတာပါ၊ အစ်ကိုကြီးအခန်းထဲမှာနေပါ၊ ညီလေးပဲသွားကြည့်လိုက်ပါ့မယ်"

မိုပိုက်ရိက အနေအထားကျစွာတဟားဟားရယ်မောလိုက်ပြန်သည်၊

"အို....ကိစ္စမရှိဘူး၊ ဘယ်လိုရန်သူမျိုးထပ်ရောက်လာပြန်ပြီလဲဆိုတာငါသိချင်လို့...."

မိုရုရိမတားသာတော့ချေ။

သူ့အစ်ကိုကြီးမိုပိုက်ရိက ရန်သူကိုတွေ့ချင်သည်ဟုဆို၍ သူ့အနေနှင့်မည်သို့တားနိုင်ပါတော့မည်နည်း။

ထို့နောက်....

ညီအစ်ကိုနှစ်ဦးသည် အခန်းအပြင်ဘက်သို့ထွက်လာကြသည်၊

သူတို့သည် အရှေ့ဘက်တံခါးပေါက်ရှိရာသို့ စကြံအတိုင်းထဖြည်းဖြည်းလျှောက်လာကြသည်၊

မိုပိုက်ရိသည် သူ့ကိုယ်သူအားတင်း၍သွားနေရခြင်းဖြစ်သည်ကို၊ ညီဖြစ်သူမိုစုရိကသိ၏။

အကယ်၍ ယခုအချိန်တွင် တစုံတယောက်သောရန်သူက မိုပိုက်ရိအား လက်ကလေးတဖက်ဖြင့်အဲသာတွန်းလိုက်လျှင်ပင် မိုပိုက်ရိမှာလဲကျသွားနိုင်လောက်ပေသည်၊

"အစ်ကိုကြီး၊ လမ်းကောင်းကောင်းလျှောက်နိုင်ရဲ့လား"

မိုစုရိကစိတ်မချဟန်ဖြင့်မေးလိုက်ခြင်းဖြစ်သည်။

မိုပိုက်ရိက အားလျှော့နေသောလေသံနှင့်တိုးတိုးပင်ပြန်ဖြေလိုက်လေသည်၊

"ရပါတယ်"

ညှိခန်းဆောင်မှ အရှေ့ဘက်ဝင်းတံခါးသို့ရောက်ရန် သူတို့သည်အတော်ကလေးလျှောက်ရအုံးမည်ဖြစ်သည်၊

မကြာမီ....

မိုစုရိတို့ညီအစ်ကိုနှစ်ဦး အရှေ့ဘက်ဝင်းတံခါးအနီးသို့ရောက်ရှိလာကြသည်။

ဝင်းတံခါးမကြီးသို့ရောက်ခါနီးတွင် ပန်းခက်ပန်းနွယ်သစ်ပင်များစိုက်ပျိုးထားသော ဥယျာဉ်ကလေးတခုရှိ၏။

ယင်းဥယျာဉ်ကလေးအား သူတို့ဖြတ်ကျော်လာခဲ့လေသည်။

ဥယျာဉ်တွင်းဝယ် ရေကန်ငယ်ကလေးတကန်ရှိသည်၊

သူတို့သည် ထိုရေကန်ကလေးအား လွန်မြောက်လာသည်နှင့် ဝင်းတံခါးမကြီးကိုလှမ်း၍မြင်လိုက်ရလေတော့သည်၊

* * *



(၃)

ရောက်ရောက်ခြင်းပင်မိုစုရိတို့ညီအစ်ကိုနှစ်ဦး ဝင်းတံခါးမကြီးဆီသို့လှမ်းကြည့်လိုက်ကြ၏၊

ထိုစဉ်—

"ဟား....ဟား ဟား...."

အသံသြသြကြီးဖြင့် ရယ်မောလိုက်သောလူတယောက်၏အသံကိုရုတ်တရက်ကြားလိုက်ရလေသည်၊

တံခါးမမုခ်ဝတွင် တံခါးချပ်ကြီးနှစ်ချပ်က ဖွင့်ဟခနသည်၊

ထို့ပြင်....

ယိုးလင်ဂေ၏ဟာတံခါးစောင့်လေးဦးစလုံးမှာ တံခါးဝရှေ့တွင် သွေးအလိမ်းလိမ်းထွက်လျက် သေဆုံးနေသည်ကိုတွေ့ရ၏၊

ရန်သူများသည် တံခါးဝတွင်တန်းစီ၍ရပ်နေကြသည်။

သူတို့သည် ဝင်းတံခါးဝတွင်ရပ်လျက် မိုပိုက်ရိတို့ညီအစ်ကိုနှစ်ဦးအားကြည့်၍ ဟားတိုက်ရယ်မောကြခြင်းဖြစ်သည်၊

ရန်သူစုစုပေါင်း ဆယ်ယောက်ကျော်ကျော်ခန့်ရှိသည်၊

ရှေ့ဆုံးမှသုံးယောက်သည် မိုစုရိတို့အားစိုက်ကြည့်နေကြသည်။

ထိုသုံးယောက်ကား မနေ့က ယိုးလင်ဂေဟာထဲသို့ရောက်ခဲ့ဖူးသူများပင်ဖြစ်သည်။

စင်စစ်......

ထိုလူသုံးယောက်မှာ မုန်းအင်းကျွားရဲငါကောင်အနေဖြင့်

အသက်ရှင်ကျက်ကျန်ရှိသော ကျားရဲသုံးကောင်သာလျှင်ဖြစ်ပေသည်။

ယခုသူတို့ယိုးလင်ဂေဟာသို့ရောက်ရှိလာခြင်းမှာ သေဆုံးသွားသောသူတို့ညီအစ်ကိုတော် ကျားရဲနှစ်ကောင်အတွက် မိုပိုက်ရိတို့ညီအစ်ကိုအား လက်စားချေရန်ပင်ဖြစ်သည်။

"မိုပိုက်ရိ... ခင်ဗျားဟာ တော်တော်စိတ်ခတ်ပြင်းထန်တာပဲ၊ ခင်ဗျားကိုယ်ထဲမှာအဆိပ်မိထားတာတောင် ကျုပ်တို့ကိုတိုက်ခိုက်ဖို့ထွက်လာနိုင်သေးတယ်ထုတ်လား၊ အင်း...... ဒါပေမယ့် ဒီတခါတော့ ခင်ဗျားဒီနေရာမှာပဲပွဲချင်းပြီးသွားမှာပါ"

မုတ်ဆိတ်ထူထပျစ်နှင့်ကျားကြီးက လှမ်းခပြောလိုက်ခြင်းဖြစ်သည်၊

ထိုအချိန်တွင်....

မိုပိုက်ရိတို့ ညီအစ်ကိုနှစ်ယောက်သည်၊ စကြံသမ်းအဆုံးသို့ရောက်နေကြပြီဖြစ်၏။

မုန်းအင်းကျားရဲမျှားကို ဦးဆောင်လာသော ကျားရဲသုံးကောင်သည်၊ယိုးလင်ဂေဟာ၏ လျှို့ဝှက် ယန္တရားစက်ခလုပ်များရှိသည်ကို အတွင်းသိ အစဉ်းသိဖြစ်နေပုံရသည်။

ထို့ကြောင့်....

သူတို့သည် စကြံလမ်းအတွင်းသို့ ဝင်မလာကြပဲ၊ ဝင်းဖြိစမှနေ၍ စကားလှမ်းပြောနေကြခြင်းဖြစ်သည်။

မိုစုရိက သူတို့အားတွေ့မြင်လိုက်ကတည်းက ဒေါသပြင်းထန်စွာထွက်နေပြီဖြစ်သည်။



မိုပိုက်ရိက လှုပ်လှုပ်ရှားရှား ရှုံ့ရှုံ့ရှဲရှဲဖြစ်နေသော မိုစုရိအား အသာမျက်ရိပ်ပြကာ ဟန့်တားသတိပေးလိုက်၏။

ပြီးနောက်......

ကျားရဲသုံးကောင်အား မဲ့ပြုံးပြုံးလိုက်ကာ......

"ကျုပ်တို့ ယိုးလင်ဂေဟာနဲ့ ခင်ဗျားတို့နဲ့ငြိုးရန်စရှိခဲ့တာလဲမဟုတ်ပဲနဲ့ ဘာ့ကြောင့်ကျုပ်တို့ကို ဒေါစော ဒုက္ခသာပေးနေရတာလဲ"

မုန်းအင်းကျားကြီးက အားရပါးရ ရယ်မောလိုက်ပြီး....

"ဟား... ဟား.... ဟား...."

"ဟုတ်တယ်၊ အစကတော့ခင်ဗျားတို့နဲ့ ကျုပ်တို့ ရန်ငြိုးရန်စမရှိခဲ့ဘူး၊ ကျုပ်တို့လာခဲ့တာက သိုင်းအဖွဲ့ပေါင်းစုံရဲ့ မှုပိုင်လျှို့ဝှက်သိုင်းကွက်တွေ ပါတဲ့ စာအုပ်ကိုရယူဖို့ လာခဲ့တာပဲ၊ ဒါပေမယ့် ခုတော့ ပြောင်းပြန်ဖြစ်သွားပြီ၊ ခင်ဗျားတို့ ယိုးလင်ဂေဟာက မိုချုံးရိဟာ ကျုပ်တို့အပေါ် သစ္စာဖောက်ခဲ့တယ်၊ အခုလီထိုက်ဟိုနဲ့ပူးပေါင်းပြီး ကျုပ်တို့ကို တိုက်ခိုက်ခဲ့လို့ ကျုပ်ညီနှစ်ယောက်ကျဆုံးခဲ့ပြီ၊ ဒီခသွးကြွေးကို ခင်ဗျားတို့ညီအစ်ကိုနှစ်ယောက်ဆီမှာ တောင်းဖို့လာခဲ့တာပဲ"

ဤတွင် မိုပိုက်ရိမှာ အံတော်ဝင် တုန်လှုပ်သွားသည်။

ထို့နောက်....

သူက မုန်းအင်းကျားကြီးအား ကပျာကယာ ပြန်မေးလိုက်သည်။

"ခင်ဗျားပြောနေတာက ကျုပ်ညီမိုချုံးရိဟာလီထိုက်ဟိုနဲ့ပေါင်းပြီး ခင်ဗျားညီနှစ်ယောက်ကို သတ်ခဲ့တယ်၊ ဒီလို

လား၊ မဖြစ်နိုင်ထာဗျာ၊ ကျုပ်ညီမိုချုံးရိုဟာ ခင်ဗျားတို့နဲ့ပူးပေါင်းပြီးကျုပ်ကိုတောဝ် ရန်ပြုသွားခဲ့သေးတာပဲ၊ ပြီးတော့ လီသိုက်ဟိုဟာလဲ ဘယ်တော့မှ လူသတ်တဲ့သိုင်းသမားမဟုတ်ဘူးဆိုတာ ကျုပ်တို့ သိထယ်၊ ဒါကြောင့် ခင်ဗျားတို့ စကားတွေဟာ ယုတ္တိမရှိဘူး''

မုန်းအင်းကျားကြီးက ဒေါသ အကြီးအကျယ်ထွက်ကာ ပြန်ပြောလိုက်သည်။

သူ့အသံက ခက်ထန်ပြီး ကျယ်လောင်စူးရှနေသည်။

''ဒီမှာ မိုပိုက်ရီ၊ ကျုပ်ကခင်ဗျားကိုလာပြီး လိမ်နေစရာအကြောင်းမရှိဘူး၊ ကျုပ်ညီနှစ်ယောက် သေသွားတာတော့ အမှန်ပဲ၊ သတ်တဲ့လူတွေကလဲ လီထိုက်ဟိုနဲ့ မိုချုံ ရီ၊ ဒီတော့ ကျုပ်တို့အခု ခင်ဗျားတို့ယိုးလင်ဂေဟာကို တိုက်ခိုက်ဖျက်ဆီးဖို့သာခဲ့ကြတာပဲ''

သို့ဖြစ်၍....

မိုပိုက်ရီက သူ၏စိတ်ကို တည်ငြိမ်စွာထားလိုက်ပြီး၊ မုန်းအင်းကျားကြီးအား စူးစူးရဲရဲစိုက်ကြည့်လိုက်ကာ....

''ခင်ဗျား ပြောနေတာတွေကို ကျုပ်မယုံဘူး၊ မကြာခင် ကျုပ်ညီမနဲ့လီထိုက်ဟိုပြန်လာတော့မယ်၊ အဲဒီအခါကျမှ ခင်ဗျားပြောတာဟုတ်မဟုတ်သိရမှာပဲ၊ ခင်ဗျား စောင့်နိုင်ယင် အဲဒီအချိန်ထိစောင့်ပါ၊ တကယ်လို့ခင်ဗျားပြောသလို ကျုပ်ညီဟာ ခင်ဗျားတို့အပေါ်မှာ ကျူးလွန်ခဲ့တာ မှန်ယင်၊ ခင်ဗျားကျေနပ်သလို ကျုပ်ဖြေရှင်းပေးမယ်''

ထိုစဉ်မုန်းအင်းကျားကြီးအည် တဟဲဟဲ ရယ်မောလိုက်ပြီး၊



''မိုပိုက်ရီ ခင်ဗျားကစစ်ကူရောက်လာအောင် စောင့်ချင်တဲ့သဘောလား၊ ဟဲ....ဟဲ....ဒီလိုနဲ့ဘယ်ရမလဲ၊ ခင်ဗျားသူတို့ကိုစောင့်နေလို့အပိုမဲ့၊ ခင်ဗျားညီ မိုချုံ ရိဒသသွားပြီ၊ ခင်ဗျားညီမဟာလဲ အသက်ရှင်လမ်း သိပ်မမြင်ဘူး၊ လီထိုက်ဟိုကတော့ ခုချိန်ဒသစက်ဆိုယင် 'ကျန်း ဂေဟာမှာ မို ုံ ရိရဲ့အသုဘကိစ္စအတွက် အလုပ်များနေလောက်ပြီ'ဒီတော့ခင်ဗျားသူတို့ကိုစောင့်နေလဲ အချိန်ကုန်တာပဲရှိမယ်''

သူ၏ စကားကြောင့် မိုပိုက်ရီ အကြီးအကျယ် တုန်လှုပ်ချောက်ချားသွားတော့၏။

သူသည် တုန်လှုပ်ခသာအသံဖြင့်....

''ဟာဝ် ..ခင်ဗျားပြောတာတွေ''

မိုပိုက်ရီ၏ စကားမဆုံးမီမှာပင်၊ မိုစုရိကဒေါသတကြီးဝင်ရောက်အော်ဟစ်လိုက်တော့သည်။

''ခွေးကောင်တွေ ...ခင်ဗျားတို့ကကျုပ်အစ်ကိုနဲ့ကျုပ်ညီမကိုလဲသတ်ခဲ့သေးတယ်၊ အခု ယိုးလင်ဂေဟာကိုလာပြီး ခွေးကြွေးတောင်းသာဟာ တရားသလား၊ ခင်ဗျား တို့ကို ကျုပ်အစ်ကိုနဲ့ညီမအတွက် လက်စားချေရမယ်''

ပြောပြောဆိုဆို မိုစုရိ၏လက်များက လျှပ်တပြက် လှုပ်ရှားသွားသည်။

သူ၏လက်လှုပ်ရှားမှုကို ခည်သူမျှယင် မမြင်လိုက်ကြရပေ။

တချိန်တည်းတွင် သူ့လက်ထဲ၌ သံမဏိစွန်ကုတ်တံ လက်နက်က ရောက်ရှိနေသည်။

တဆက်တည်း မိုစုရိသည်၊ မုန်းအင်းကျားရဲများကို တိုက်

ဆိုက်ရန် စကြံ့လမ်းပေါ်သို့ လျင်မြန်စွာ ပြေးထွက်သွားလိုက်သည်။

"စုရီ.... မင်းရပ်နေလိုက်စမ်း"

မိုပိုက်ရိက မိုစုရီအား အော်ကာ အမိန့်ပေးလိုက်ပြီး၊ မုန်းအင်းကျားကြီးအား လက်ညှိုးထိုးကာ ပြောလိုက်သည်။

"ခင်ဗျားတို့ တရားလွန်လာပြီ၊ ကျုပ်တို့ ယိုးလင်ဂေဟာမှာ ခင်ဗျားတို့ကို ယှဉ်နိုင်တဲ့လူ မရှိတော့ဘူးလို့ ထင်နေကြသလား"

မိုပိုက်ရိက ပြောသာပြောနေရသည်။

သူ့လက်များက တုန်ယင်နေသည်။

သို့သော်....

သူသည် မုန်းအင်းကျားရဲများအား ကြောက်ရွံ့၍မဟုတ်ပေ။

သူ့ကိုယ်ခန္ဓာအတွင်းမှ ဝေဒနာက ပို၍ ပြင်းထန်လာသောကြောင့်သာဖြစ်သည်။

ထို့နောက်....

မိုပိုက်ရိက အံကို တင်းတင်းကြိတ်လိုက်ကာ....

"ခင်ဗျား.... ခင်ဗျားတို့...."

မိုပိုက်ရိမှာ စကားကိုပင်ဆက်မပြောနိုင်တော့ပဲ ဒူးညွတ်လျက် ခွေလဲကျသွားလေတော့သည်။

မိုစုရီသည် မိုပိုက်ရိ လဲကျသွားသည်ကို တွေ့လိုက်ရသောအခါ၊ သူ့ရှေ့တွင် ရန်သူများရှိနေသည်ကိုပင် ဂရုစိုက်နိုင်တော့ပေ။



မိုစုရီသည် မိုပိုက်ရိထံ လျင်မြန်စွာပြေးသွားပြီး၊ မိုပိုက်ရိအား ပွေ့ထူလိုက်၏။

"အစ်ကိုကြီး.... အစ်ကိုကြီး.... ဘယ်လိုဖြစ်သွားတာလဲ"

မိုစုရိသည်၊ စိုးရိမ်တကြီး အော်ခေါ်လိုက်သည်။

မိုပိုက်ရိမှာ ဝေဒနာကို ပြင်းထန်စွာ ခံစားနေရသ၏။

မုန်းအင်းကျားကြီးကမူ ထိုမြင်ကွင်းကိုကြည့်ပြီး၊ ဝမ်းသာအားရဖြင့် တဟားဟား ရယ်မောနေသည်။

ကျန်.... မုန်းအင်းကျားရဲများကပါ လိုက်၍ ရယ်လိုက်ကြသဖြင့်၊ ရယ်မောသံသည်၊ ဟိန်း၍ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

ထိုစဉ်...

မုန်းအင်းကျားကြီးက ရယ်မောခြင်းကို ရုတ်တရက် ရပ်တန့်လိုက်၍ ကျန်လူများသည်လည်း ရပ်တန့်သွားပြီး၊ ဆော၍ ပြန်လည် တိတ်ဆိတ်သွားသည်။

ရုတ်တရက်....

"အားလုံး အသင့်ပြင်"

မုန်းအင်းကျားကြီး၏ အမိန့်ပေးသံက ဟိန်း၍ထွက်လာသည်။

တဆက်တည်းမှာပင်__

မုန်းအင်းကျားရဲများ၏ ဓားဆွဲထုတ်လိုက်သံက တခြိမ်ခြိမ်မြည်ကာ ပေါ်ထွက်လာသည်။

ထို့နောက်....

မုန်းအင်းကျားရဲ သုံးကောင်သည်၊ စကြံ့လမ်းအတိုင်း

ရွှေမှ ပြေးတက်လာသည်။

သူတို့၏နောက်မှ မုန်းအင်းကျွားများကလည်း ဓားများ ကိုဝင့်ကာ လိုက်လာကြသည်။

သူတို့အားလုံး၏လက်ထဲမှ ငှက်ကြီးတောင်ဓားများသည် အဝင်းဝင်း လက်လျက်ရှိသည်။

မုန်းအင်း ကျွားရဲသုံးကောင် စကြံ့လမ်းပေါ်သို့ ရောက်သည်နှင့်...

“ဝှစ်... ဝှစ်... ဝှစ်”

တဝှစ်ဝှစ်နှင့် အသံများ ဆူညံစွာထွက်ပေါ်လာသည်။

ကျောက်ဆောင်ထု၏ အခေါက်များမှ ယန္တရားစက်ခလုပ် တပ်ဆင်ထားသော လက်နက်ပုန်းများက ပြေးထွက်လာကြသည်။

မြားတံ လက်နက်ပုန်းများပင်ဖြစ်သည်။

စကြံ့လမ်းအား နင်းမိသည်နှင့် ကျောက်ဆောင်များ အတွင်းမှ လက်နက်ပုန်းများ ဦးစွာထွက်လာကြခြင်းဖြစ်သည်။

သို့ဖြစ်၍

မုန်းအင်းကျွားရဲသုံးကောင်သည် သူတို့၏ဓားများကို ဝှေ့ ယမ်းလိုက်သည်။

ချက်ချင်းပင် ဓားရိပ်စက်ဝန်းများ ပေါ်ထွက်လာပြီး ကျားရဲသုံးကောင်တို့ကို လွှမ်းချုံထားလိုက်လေတော့သည်။

မြားတံ လက်နက်ပုန်းများသည် ကျားရဲသုံးကောင်တို့၏ ဓားကြောစက်ဝန်းကို မထိုးဖောက်နိုင်ပဲ ဘေးနားရှိ မြေပြင်ပေါ်သို့ လွင့်စင်၍ ထွက်သွားကြလေသည်။



မကြာမီ....

မြားတံများ အထွက် ရပ်သွားလေသည်။

ပထမအကြိမ် ထွက်ပေါ်လာသော မြားတံများ ကုန်သွားပြီဖြစ်၏။

သို့သော်....

မုန်းအင်းကျွားရဲသုံးကောင်အား တယောက်မျှ ထိခိုက်မှုမရှိချေ။

မြားတံ လက်နက်ပုန်းများမှာ မြေပြင်ပေါ်ဝယ် ပြန့်ကြဲလျက်ရှိနေသည်။

ထိုမြားတံ လက်နက်ပုန်းများတွင် ပြင်းထန်သော အဆိပ်ကို သုတ်လိမ်းထားသည်။

ထိုလက်နက်ပုန်း မြားတံဖြင့် ထိခိုက်မိလျှင် ချက်ချင်းသေဆုံးသွားနိုင်လေသည်။

စင်စစ်....

မုန်အင်း ကျွားရဲသုံးကောင်၏ သိုင်းပညာကား အဆင့်မသေးလှပေ။

များပြားလှသော မြားတံများကို စကြာသိုင်းကွက်ဖြင့် ရိုက်ထုတ်ဖယ်နိုင်သည်ကို ကြည့်ခြင်းအားဖြင့် သိနိုင်သည်။

ထို့နောက်....

မုန်းအင်းကျွားကြီးက လက်ထဲမှဓားကို ဝှေ့ယမ်းနေရာမှ ရပ်ထန့်လိုက်ပြီး သဘောကျစွာ ရယ်မောလျက် မေးလိုက်သည်။

“ဟား_ဟား_ဟား... စင်းတို့ နောက်ထပ်မြားတံဘယ်

နှစ်ချောင်း ကျန်နေသေးသလဲ၊ ရှိသေးသောင်ထင်ပြီး လွှတ်ပါ အုံးလား၊ မင်းတို့မြားတံနဲ့ ငါတို့အစားရထား အခေတ်ရောက် စရာကောင်းတာပဲ”

မိုစုရိသည် သူ့အစ်ကိုကြီး မိုပိုက်ရိကို တွေ့ချီလျက် အိမ် တံခါးမ မကျောက်လှေကားပေါ်သို့ သွားချလိုက်ပြီး ပြန်လှည့် လာသည်။

မိုစုရိသည် သံမဏိစွန့်ကုတ်တံကိုကိုင်၍ မုန်းအင်းကျားကြီး အား ထိုးညွှန်လိုက်ကာ....

“ဟော့....ကျုပ်တို့ ယိုးဒယားဂေဟာကိုထားပြီး စော်ကား ယုံ့ ကောင်တွေ ခင်ဗျားတို့အားလုံး ဒီနေ့ ယိုးလင်ဂေဟာက အသက်နဲ့ ပြန်ထွက်သွားဖို့ စိတ်မကူးနဲ့”

ဤသို့ မုန်းအင်း ကျားကြီးမှာ အားစက်စွာ ရယ်မောလိုက်၏၊

“ဟော့....စုရိ မင်းတို့ဂေဟာရဲ့ အရှေ့ဘက် တံခါးဝမှာ ယန္တရား မြားတံ လက်နက်တွေ အပြစ် လိုတံ လက်နက်၊ နောက်ဆုံး မီးလျှံမှုတ် ယံးနဂါး ငါးကောင် ရှိသေးတယ် ဆိုတာငါတို့ သိထားပြီးသား၊ ဒါပေမယ့်....မင်းတို့ရဲ့ယန္တရား လက်နက် ဗျူဟာက ငါတို့ကို တားဆီးနိုင်မှာ မဟုတ်ဘူး”

ထိုသို့ မုန်းအင်း ကျားကြီးက ပြောလိုက် ပြီးသည်နှင့် သူလက်ကို ဝှေ့ယမ်းကာ အချက်ပြလိုက်သည်၊

ထိုအခါ....

သူနောက်မှ မုန်းအင်း ကျားရဲ့နှစ်ကောင်က အရှေ့သို့ ပြေးထွက် လိုက်၏၊



မုန်းအင်း ကျားရဲ့နှစ်ကောင်က ပြေးထွက်လာပြီး ကြော် အလယ်သို့ ရောက်သွားသောအခါ မြေကြီးသည် နိမ့်ကနဲ ပြစ်သွားသည်ကို ကျားရဲ့နှစ်ကောင်က သတိပြုလိုက်မိသည်၊

“ဗွီး—ဗွီး—ဗွီး—ဗွီး—”

ဗွီး—ဗွီး...မြည်သော အသံများနှင့် အတူ လုံသွားတစ် ယန္တရား လက်နက်များ ထိုးထွက်လာကြလေသည်၊

မုန်းအင်း ကျားရဲ့နှစ်ကောင်က လက်ထဲမှဓားဖြင့် ဝှေ့ ယမ်း လှုပ်ရှားလိုက်၏၊

ဓားရိပ်စက်ဝန်းများ မြောက်မြားစွာ ပေါ်ထွက်လာပြန် သည်။

“ချွင်း....ဒန်—ဂလွမ်”

ထိုအခါ ကျားရဲ့နှစ်ကောင်၏ ဓားစက်ဝန်းများနှင့် ထိတွေ့ သွားသော လုံတံများမှာ ဘေးသို့ လွင့်စင် ထွက်သွားကြ၏၊

မကြာမီ—

ကျောက်ဆောင်ပေါက်မှ လုံတံများ ထွက်ခြင်း ရပ်တန့် သွားပြန်တော့၏၊

“ဟား....ဟား....ဟား”

မုန်းအင်း ကျားကြီးမှာ အားရပါးရ ရယ်မောလိုက်ပြန် သည်၊

ပြီးနောက်....

လက်ထဲအောက်ကို မြှောက်၍ အချက်ပေးလိုက်၏၊

သူနောက်မှ နောက်လိုက်များသည် ရှေ့သို့ တိုးထွက်လာ ခဲ့ကြသည်၊

သူတို့၏ လက်ထဲတွင် သံအိတ် ဖေးငါးလုံးခန့် ကိုင်ထားသည်ကို တွေ့လိုက်ရ၏။

ထို့နောက်....

မုန်းအင်း ကျားကြီးက ထိုလူများကို အကဲညှိုးထိုးလျက် မိုစုရီအား ပြောလိုက်သည်။

''သူတို့လက်ထဲမှာ သံအိတ်ကလေးတွေ အားလုံးပေါင်းလေးဆယ်ကျော်ပါတယ်၊ ဘာလုပ်ဖို့လဲ ဆိုတာကိုတော့ ခါ အခုပဲ ထက်တွေ့ပြမယ်''

ပြောပြောဆိုဆို မုန်းအင်းကျားကြီးက လက်ကိုဝှေ့ယမ်းပြလိုက်လေ၏။

ထိုအခါ၊ မုန်းအင်း ကျားရဲများသည် ကျောက်ဆောင်ဘေးသို့ လျှပ်တပြက် ပြေးကပ်လိုက်ကြပြီး ကျောက်ဆောင်ပေါက်များအတွင်းသို့ သံအိတ်များဖြင့် ထိုးသွင်း ပိတ်ဆို့လိုက်ကြသည်။

လျှပ်တပြက်အတွင်း ယန္တရား လက်နက်ဝုန်းများ ထွက်ပေါ် လာသော ကျောက်ဆောင်ပေါက်များ အစားသုံးနီးနီး ပိတ်ဆို့ပြီး ဖြစ်သွားသည်။

မုန်းအင်းကျားကြီးမှာ လှောင်ပြောင်သောအသံဖြင့် ရယ်မောလိုက်ပြီး....

''ဟား....ဟား....ဟား....ဘယ်နှယ်လဲကွ၊ မင်းတို့ရဲ့ မီးလျှံ ရှုတ် ဂနါးတွေက အပေါက်ကထွက်ပြီး၊ မီးထောက်ခတွေ မှုတ်နိုင် သေးရဲ့လား....ဟား....ဟား....ဟား''

မုန်းအင်းကျားကြီး၏ စကားကြောင့် မိုစုရီမှာ ဒေါသ



ထွက်သွားလေတော့သည်။

''အို......ကျုပ်ရဲ့ သံမဏိ စွန်ကုတ်တံက ခင်ဗျားရဲ့ အသက်ကို နှုတ်ယူသွားလိမ့်မယ်ဆိုတာကိုတော့ ခင်ဗျားမသိသေးဘူး မဟုတ်လား''

မုန်းအင်းကျားကြီးက ပမာမခန့် ရယ်မောလိုက်ယင်း—

''မိုစုရီ....မင်းရဲ့ သံမဏိစွန်ကုတ်တံက ငါ့အတွက် အစေား အမွှားမို့ သိစရာမလိုဘူး၊ မင်းရဲ့ သံမဏိ စွန်ကုတ်တံဟာ ငါ့ရဲ့ ငှက်ကြီးတောင်ခါးကို ခါးကွက် သုံးလေးကွက်တောင် ခံနိုင်မှာ မဟုတ်ဘူး၊ မင်းလဲ မကြာခင် မင်းအစ်ကို မိုချုံးရဲ့နောက်ကို လိုက်ဖို့သာ ပြင်ပေတော့''

ပြောပြောဆိုဆို မုန်းအင်းကျားကြီးက နောက်သို့လှည့်၍ အချက်ပြလိုက်လေသည်။

အမှုန်မှာ....မုန်းအင်းကျားကြီးက အများနှင့် တစ်ယောက်ကို ဝိုင်းဝန်းထိုက်ခိုက် အနိုင်ယူရန်ပင် ဖြစ်လေသည်။

သို့သော်—

မိုစုရီက ဒေါသစိတ်မွန်နေသောကြောင့်၊ ယင်းအချက်ကို မရိပ်မိချေ။

ထို့ကြောင့်....

မိုစုရီသည်၊ ဒေါသတကြီး အော်ဟစ်လျက်—

''ခင်ဗျား အိပ်အပြောကြီးမနေနဲ့၊ ကျုပ်ရဲ့ သံမဏိ စွန်ကုတ်တံ လက်နက်ကို ဝှေ့ယမ်းလျက် မုန်းအင်းကျားကြီးထံ ပြေးဝင်လာလေသည်။

''ဒန်း....''

သံ…သံချင်း ထိခိုက်သံက ပြင်းထန်စွာ ပေါ်ထွက်လာသည်။

မိုစုရိက မုန်းအင်းကျားကြီးအား ဦးစွာ သူ၏ 'သူရဲတစောင်'သိုင်းကွက်ဖြင့် တွေ့ ဆမ်းခုတ်ဆွဲလိုက်၏။

သို့သော်…

မုန်းအင်းကျားကြီးက လက်ထဲမှ ငှက်ကြီးတောင်ဓားဖြင့်၊ သီးခံကာ လှစ်ကနဲဘေးဘက်သို့ ရှောင်ထွက်လိုက်၏။

သူရှောင်ထွက်လိုက်ပုံမှာ လွန်စွာ လျင်မြန်လှသည်။

မုန်းအင်းကျားကြီးသည်၊ ဘေးသို့ ရှောင်ထွက်ပြီးသည်နှင့် မိုစုရိအား ပြင်းထန်စွာပြန်လည်တိုက်ခိုက်လေတော့၏။

မုန်းအင်းကျားကြီး ကလည်း၊ 'ကျောက်စိမ်း ဝါးဝတ်' သိုင်းကွက် 'သစ်မြစ်ထိုးနှုတ်' သိုင်းကွက်နှင့် 'စလွယ်ခုတ်ပိုင်း' သိုင်းကွက်စသော အစွမ်းထက်သည့် ဓားသိုင်းကွက်များကို သုံး၍ မိုစုရိအား ပြန်လည်တိုက်ခိုက်သည်။

ထိုအခါ…

မိုစုရိမှာ ထိုအစွမ်းထက်လှသည့် ဓားသိုင်းကွက်များကို လွတ်အောင်ကြိုးစား၍ ရှောင်နေရလေသည်။

"ဒန်း….ဒန်း….ဒန်း…."

"ဟိုက်….ယား…."

"တိုက်……ဟိုင်း……"

မာန်သွင်းအော်ဟစ်သံများက ထွက်ပေါ်လာသည်။

ဓားနှင့် သံမဏိစွန်ကုတ်တံတို့ ထိခတ်မှုမှာလည်း၊ ပြင်းထန်လွန်းသဖြင့်၊ ကျယ်လောင်သော အသံများ၊ ထူရိပ်များ



ဖြင့် ရှုပ်ထွေးဆူညံသွား၏။

"အားလုံး….တက်ကြ"

မုန်းအင်းကျားကြီး၏ အမိန့်ပေးလိုက်သံက ရုတ်တရက် ပေါ်ထွက်လာသည်။

သို့ဖြစ်၍…

မုန်းအင်းကျားရဲများသည်၊ တရှိန်ထိုး ပြေးတက်လာကြပြီး၊ မိုစုရိအား တိုက်ကြတော့သည်။

မုန်းအင်းကျားရဲ နှစ်ကောင်ကလည်း၊ မိုစုရိအား ဝင်ရောက်တိုက်ခိုက်လေသည်။

ကျားရဲသုံးကောင်သည်၊ သုံးဘက်သုံးတန်မှ ဝိုင်း၍မိုစုရိအား၊ ထွက်ပေါက်မပေးပဲ တိုက်ခိုက်ကြသည်။

မိုစုရိကလည်း လျင်မြန်မှုကိုတိုးမြှင့်၍ လှုပ်ရှားလေသည်။

ဟိုသည်ဝေ့ပညာဖြင့် လှစ်ကနဲလှစ်ကနဲနေအောင် လှုပ်ရှားလိုက်၏။

ထို့နောက်…

မိုစုရိသည် သုံးဘက်သုံးတန်မှ ဓားချက်များကို လျင်မြန်စွာရှောင်တိမ်းယင်း ပြန်လည်တိုက်ခိုက်နေသည်။

ထိုသို့ ရှောင်တိမ်းနေရာမှ မိုစုရိက ရုတ်တရက် တိုက်ကွက်ကိုပြန်လည်ဆင်ကာ တိုက်ခိုက်လိုက်သည်။

"ဟိုင်း….ယား…."

မိုစုရိသည်၊ မာန်သွင်းအော်ဟစ်သံနှင့်အတူ လေထုထဲသို့ ခုန်တက်သွားသည်။

ခုန်တက်လိုက်သည်နှင့် တဆက်တည်းမှာပင် သူ၏ထံစက်

စွန်ကုတ်တံကို စက်ဝိုင်းသဏ္ဌာန်ထချက်ဖွေ့ယမ်းလိုက်၏။

"အား...."

"အား...."

မုန်းအင်းကျားများထံမှ နာကျင်စူးရှစွာ အော်ဟစ်သံများ ထွက်ပေါ်လာသည်။

မိုးစုရိမှာ အပြင်ဘက်တွင်စောင့်နေသော မုန်းအင်းကျားများရှိရာဘက်သို့ ပေါ့ပါးစွာကျရောက်သွား၏။

ဤတွင် မုန်းအင်းကျားများသည်၊ ရုတ်ရုတ်သဲသဲဖြစ်ကာ နောက်သို့ဆုတ်သွားကုန်ကြသည်။

ရုတ်တရက်မုန်းအင်းကျားနှစ်ကောင်သည်၊မြေပေါ်သို့လဲကျသွားသည်။

ယင်းသို့လဲကျသွားသော ကျားနှစ်ကောင်၏ မျက်နှာပြင်တစ်ခုလုံး သွေးများဖြင့် ခြင်းခြင်းနီရဲလျက်ရှိသည်။

"ဟေ့....ထပ်တိုက်ကြစမ်း၊ လွတ်မသွားစေနဲ့"

မုန်းအင်းကျားကြီး၏အမိန့်ပေးသံကချက်ချင်း ထွက်ပေါ်လာပြန်သည်။

ထိုအခါ...

မုန်းအင်းကျားများသည်၊ ချက်ချင်း မိုစုရိအားဝိုင်းထားလိုက်ကြပြန်သည်။

တချိန်တည်းမှာပင်....

ကျားကြီး၊ကျားလတ်၊ကျားလေးတို့သည်၊ မိုစုရိထံ ဓားများကိုဝှေ့ယမ်းလျက် တိုးဝင်သွားကြပြန်လေသည်။

"ဟိုင်း...ယား...."



"ဒန်း...ဒန်း....ဒန်း...."

"ခြွမ်း...ခြွမ်း....ခြွမ်း...."

"အား...."

"အား...."

မာန်သွင်း၍ အော်ဟစ်သံများ၊ထိုးခုတ်သံများနှင့်နာကျင်စွာအော်လိုက်သံများဖြင့် ဆူညံစွာ ထွက်ပေါ်လာပြန်သည်။

မိုစုရိ၏ လက်ချက်ဖြင့် မုန်းအင်းကျားရဲ အဖွဲ့သား နှစ်ယောက် ထပ်မံကျဆုံးသွားကြပြန်သည်။

အများနှင့်တယောက်မို့ မိုစုရိသည်လည်း ကြာရှည်တိုက်ခိုက်နိုင်စွမ်းမရှိတော့ပေ။

တဖြည်းဖြည်း လက်ပန်းကျလာခဲ့၏။

သို့သော်...

မိုစုရိသည်၊ ဇွဲမာန်ကိုမလျှော့ချ။

သူသည် ပြင်းထန်သော သိုင်းကွက်များကို ဆက်တိုက်ပြောင်းလဲ၍ တရကြမ်းတိုက်ခိုက်နေသည်။

ထို့ကြောင့်....

မုန်းအင်းကျားရဲများသည် မိုစုရိအနီးသို့ လွယ်လွယ်နှင့် မချဉ်းကပ်နိုင်ပဲ ရှိနေသည်၊

ခပ်လှမ်းလှမ်းမှသာ တိုက်ခိုက်နေရသည်။

ထိုစဉ်...

"အား...."

မုန်းအင်းကျားရဲအဖွဲ့သားတဦး၊ မိုစုရိ လက်ချက်ကြောင့် ထပ်မံကျဆုံးသွားပြန်သည်၊

မိုစုရိမှာလည်း အလွန်အမင်း စောပန်းလွန်းလာသဖြင့်၊ စိုးရိမ်စိတ်အနည်းငယ် ဝင်လျက်ရှိသည်။

ဤအတိုင်းသာ အများနှင့် တယောက် ဆက်လက်တိုက်ခိုက်နေရလျှင်၊ နောက်ထပ်အချိန် သိပ်ကြာကြာ ခုခံနိုင်မည် မဟုတ်တော့ကြောင်းကိုသူသိသည်။

ရုတ်တရက်....

မုန်းအင်းကျားကြီးက မိုစုရိအား 'ငှက်ကြီးအိမ်ပြန်'သိုင်းကွက်ဖြင့် ရင်ဝသို့ထိုးရန်ဟန်ပြုလိုက်၏။

ထို့နောက်....

ဓားကို ဖြတ်ကနဲပြန်ရုပ်လိုက်ကာ....

'စင်လယ်မုန်းတိုင်း'သိုင်းကွက်ဖြင့် ရှေ့သို့ တလှမ်းတက်ကာ မိုစုရိအား စလွယ်သိုင်းပိုင်းလိုက်လေသည်။

"အား...."

မုန်းအင်းကျားကြီး၏ ငှက်ကြီးတောင်ဓားသွားက မိုစုရိ၏ ဗယ်ဘက်ပခုံးပြင်အား ရှမ်ထိသွားလေတော့သည်။

မိုစုရိသည်၊ နောက်သို့ခုန်ထွက်ရှောင်လေသည်း၊ ကျားကြီး၏ဓားချက်ကိုလွတ်အောင်မရှောင်နိုင်ပဲ ပခုံးကိုထိမိသွားခြင်းဖြစ်လေသည်။

ထိုအခါ...

ဝိုင်းထားသော မုန်းအင်းကျားများက မိုစုရိ၏ နောက်မှ ထက်ကြပ်မကွာ ပူးကပ်၍လိုက်ပါလာသည်။

ထိုစဉ်....

"ခေါင်....ခေါင်....ခေါင်"



သံချောင်းခေါက်သံများ၊ ရုတ်တရက်ဆူညံစွာ ထွက်ပေါ်လာ၏၊

တဆက်တည်းမှာပင် ယိုးလင်ဂေဟာ တခုလုံး ဆူညံစွာ အော်ဟစ်သံများ ထွက်ပေါ်လာသည်။

လျှပ်တပြက် အတွင်း ယိုးလင်ဂေဟာမှ အစောင့်သိုင်းသမားနှစ်ဆယ်ကျော်ခန့်သည်၊ အိမ်ထဲမှ ပြေးထွက် လာကြသည်ကို တွေ့လိုက်ရ၏၊

ယိုးလင်ဂေဟာမှ အစောင့်သိုင်းသမားများကို တွေ့လိုက်ရသော မုန်းအင်းကျားများသည်၊ တိုက်ခိုက်မှုများကိုရပ်တန့်လိုက်ကြသည်။

မုန်းအစီးကျားကြီးက ယင်းအဖြစ်ကိုမြင်လျှင် မျက်မှောင်ကုပ်ပြီးအော်ဟစ်၍ပြောလိုက်သည်။

"မိုစုရိ....မင်းတောင်ငါတို့ကို နိုင်အောင်မတိုက်နိုင်ပဲ ဘာ့ကြောင့် မင်းရဲ့ဂေဟာအစောင့် သိုင်းသမားတွေကို အသေခိုင်းနေရတာလဲ"

တချိန်တည်းမှာပင် မုန်းအင်းကျားလက်ကလည်း အော်ပြောလိုက်ပြန်သည်။

သူက သူ့ထံသို့ဦးတည်ပြေးလာနေသူများကိုကြည့်၍ မဲ့ပြုံးပြုံးကာ ပြောလိုက်ခြင်းဖြစ်သည်၊

"ဟော့....မင်းတို့ အသက်မသေချင်ယင် ရပ်လိုက်ကြစမ်း၊ ငါတို့လာတာ ယိုးလင်ဂေဟာရဲ့ ညီအစ်ကို နှစ်ယောက်ကိုပဲ သတ်ဖို့လာတာ၊ အေး....မင်းတို့ဟာ ယိုးလင်ဂေဟာသခင် နှစ်ယောက်ရဲ့အသက်ကို ကယ်တင်ဖို့ကြိုးစားယင်တော့ မင်း

တို့သခင်နှစ်ယောက်ကို ကယ်တင်နိုင်စရာမဟုတ်ဘူး၊ ဒီတော့ မင်းတို့ အေးအေးဆေးဆေးနောက်ဆုတ်နေကြစမ်း”

သို့သော်....

ယိုးလင်ဂေဟာမှ အစောင့်သိုင်းသမားများကား နောက်သို့ မဆုတ်ပါ၊ မုန်းအင်းကျားများ၏ စကားကို လုံးဝဂရုမစိုက် ဘဲ သူတို့ကိုဝိုင်းရံလိုက်ကြသည်၊

ထို့နောက်....

သူတို့သည် မုန်းအင်းကျားကြီးအား စေ့စေ့ကြည့်ကာ လက်ထဲမှလက်နက်များကိုထိုးခုတ်ရန်ဟန်ပြင်လိုက်ကြ၏၊

မိုစုရီသည် ပခုံးတွင် ဒဏ်ရာ ရသွားသော်လည်း၊ သူ့လူ များကိုလက်မြှောက်ကာ ဟန့်တားထားလိုက်သည်၊

ထို့နောက်....

မိုစုရီက သူ့လူများကိုလှမ်းကြည့်ပြီး....

“အားလုံးနောက်ဆုတ်ကြစမ်း၊ မင်းတို့သခင်ကြီးကိုပဲ ကာကွယ်ထားကြ”

မုန်းအင်းကျားကြီးက မိုစုရီ၏စကားကြောင့် သဘောကျ စွာ ဟားတိုက်၍ရယ်မောလိုက်၏၊

ပြီးမှ လက်ထဲမှဓားဖြင့် မိုစုရီအား ထိုးညွှန်လိုက်ကာ—

“မိုစုရီ...မင်းသတ္တိကိုတော့ကြိုက်သွားပြီ၊ ဒါပေမယ့် မင်း သတ္တိဟာ မကြာခင်နိဂုံးချုပ်ရတော့မှာပါ”

ပြောပြောဆိုဆို ကျားကြီးသည် ဓားကို ဝှေ့ယမ်းလိုက် ပြန်သည်၊

စတင်တိုက်ခိုက်ရန်အချက်ပြလိုက်ခြင်းပင်ဖြစ်၏၊



ထိုအခါ....

မုန်းအင်းကျားထက်နှင့် ကျားလေးတို့သည် ဓားများကို ဝှေ့ယမ်းလိုက်ကြပြီး၊ မိုစုရီကိုတိုက်ခိုက်ရန်ဟန်ပြင်လိုက်၏၊

ကျားကြီးကလည်း၊ လက်ထဲမှဓားကိုဆကာရှေ့သို့တိုးကပ် လာနေပြန်သည်၊

မုန်းအင်းကျားသုံးကောင်သည်၊ မိုစုရီထံ တဖြည်းဖြည်း ချဉ်းကပ်လာ၏၊

မိုစုရီသည် ပခုံးမှဒဏ်ရာကိုအုပ်ထားသော သူ၏လက်ကို လွှတ်လိုက်ပြီး၊ သူ၏သံမဏိစွန်ကုတ်တပ်လက်နက်ကို တင်းကျပ် စွာဆုပ်ကိုင်ထားပြီး၊ နောက်သို့အဖြည်းဖြည်း ဆုတ်နေ၏၊

ထိုသို့ဆုတ်နေယင်းမှ မုန်းအင်းကျားရဲ့ သုံးကောင်အား ပြန်လည်တိုက်ခိုက်ရန် သူတို့၏ဟာကွက်ကို စောင့်လျက်ရှိ၏၊

မုန်းအင်းကျားရဲ့သုံးကောင်ကား အဆင့်မနိမ့်လှချေ၊

သိုင်းလောကတွင် ထင်ရှားသောသိုင်းသမားများပင်ဖြစ် သည်၊

မိုစုရီသည် ပခုံးတွင်ဒဏ်ရာရရှိထားသဖြင့်နောက်ဆုတ်နေ ရခြင်းဖြစ်သည်။

သို့မဟုတ်ပါက သူ့အနေနှင့် သူတို့အား လုံးဝမှုမည် မဟုတ်ပေ။

ထို့ပြင်....

သုံးယောက်နှင့်တစ်ယောက်ဖြစ်နေ၍၊ သူ့အနေနှင့် သူတို့ အားယှဉ်ပြိုင်ရမည်မှာအခက်အခဲရှိနေပေသည်၊

ထို့ကြောင့်—

မိုစုရိအဖို့ သူ့သေကိုယ်သေ နောက်ဆုံးတိုက်ခိုက်ရမည့် တိုက်ပွဲဖြစ်နေ၏။

မိုစုရိသည် သတိနှင့်နောက်ဆုတ်နေရသည်။

ထိုသို့ဆုတ်နေယင်းမှ သူသည် 'မုန်တိုင်းငွေ့ကြမ်း' သိုင်းကွက်ကိုသုံး၍ တရကြမ်းဝင်ရောက်တိုက်ခိုက်ရန်စဉ်းစားနေသည်။

ထိုသိုင်းကွက်သည် အသေခံတိုက်သောသိုင်းကွက်ဖြစ်သည်။

နောက်ဆုံး အခြေအနေရောက်မှသာ ထုတ် သုံး ရန် ဖြစ်သည်။

ယခု အချားနှင့်တခဲယံ့ကမ်မို့ ဤသိုင်းကွက်ကိုမသုံး၍ မဖြစ်တော့ပေ။

အချိန်ဆွဲတိုက်နေမည်ဆိုလျှင် မိမိသည် သားကောင်ဖစော လည်စင်းခံရပေတော့မည်။

မုန်းအင်းကျားရဲသုံးကောင်ကလည်း မိုစုရိ၏အကြံကိုသိရှိထားဟန်တူသည်။

သူတို့သည်၊ မိုစုရိက သူတို့အားမည်သို့စတင်တိုက်ခိုက်လိမ့်မည်ကိုစောင့်စားအကဲခတ်လျက်ရှိ၏။

နောက်ဆုံးသူတို့သည် စိတ်မရှည်တော့ဟန်ဖြင့် မိုစုရိအား ဝိတ်ဆို့ဝိုင်းရံလိုက်ပြီး တိုက်ခိုက်ရန်ဟန်ပြင်လိုက်သည်။

ထိုစဉ်....

''ဟေ့... ရပ်လိုက်''

သူတို့အားလုံးမှာ မချော်လင့်ပဲအောင်ဟစ်တားဆီးလိုက်



သံတာရှတ်တရက်ထွက်ပေါ်လာသည်။

ရှတ်တရက်မို့ သူတို့အားလုံးသည် အသံလာရာဘက်သို့ လှည့်ကြည့်လိုက်မိကြ၏။

ထိုအခါ

မုန်းအင်းကျားရဲအားလုံး၏မျက်နှာပြင်ပေါ်တွင် အံ့ဩ ထိတ်လန့်မှုများရုတ်ခြည်းပင်ဖြစ်ပေါ်လာတော့သည်။

သို့ဆိုလျှင်....

သူတို့အားလုံးကိုထိတ်လန့်သွားစေသည့်အော်သံရှင်သည် မည်သူဖြစ်နိုင်ပါသနည်း။

* * *

(၄)

''ဟေ့....ရပ်လိုက်'

ဟူသောအော်ဟစ်တားဆီလိုက်သံနှင့်အတူ လူရိပ်တရိပ် သည် ကျောက်ဆောင်ထုပေါ်မှ လျင်မြန်စွာခုန်လွှားဆင်းသက်လာ၏။

ထိုလူရိပ်သည် မိုးပေါ်မှကျလာသော အစ်ရွက်တရွက်ပမာ ပေါ့ပါးသွက်လက်သကဲ့သို့ရှိနေပေသည်။

ထိုလူရိပ်က မိုစုရိ၏ရှေ့သို့ရုတ်ခြည်းကျရောက်လာပြီး ရပ်

နေသည်ကိုတွေ့လိုက်ရ၏။

အားလုံးအံ့အားသင့်စွာကြည့်လိုက်မိကြသည်။

ရောက်လာသူကတော့ လီဆိုက်ဟိုပင်ဖြစ်၏။

လီထိုက်ဟိုသည် မိုစုရိုရွှေ့တွင်မားမားမတ်မတ်ရပ်လျက်ရှိသည်။

မကျေမနပ်ဖြစ်နေခြင်းကြောင့် လီထိုက်ဟို၏မျက်နှာသည် တင်းမာခက်ထန်နေသယောင်ရှိသည်။

လီဆိုက်ဟိုက မုန်းအင်းကျွားရဲ့သုံးကောင်ကို အေးတိအေးစက်ဖြင့်စူးစိုက်ကြည့်လိုက်ပြီး....

"ခင်ဗျားတို့ရဲ့ ရက်စက်ကြမ်းကြုတ်မှုကိုမရပ်ကြသေးဘူးလား၊ ခင်ဗျားတို့ရဲ့မုန်းအင်းကျွားရဲ့ နှစ်ကောင်သေရတာဟာ ကျုပ်နဲ့ပဲ ပတ်သက်တယ်၊ ဒါကြောင့် ဒီကိစ္စကိုကျုပ်နဲ့ဖြေရှင်းမှပေါ့၊ ဘာကြောင့်ယိုးလင်ဂေဟာကိုရန်လာရှာနေရတာလဲ"

ယခုအခါ မုန်းအင်းကျွားရဲ့သုံးကောင်သည် အကျပ်ရိုက်သွားလေတော့သည်။

သူတို့သည် လီဆိုက်ဟို၏သိုင်းပညာစွမ်းရည်ကို သိရှိထားကြပြီးဖြစ်သည်။

သူတို့အနေနှင့် လီဆိုက်ဟိုနှင့်ထိပ်တိုက်မတိုးချင်၍၊ လီထိုက်ဟိုမရှိခိုက် ယိုးလင်ဂေဟာသို့ လာရောက်ရန်စချင်းပင်ဖြစ်သည်။

သူတို့ကျွားရဲ့သုံးကောင်မကပဲ ကျွားရဲ့ငါးကောင်ဝိုင်း၍တိုက်ခဲ့စဉ်ကပင် လီထိုက်ဟိုအားလုံးဝမယှဉ်နိုင်ခဲ့ကြပေ။



ယခုကျွားရဲ့သုံးကောင်တည်းနှင့်သာဆိုလျှင် သူတို့၏ကျွားရဲ့ဦးရေမှာ နောက်ထပ်လျော့နည်းဖွယ်ရာသာရှိချေတော့ပေမည်။

သို့တိုင်အောင် လီထိုက်ဟိုကိုတော့သူတို့အနိုင်ရလိမ့်မည်မဟုတ်ပေ။

စင်စစ်....

လီထိုက်ဟိုသည် သိုင်းလောကနှံ့ပါတ်တစ်ထိပ်တန်းမားသမားတယောက်ပင်မဟုတ်ပါလော။

ထိုစဉ်.......

လီဆိုက်ဟိုသည် ရှေ့သို့ခြေလှမ်းငါးလှမ်းမျှတိုး၍လျှောက်လာနေသည်။

သူ့လက်ထဲတွင် မည်သည့်လက်နက်မျှကိုင်ဆောင်မထားချေ။

သူ့မျက်နှာကား ကြောက်ရွံ့ခြင်းအလျှဉ်းမရှိ၊ အထူးပင်တည်ကြည်အေးနက်နေသည်။

ခြေလှမ်း ငါးလှမ်းမျှလှမ်းပြီးသည်နှင့် လီထိုက်ဟိုတုံ့ကနဲရပ်လိုက်၏။

ပြီးနောက် လီထိုက်ဟိုသည် မုန်းအင်းကျွားရဲ့များအားလုံးကိုတချက်ဝေ့ကြည့်လိုက်သည်။

ထို့နောက်....

မုန်းအင်းကျွားရဲ့သုံးကောင်ကို စူးစူးရဲရဲတချက်စိုက်ကြည့်လိုက်ပြီး....

"ခင်ဗျားတို့ဟာလဲ သိုင်းလောကမှာ ထင်ရှားတဲ့ သိုင်း

အမှားချည်းပဲ၊ ခင်ဗျားတို့ကိုယ် ခင်ဗျားတို့ မှန်တယ် ထင်တယ် ဆိုတာ သိမှာပေါ့၊ ကျုပ်ပြောခဲ့ပြီးပြီပဲ၊ 'ကျန်း' ဂေဟာမှာ ဖြစ်တဲ့ ပြဿနာဟာ ကျုပ်နဲ့သာ ဆိုင်တယ်၊ ခင်ဗျားတို့ရဲ့ မုန်းအင်း ကျားနှစ်ကောင် သေဆုံးရတာကို မကျေနပ်ဘူး ဆိုယင်၊ အခုကျုပ်နဲ့ ဖြေရှင်းနိုင်တယ်၊ အဲ....ဒီကိစ္စကို ဒီမှာပဲ ရပ်တန့်ကရပ်မယ်ဆိုယင်တော့ ခင်ဗျားတို့အတွက် အကောင်းဆုံး ဖြစ်လိမ့်မယ်၊ တကယ်တော့ ရန်ငြိုးဖွဲ့မယ်၊ သူတပါးကို ထိတ်ဖြတ်တဲ့ လုပ်ရပ်မျိုးတွေဟာ သိုင်းသမားကောင်းရဲ့ လုပ်ရပ်မျိုး မဟုတ်ဘူးဆိုတာ ခင်ဗျားတို့ နားလည်ထားပေါ့''

ထိုအခါ....

မုန်းအင်းကျားသုံးကောင်တို့သည် နေရာတွင်ပင် ရပ်လျက် ငြိမ်နေကြသည်။

အတန်ကြာမှ၊ မုန်းအင်း ကျားသုံးကောင်သည် အချင်းချင်း တယောက်မျက်နှာ တယောက် ကြည့်လိုက်မိကြ၏။

ထို့နောက်....

ကျားကြီးသည် သူ၏ လက်ထဲမှ ဓားကိုမြှောက်၍ ဇွေ့ယမ်းကာ တပည့်များအား အော်ဟစ် အမိန့်ပေးလိုက်သည်။

"အားလုံးပြန်ကြမယ်"

မုန်းအင်း ကျားရဲများက ဓားများကို ပြန်လည် ရုပ်သိမ်းလိုက်ကြသည်။

သူတို့၏ ဓားများကို ဓားအိမ်ထဲသို့ ပြန်ထည့်ကာ ကျား သုံးကောင်စလုံး ထွက်ခွာသွားကြရန် ဟန်ပြင်လိုက်၏။



ရှုတ်တရက်....

မုန်းအင်းကျားကြီးသည် လီထိုက်ဟိုဘက် ဖြတ်ကနဲလှည့်ကာ တင်းမာသော မျက်နှာထားဖြင့် ပြောလိုက်လေသည်။

''လီထိုက်ဟိုအနေနဲ့တော့ ခင်ဗျားနဲ့ကျုပ်တို့ တွေ့ကြသေးတာပေါ့!''

ပြောပြောဆိုဆို မုန်းအင်းကျားကြီးသည် သူ၏ မုန်းအင်း ကျားရဲများကိုဦးဆောင်ကာ ယိုးထင်ဂေဟာမှ ထွက်ခွာသွား ကြလေတော့သည်။

* * *

(၅)

ယိုးလင်ဂေဟာ၏ အရှေ့ဘက် ဝင်းခြံရှေ့တွင် ဖြစ်၏။

မုန်းအင်းကျားရဲများ ထွက်ခွာသွားသည်ကို လီထိုက်ဟိုက အေးဆေးစွာ လက်ပိုက်၍ ရပ်ကြည့်နေသည်။

''အစ်ကို....လီ''

လီထိုက်ဟိုက မိုစုရိ၏ ထူးခြားပြောင်းလဲ ခေါ်ဝေါ်လိုက် သံကြောင့် ဆတ်ကနဲ လှည့်ကြည့်လိုက်၏။

မိုစုရိသည် သူ့လက်ထဲမှ သံကော်ခွန်ကုတ်တံ ထက်နက်ကို မြေပေါ်သို့ ပစ်ချလိုက်ပြီး လီထိုက်ဟို၏ စခုံးနှစ်ထက်အား

ရင်းနှီးစွာ ဆုပ်ကိုင်လိုက်သည်။

"အစ်ကိုလီကို ကျွန်တော်တို့ သိမ်ကျေးဇူးတင်ပါတယ်"

သို့သော်....

လီဆိုက်ဟိုသည် မဲ့ပြုံးပြုံးကာ ဦးခေါင်းကို ခါယမ်းလိုက်ပြီး....

"မလိုပါဘူးမိုစုရီ .. ဒီကိစ္စလေးနဲ့တော့ကျေးဇူးတင်စရာ မသိသေးပါဘူး၊ မိုပိုက်ရီရဲ့ အသက်အန္တရာယ်က အရေးကြီးနေတယ်၊ ကဲ....ကျုပ်တို့ မိုပိုက်ရီကို သွားကြည့်ကြစို့"

ပြောပြောဆိုဆိုလီထိုက်ဟိုက မိုပိုက်ရီလဲနေရာသို့အမြန်ပြေး ထွက်ခဲ့သည်။

မိုစုရီကလည်း လီထိုက်ဟို၏နောက်မှ အမြန်ပြေးလိုက်လာသည်။

ညှိုးနွမ်းဆောင် ရွှေထီးပါးဝသို့ ရောက်ထည်နှင့် မိုပိုက်ရီအား ယိုးလင်ဂေဟာမှ အစောင့်သိုင်းသမားတဦးက ပွေ့ချီထားသည်ကို တွေ့လိုက်ရ၏။

လီဆိုက်ဟိုက မိုချုံးရီထံမှ ရယူလာခဲ့သော 'အသက်ဆက်' အဆိပ်ဖြေဆေး ဝုလစ်းကို အိတ်ထဲမှ အမြန်ဆုံး ထုတ်ယူလိုက်သည်။

ထို့နောက်...

ဆေးတလုံးအား နှိုက်ယူကာ မိုပိုက်ရီ၏ ပါးစပ်ထဲသို့ တိုက်ကျွေးလိုက်သည်။

ထိုအချိန်တွင် မိုပိုက်ရီမှာ အားအင်ကုန်ခန်းလျက်၊ သတိမေ့လုနီးနီး ဖြစ်နေ၏။

ဆေးလုံးက မိုပိုက်ရီဝမ်းထဲသို့ ကျရောက်သွားပြီးနောက်'



မိုပိုက်ရီမှာ ရက်လုံးကို အသာခေါ်မှိတ်ထားလေသည်။

မိုစုရီနှင့် ယိုးလင်းဂေဟာ အစောင့်အဝါးများက မိုပိုက်ရီအား ချက်ချင်း အယ်ယူသွားကြပြီး၊ အိမ်ခန်းတွင်း၌ ခုတင်တလုံးပေါ်တွင် တင်ထားလိုက်ကြသည်။

မိုစုရီ၏မျက်နှာပေါ်တွင် စိုးရိမ်ပူပန်မှု လွန်ကဲစွာ ဖြစ်ခဲ့သည်ကို တွေ့ရ၏။

မိုစုရီသည် မိုပိုက်ရီအား သေချာစွာ စူးစိုက်ကြည့်နေရာမှ ရုတ်တရက် လီထိုက်ဟိုဘက်လှည့်ကာ မေးလိုက်သည်။

"ဒါနဲ့....အစ်ကိုလီ၊ ကျွန်တော်ရဲ့ အစ်ကိုယတ်နဲ့ညီမလေး ကော"

လီဆိုက်ဟိုက မိုစုရီကို တချက်စိုက်ကြည့်လိုက်ကာ—

"မိုစုရီ...ခင်ဗျားအကိုလေးဟာ အသွားအရှားကိုသိပြီး သေခါနီး ဆဲဆဲမှာ တောင်းပန်သွားရှာတယ်၊ မိုပိုက်ရီအတွက် 'အသက်ဆက်' အဆိပ်ဖြေဆေး ကျုပ်ကိုထုတ်ပေးသွားတယ်၊ မိုရှုရီကတော့ ဓားရာပြင်းပြင်းထန်ထန်ရသွားတယ်၊ ဒါပေမယ့် ယိုးလင်ဂေဟာရဲ့ 'အသက်ဆက်' အဆိပ်ဖြေဆေး အစွမ်းကြောင့် စိုးရိမ်စရာ မရှိတော့ဘူး၊ အခုဆိုရင် ကျုပ်နောက်ကနေ မြင်းလှည်းနဲ့ လိုက်လာနေပြီ"

ထိုသို့ လီဆိုက်ဟိုက အလုံးစုံပြောပြပြီးနောက်၊ မိုစုရီကို အကဲခတ်သလို သေချာစွာကြည့်လိုက်၏။

ပြီးမှ ပြုံးစိစိအမူအရာဖြင့်......

"မိုစုရီ...ခင်ဗျားတို့ သိပ်လိုချင်နေကြတဲ့ မြေပုံ စာရွက်နဲ့ သိုင်းအဖွဲ့ ခေါင်းဆုံ ဘျှိဝှက် သိုင်းကွက် မှတ်စု စာ အုပ်

အကြောင်းကိုရော မမေးတော့ဘူးလား"

ထိုအခါ မိုစုရိက သက်ပြင်းကိုအသာအယာချလိုက်ပြီး—

"အင်း... ဒီပစ္စည်းအတွက်ကြောင့် ကျွန်တော်တို့ညီအစ်ကို မောင်နှမတွေ ဒုက္ခပင်လယ်ဝေခဲ့ရတယ်၊ ကျွန်တော်ဒီပစ္စည်းတွေကို မသိချင်တော့ဘူး၊ အစ်ကိုလီထိုက်ဟို ပြောတဲ့ စကားဟာ သိပ်မှန်တယ်၊ သိုင်းလောကကိုလက်ဝါးကြီးအုပ် စိုးမိုးဖို့စိတ်ကူးယင်၊ ယိုးလင်ဂေဟာဘယ်တော့မှ အေးချမ်းမှု ရှိမယ်မဟုတ်ဘူးဆိုတာ ခုတော့ ထက်ထွေကြုံတွေ့နေရပြီလေ၊ ဒါထက် ကျွန်တော်တို့ညီအစ်ကိုမောင်နှမတွေအတွက် သင်စေနမပဲ"

သို့နှင့် လီထိုက်ဟိုမှာ မိုစုရိ၏စကားကြောင့် အလွန် အ ငိုးဝမ်းသာသွားလေသည်။

ထိုထိုက်ဟိုက မိုစုရိအားပီတိဖြစ်သော အမြည့်မြင့်ကြည့်လိုက်ကာ....

"မိုစုရိမင်းရဲ့အတွေးတွေမှန်လာပြီ"

မိုစုရိက ချိုပြုံးဖြင့် ပြန်လည်တုံ့ပြန်ပြုံးပြလိုက်သည်။

"ကျွန်တော်တို့ ညီအစ်ကိုမောင်နှမ တွေကြုံနေရတဲ့အဖြစ်ကိုတော့ ဒီထက်မနိုင်မှာမဟုတ်ဘူး၊ကျွန်တော်တို့ အစ်ကိုလီထိုက်ဟိုကိုကျေးဇူးသိပ်တင်ပါတယ်၊ အစ်ကိုကြီးနဲ့ ညီမလေးတို့ကပါ ကျေးဇူးတင်ကြမှာပါ၊ အင်း....အစ်ကို လီထိုက်ဟိုသာ ရောက်မလာခဲ့ယင်တော့ ကျွန်တော်တို့ ယိုးလင်ဂေဟာလုံးဝပျက်စီးဖို့ခသာရှာတယ်"

မိုစုရိက ပြောလိုက်ပြီးနောက် ဦးခေါင်းကို ငါထမ်းနေ



ပြန်၏။

အတန်ကြာမှ...

"အင်း....အစ်ကိုကြီးရဲ့ ဓာနစာ ပျောက်သွားယင် ကျွန်တော်တို့(ယဲ့လီ)တောင်တန်းဆီကို ပြောင်းရွှေ့ပြီးအေးအေးချမ်းချမ်းနေထိုင်တော့မယ်"

မိုစုရိ၏ စကားကြောင့် လီထိုက်ဟိုက ဝမ်းသာအားရဖြင့်....

"ကောင်းတာပေါ့၊ အစ်ကိုလဲမကြာခင် ရှေးဆက်တွက်ရတော့မယ် မိုစုရိ၊ အစ်ကိုကြီးမိုပိုက်ရိသတိရလာသင် အစ်ကိုနှုတ်ဆက်ခဲ့တဲ့အကြောင်း၊ ပြောပြပေးပါ"

မိုစုရိက လီထိုက်ဟိုထံမှ မမျှော်လင့်သောစကားကို ကြား ရ၍ အလန့်တကြားဖြစ်သွားကာ....

"ဟင်...အစ်ကိုလီထိုက်ဟိုက အခုပဲ ရှေးဆက်တွက်တော့ မလို့လား"

သို့နှင့် လီထိုက်ဟိုက မချိပြုံးပြုံးလျက် ခေါင်းကိုညိတ်ပြလိုက်ယင်း....

"ဟုတ်တယ် မိုစုရိ၊ အစ်ကို အခုပဲ ရှေးထွက်တော့မယ်၊ အစ်ကိုကြောင့်သူတပါးတွေရဲ့အသက်ကို ဆက်ပြီးမသေစေချင်ဘူး၊ အခုတောင် အစ်ကို မုန်းအင်းကျားရဲ့နှစ်အောင်ရဲ့ အသက်ကို မမျှော်လင့်ဘဲသတ်ခဲ့မိပြီ၊ ဒီအတွက်သူတို့က အစ်ကိုကိုကျေနပ်ကြမှာမဟုတ်ဘူး၊ အစ်ကိုအနေနဲ့က ရန်ငြိုးရန်စကိုမရှည်ချင်ဘူး၊ဒါကြောင့် အစ်ကိုအခုစဲခရီးထွက်တော့မယ်၊ အစ်ကိုမသွားခင် တခုပြောခဲ့ချင်တယ်၊ ညီလေးမိုစုရိကနေ

အဆင့် အစ်ကိုကြီးမိုပိုက်ရိကိုပါ ပြောပေးပါ။

ဤတွင်မိုစုရိက စိတ်ဝင်စားစွာမေးလိုက်သည်။

"ဘာများလဲအစ်ကိုလီထိုက်ဟို၊ ကျွန်တော်အစ်ကိုကြီးကို အဆင့်ပြောပြပေးပါ့မယ်"

ထိုအခါ...

လီထိုက်ဟိုက ခေါင်းကိုအသာငုံ့လိုက်ပြီး လေသံတိုးတိုးဖြင့်...

"မိုစုရိနဲ့ အစ်ကိုကြီးမိုပိုက်ရိဆီမှာ မိုရှုရိကို လက်ထပ်ခွင့်တောင်းချင်လို့ပါ"

လုံးဝမမျှော်လင့်သော လီထိုက်ဟို၏စကားကြောင့် မိုစုရိမှာ မျက်လုံးပြူးလျက် လွန်စွာ အံ့အားသင့်သွားလေတော့သည်။

သို့သော်....

သူ၏မျက်နှာတွင် စိတ်ဆိုးသော အရိပ်အရောင်ကို လုံးဝမတွေ့ရပေ။

"အစ်ကိုလီထိုက်ဟို တကယ်ပြောနေတာလား"

လီထိုက်ဟိုက မိုစုရိအား လက်စုံမိုးယှက်ကာ အရိုအသေပေးလိုက်ပြီး....

"အစ်ကိုပြောမိတာကို ရိုင်းတယ်လို့တော့မထင်လိုက်ပါနဲ့၊ အစ်ကိုအခုပဲခရီးထွက်မှာမို့၊ မထွက်ခင်အစ်ကိုရဲ့ ဆန္ဒကို ညီလေး မိုစုရိနဲ့အစ်ကိုကြီးမိုပိုက်ရိတို့ကိုအသိပေးချင်လို့ပါ၊ မိုရှုရိအပေါ်ထားတဲ့ အစ်ကိုရဲ့ မေတ္တာကိုတော့ ယုံကြည်စေချင်တယ်"



မိုစုရိက လီထိုက်ဟို၏ပခုံးအား ဝမ်းသာအားရ လှမ်း၍ဆုပ်ကိုင်လိုက်၏။

"ဟုတ်ပြီ၊ ဒီလိုဆို ကျွန်တော်ခုကတည်းကအစ်ကိုလီထိုက်ဟိုကို အစ်ကိုလို့ပဲခေါ်တော့မယ်"

ထို့ကြောင့်....

လီထိုက်ဟိုကလည်း ပြန်လည်ပြုံးပြလျက်၊ မိုစုရိ၏လက်များကို ဖျစ်ညှစ်လိုက်၏။

"အစ်ကို.... အစ်ကို့ကို ကျွန်တော်လေးစားပါတယ်၊ အစ်ကိုကြီးကလဲ အစ်ကိုရဲ့ဆန္ဒကိုလိုက်လျောမှာပါ၊ နောက်ပြီး ညီမလေးကလဲ အစ်ကို့ကို ချစ်ခင်နှစ်သက် နေတယ်လို့ ကျွန်တော်ထင်တယ်"

ထို့နောက်...

မိုစုရိသည် လီထိုက်ဟိုအား ပြုံးကြည့်နေပြီး ဆက်၍ပြောလိုက်ပြန်သည်။

"အစ်ကို...အစ်ကိုခရီးမထွက်ခင်ပဲ ကျွန်တော်နဲ့ 'ယဲ့လီ' ကိုလိုက်ခဲ့ပါလား"

လီထိုက်ဟိုက မိုစုရိအားချစ်ခင်စွာကြည့်ယင်း....

"ညီလေးမိုစုရိ၊ အစ်ကိုသုံးနှစ်ပြည့်မြောက်ယင် လိုက်လာခဲ့ပါမယ်၊ အဲဒီအခါကျယင် အစ်ကိုမိုရှုရိကို လက်ထပ်ယူပါ့မယ်"

ပြောပြောဆိုဆို လီထိုက်ဟိုက ခါးတွင် ချိတ်ထားသော ဓားကိုဖြုတ်ယူလိုက်၏။

ထို့နောက်....

လက်နှစ်ဘက်ဆုပ်ကာ မိုစုရီကိုလှမ်းပေးလျက်....

"ညီမလေး ဒီဓားကို မိုရှုရီနဲ့ အစ်ကိုတို့ရဲ့မင်္ဂလာပွဲအထိမ်းအမှတ်အဖြစ် ယိုးလင်ဂေဟာမှာ ပေးအပ်ခဲ့ပါတယ်၊ နောက်အကြိမ်ချိန်သူတွေ ယိုးလင်ဂေဟာကိုအန္တရာယ်ပြုယင် ဒီဓားနဲ့ တိုက်ခိုက်ကာကွယ်ပါ"

မိုစုရီက လီသိုက်ဟိုလှမ်းပေးသောဓားကိုယူလိုက်ပြီး ဝမ်းနည်းစွာဖြင့် ပြန်ပြောလိုက်သည်။

"အစ်ကို....အစ်ကိုကြီးရဲ့ကိုယ်စား ကျန်တော်ပဲ ဒီဓားကို ကိုင်လိုက်ပါ့မယ်၊ ညီမလေးအတွက်တော့ ဒီဓားဟာ အလှမ်းမပြေစွည်းလေးတခုပေါ့၊ ဒါပေမယ့် အစ်ကို့မှာဒီဓားမရှိယင် ဖြစ်ပါ့မလား၊ သွားရမယ့်ခရီးစဉ်၊ လုပ်ရမယ့် အလုပ်တွေ အစ်ကို့မှာရှိသေးတယ်မဟုတ်လား"

ဤတွင် လီသိုက်ဟိုကသဘောကျစွာ ရယ်မောလိုက်ပြီး....

"အစ်ကိုဒီဓားကိုမကိုင်ချင်တော့ဘူး၊နောက်ထပ်သူတပါးရဲ့အသက်ကိုလဲ အကြောင်းမဲ့ မသေစေချင်တော့ဘူး၊ ဒါကြောင့်ဒီဓားကို ဒီမှာပဲထားခဲ့ပါတော့မယ်၊ ကဲ....ညီလေး မိုစုရီ၊ အစ်ကိုအနေနဲ့ အစ်ကိုကြီးမိုပိုက်ရိ သတိရအောင်နဲ့ မိုရှုရီရောက်လာအောင် မစောင့်နိုင်တော့ဘူး၊ အစ်ကိုခုပဲ သွားတော့မယ်၊ သုံးနှစ်ပြည့်တဲ့နေ့ ကျယင်(ယဲ့လီ)ကို အရောက်လာခဲ့မယ်ဆိုတာ ကတိပေးခဲ့ပါတယ်"

မိုစုရီက လီထိုက်ဟိုပခုံးကိုတချက်ပုတ်၍....

"ဒီသို့ဆို သုံးနှစ်ပြည့်တဲ့နေ့ကျယင်သာ အစ်ကို(ယဲ့လီ)ကို ဆက်ဆက်လာခဲ့ပေတော့"



ထိုစဉ်....

အပြင်ဘက်မှ မြင်းဟီးသံများကို ကြားလိုက်ရသော်၊ လီသိုက်ဟိုက ချက်ချင်းသိလိုက်သည်၏။

မိုရှုရီအား တင်ဆောင်လာသော မြင်းလှည်းသည် ယိုးလင်ဂေဟာသို့ ရောက်ရှိလာပြီဖြစ်သည်၊

လီထိုက်ဟိုက ခါးကိုကိုင်းညွတ်၍ မိုရှုရီအား အရိုအသေပေးလိုက်ပြီး....

"ကဲ .. ညီမလေး ...အစ်ကိုသွားတော့မယ်"

ပြောပြောဆိုဆို လီထိုက်ဟိုက ချာကနဲ လှည့်ထွက်သွားလေတော့သည်၊

လီထိုက်ဟို၏ ရှေ့ခရီးစဉ်က မည်သို့ဖြစ်လာလေအံ့းမည်နည်း။

အန္တရာယ်ရန်စွယ်တို့ဖြင့် ရောပြွန်းသည့်ခရီးစဉ် ဖြစ်နိုင်ပါသလော။

သို့မဟုတ်....

ကြည်နူးစရာတို့ဖြင့် ပြည့်သောခရီးစဉ်ဖြစ်နိုင်ပါသလော၊

နားပါဦးမည်

စာရှုသူများ၏ မေတ္တာရိပ်တွင်ခိုလှုံလျက်
ဇာနည်ဘွား (စက်မှု)
၁၀၁/ကျုံးကြီးလမ်း၊ ရန်ကုန်၊

သံသေမား (ဒု-ဇာတ်သိမ်းပိုင်း) ဆက်လက်ဖတ်ရှုပါရန်။